http://www.dhammadownload.com

# မေတ္တာသရဏဂီယတရား

## ကာယကံမေတ္တာ

မေတ္တာနှင့်ယှဉ်၊ ပြုမူလျှင်၊ အစဉ်အောက်မေ့ဖွယ်။
သူ့ဂုဏ်ကျေးရူး၊ မမေ့ဘူး၊ အထူးအောက်မေ့တယ်။
အများချစ်ခင်၊ ရှိသေချင်၊ ခင်မင်လေးစားတယ်။
စိတ်ဝမ်းမကွဲ၊ တစ်သွေးထဲ၊ ညီလဲညီညွတ်တယ်။
ညီညွတ်သူဆောင်၊ ဆောင်တိုင်းအောင်၊ လူ့ဘောင်ငြိမ်းချမ်းတယ်။

## ဝစီကံမေတ္တာ

မေတ္တာနှင့်ယှဉ်၊ ပြောဆိုလျှင်၊ အစဉ်အောက်မေ့ဖွယ်။
ချိုသာစကား၊ ကျိုးလိုလား၊ ကြားရချမ်းသာတယ်။
သူ့ဂုဏ်ကျေးရူး၊ မမေ့ဘူး၊ အထူးအောက်မေ့တယ်။
အများချစ်ခင်၊ ရှိသေချင်၊ ခင်မင်လေးစားတယ်။
စိတ်ဝမ်းမကွဲ၊ တစ်သွေးထဲ၊ ညီလဲညီညွတ်တယ်။
ညီညွတ်သူဆောင်၊ ဆောင်တိုင်းအောင်၊ လူ့ဘောင်ငြိမ်းချမ်းတယ်။

## မနောကံမေတ္တာ

မေတ္တာနှင့်ယှဉ်၊ စိတ်ထားလျှင်၊ အစဉ်အောက်မေ့ဖွယ်။
သူ့ဂုဏ်ကျေးရူး၊ မမေ့ဘူး၊ အထူးအောက်မေ့တယ်။
အများချစ်ခင်၊ ရှိသေချင်၊ ခင်မင်လေးစားတယ်။
စိတ်ဝမ်းမကွဲ၊ တစ်သွေးထဲ၊ ညီလဲညီညွတ်တယ်။
ညီညွတ်သူဆောင်၊ ဆောင်တိုင်းအောင်၊ လူ့ဘောင်ငြိမ်းချမ်းတယ်။

ချမ်းမြေ့ဆရာတော်

ချမ်းမြေ့ဆရာတော်၏

# တတိယအကြိမ်ဓမ္မခရီး

ရာပြည့်ဦးကြည်ဝင်း

မှတ်တမ်းတင်သည်

| သာသနာနှစ် | မြန်မာနှစ် | ခရစ်နှစ် |
|---|---|---|
| ၂၅၃၅ | ၁၃၅၃ | ၁၉၉၁ |

(ဓမ္မဒါန)

http://www.dhammadownload.com

# ဆုတောင်းမေတ္တာ

* ဗုဒ္ဓမြတ်စွာ ၊ သာသနာ ၊ ကမ္ဘာအနှံ့ ပျံ့ပါစေ။
* သူတော်စိတ်မြတ် ၊ အငြိမ်းဓါတ် ၊ လွှမ်းပတ်ကမ္ဘာတည်ပါစေ။
* မေတ္တာစိတ်မြတ် ၊ အအေးဓါတ် ၊ လွှမ်းပတ်ကမ္ဘာခြုံပါစေ။
* သတ္တဝါမှန်သမျှ ၊ ဘေးမခ ၊ အေးမြချမ်းသာ ရှိပါစေ။

http://www.dhammadownload.com

ချမ်းမြေ့ဆရာတော်

ဘာသာရေးခွင့်ပြုချက်အမှတ် (၉၅/၉၀) (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၂၃/၉၁) (၈)
မျက်နှာဖုံးရိုက် – "မေတ္တာမိုး"
အကြိမ် – ပထမအကြိမ်
၁၉၉၁ ခုနှစ် ၊ စက်တင်ဘာလ
အုပ်ရေ – ၂၀၀၀

ဓမ္မဒါန

ထုတ်ဝေသူ ဦးအောင်သိန်း
ကင်းလွတ်ခွင့်အမှတ် (၅၆)
ဓမ္မဒေသနာပြန့်ပွားရေးအဖွဲ့ငယ်
ချမ်းမြေ့ရိပ်သာကျောင်း
၅၅ (က) ကမ္ဘာအေးစေတီလမ်း ၊ ရန်ကုန်မြို့။
ဖုန်း – ၆၁၄၇၉

ပုံနှိပ်သူ ဒေါ်ခင်စီ (၀၁၄၈၀)
မေတ္တာမိုး ပုံနှိပ်တိုက်
အမှတ် ၂၂ ၊ ဓမ္မဝိဟာရလမ်း
ကျောက်မြောင်း ၊ ရန်ကုန်မြို့။
ဖုန်း – ၅၀၆၂၆

http://www.dhammadownload.com

# ကြိုးစားကြပါစို့

လူ့နတ်ပြဲဟွာ ၊ သတ္တဝါတို့ ၊
များစွာကျိုးရ ၊ ချမ်းသာလှသည့် ၊
ဗုဒ္ဓမြတ်စွာ ၊ သာသနာသည် ၊
ရှည်ကြာတည်တံ့ ၊ ရှည်ခိုင်ခံ့၍
ပျံ့နှံ့တိုးပွား ၊ ကျင့်သူများလျက်၊
ရဲြွားချမ်းသာ ၊ ချမ်းမြေ့သာအောင်၊
ညီညာတို့များ ၊ တာဝန်ထား ၊
ကြိုးစားကြပါစို့။

http://www.dhammadownload.com

# အောင်မြင်ကြောင်းတရား

မကောင်းမှုရှောင် ကောင်းမှုဆောင် ၊ ဖြူအောင်စိတ်ကိုထား။

ပြောပြုတွေးလျှင် ၊ သတိယှဉ် ၊ ဆင်ခြင်ဉာဏ်ရှေ့သွား။

စိတ်ထားဖြောင့်မှန် ၊ ခွင့်လွှတ်ရန် ၊ သည်းခံမေတ္တာထား။

လုံ့လနှင့်ခွဲ ၊ မလျှော့ဘဲ ၊ အမြဲတင်းတင်းထား။

အရာရာတွင် အသုံးဝင် ၊ အောင်မြင်ကြောင်းတရား။

http://www.dhammadownload.com

## ချမ်းမြေ့ဆရာတော်

၏

# တတိယအကြိမ် ဓမ္မခရီး

ရာပြည့်ဦးကြည်ဝင်း မှတ်တမ်းတင်သည်


| သာသနာနှစ် | မြန်မာနှစ် | ခရစ်နှစ် |
|---|---|---|
| ၂၅၃၅ | ၁၃၅၃ | ၁၉၉၁ |

http://www.dhammadownload.com

# ချမ်းမြေ့စာစဥ်များ

၁။ ဆင်းရဲငြိမ်းအေး ချမ်းသာရေး တရားတော် (ပဥ္စမအကြိမ်)
၂။ ချမ်းမြေ့အခြေပျိုးဗုဒ္ဓဘာသာ (စတုတ္ထအကြိမ်)
၃။ ချမ်းမြေ့ မင်္ဂလာ သင်စရာ (ဒုတိယအကြိမ်)
၄။ ဂုဏ်တော်ဘုရားရှိခိုးနှင့် သိမှတ်ဖွယ်ရာ အထွေထွေ (ဆဋ္ဌမအကြိမ်)
၅။ အသံလွှင့် တရားတော်များ (ဒုတိယအကြိမ်)
၆။ ၁၉၈၅ ခုနှစ် ၊ တက္ကသိုလ်ဓမ္မသဘင် (ပထမအကြိမ်)
၇။ လူ့ကထိန်သင်္ကန်း နှင့် မင်္ဂလမ်းကိုရှုယ် (စတုတ္ထအကြိမ်)
၈။ အနောက်တိုင်းမှ ဘဝပြဿနာ (ကုန်ပြီ)
၉။ ချမ်းမြေ့သာသနာတော် လျှောက်စာတန်း (ကုန်ပြီ)
၁၀။ နိုင်ငံခြားမှ ပေးစာများ (ကုန်ပြီ)
၁၁။ တတိယအကြိမ် ဓမ္မခရီး (ထွက်ပြီ)
၁၂။ ယောဂီသိဖွယ် အသွယ်သွယ် (ထွက်တော့မည်)
၁၃။ Vipassana Meditation Guidelines
၁၄။ VIpassana Meditation
၁၅။ Ordination Procedure and some rules of Vinaya (ကုန်ပြီ)
၁၆။ Parable of the Log
၁၇။ The Fundamental Doctrine of Buddhism

( ထွက်တော့မည် )

http://www.dhammadownload.com



ချမ်းမြေ့ရိပ်သာဆရာတော်၏

# တတိယအကြိမ်ဓမ္မခရီး

## အကြောင်းအရာခေါင်းစဉ်


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မိတ်ဆက် | ၁၁ |
| ဓမ္မခရီးများ | ၁၇ |
| ဦးဆောင်ပင့်သူ ရောဘတ်ဂျွန်ဆင် | ၁၈ |
| အချိန်မီရောက်ဖို့ | ၂၂ |
| ကြွရမည့်ခရီးစဉ် | ၂၇ |
| ဗန်ကောက်မှ လေယာဉ်ပြောင်းစီး | ၃၂ |
| ကိုလံဘိုမှာ ဒုတိယအကြိမ်ပြောင်းစီး | ၃၅ |
| ခေါ်မနိုင်ငံကိုလည်း ရောက်ခဲ့ရသည် | ၄၁ |
| လန်ဒန်ဂက်တဝစ်လေဆိပ် | ၄၃ |
| ရောက်လျှင်ရောက်ချင်း တရားချီးမြှင့် | ၄၅ |
| ကမ်ဘရီးယားခရိုင် ကန်သာယာဒေသသို့ | ၅၁ |
| မဥ္ဇူသီရိ | ၅၄ |
| အလုပ်ပေး တရားစတင်ဟောကြား | ၅၉ |
| ယောဂီတို့ တစ်နေ့တာ လုပ်ငန်း | ၆၀ |

http://www.dhammadownload.com




ထူးထူးခြားခြား ယောဂီများ ၆၆
တိဗက်ဆရာတော် လျှောက်ထားသည့် ညတရားပွဲ ၆၉
ထေရဝါဒနှင့် မဟာယာန ၇၃
သူတို့အစဉ်အလာ မွေးနေ့ပွဲဝါသနာ ၇၉
တစ်နေ့တာ ဝေယျာဝစ္စကုသိုလ်များ ၈၁
တရားစခန်းနှင့် အနီးတစ်ဝိုက်မှ မိတ်ဆွေများ ၈၉
ဘလက်ပူးမြို့ နွေရာသီပျော်ပွဲရွှင်ပွဲ ၁၀၀
အင်္ဂလန်မှ မြန်မာဆရာဝန်များ ၁၀၃
စကော့တလန်သို့ ၁၀၅
အီဒင်ဗာရာနှင့် ကလက်စ်ဂို ၁၁၀
အင်္ဂလန်သို့အပြန် ၁၁၉
ရေမျက်နှာထက် ခဏတက်သည့်ရေပွက်ပမာ ၁၂၅
ယိုးဒယား ဘုန်းကြီးကျောင်းတွင် ၁၃၂
လန်ဒန်တက္ကသိုလ်မှ မြန်မာဘာသာဆရာနှစ်ယောက် ၁၄၀
ဖယောင်းပြတိုက် ၁၄၃
ရှာန်အဘိဉာဏ်မရဘဲ မြေလျှိုးကြ ၁၄၉
ကမ္ဘာကျော် အောက်စ်ဖို့ ၁၅၁
မြို့တော်ညီနောင် ၁၅၃
ကြံ့တောင့်ကြံ့ခံ ပါရီမှ ရဟန်းပြုပွဲ ၁၅၆
ရောက်သင့်ရောက်ရာ ကြည့်သင့်ကြည့်ရာ ၁၆၁
အရှေ့ဆီသို့ အပြန်ခရီးတစ်လျှောက် ၁၆၇

http://www.dhammadownload.com

# တတိယအကြိမ်မွေခရီး


| | |
|---|---|
| ရောက်ပါပြီ သီရိလင်္ကာ | ၁၇၁ |
| ကိုလံဘိုမှ ခန့်ညားသော မြန်မာကျောင်းကြီး | ၁၇၃ |
| ဆင်တစ်ရာဖြင့် စွယ်တော်လှည့်ပွဲ | ၁၈၂ |
| ဝေးမြင့်သီခေါင် တောင်ထိပ်ပေါ်မှ | ၁၈၆ |
| ဆရာဝန်မိသားစု | |
| ဆိံ'ဟပူရ ခြသေ့်နိုင်ငံသို့ (Singhapura) | ၁၉၁ |
| စင်ကာပူမှ ရှင်ရဟန်းပြုပွဲ | ၁၉၃ |
| စွန့်စွန့်စားစား ပြည်ပသွားကြသူတွေ | ၁၉၅ |
| ရွှေပြည်တော် မျှော်တိုင်းနီး | ၁၉၀ |
| စိတ်ဝင်စားဖွယ် ယောဂီများ | ၂၀၂ |
| ခရစ်စ်တိုဖာ ဝု(ဒ်) ဖိုင်း | ၂၀၂ |
| ဒေါ်နယ် ကရိဒန် | ၂၀၆ |
| ပီတာနော့ | ၂၁၀ |
| ပါဗယ်စမာချကာ | ၂၁၁ |
| အီးဒီပန့်မင် | ၂၁၃ |
| ရောဘတ်မေယာ | ၂၁၆ |
| ပေါလ်ပီတာ | ၂၁၈ |
| ဒေးဗစ်အက်ရှိကရော့ | ၂၁၉ |
| ဟယ်လီနာ ပလတ် | ၂၂၄ |
| ဆာနတ်ဒီတိဋ္ဌေရ | ၂၂၈ |

http://www.dhammadownload.com

http://www.dhammadownload.com



# ချမ်းမြေ့ရိပ်သာ ဆရာတော်
## ၏
# တတိယအကြိမ် ဓမ္မခရီး
## ( ၁၉၈၁ ခုနှစ် )
## မိတ်ဆက်လွှာ

**ချမ်းမြေ့ဆရာတော်၏ ဓမ္မခရီးများ**

ကျေးဇူးရှင် ချမ်းမြေ့ဆရာတော်ဘုရားသည် ၁၉၇၇ ခုနှစ်တွင် ချမ်းမြေ့ရိပ်သာကျောင်းကို တည်ထောင်ပြီးနောက် ၁၉၇၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ဇူလိုင်လ ၂၇ ရက်နေ့ ထိ ပထမအကြိမ်၊ ၁၉၈၀ ပြည့်နှစ် မေလ ၃၀ ရက်နေ့မှ ဩဂုတ်လ

http://www.dhammadownload.com



၂၅ရက်နေ့အထိ ဒုတိယအကြိမ် ပြည်ပဓမ္မခရီးကြွခဲ့ပါသည်။ ထိုနှစ်ကြိမ်စလုံးမှာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဦးဆောင်ခဲ့ ပါသည်။

**တတိယအကြိမ် ဓမ္မခရီး** ဤတတိယအကြိမ် ဓမ္မခရီးမှာ ၁၉၈၀ခု နှစ် ဇူလိုင်လ ၄ ရက်နေ့ မှ ဩဂုတ်လ ၁၅ ရက်နေ့ အထိ ဖြစ်ပါသည်။ ဤအကြိမ်၌ ဆရာတော်သည် ရာပြည့် သချ်ာဆရာ ဦးကြည်ဝင်းကို ကပ္ပိယဒါယကာ အဖြစ် ခေါ်ဆောင်၍ ကြွတော်မူပါသည်။ (ယခု ဤစာအုပ် ထုတ်ဝေသည့် အချိန်တွင်မူ ဆဋ္ဌမအကြိမ် အထိ ဓမ္မခရီးကြွခဲ့ပြီး ဖြစ်ပါသည်။)

ဆရာဦးကြည်ဝင်းသည် ဤမှတ်တမ်းကို မြန်မာနိုင်ငံ မှ မထွက်ခွာမီကပင် ကြုံတွေ့ရသော အခက်အခဲများမှစ၍ မြန်မာနိုင်ငံသို့ ချောမောပြေပြစ်စွာ ပြန်လည်ရောက်ရှိလာသည် အထိ မှတ်တမ်းတင်ထားခဲ့ပါသည်။ သချ်ာဆရာဖြစ်သည့် အားလျော်စွာ နေရာအတော်များများ၌ ကိန်းဂဏန်းများဖြင့် မှတ်တမ်းတင်ထားသည်ကို တွေ့ရပါသည်။

**အမြင် တစ်မျိုး** ၁၉၇၉ ခုနှစ် ပထမအကြိမ် ဓမ္မခရီး၌ ကျေးဇူးရှင် ချမ်းမြေ့ဆရာတော်ဘုရားသည် ချမ်းမြေ့ရိပ်သာ၌ သီတင်းသုံးနေသော ဗိမာန်ဆရာတော် ဘုရားကြီး

http://www.dhammadownload.com



နှင့် ခမည်းတော် မယ်တော်ကြီးတို့ ထံရောက်လေရာရာမှ စာများ ပေးပို့ခဲ့ရာ ထိုစာများကိုစုပေါင်း၍ ''နိုင်ငံခြားမှပေးစာများ''ဟူသော အမည်ဖြင့် ကျွန်တော်များ မွေ့ဒေသနာ ပြန့်ပွားရေးအဖွဲ့ငယ်က နှစ်ကြိမ်တိုင်တိုင် ပုံနှိပ်ထုတ်ဝေခဲ့ ပါသည်။ ယခု တတိယအကြိမ် မွေ့ခရီးမှာမူ နောက်ပါ ဒကာတစ်ဦး၏ မှတ်တမ်းဖြစ်ရာ စာရှုသူများ အသွင်အပြင် တစ်မျိုးဖြင့် ဖတ်ရှုလေ့လာကြရမည်ဖြစ်ပါသည်။

**မွေ့ခရီး အတွေ့အကြုံ**

ကျွန်တော်များ ''နိုင်ငံခြားမှ ပေးစာများ'' စာအုပ်ကို ထုတ်ဝေစဉ်က စာသဝဏ်၌ အနောက်တိုင်း တစ်ခွင် မွေ့ခရီးစဉ်တစ်လျှောက် တွင် တွေ့ကြုံရသမျှ အတွေ့အကြုံများကို ''မွေ့ခရီးအတွေ့အကြုံ'' အမည်ဖြင့် စာအုပ်တစ်အုပ်ဖြစ်မြောက် အောင်ကြိုးစားလျက်ရှိကြောင်း ရေးသား ဖော်ပြခဲ့ပါသည်။ သို့သော်ယနေ့အထိ အကောင်အထည် မဖော်နိုင်ခဲ့ ပါ။ အကြောင်းမှာ အဆိုပါ စာသဝဏ်တွင် ဖော်ပြခဲ့သည့်အတိုင်း အချိန်ဟူသော အကြောင်းက မညီညွတ်သေးသောကြောင့် ဖြစ်ပါ သည်။

**မွေ့ခရီး အတွေ့အကြုံ တစ်စိတ်တစ်ဒေသ**

ဤတတိယအကြိမ် မွေ့ခရီးမှတ်တမ်း ၌ ဆရာဦးကြည်ဝင်း သည် မြန်မာနိုင်ငံ မှ မထွက်ခွာမီ ကြိုတင်ပြင်ဆင်မှုများ ၊ သွား လေရာ ခရီးတစ်လျှောက် အတွေ့အကြုံ

http://www.dhammadownload.com



များ၊ တရားစခန်း အတွေ့အကြုံများ၊ တရားစခန်းအတွေ့အကြုံများ၊ ဆရာတော် ဘုရားအား ဝတ်ကြီးဝတ်ငယ်ပြုစုပုံ၊ နိုင်ငံခြားသား ယောဂီများ အား စောင့်ရှောက်ပုံ၊ ထေရဝါဒ ဗုဒ္ဓသာသနာနှင့် ပတ်သက်၍ မိမိအတွေ့အကြုံ ဒေသန္တရ ဗဟုသုတစသည်များကို တတ်စွမ်း သမျှ စုံလင်စွာ တင်ပြထားသည်ကို တွေ့ရပါသည်။ ဤမှတ်တမ်းကို ကျေးဇူးရှင်ချမ်းမြေ့ဆရာတော်ဘုရား၏ ဓမ္မခရီး အတွေ့အကြုံ တစ်စိတ်တစ်ဒေသဟူ၍ မှတ်ယူလျှင်လည်း ဖြစ်နိုင်ပါသည်။

**ဆရာတော်ဘုရား တည်းဖြတ်**

ဦးကြည်ဝင်း ၏ မှတ်တမ်းကို ကျေးဇူးရှင် ချမ်းမြေ့ဆရာတော်ဘုရားက အကြမ်းဖျင်း ဖတ်ရှုတည်းဖြတ်ပေးပါသည်။ ဆရာတော်ဘုရားသည် သာသနာ့ကိစ္စ အဝဝကို ဆောင်ရွက်ရသည်မှာ အားလပ်ချိန်ဟူ၍ မရှိသဖြင့် အသေးစိတ် ဖတ်ရှုနိုင်ခြင်းမရှိခဲ့ပါ။ အသေးစိတ်လွန်းသော အချို့နေရာများ၌ စာရှုသူများ ငြီးငွေ့ဖွယ်မရှိစေရန် ဖြတ်တောက်ပြင်ဆင်ပေးခြင်းမှတစ်ပါး ဤမှတ်တမ်းသည် ဆရာဦးကြည်ဝင်း မှတ်တမ်းတင်ထား သည်အတိုင်း ပြန်လည်ပုံနှိပ်ခြင်း ဖြစ်ပါသည်။ နောက်ဆက်တွဲတွင် နိုင်ငံသားယောဂီအချို့၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိများကိုလည်း စိတ်ဝင်စားဖွယ်ရာအဖြစ် မှတ်သားဖွယ်ရာအဖြစ်ဖတ်ရှုလေ့လာနိုင်ကြပါသည်။

http://www.dhammadownload.com



**အားကျဖွယ် အတုယူဖွယ်** ဤမှတ်တမ်းပါ ဗဟုသုတအဖြာဖြာကို ဖတ်ရှုလေ့လာကြရသူ စာရှုသူ များသည် အစဉ်ချမ်းမြေ့သော ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမတော်ကို နိုင်ငံခြားသားများသည် ရသမျှအချိန်အတွင်း အခွင့်အရေးကို မလွှတ်တမ်း အသုံးချပြီးလေ့လာဆည်းပူး လိုက်နာကျင့်သုံးကြသည်ကို တွေ့ရမည်ဖြစ်ပါသည်။ အားကျဖွယ်ရာ အတုယူဖွယ်ရာ ကောင်းလှပါသည်။ သို့ဖြစ်ရာ သူတို့ထက် အခွင့်အလမ်းများစွာ သာလွန်လျက်ရှိသော ကျွန်တော်များအပါအဝင် မြန်မာပြည်သားများသည် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အဆုံးအမတရားတော်များနှင့် အမြဲတစေ ထိတွေ့နေရသည့် ဤနိုင်ငံ၌ အပြည့်အဝရရှိနေသော အခွင့်ကောင်းကို လက်မလွှတ်တမ်း အရဖမ်းယူကာ အကျိုးရှိစွာ အသုံးပြုကြရန် အချိန်တန်နေပေပြီဟု သဘောပေါက်မိပါသည်။

**ဆဋ္ဌမအကြိမ် မွေ့ခရီး** ဤမှတ်တမ်းကို စာအုပ်အဖြစ်ရောက်ဖို့ ကျွန်တော်များ ကြိုးပမ်းနေသော အချိန်တွင် ချမ်းမြေ့ဆရာတော်ဘုရားသည် ဆဋ္ဌမအကြိမ် မွေ့ခရီးအဖြစ် ဩစတြေးလျ၊ စင်ကာပူ၊ မလေးရှား နိုင်ငံများသို့ ၃ လကြာမျှ ကြွရောက်နေခိုက် ဖြစ်ပါသည်။ အကယ်၍ လိုက်ပါသူ ကပ္ပိယဒါယကာ ဦးကြည်ဝင်းကဲ့သို့ပင် မှတ်တမ်းပြုစုဖြစ်ခဲ့ပါမူ ဆဋ္ဌမအကြိမ် မွေ့ခရီးကိုလည်း ကျွန်တော်များ ကုသိုလ်ပွားနိုင်ကြလိမ့်မည်ဟု မျှော်လင့်ရပါသည်။

http://www.dhammadownload.com



ကျေးဇူးတင်ရှိပါကြောင်း

ဤတတိယအကြိမ် မွေ့ခရီးကို မှတ်တမ်းပြုစုသူ ကပ္ပိယ ဦးကြည်ဝင်း ကိုလည်းကောင်း။ စာမူကို လက်နှိပ်စက်ရိုက်ပေးသူ မမိုးမိုးသွင်နှင့် မစန္ဒာနွယ် ကိုလည်းကောင်း ၊ အကောင်းဆုံးဖြစ်အောင် ကြိုးစားပေးကြသည့် "မေတ္တာမိုး" ပုံနှိပ်တိုက်ပိုင်ရှင် နှင့် အလုပ်သမားများကိုလည်းကောင်း ကျေးဇူးတင်လှပါကြောင်း ဖော်ပြလိုပါသည်။

သတ္တဝါမှန်သရွေ့ တရားတွေ့ ချမ်းမြေ့သာယာရှိပါစေ။

မွေ့ဒေသနာ ဖြန့်ပွားရေးအဖွဲ့ဝယ်
ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့

၁၃၅၁ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၁)ရက်
( ၂၉-၁၀-၈၉ )

http://www.dhammadownload.com



ချမ်းမြေ့ရိပ်သာ ဆရာတော်၏

# ''တတိယအကြိမ် ဓမ္မခရီး''

( ၁၉၈၁ ခုနှစ် )

ရာပြည့်ဦးကြည်ဝင်း မှတ်တမ်းတင်သည်။

## ဓမ္မခရီးများ

ချမ်းမြေ့ရိပ်သာ ဆရာတော်ဘုရားသည် ၁၉၇၉ ခုနှစ်က တစ်ကြိမ် ၊ ၁၉၈၀ ခုနှစ်က တစ်ကြိမ် ၊ မဟာစည်ဆရာတော်ဘုရားကြီး ဦးဆောင်သော ဓမ္မဒူတအဖွဲ့၏ အဖွဲ့ဝင်ဆရာတော်တစ်ပါးအဖြစ် အာရှ ၊ ဥရောပ ၊ အမေရိက နိုင်ငံများသို့ ဓမ္မခရီးကြွခဲ့ပါသည်။ ၁၉၈၁ ခုနှစ်တွင်လည်း တတိယအကြိမ်ဖြစ် ထပ်မံကြွရောက်တော်မူပါသည်။ ဤအကြိမ်တွင်မူ ပင့်လျှောက်ကြသောနိုင်ငံအသီးသီးမှ ဒကာ၊ ဒကာမများက ချမ်းမြေ့ဆရာတော်ဘုရားကို ကပ္ပိယဒကာ တစ်ယောက်နှင့် အတူကြွရောက်ပါရန် ပင့်လျှောက်ကြပါသည်။

http://www.dhammadownload.com



## ဦးဆောင်ပင့်သူ ရောဘတ်ဂျွန်ဆင်

**ဦးဆောင်ပင့်သူ** ယခုအကြိမ်တွင် ဦးဆောင်ပင့်သူမှာ အင်္ဂလန်နိုင်ငံမှ အင်္ဂလိပ်လူမျိုး ရောဘတ်ဂျွန်ဆင်ဖြစ်ပါသည်။ ရောဘတ်က အင်္ဂလန်နိုင်ငံရှိ ဝိပဿနာတရားကို စိတ်ဝင်စားကြသော မြန်မာ၊ ယိုးဒယား၊ သီဟိုဠ်နှင့် ဥရောပ လူမျိုးများအား စာတိုက်မှ စာဖြင့် အကြောင်းကြားထားပါသည်။ ယင်းစာတွင် မြန်မာနိုင်ငံမှ ချမ်းမြေ့ရိပ်သာဆရာတော် ဘုရားကို ပင့်ဆောင်၍ တစ်လကြာ တရားစခန်းတစ်ခု ဖွင့်မည်ဖြစ်ကြောင်း၊ တရားအားထုတ်လိုသူများ မိမိတို့ ရက်ရသလောက် လာရောက် အားထုတ်နိုင်ကြောင်း ဆရာတော်နှင့် နောက်ပါကပ္ပိယ တစ်ဦး အတွက် လေယာဉ်စရိတ်နှင့် အင်္ဂလန်နိုင်ငံ၌ သီတင်းသုံးနေစဉ်အတွင်း အထွေထွေစရိတ်များအတွက် ပါဝင်လှူဒါန်းနိုင်ကြကြောင်း နှိုးဆော်ထားပါသည်။ နှိုးဆော်သည့် အတိုင်းလည်း ကုန်ကျစရိတ်ထက်များစွာ ပိုလျှံအောင် စေတနာထက်သန်စွာဖြင့် ထည့်ဝင်လှူဒါန်းကြပါသည်။

**ပင့်လျှောက်ကြပြီ** ရောဘတ်က နီးစပ်ရာနိုင်ငံများရှိ ဗုဒ္ဓဘာသာအသင်းအဖွဲ့များနှင့် ပုဂ္ဂိုလ် တစ်ဦးချင်းတို့ထံလည်း ဖေါ်ပြပါအတိုင်း ဖိတ်ကြားထား ပါသည်။ ယင်းဖိတ်ကြားစာကို အကြောင်းပြု၍ အိုင်ယာလန်၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ဟော်လန်၊ ဆွီဒင်နိုင်ငံများမှ စိတ်ဝင်စားသူ အချို့ကလည်း အသင်းအဖွဲ့လိုက်

http://www.dhammadownload.com



အနေဖြင့် လည်းကောင်း၊ ပုဂ္ဂိုလ် တစ်ဦးချင်းအနေဖြင့် လည်းကောင်း၊ မိမိတို့နိုင်ငံသို့ ကြွပါရန် ဆရာတော်ထံ စာတိုက်မှ ပင့်စာများ ပေးပို့ ဆက်ကပ် ကြပါသည်။

ဒကာရောဘတ်၏ ဆန္ဒအရ အင်္ဂလန်ပြည်တွင် နွေရာသီ အားလပ်ရက်ပေးရာ ကာလဖြစ်သည့် ဇွန်လမှ ဩဂုတ်လအတွင်း ကြွရောက်ရန် ဆရာတော်ကို ပင့်ထားပါသည်။

ဆရာတော်ဘုရားသည် ၁၉၇၉ ခုနှစ် ၊ ၁၉၈၀ ခုနှစ် များ၌ ဒုတိယဝါကပ်ရန် မီရုံမျှသာ မြန်မာပြည်သို့ ပြန်ရောက်နိုင်ခဲ့ပါသည်။ ဤဒုတိယအကြိမ်၌လည်း ဒုတိယဝါကပ်ဖို့ မီအောင်ပြန်ကြွရပါမည်။

ယခုနှစ်တွင် ဒုတိယဝါကပ်ရမည့်ရက်မှာ ဩဂုတ်လ ၁၅ရက် နေ့ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာပြည်သို့ ဩဂုတ်လ ၁၅ရက်အမီ ပြန်ကြွလာနိုင်ရန် အရေးကြီးပါသည်။

ထို့ကြောင့် အင်္ဂလန်ပြည် တရားစခန်းကို ဗဟိုထား၍ အခြား နိုင်ငံများကို အဆင်ပြေသလို ဝင်ရောက်ရန် စီစဉ်ထားပါသည်။ စင်ကာပူနိုင်ငံရောက် မြန်မာ ဒကာအချို့ကလည်း မြန်မာပြည်ရှိ ဆွေမျိုး မိတ်သင်္ဂဟများမှ တစ်ဆင့် ဆရာတော်ဘုရား ပြည်ပသို့ ကြွမည့်သတင်းကို ကြားသိကြ၍ အသွားတွင်ဖြစ်စေ ၊ အပြန်တွင်

http://www.dhammadownload.com



ဖြစ်စေ စင်္ကာပူနိုင်ငံသို့ ကြွရောက်ရန် ပင့်လျှောက်စာများ ပေးပို့ထားကြပါသည်။ ဆရာတော်ဘုရား ဦးပဥ္စင်းဘဝက ခြောက်နှစ်တာမျှ နေထိုင် သီတင်းသုံးခဲ့သော သီရိလင်္ကာ (သီဟိုဠ်) နိုင်ငံမှ သီဟိုဠ်ဒကာ၊ ဒကာမများကလည်း သီဟိုဠ်(သီရိလင်္ကာ) နိုင်ငံသို့ ကြွရောက်ရန် ပင့်စာများ ပို့ထားကြပါသည်။

ဆရာတော်ဘုရားအနေဖြင့် အင်္ဂလန်တရားစခန်းသို့ ရှေးဦးစွာ ကြွပြီးနောက်မှ ဖိတ်ကြားထားသော အခြားနိုင်ငံများကို အဆင်ပြေသလို ဝင်ရောက်ရမည်ဖြစ်ကြောင်း နိုင်ငံအသီးသီးမှ ပင့်လျှောက်သူများထံ အကြောင်းကြားထားရပါသည်။

**အံ့ဩဖွယ်ကောင်းသော ဖြစ်ရပ်များ**

နိုင်ငံအသီးသီး မှ ပင့်စာများ စုံညီသောအခါ ၁၉၈၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ဆရာတော်ဘုရားက ကျွန်တော့်ကိုခေါ်၍ လိုက်နိုင် မလိုက်နိုင်မေးပါသည်။ ဆရာတော်ဘုရား ခရီးထွက်မည့် အချိန်သည် ကျွန်တော်၏ ရာပြည့်ကျူရှင်ဖွင့်စလ ဖြစ်နေသောကြောင့် တစ်ကြောင်း၊ ကျွန်တော်၏ ရာပြည့်ကျူရှင်ကျောင်းသည် ဘားလမ်းမှ လွှစွလမ်းသို့ ပြောင်းရွှေ့မည့်အချိန်အခါ နှင့် တိုက်ဆိုင်နေသောကြောင့်တစ်ကြောင်း လိုက်နိုင် မလိုက်နိုင် အတော်စဉ်းစားရပါသည်။

ကျွန်တော်ကဲ့သို့ အစိုးရအမှုထမ်း မဟုတ်သောသူ တစ်ဦးအတွက် နိုင်ငံခြားသို့ ခရီးထွက်ဖို့ အခွင့်အရေးကို ရရန်မှာ အလွန်

http://www.dhammadownload.com



တရာမှ ခဲယဉ်းလှပါသည်။ ထို့ထက် ဤကဲ့သို့ သာသနာရေးကိစ္စဖြင့် သွားနိုင်ဖို့မှာ စိတ်ကူးမျှပင် မထည့်ခဲ့ဖူးပါ။ ဆရာတော်ဘုရားကယခုကဲ့သို့ ရွေးချယ်အခေါ်ခံရသောအခါ အံ့သြခြင်း နှင့်အတူဝမ်းမြောက်ခြင်းလည်း ဖြစ်ရပါသည်။

နောက်ဆုံးတွင် မိခင်နှစ်ဦးနှင့် တိုင်ပင်ပြီး စီးပွားရေးထိခိုက်ချင်လည်း ထိခိုက်စေတော့ ဆရာတော်၏ သာသနာပြုလုပ်ငန်းတွင်တတ်စွမ်းသည့်ဘက်မှ တတ်အားသရွေ့ ပါဝင်ကူညီတော့မည်ဟုဆုံးဖြတ်ပြီးလျှင် လိုက်ပါနိုင်ကြောင်း ဆရာတော်အား လျှောက်ထားလိုက်ပါသည်။

**ဦးတိဝင်း** အင်္ဂလန်မှ ရောဘတ်ကလည်း တယ်လီဖုန်းဖြင့် ဆက်၍ ကပ္ပိယ နာမည်ကို မေးလာရာ တယ်လီဖုန်းမှ ပြောသောစကားလုံးကို နားကြား မှားသောကြောင့် တစ်ကြောင်း မြန်မာနာမည်နှင့် မရင်းနှီး မကျွမ်းဝင် သောကြောင့် တစ်ကြောင်း ဖိတ်စာရောက်လာသောအခါ ကျွန်တော့် နာမည်ကို ဦးကြည်ဝင်းဟု ရေးရမည့်အစား ဦးတိဝင်း ဟုရေးထား ပါသည်။ ထို့ကြောင့် နိုင်ငံကူးလက်မှတ် လျှောက်လွှာပုံစံများ ဖြည့်စွက်ရာတွင် အင်္ဂလိပ်လို ဖြည့်စွက်ရသော အပိုင်းများ၌ ဦးတိဝင်း (ခ) ဦးကြည်ဝင်း ဟု ဖြည့်စွက်ရပါသည်။

http://www.dhammadownload.com



နိုင်ငံကူးလက်မှတ် ရရေးအတွက် လိုအပ်သော စာရွက် စာတမ်းများပြည့်စုံသောအခါ မေလ ၂၆ ရက်နေ့တွင် လျှောက်လွှာတင်လိုက်ပါသည်။

## အချိန်မီရောက်ဖို့

အချိန်မီ ရောက်မည်မထင် — နိုင်ငံကူးလက်မှတ် လျှောက်လွှာတင်ပြီးနောက် တရားစခန်း အချိန်မီ နိုင်ငံကူး လက်မှတ် ရရေးအတွက် ကျွန်တော့်အနေဖြင့် နေ့စဉ်နှင့်အမျှ အပူတပြင်း ကြိုးစားရပါသည်။ ရင်းနှီးသူများနှင့် သက်ဆိုင်ရာ အရာရှိများကလည်း ဥပဒေဘောင်အတွင်းမှ အစွမ်းကုန် ကြိုးစားကူညီ ကြပါသည်။ သို့သော်လည်း ဇွန်လ ၁၅ ရက်နေ့အထိ နိုင်ငံကူးလက်မှတ် ရဖို့ရာ အရိပ်အယောင်မျှပင် မတွေ့ရ မမြင်ရ သေးပါ။

အင်္ဂလန်တရားစခန်းကို ဇွန်လ ၂၆ ရက်နေ့တွင် စတင် ဖွင့်လှစ်ရမည်ဖြစ်ရာ နောက်အကျဆုံး ဇွန်လ ၂၂ ရက်လောက်တွင် မြန်မာပြည်မှ ထွက်ခွာနိုင်မှသာ အချိန်မီပါမည်။ အကြောင်းမှာ လန်ဒန် ရောက်ပြီးနောက်တစ်နေ့မှ အင်္ဂလန် မြောက်ပိုင်းရှိ တရားစခန်း ဖွင့်လှစ်မည့် ကမ်ဗရီးယားခရိုင်သို့ ရထားဖြင့် တစ်ဆင့်သွားရဦးမည် ဖြစ်သောကြောင့်ပင်။

ယခု အခြေအနေအရဆိုသော် ဇွန်လ ၂၂ ရက်နေ့ထွက်နိုင်ဖို့ မမျှော်လင့်နိုင်တော့ပါ။ ဆရာတော်ကမူ ဟော်လန် ၊ ဆွစ်ဇာလန်၊

http://www.dhammadownload.com



အိုင်ယာလန် စသော တခြား နိုင်ငံများမှ လာရောက်အားထုတ်ကြမည့် ယောဂီများကို အားနာနေပါသည်။ သို့သော်လည်း မည်သို့မှ မတတ်နိုင်ပါ။ အချိန်မမီသော်လည်း စောနိုင်သမျှ စောစောရောက်အောင် သွားနိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားရုံသာ ရှိပါတော့သည်။

**လုပ်သလိုမဖြစ်လျှင် ဖြစ်သလိုလုပ်** ထိုအချိန်မှာပင် အချိန်မီမရောက်လာမည်ကို စိုးရိမ်နေသော တာဝန်ခံ ပင့်လျှောက်သူ ရောဘတ်က ရောက်မည့်နေ့ကို သိလိုဖော ဖြင့် အင်္ဂလန် မှ နေ၍ ဆရာတော်ထံ ဖုန်းဆက်ပြန်ပါသည်။ အချိန်မီ ရောက်နိုင်မည်မဟုတ်ကြောင်း ၊ ရောက်မည့်နေ့ကိုလည်း ယခုတိုင် အတိအကျ မပြောနိုင်သေးကြောင်း၊ သို့ဖြစ်၍ တရားစခန်းကို သတ်မှတ်ထားသည့် ရက်တွင် မပျက်မကွက် စတင်ဖွင့်လှစ်ကာ ကြိုတင်တရားပြရန် အင်္ဂလန်နိုင်ငံ ဘာမင်ဂမ်မြို့တွင် သီတင်းသုံးသော နီပေါဘုန်းကြီး ဦးဉာဏပုဏ္ဏိက ကို ပင့်လျှောက်စေလိုကြောင်း ဆရာတော်က ညွှန်ကြားလိုက်ရပါသည်။

အများနှင့် ဆက်စပ်သည့် ကိစ္စများကို ဆောင်ရွက်ရာတွင် စီစဉ်ထား သည့် အတိုင်း အဆင်ပြေအောင် ဆောင်ရွက်နိုင်ဖို့ မလွယ် ပါလားဟု သံဝေဂ ပွားမိပါသည်။

**ဦးဉာဏပုဏ္ဏိက** အလျှဉ်းသင့်ခိုက် ဦးဉာဏပုဏ္ဏိက အကြောင်း လည်း တင်ပြလိုပါသည်။ ဦးဉာဏပုဏ္ဏိက သည်

http://www.dhammadownload.com



ဆဌမအကြိမ် သင်္ဂါယနာ တင်တော်မူစဉ်က နီပေါဆရာတော် ဦးဗုဒ္ဓဃောသနှင့်အတူ ကျောင်းသားကပ္ပိယ အဖြစ်ဖြင့် မြန်မာပြည်သို့ ရောက်လာပြီးလျှင် သင်္ဂါယနာတင်ပွဲ ပြီးသောအခါ နီပေါနိုင်ငံသို့ မပြန်တော့ပဲ ရှင်သာမဏေပြုပြီးလျှင် မြန်မာနိုင်ငံတွင်ပင် ဆက်လက် နေထိုင်ခဲ့ပါသည်။ အသက်စေ့သောအခါ ရဟန်းပြုပြီးလျှင် မန္တလေးမြို့ ဝိဇ္ဇာလင်္ကာရကျောင်းတိုက် နှင့် မြတောင်တိုက် ရွှေဝါဝင်း ကျောင်းတို့၌ ပရိယတ္တိစာပေများကို ဆည်းပူး၍ အစိုးရ ပထမပြန် စာမေးပွဲ ငယ် ၊ လတ် ၊ ကြီး နှင့် ဓမ္မာစရိယ စာချတန်းတို့ကို ချောမောစွာ အောင်မြင်ပြီးတော့မှ နီပေါသို့ ပြန်ကြွသွားပါသည်။

မြန်မာနိုင်ငံ၌ ရှိစဉ်အတွင်းမဟာစည် ဆရာတော်ဘုရားကြီး ၏ အရိပ်ကို ခိုလှုံ၍ သတိပဋ္ဌာန်တရားကို အသားကျကျ ရှုမှတ်ပွားများ အားထုတ်သွားသည့် အားလျော်စွာ ယောဂီများအား ကောင်းစွာ တရားပြနိုင်ပါသည်။ မြန်မာစကားကိုလည်း ဝဲပင်ဝဲသော်လည်း ယခုတိုင် ပီပီသသ မမေ့မလျော့ ပြောနိုင်ပါသေးသည်။

အင်္ဂလန်၌နေသည်မှာ ၂ နှစ်ရှိပြီဖြစ်၍ အင်္ဂလိပ်စကားကို လည်း ကျွမ်းကျင်စွာ ပြောတတ်နေပါပြီ။ ၁၉၈၁ ခု နှစ်ဦးပိုင်းကပင် မြန်မာနိုင်ငံသို့ တစ်ခေါက်ကြွခဲ့ပါသေးသည်။

မဟာစည်ဆရာတော်ဘုရားကြီး၏ သတ္တမအကြိမ်ဓမ္မခရီး ၌ အဖွဲ့ဝင် အဖြစ် နီပေါ ၊ အိန္ဒိယနိုင်ငံများသို့ ကြွရောက်ခဲ့ပါသည်။

http://www.dhammadownload.com



**နိုင်ငံကူးလက်မှတ် ရပြီ**

ဖွန်လ ၃၀ ရက်နေ့တွင် နိုင်ငံကူးလက်မှတ်ရမည်ဟု သက်ဆိုင်ရာက အကြောင်းကြားပါသည်။ အရေးတကြီးလိုအပ်မှန်း သိသဖြင့် မရမချင်း စောင့်၍ယူနိုင်းသောကြောင့် စောင့်နေရာ ထိုနေ့ည ၇း၀၀ နာရီခန့်တွင် လက်မှတ်ရပါတော့သည်။ ထိုကဲ့သို့ ရုံးဆင်းချိန်လွန်သည်အထိ စိတ်ရှည်ရှည် ကူညီပေးသော သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်အသီးသီးအား အထူးကျေးဇူးတင်လှပါသည်။ လက်မှတ်ထုတ်ယူပြီး ဝန်ကြီးများရုံးမှ ထွက်လာရာ ည ၇း၃၀ နာရီခန့် ပင်ရှိပါပြီ။ ရုံးဝင်းတစ်ခုလုံး တိတ်ဆိတ်နေပါပြီ။

နိုင်ငံကူးလက်မှတ်ရပြီး နောက်တစ်နေ့မှစ၍ အလျင်အမြန် ဆုံးခရီးထွက်နိုင်ရေးအတွက် ဗီဇာကိစ္စများ အပူတပြင်း ဆောင်ရွက်ပါသည်။ သို့ဖြင့် ဇူလိုင်လ ၄ ရက်နေ့ ညနေ ၄ နာရီ လေယာဉ်ဖြင့် ခရီးထွက်ရန် သေချာသွားပါတော့သည်။

**အကြံ ပေးကြသည်**

ခရီးထွက်မည်ကို ကြားသိကြသော ဆရာသမားအချို့၊ မိတ်ဆွေ အချို့တို့က အင်္ဂလန် ရောက်လျှင် နေရေးထိုင်ရေး ၊ သွားရေးလာရေး အတွက် အမျိုးမျိုး အကြံပေးကြပါသည်။ အနွေးထည် များများ ဆောင်သွားရန် ပြောသူရှိသလို အင်္ဂလန်မှာ နွေရာသီဖြစ်၍ အနွေးထည် သိပ်မလိုဟု ပြောသူက ပြောကြပါသည်။ ဘောင်းဘီနှင့် ကုတ်အင်္ကျီ ဘယ်ဆိုင်မှာ အဝ်ပါလားဟု နည်းပေးသူလည်း ရှိပါသည်။

http://www.dhammadownload.com



ကျွန်တော်ကမူ ကပ္ပိယအဖြစ် သွားမည်ဖြစ်၍ မြန်မာ ဝတ်စုံသာ ဝတ်မည်ဖြစ်ကြောင်း ရှင်းပြရပါသည်။ လိုအပ်ပါက အင်္ဂလန် ရောက်မှ ဝယ်ဝတ်မည်ဟု စိတ်ကူးထားပါသည်။ စိတ်သာ ကူးထားရသော်လည်း ခရီးစထွက်သောအခါ ကိုယ်ပိုင်သုံးငွေအဖြစ် အမေရိကန် ၁၃ ဒေါ်လာ (မြန်မာငွေ ၉၈ ကျပ်) ခန့်သာ ပါလာ ပါသည်။

အအေးသက်သာရန်မှု ရှိုင်ပုဆိုးများများ၊ တိုက်ပုံထူထူ များများ ထည့်သွားပါသည်။ ဆွယ်တာခေါင်းစွပ် လက်ရှည် တစ်ထည်လည်း အကြမ်းဝတ်ရန် ထည့်ယူလာပါသည်။ ဆရာတော် ဘုရားကမူ လေယာဉ်မောင် သင်္ကန်းနှင့် သက္ကလပ် နှစ်ထပ်သင်္ကန်း တို့ကို ယူဆောင်လာပါသည်။ ခြေအိတ်လည်း ဆောင်လာပါသည်။

**ဆရာတော်ကြီး ကန်တော့** ဇူလိုင်လ ၃ ရက်နေ့ တွင် ချမ်းမြေ့ရိပ်သာ ဆရာတော် သည် မဟာစည်ဆရာတော် ဘုရားကြီးထံ ဩဝါဒခံရန် ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့ အမှုဆောင်လူကြီးများနှင့် အတူသွား၍ ကန်တော့ ပါသည်။ ဆရာတော်ဘုရားကြီးက မှာကြားရန် အထူးအထွေ မရှိပါ ကြောင်း၊ ရောက်တုန်းရောက်ခိုက် အတတ်နိုင်ဆုံး သာသနာပြု ခဲ့ရန်သာ မှာကြားလိုကြောင်း အမိန့်ရှိပါသည်။

ချမ်းမြေ့ဆရာတော် ကလည်း ကျွန်တော်နှင့် ပတ်သက်၍ ဆရာတော်ကြီးအား လျှောက်ထားပါသည်။ အင်္ဂလိပ်စကား အသင့်

http://www.dhammadownload.com



အတင့် ပြောတတ်ပြီး တရားလည်း တစ်လခွဲခန့်ကြာအောင် အားထုတ်ထားသူ ဖြစ်ကြောင်း ၊ ချမ်းမြေ့ရိပ်သာတွင် ဆရာတော် မရှိခိုက် နိုင်ငံခြားယောဂီများကို ကူညီနေသူ ဖြစ်ကြောင်း လျှောက်ထားပါသည်။ ဆရာတော်ဘုရားကြီးကလည်း ထိုကဲ့သို့ အင်္ဂလိပ်စကား ပြောတတ်သူကို ခေါ်သွားခြင်းသည် သင့်တော်ပါကြောင်း အမိန့်ရှိပါသည်။

ဆရာတော်ဘုရားကြီးအား ကန်တော့ပြီး ပြန်အထွက်တွင် ယခင်ဓမ္မခရီးစဉ်များတလျှောက် ဆရာတော်ဘုရားကြီး၏ ကပ္ပိယ အဖြစ်ပါသွားသော ဦးလေး ဦးမြသိန်းနှင့် တွေ့၍ ဦးလေး ဦးမြသိန်း က အင်္ဂလန်မှ မိတ်ဆွေများကို သတိရကြောင်း ပြောပေးရန် မှာကြား လိုက်ပါသည်။

## ခြွေရမည့်ခရီးစဉ်

ခရီးစဉ် ဇူလိုင်လ ၄ ရက်နေ့ ညနေ ၄ နာရီတွင် မင်္ဂလာဒုံ လေဆိပ်မှ ထွက်မည့် ထိုင်းလေကြောင်း ကုမ္ပဏီ (Thai Airways) လေယာဉ် ဖြင့် သွားရန် စီစဉ်ထားပါသည်။ အမြန်ဆုံး အင်္ဂလန်သို့ရောက်စေရန် အတွက် ကြားတွင် မည်သည့် နိုင်ငံမှ မနားဘဲ တောက်လျှောက် ခရီးစဉ်အဖြစ် စီစဉ်ထားပါသည်။ မြန်မာပြည်မှ စီးသွားသော လေယာဉ်သည်

http://www.dhammadownload.com



ဗန်ကောက်တွင် လမ်းဆုံးမည်ဖြစ်ပြီး ဗန်ကောက် ရောက်လျှင် ဗန်ကောက် ကိုလံဘို (သီရိလင်္ကာ) လေယာဉ် တစ်ခါပြောင်း၍ ကိုလံဘိုရောက်လျှင် တစ်ဆက်တည်း ကိုလံဘို လန်ဒန် (အင်္ဂလန်) လေယာဉ်ကို ပြောင်းစီးရန် စီစဉ်ထားပါသည်။

ကိုလံဘိုတွင် ပြောင်းစီးရမည့်လေယာဉ်၌ နေရာရဖို့ အခက်အခဲတွေ့နေသဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးက ကိုလံဘိုသို့ တယ်လီဖုန်းဆက်၍ အကူအညီ တောင်းပါသည်။ ယုတ်စွအဆုံး လေယာဉ်မရပါက သီရိလင်္ကာတွင် ခေတ္တတည်းခိုရန် အတွက်ပါ ကြိုဆိုနေရာချထားရေးကို ကြိုတင် စီစဉ်ခိုင်းထားပါသည်။ သံအမတ်ကြီး နှင့် သံအမတ်ကြီးကတော် တို့မှာ မကြာခဏ ချမ်းမြေ့ရိပ်သာသို့ လာ၍ ဆရာတော်ကို ကိုးကွယ် ဆည်းကပ်နေကြသူများ ဖြစ်ပါသည်။

**နှစ်ဆယ့်ခြောက်ဒေါ်လာနှင့် အင်္ဂလန်ကိုသွားရမည်**

ခရီးစဉ်အတွက် အများဆုံး သယ်ရသည် မှာ ချမ်းမြေ့အခြေပြု ဗုဒ္ဓ ဘာသာစာအုပ်နှင့် နိုင်ငံခြားမှ ပေးစာများ ၊ စာအုပ်များပင် ဖြစ်ပါသည်။ သတင်းကြားဖြင့် လှူကြပါး လာပေးထားသော ပစ္စည်းများကလည်း မနည်းလှပါ။ ဦးခင်က စာကြိုတင်ရေးထား၍ တညင်းသီးနှင့် ဖန်ခါးသီးလည်း မမေ့အောင် ထည့်ရပါသည်။ ခရီးမထွက်မီ တစ်ဦးစီ အတွက် အမေရိကန်ဒေါ်လာ

http://www.dhammadownload.com



၁၃ ဒေါ်လာ လဲလှယ်ခွင့်ပြုပါသည်။ စုစုပေါင်း ၂၆ ဒေါ်လာဖြင့် ခရီးထွက်ရန် အသင့်ဖြစ်ပါပြီ။

ဆရာတော်က ဒကာ ဒကာမများကို ကျောင်းတွင်သာ ကန်တော့စေပါသည်။ သုံးလေးယောက်မျှသာ လေယာဉ်ကွင်းသို့ လိုက်ပါခွင့်ပြုပါသည်။ ကျွန်တော်က ပစ္စည်းများ ချိန်တွယ်ရန်၊ ပစ္စည်းများ အစစ်ဆေးခံရန် ကြိုတင်၍ သွားနှင့်ရပါသည်။

**လေယာဉ်မှူး၏ သဒ္ဒါတရား**

ညနေ ၃း၄၅ နာရီ အချိန်ခန့်တွင် ခရီးသည်များ လေယာဉ်ပေါ်သို့ တက်ရန် ကြေငြာပါသည်။ ကျွန်တော်က အလွယ်သုံးပစ္စည်းများ နှင့် ကွဲနိုင်သည့် ပစ္စည်းများပါသည့် အိတ်ကို လက်တစ်ဘက်ဖြင့် ဆွဲ၍ အခြားလက်တစ်ဖက်ဖြင့် ဆရာတော်၏ သပိတ်ကို ပခုံးတွင် လွယ်ကာ လေယာဉ်ပေါ်သို့ ဆရာတော်၏ နောက်မှကပ်လျက် တက်ခဲ့ပါသည်။ လေယာဉ်တွင်း ဝင်မိလျှင်ပင် လက်အုပ်ကလေးတွေ ချီကာ ကြိုဆိုနေကြသော ယိုးဒယား လေယာဉ်မယ်ကလေးများကို ချီးကျူးဖွယ်ရာ တွေ့ရပါသည်။

လေယာဉ်အတွင်း ထိုင်ခုံများဆီသို့ မျက်စိတစ်ချက် ဝေ့ကာ အကဲခတ်လိုက်မိရာ လေယာဉ် တစ်စင်းလုံးတွင် ကျွန်တော် တစ်ယောက်တည်းသာ မြန်မာဝတ်စုံဝတ်ထားကြောင်း သတိပြု

http://www.dhammadownload.com



လိုက်မိပါသည်။ ကျုန်ခရီးသည် အမျိုးသား မှန်သမျှ အသားဖြူ ၊ နီ၊ ဝါ၊ မည်း အားလုံးပင် ဥရောပဝတ်စုံနှင့်ချည်း ဖြစ်ပါသည်။

ကျွန်တော်တို့ လေယာဉ်လက်မှတ်မှာ ရိုးရိုးတန်းလက်မှတ် ဖြစ်ပါသည်။ သို့ဖြစ်၍ ရိုးရိုးတန်း ထိုင်ခုံများတွင် နေရာယူလိုက်ကြ ပါသည်။ ထိုင်မိပြီး မကြာမီပင် ယိုးဒယားလေယာဉ်မှူးက ဆရာတော် ကို အထက်တန်းထိုင်ခုံများဆီသို့ ပင့်သွားကာ နေရာပေးပါသည်။ ကျွန်တော်လည်း တစ်ပါတည်း လိုက်သွားပါသည်။ ထိုနေ့က အထက်တန်း ခရီးသည်ပါဟန်မတူပါ။ အထက်တန်းတွင် ဆရာတော် နှင့် ကျွန်တော် နှစ်ဦးတည်းသာ ရှိပါသည်။

သမားတော်ကြီး ဦးလှမြင့်တို့ ဇနီးမောင်နှံကိုလည်း ထိုလေယာဉ် တွင် တွေ့ရပါသည်။ သားဖြစ်သူ ကိုသန့်ဇင်၏ ပြောပြချက်အရ မိခင်ဖြစ်သူ အင်္ဂလန်ကို ဆေးကုသွားမည်ဖြစ်ကြောင်း သိရပါသည်။

တက်ပြီးပြန်ဆင်း ညနေ ၄ နာရီတွင် လေယာဉ်စထွက်ပါသည်။ လေယာဉ်အထက်သို့ ပျံတက်ပြီး ၅ မိနစ်ခန့် အကြာတွင် စက်ချို့ယွင်း၍ ပြန်ဆင်းရမည် ဖြစ်ကြောင်း ၊ လေဆိပ်ထဲ တွင် ပြန်၍ အနားယူစေလိုကြောင်း အင်္ဂလိပ်ဘာသာဖြင့် ကြေညာ ပါသည်။ လေယာဉ်ပျံ တက်ခါစဖြစ်၍ လိုက်ပို့သူများလည်း မပြန် သေးပါ။ လေဆိပ်ထဲ တစ်ခေါက်ပြန်နားရပြန်ပါသည်။ မိနစ် ၂၀ခန့်

http://www.dhammadownload.com



အကြာတွင် လေယာဉ်စက် ကောင်းသွားပြီ ဖြစ်ကြောင်း ကြေငြာ၍ လေယာဉ်အပေါ် ပြန်တက်ကြပါသည်။ မြန်မာ စံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြင်ပြီးသော လေယာဉ် စထွက်ပါသည်။

လမ်းတွင် လေယာဉ်ပေါ်မှ မြင်ရသော ယိုးဒယားနိုင်ငံ ၏ မြေပြင်ရှုခင်းများမှာ ကျွန်တော်တို့နိုင်ငံနှင့် ဆင်တူပင်ဖြစ်ပါသည်။ လယ်ကွက်များနှင့် ကွေ့ဝိုက်နေသော မြစ်များသာ ဖြစ်ပါသည်။ လေယာဉ်ပေါ်တွင် လိမ္မော်ရည် တစ်ဖန်ခွက်စီ လိုက်ပေးပါသည်။ ပျံသန်းချိန် ၁ နာရီခန့် ရှိသောအခါ ယိုးဒယားနိုင်ငံ ဗန်ကောက်မြို့ ဒွန်မောင်းလေဆိပ်သို့ ရောက်ပါသည်။ ထိုအချိန်တွင် ဗန်ကောက် စံတော်ချိန်မှာ ညနေ ၆ နာရီ ၁၅ မိနစ်ခန့် ရှိပါပြီ။ ရန်ကုန်စံတော်ချိန်မှာ ၅ နာရီ ၄၅ မိနစ်ခန့်သာ ရှိပါသေးသည်။ ထိုကဲ့သို့ ဖြစ်ရသည်မှာ ယိုးဒယားနိုင်ငံက မြန်မာနိုင်ငံထက် နာရီဝက် နေထွက်စောသော ကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



## ဗန်ကောက်မှာလေယာဉ်ပြောင်းစီး

ဗန်ကောက် လေဆိပ်ဝယ် လေယာဉ်မှ အဆင်းတွင် ကားလာကြိုနေပါသည်။ ကားဖြင့် လေဆိပ်အဆောက်အဦး သို့ သွားရသည်။ လေဆိပ် အဆောက်အဦး တွင် နားရုံသာဖြစ်၍ အထူးအထွေ လုပ်ဆောင်ရန် ကိစ္စမရှိပါ။ လေယာဉ်ရုံးသုံး ဝေါဟာရဖြင့် လေယာဉ် ပြောင်းစီးရုံမျှ (Transit) သာလုပ်မည်ဖြစ်ပါသည်။ ပစ္စည်းများလည်း ရန်ကုန်ကတည်းကပင် နောက်လေယာဉ်ပေါ်သို့ လွှဲပြောင်းပေးရန် တခါတည်း စီစဉ်ပြီး ဖြစ်၍ ကိုယ်တိုင်ပစ္စည်းထုတ်စရာ မလိုတော့ပါ။

လူဝင်မှုကြီးကြပ်ရေးဌာနစိတ်သို့ ရောက်သောအခါ သက်ဆိုင်ရာထိုင်းအရာရှိများက လေယာဉ် ခရီးသည်အားလုံးကို စစ်ပြီးမှအတွင်းသို့ ဝင်ခွင့်ပြုပါသည်။ ဆရာတော်ကိုဦးစွာဝင်စေပြီး ထိုင်ရန် ကုလားထိုင်ပေးပါသည်။ ပြီးမှ ကျွန်တော်ကိုင်ထားသော ဆရာတော် ၏ နိုင်ငံကူးလက်မှတ်ကို ယူ၍ စစ်ဆေးပါသည်။ သံဃာကို ရိုသေ ရမှန်းသိသော ယိုးဒယားအရာရှိကား ချိုးကျိုးစရာ ကောင်းလှပါသည်။ ယိုးဒယားအရာရှိ တိုင်းလိုပင် သံဃာကို ရိုသေကိုင်းရှိုင်းကြသည်ဟု သိရပါသည်။

နောက်လေယာဉ် ပြောင်းစီးရန် အချိန်စောနေသဖြင့် လေဆိပ်အဆောက်အဦး အတွင်းရှိ ဘီအောစီ ရုံးခန်းကို သွားရာ ဘီအောစီလေယာဉ်ထွက်ချိန်ဝင်ချိန် မဟုတ်သောကြောင့် မည်သူ့ကိုမျှ မတွေ့

http://www.dhammadownload.com



ခဲ့ရပါ။ လေယာဉ်တစ်ကွင်းလုံး ဥရောပမျက်နှာဖြူလူမျိုးများမှ လွဲ၍ တွေ့ရသမျှ လူအားလုံး၏ မျက်နှာများမှာ မြန်မာပြည်တွင် မြင်နေကျ မျက်နှာပေါက်မျိုးချည်းသာ ဖြစ်ပါသည်။

ခရီးသွားဖော် ထိုသို့ ခရီးသည်များကို ကြည့်ရှုလေ့လာ နေစဉ် ခရီးသည်စောင့်ဆိုင်းရင်း ထိုင်ရန်ထားသော ထိုင်ခုံတန်း တစ်နေရာ၌ မြန်မာအင်းလေးထဘီ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦးကို အဝေးမှ တွေ့လိုက်သလိုလို ရှိ၍ အနီးကပ် သွားကြည့်ရာ ရန်ကုန်၊ ရေကျော်မှ ဒေါက်တာဒေါ်ခင်ညွန့်ရီ ဖြစ်ကြောင်း မိတ်ဆက်သိရှိရပါသည်။ လူမှုဖူလုံရေးအဖွဲ့မှ ဝန်ထမ်း တစ်ဦး ဖြစ်ပြီး သီရိလင်္ကာနိုင်ငံမှာ ကိုလံဘိုစီမံကိန်း အစီအစဉ်ဖြင့် ပြုလုပ်သော ဆွေးနွေးပွဲတစ်ခုသို့ တက်ရန် သွားရမည်ဖြစ်ကြောင်း ပြောပြပါသည်။ မြန်မာပြည်မှ ထွက်ခါစ နာရီပိုင်းပင် ဖြစ်သော်လည်း မြန်မာချင်း တွေ့ရသည်ကို နှစ်ဦးစလုံး ဝမ်းသာနေကြပါသည်။ ဒေါ်ခင်ညွန့်ရီက ဆရာတော်အား ကိုကာကိုလာ ဖျော်ရည်ကပ် ပါသည်။ ကျွန်တော် တို့လည်း သောက်ကြပါသည်။

မကြာမီ နောက်ပြောင်းစီးရမည့် သီရိလင်္ကာလေကြောင်း ကုမ္ပဏီ (Air Lanka) လေယာဉ်လိုင်းမှ လက်မှတ်လဲ ပစ္စည်းအပ်ကောင်တာ (Counter) ဖွင့်ပြီးဖြစ်၍ ထိုင်ခုံနံပါတ်သွားယူပါသည်။ ဆရာတော် နှစ်သက်ရာ နေရာဖြစ်သော ဆေးလိပ်သောက်ခွင့်မပြုသောအပိုင်း (non-smoking section) ပြတင်းပေါက်အနီးမှာ ယူရပါသည်။

http://www.dhammadownload.com



လေယာဉ်မှာ မူလက ဗန်ကောက်စံတော်ချိန် ည ၇ နာရီတွင် ထွက်ရမည်ဖြစ်သော်လည်း မည်သို့ အဆင်မပြေသည်မသိ ည ၉ နာရီ ၁၅ မိနစ်မှပင် ထွက်ဖြစ်ပါတော့သည်။ သီရိလင်္ကာနိုင်ငံ ကိုလံဘိုတွင် လေယာဉ်ဆက်တိုက် ပြောင်းစီးရမည်ဖြစ်၍ လေယာဉ်မမီမှာကို စိုးရိမ်နေမိပါသည်။ ဒေါ်ခင်ညွန့်ရီကလည်း ကိုလံဘိုသို့ အချိန်လင့်မှ ရောက်မည်ဖြစ်၍ ကြိုဆိုသူ မရှိမှာ စိုးရိမ်နေပါသည်။ သာမန် အားဖြင့် ဗန်ကောက်မှ ကိုလံဘိုသို့ ပျံသန်းချိန် ၃ နာရီရှိပါသည်။ လမ်းခရီးတွင် သိုးသားဟင်း ၊ ပေါင်မုန့် ၊ ကိတ်မုန့် ၊ ပန်းသီး စသည်တို့ကို ကျွေးပါသည်။ ဆရာတော်ကမူ အချိန်လင့်နေ၍ ဖျော်ရည်ကိုသာ ဘုဉ်းပေးပါသည်။

**သီရိလင်္ကာ လေယာဉ်** လေယာဉ်မယ်များအားလုံး ဆာရီသာ ဝတ်ထားကြပါသည်။ ဒေါင်းမြီးကွက်ပုံ ဖော်ထားသော အစိမ်းရောင် လှပသောဆာရီများ ဖြစ်ကြပါသည်။ လေယာဉ်မောင်များကမူ ဘောင်းဘီ အစိမ်းပုတ် နှင့် ကုတ်အနီရောင် ဥရောပဝတ်စုံ ဝတ်ထားကြပါသည်။ တည်ထောင် ကာစ လေယာဉ်ကုမ္ပဏီ ဖြစ်သောကြောင့် ခရီးသည်များကို သိပ်ဂရုစိုက်ကြပါသည်။ နို့စို့အရွယ်ကလေး ပါလာသော ခရီးသည်များ အတွက် မိခင်ဖြစ်သူက နို့ဘူးဆောင်လာစရာ မလိုပါ၊ လေယာဉ်မယ် က နို့ဘူးယူလာပြီး ကိုယ်တိုင် တိုက်ပေးသည်အထိ ဂရုစိုက်ကြပါသည်။ ကလေး ငိုလျှင်လည်း ကူညီ၍ ချော့ပေးကြပါသည်။

http://www.dhammadownload.com



ကောင်းတာများရှိသလို ဆိုးတာကိုလည်း ရေးပြလိုပါသည်။ ကျွန်တော်တို့အပြန်တွင်လည်း ဤလေယာဉ် ကုမ္ပဏီမှ လေယာဉ်ပင် ဖြစ်၍ အမှုထမ်းများအကြောင်းအနည်းငယ်တီးမိခေါက်မိခဲ့ပါသည်။ ခရီးသည်ချင်းအတူတူ အာရှတိုက်သားခရီးသည်များထက် မျက်နှာဖြူ ခရီးသည်များကို သိသိသာသာ ပို၍ ဂရုစိုက်ကြပါသည်။ အမှုထမ်း အများစု ဤသို့ဆက်ဆံပုံကို ထောက်ရှု၍ တစ်ဦးချင်း၏ စိတ်ဓာတ် ဟုတ်ပုံမရဘဲ ကုမ္ပဏီကပင် ညွှန်ကြားထားသော ဆက်ဆံရေးပုံစံများ လားဟု ထင်မိပါသည်။

အပြန်တွင် သီရိလင်္ကာနိုင်ငံသို့ ဝင်ရောက်ရာ၌လည်းဒေသခံ မိတ်ဆွေအချို့ ပြောပြချက်အရ သီရိလင်္ကာ လူငယ်အတော်များ များသည် မျက်နှာဖြူကို သိပ်အထင်ကြီးဆဲ ဖြစ်ကြောင်းသိရပါသည်။ သူတို့နိုင်ငံလည်း ကျွန်တော်တို့ နိုင်ငံလို နယ်ချဲ့လက်အောက်မှ ရုန်းထွက်ခဲ့ရသော နိုင်ငံပင် ဖြစ်ပါသည်။

## ကိုလံဘိုမှာ ဒုတိယအကြိမ် ပြောင်းစီး

ဗန်ကောက်မှ ၃နာရီကြာ မောင်းလာသော လေယာဉ်ကိုလံဘို လေဆိပ်သို့ ရောက်သောအခါ ကျွန်တော်တို့ ဆက်စီးရမည့် လေယာဉ် သည် ခရီးသည် ပြည့်လုနီးပါးဖြင့် အသင့်စောင့်နေသည်ကို တွေ့ရပါ သည်။ ကတိုက်ကရိုက်ပင် နောက်လေယာဉ်အတွက် ခုံနံပါတ် ယူရပါ

http://www.dhammadownload.com



သည်။ နေရာကွက်ကြားသာ ဖြစ်နေ၍ ဆေးလိပ်မသောက်ရ နေရာတွင်လည်း မရတော့ပါ။ ရရာ နှစ်ယောက်တွဲ ခုံတစ်ခုံတွင်သာ ထိုင်ရပါတော့သည်။ လေယာဉ် အကူးအပြောင်း စုစုပေါင်းမိနစ် ၅၀ ခန့်ကြာသောအခါ နောက်လေယာဉ်ပေါ်ရောက်သွားပါသည်။ လေယာဉ်နှစ်စင်းလုံး ကုမ္ပဏီတစ်ခုတည်းမှ ဖြစ်၍သာ ဤသို့စောင့်ဆိုင်းနေခြင်း ဖြစ်ပါသည်။ ထုံးစံမှာ စောင့်ရိုးမရှိပါ။

**ကရာချိသို့ ခရီးဆက်ပြီး**

လေယာဉ်ထွက်ပြီး မကြာမီပင် ခရီးသည် အတော်များများ အိပ်ကြပါသည်။ ထိုင်ခုံကို အသာ နောက်လှန်၍ အိပ်ရပါသည်။ ကျွန်ုပ်တော်ကတော့ အိပ်မပျော်သေးပါ။ လေယာဉ်ထွက်ပြီး တစ်နာရီ ခန့်ကြာသောအခါ လိမ္မော်ရည် လိုက်တိုက်ပါသည်။ မကြာမီ ပုဇွန် ဟင်းနှင့် ထမင်းကျွေးပြန်ပါသည်။ ထမင်းနည်းနည်း ဟင်းများများ ဖြစ်ပါသည်။ ကျွန်ုပ်တော်တော့ မစားနိုင်၍ လေယာဉ်မယ်က လာပေးသည်ကို ငြင်းလိုက်ပါသည်။

ပုံသန်းချိန် ၃ နာရီခွဲခန့် ကြာသောအခါ ပါကစ္စတန်နိုင်ငံ ကရာချိလေဆိပ်သို့ ရောက်ပါသည်။ ခရီးသည်များစွာ ဆင်းသွားကြသဖြင့် ကမန်းကတန်း ပြတင်းပေါက်နား ကပ်လျက်နေရာသို့ ပြောင်းရွှေ့ထိုင်ရပါသည်။ ကရာချိလေဆိပ်တွင် ၄၅ မိနစ်ကြာအောင် ခရီးသည် အတင်အချ ပြုလုပ်ပြီးနောက် လေယာဉ်ဆက်လက်ထွက်လာပါသည်။

http://www.dhammadownload.com



ပျံသန်းချိန် ၂ နာရီခန့် ကြာသောအခါ အာရပ်ပြည်ထောင်စု (UAE) မှ ဒူဘိုင်းလေဆိပ် (Dubia) သို့ ရောက်လာပါသည်။ လေယာဉ် သန့်ရှင်းရေးလုပ်ရန်အတွက် တစ်နာရီခန့် နားမည်ဟု သိရ၍ အညောင်းဖြေရန် လေဆိပ်အဆောက်အအုံထဲသို့ ဆင်းလာကြပါသည်။

ဒူဘိုင်း တန်ဆောင်တိုင် — ဒေသစံတော်ချိန် နံနက် ၅ နာရီခန့်သာ ရှိသေးသော်လည်း အတော်လေး ပူနေပါပြီ။ လေဆိပ်ကိုမူ အတော်ပင် ခမ်းနားအောင် ပြုပြင်ထားပါသည်။ ထိုင်ခုံမှန်သမျှ ကတ္တီပါစွပ်ထားပါသည်။ လျှပ်စစ်မီးများ တန်ဆောင်တိုင်ပွဲတော်ချိန်အလား မီးရောင်စုံတွေ ထိန်ထိန် လက်အောင် ထွန်းထားပါသည်။

လေဆိပ်အတွင်းရှိ စာအုပ်ဆိုင်၌ ဆရာတော်ဖတ်လို၍ (Time) နှင့် (News week) တစ်အုပ်စီဝယ်ရာ အမေရိကန် ၉ ဒေါ်လာကျပါသည်။ မြန်မာငွေနှင့် ဆိုလျှင် တရားဝင်ငွေလဲနှုန်းအရ ၇၀ ကျပ်ခန့်ကျပါသည်။ ကျွန်တော်က နှမြောလှ၍ ဈေးကြီးကြောင်း တဖျစ်ဖျစ်ပြောနေရာ ဆရာတော်ကမူ ပြုံး၍ " ဦးကြည်ဝင်း ၊ ဒေါ်လာကို မြန်မာကျပ်နှင့် ဘာသာပြန်ပြီး မသုံးနှင့် အရှိအတိုင်းသုံး" ဟု ပြောပါသည်။ ဂျပန်ပြည်လုပ် နာရီ အမျိုးမျိုး ရောင်းသောဆိုင်လည်း တွေ့ရပါသည်။ ဈေးနှုန်းမှာ မြန်မာငွေနှင့် ပြန်တွက်ကြည့်ရာ ရန်ကုန်မှ

http://www.dhammadownload.com



အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းပေါ်ရှိ ဆိုင်များ ရောင်းဈေး ထက်ပို၍များကြောင်း တွေ့ရပါသည်။

**ဒေါ်လာလေးရာတန် ရေမွှေးပုလင်း**

ရေမွှေးဆိုင်တွင်လည်း မြန်မာငွေ သုံးထောင်ခန့် (အမေရိကန် ဒေါ်လာ ၄၀၀ ကျော်) ကျသော ရေမွှေးပုလင်း ကိုလည်း တွေ့ရပါသည်။ ဝယ်သူ ရှိမရှိတော့ မသိပါ။ ပုလင်းပုံကို ရွက်လှေသဏ္ဍာန် လုပ်ထား ပါသည်။ အရှည် တစ်ပေခန့် ရှိပါလိမ့်မည်။ လေဆိပ်တွင် နားချိန် တစ်နာရီခန့် ရှိသောအခါ လေယာဉ်ပေါ် ပြန်တက်ရပါသည်။

လေယာဉ်စတင်ပျံသန်းပြီး မကြာမီ ကျွန်တော်တို့ စီးလာသော လေယာဉ်ပျံ၏ လေယာဉ်မှူးက ထုံးစံအတိုင်း ခရီးသည်များအား နှုတ်ဆက် စကားပြောရင်း ခရီးဆုံး လန်ဒန်မရောက်မီ ကြားထဲတွင် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ် (Zurich) လေဆိပ်တွင်သာ ရပ်နားတော့မည် ဖြစ်ကြောင်း ကြေငြာပါသည်။ ဤကြေငြာချက်ကြောင့် ကျွန်တော် တို့ ပြဿနာဖြစ်ရပုံကို မကြာမီ တွေ့ရပါလိမ့်မည်။

http://www.dhammadownload.com



**လေယာဉ်ပေါ်မှ ရုပ်ရှင်** လေယာဉ်ပျံသန်း၍ မကြာမီပင် နံနက်စာ လိုက်ကျွေးပါသည်။ အရက်တက်ပြီ ဖြစ်၍ ဆရာတော်လည်း ဘုဉ်းပေးပါသည်။ မကြာမီ အလွန်ကြီးမား ကျယ်ပြန့်လှသော သဲကန္တာရကြီးကို ဖြတ်ကျော်ရ ပါတော့သည်။ အောက်ဘက်ကို ကြည့်လိုက်ရာ အဆုံးမစမထင်သော ရေနံပိုက်လိုင်းကြီးတွေမှတစ်ပါး ဘာကိုမှ မတွေ့မမြင်ရပါ။ အောက် တွင် ကြည့်စရာ မရှိသောကြောင့် ခရီးသည်များ အပျင်းပြေစေရန် ရုပ်ရှင်ပြသပါသည်။ မပြမီ လေယာဉ် ပြတင်းမှ အလင်းတံခါးများကို ပိတ်ရပါသည်။ ပြခါစတွင် ပေးထားသော နားကြပ်နှင့် လိုင်းဖမ်းမရ သဖြင့် ရုပ်သာမြင်ရပြီး အသံမကြားရပါ။ အတော်ကြာမှ လိုင်းဖမ်းရ ပါသည်။ လိုင်းဖမ်းလိုပါက ထိုင်ခုံ လက်တန်းတွင် ပလပ်တပ်၍ ဖမ်းရုံပင် ဖြစ်ပါသည်။ ရုပ်ရှင်မကြည့် လိုပါက ခေတ်ဟောင်းရိုးရာ သီချင်းများ ၊ တေးသံသာများကို အင်္ဂလိပ် ဘာသာဖြင့် နားထောင်နိုင် ပါသည်။ ပြသသော ရုပ်ရှင်အမည်ကို မမှတ်မိတော့ပါ။ (Tony Curtis) ပါဝင်သည်ကိုသာ မှတ်မိပါတော့သည်။

**ဤလည်းတစ်ဒုက္ခ** လေယာဉ်ပျံသန်းချိန် ၄ နာရီကျော် ကျော် ကြာသောအခါ လေဆိပ် တစ်ခု၌ ဆိုက် ပါသည်။ မည်သည့်လေဆိပ်သို့ ဆိုက်မည်ဖြစ်ကြောင်း ကို ဒူဘိုင်းမှ အတက်တွင် ကြိုတင် ကြေညာထားချက်အရ ရှူးရစ်လေဆိပ်ဟု မှတ်ယူရပါသည်။

http://www.dhammadownload.com



ဤလေဆိပ်၌ ရပ်နားနေစဉ် ဆရာတော်က " ဘုန်းကြီးတို့ ၁၉၇၉ ခုနှစ်မှာ ရောက်တုန်းက ဒီဖူးရစ်လေဆိပ်ဟာ စိမ်းလန်းစိုပြည်ပြီး သိပ်သာယာတာပဲ ၊ အခုဖြင့် ခြောက်သွေ့လိုက်တာ ၊ ဖူးရစ်လို့တောင် မထင်ရဘူး ၊ ဖူလိုင်လ နွေရာသီမို့လို့လား မသိဘူး" ဟု စဉ်းစဉ်းစားစား နှင့် ပြောပြနေပါသည်။

လေယာဉ် ဆိုက်ဖြည့်သည်မှာ တစ်နာရီခန့် ကြာပါသည်။ ဆက်လက်ပျံသန်းရာ ပျံသန်းချိန် နှစ်နာရီခွဲခန့်အကြာတွင် လေဆိပ်တစ်ခု သို့ရောက်ပါသည်။ ကြေညာသော်လည်း မပီသ၍ ဘယ်လေဆိပ်ဟု မကြားလိုက်ပါ။ ဒူဘိုင်းမှ ပျံတက်ခါစက ကြေညာချက်အရမူ လန်ဒန်ပင် ဖြစ်ရပါလိမ့်မည်။

**လူဆိုတာ မှားတတ်သည်**

ထို့ကြောင့် လက်ဆွဲပစ္စည်းများ သယ်၍ဆင်းခဲ့ပါသည်။ လက်ဆွဲပစ္စည်း အိတ်လေးနေ၍ ဆရာတော် ရှေ့ကကြွသည်ကို နောက်က မီအောင် အတော်လိုက်ယူရပါသည်။ ထုံးစံအတိုင်း ဗန်ကောက်နှင့် ကိုလံဘိုမှာကဲ့သို့ နိုင်ငံကူးလက်မှတ်နှင့် ဗီဇာစစ်ဆေးသော ဂိတ်ပေါက်သို့ သွားပါသည်။ မိမိကိုင်ထားသော ဆင်းလက်မှတ်နှင့် ပတ်သက်သော ဂိတ်ပေါက်ကိုရှာရာ မတွေ့ရပါ။ ဆရာတော်နှင့်လည်း လူချင်းကွဲသွားပါသည်။ ဆယ်မိနစ်ခန့်ကြာမှ ပြန်ဆုံပါသည်။ လာကြိုသူလည်း တစ်ဦးမှ မတွေ့ပါ။

http://www.dhammadownload.com



ကျွန်တော်က ရဲတစ်ဦးအား ဘယ်အပေါက်က ဝင်ရမလဲဟု မေးရာ သူကလေယာဉ်လက်မှတ် တောင်းကြည့်ပါသည်။ ထိုစဉ် စိတ်ထဲ မသင်္ကာ၍ ဒါလန်ဒန် ဟုတ်ပါသလားဟု မေးမှ ထိုရဲအမှုထမ်းက မဟုတ်ကြောင်း၊ ဆွစ်ဇာလန် နိုင်ငံ ဇူးရစ်လေဆိပ်ဖြစ်ကြောင်း ပြောပြပါသည်။ ထိုအခါကျမှ ခရီးသည်များကို လေယာဉ်သို့ မောင်းပို့သည့် ဘတ်စ်ကားပေါ်သို့ ကသုက်ကရက် တက်စီးကာ လေယာဉ်ပေါ် ပြန်တက်ရပါသည်။ ကျွန်တော်တို့ လေယာဉ်ပေါ် ရောက်ပြီးလျှင် ပြီးချင်း လေယာဉ်တံခါးပိတ်၍ လှေကားရုပ်သိမ်းပါသည်။

## ခေါမနိုင်ငံကိုလည်း ရောက်ခဲ့ရသည်

ဩော် ဒီလိုကိုး ထိုအခါကျမှ ကျွန်တော်တို့ မှားဆင်းရခြင်း ၏ အကြောင်းအရင်းကို သိရပါတော့သည်။ ဒူဘိုင်း လေဆိပ်က ထွက်စဉ် ကြားလေဆိပ် တစ်ခု၌ ဆိုင်း ဖြည့်မည် ဖြစ်ကြောင်းကို မကြေညာသဖြင့် မူလ ကြေညာချက် အတိုင်း ဒူဘိုင်းပြီးလျှင် ဇူးရစ်၊ ဇူးရစ်ပြီးလျှင် လန်ဒန် ဟု မှတ်ယူ ထားသောကြောင့် မှားဆင်းမိခြင်း ဖြစ်ပါသည်။ နောက် တစ်ကြောင်း ကလည်း ထိုလေဆိပ်ကို မဆင်းမီ ရေပြင် ကျယ်တစ်ခုပေါ်ကို ဖြတ်၍ ပျံသန်းရပြီးနောက် တောအုပ် အတော်ကျယ်ကျယ်ကို လွန်ပြီးမှ ထိုလေဆိပ်သို့ ဆင်းရာ အင်္ဂလိပ်ရေလက်ကြားကို ဖြတ်ကျော်ပြီးမှ လန်ဒန်လေဆိပ်ကို ဆင်းရသည်နှင့် တူနေကြောင်း ဆရာတော်က

http://www.dhammadownload.com



အမိန့်ရှိပါသည်။ မူလကြေငြာချက်အရ လန်ဒန်ကို ရောက်တော့မည်ဟုစွဲမှတ်ထားရာတွင် မြေရေအနေအထား ခပ်ဆင်ဆင်ကိုတွေ့မြင်ရပြန်သဖြင့် လန်ဒန်လေဆိပ်ဟုပင် မှတ်ယူမိခြင်း ဖြစ်ပုံရပါသည်။ ထို့ပြင် လေယာဉ်ပေါ်မှ ကြည့်လျှင် ဖူးရစ်လေဆိပ်၏ အဆောက်အအုံပုံစံနှင့် အနေအထားသည် လန်ဒန် ဟီသရိုးလေဆိပ်နှင့် ဆင်တူရိုးမှားဖြစ်နေသည်ကို လန်ဒန်လေဆိပ်ရောက်သောအခါ ကိုယ်တိုင်တွေ့ရှိရပါသည်။

ခေါ်မနိုင်ငံပါလား နောက်မှပြန်၍ စဉ်းစားဆင်ခြင်ကြည့်ရာ မကြေငြာပဲ ဆီဝင်ဖြည့်ခဲ့သည့် လေဆိပ်မှာ ဂရိတ်ပြည် အေသင်လေဆိပ်ဖြစ်ကြောင်း သိရပါတော့သည်။ ထိုလေဆိပ်သို့ ပင်လယ်ပြင်ကျယ် ဖြတ်ကျော်ပြီးမှ ဆင်းရခြင်း၊ ရာသီဥတု ပူပြင်းခြင်း ၊ တောတောင်ရေမြေ အနေအထား ခြောက်သွေ့ခြင်း ၊ အိုလံပစ် အမှတ်အသားပါသော လေယာဉ်များစွာ ရပ်ထားသည် ကို တွေ့ရခြင်း ၊ လေယာဉ်ပျံသန်းသည့် လမ်းပေါ်၌ ကျရောက်ခြင်း နှင့် ခရီးအကွာအဝေး ၊ ဤအချက်အားလုံး စုပေါင်းဆင်ခြင်ကြည့် လိုက်သောအခါ အေသင်လေဆိပ်ဖြစ်ကြောင်း ပေါ်လွင်နေပါသည်။

အောက်ဆင်းပြီး ပြန်တက်လာမှ လေယာဉ်မယ် တစ်ဦးကို မေးကြည့်သောအခါ၌လည်း အေသင်လေဆိပ်ဟုတ်မှန်ကြောင်း

http://www.dhammadownload.com



ပြောပါသည်။ ထိုအခါမှပင် ထိုလေဆိပ်တွင် ရပ်နားစဉ် "ခြောက်သွေ့လိုက်တာ ၊ ဇူးရစ်လို့တောင် မထင်ရဘူး" ဟူသော ဆရာတော်ဘုရား၏ စကားကို သဘောပေါက်မိပါတော့သည်။

## လန်ဒန် ဂက်တ်ဝစ်လေဆိပ်

| | |
|---|---|
| လန်ဒန် ဂက်တ်ဝစ်လေဆိပ် | ဇူးရစ်လေဆိပ် မှ ထွက်ခဲ့၍ ပျံသန်းချိန် ၁ နာရီ မိနစ် ၂၀ ကြာပြီးသော် လန်ဒန်မြို့ ဂက်တ်ဝစ် ( Getwick ) လေဆိပ်သို့ |

ရောက် ပါသည်။ ဒီတစ်ခါတော့ မမှားနိုင်တော့ပါ။ လေယာဉ်ပေါ်ရှိ ခရီးသည်အားလုံး ဆင်းကြပါသည်။ ခရီးလမ်း ဆုံးပါပြီ။ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခန့် ရှိပါပြီ။

မြန်မာပြည် ဗြိတိသျှသံရုံးတုန်းက ကျွန်တော်က ဗီဇာ ၆ လ တောင်းခဲ့၍ လေဆိပ်တွင် လူဝင်မှုကြီးကြပ်ရေးဌာနမှ စစ်ဆေးသောနေရာမှ အရာရှိက အတော်အတန် အမေးအမြန်း ထူနေပါသေးသည်။ ဆရာတော်ဘုရားကို လာရောက် ပင့်ဆောင် ကြိုဆိုနေသော ကုလသမဂ္ဂမှ အရာရှိ ဦးစိန်ထွန်းအောင်က ဝင်ရောက်လာပြီး ရှင်းလင်းပြောကြားမှ ချောချောချူချူ ဖြစ်သွားပါသည်။ ဦးစိန်ထွန်းအောင်က နည်းပေး ကူညီပြသမှုကြောင့် ပစ္စည်းရွေးနည်း ၊ သယ်နည်းများ တော်တော် သဘောပေါက်သွားပါသည်။

http://www.dhammadownload.com



ရှေ့ဆက်မည့် ခရီးစဉ်များ၌ လေဆိပ်မှာ အခက်အခဲ မတွေ့ရတော့ပါ။ ဦးစိန်ထွန်းအောင် နှင့်အတူ ဇနီးဖြစ်သူ ဒေါ်လှလှ ပါလာပါသည်။ ဒေါ်လှလှမှာ ကျွန်တော်၏မိခင်၊ အဒေါ်များနှင့် လွန်စွာရင်းနှီးသူ ဖြစ်ပါသည်။ မမျှော်လင့်ဘဲ တွေ့ကြရ၍ နှစ်ဦးစလုံး သိပ်ဝမ်းသာနေကြပါသည်။

**ပြန်တွေ့ကြလို့ ဝမ်းသာကြ**

လေဆိပ်မှ လန်ဒန်မြို့တွင်းသို့ နာရီဝက်ခန့် ကားမောင်းရပါသည်။ လမ်းခရီးမှာ သစ်ပင်များသာ များ၍ တိုက်တာ အဆောက်အအုံ နည်းပါးသည်။ လမ်းကြုံနေသဖြင့် ယိုးဒယား ဘုန်းကြီးကျောင်းသို့ ဝင်ရောက်နှုတ်ဆက်ကြပါသည်။ ယိုးဒယား သံဃာတော်များမှာ ဆရာတော်ကို ပြန်တွေ့ရ၍ ဝမ်းမြောက်နေကြပါသည်။ မြန်မာပြည်၌ ၃ နှစ်ခန့် နေသွားဘူးသော ယိုးဒယားဦးပဉ္ဇင်းလေး တစ်ပါး နှင့်လည်း သိကျွမ်းခဲ့ရပါသည်။ မြန်မာစကားကို တော်တော်လေး ပြောနိုင်ပါသေးသည်။ နောင် တရားစခန်း သိမ်းပြီးသောအခါ ယိုးဒယား ကျောင်း၌ ခေတ္တတည်းခိုရသေးသဖြင့် ယိုးဒယား ဘုန်းကြီးကျောင်း အကြောင်း သိအပ်ဖွယ်ရာများ နောက်တွင် တင်ပြပါဦးမည်။

ယိုးဒယား ဘုန်းကြီးကျောင်း၌ ရောက်ရောက်ချင်း ရေနွေးကြမ်းဖြင့် ဧည့်ခံပါသည်။ ညနေ ၃ နာရီလောက် ရှိနေပြီဖြစ်၍ ဆရာတော်ကတော့ ဘုန်းပေးခြင်းမပြုပါ။ ယိုးဒယားဘုန်းကြီးများကမူ မွန်းလွဲ

http://www.dhammadownload.com



လျှင် အရည်အဖြစ် အပူကော အအေးပါ သုံးဆောင်ကြဟန် တူပါသည်။

## ရောက်လျှင်ရောက်ချင်း တရားချီးမြှင့်

ခရီးရောက်မဆိုက် တရားပွဲ — ယိုးဒယားကျောင်းတွင် ၁၅ မိနစ်ခန့် နားပြီး နောက် ညအိပ်ရပ်နားမည့် သီဟိုဠ် ဘုန်းကြီး ကျောင်း သို့ လာခဲ့ကြပါသည်။ သီဟိုဠ် ဘုန်းကြီးကျောင်း နှစ်ကျောင်းရှိရာ ကျောင်းဟောင်းတွင် တည်းခို ပါသည်။ ထိုစဉ်က ကျောင်းသစ်တွင် တောင်ပုလု ဆရာတော်ဘုရား နှင့် နောက်ပါသံဃာတော်များ ခေတ္တသီတင်းသုံးနေသည်ဟု သိရ ပါသည်။ ကျွန်တော်တို့ ရောက်သောနေ့မှာ တနင်္ဂနွေနေ့ ဖြစ်ပါ သည်။ သီဟိုဠ်ဘုန်းကြီးကျောင်း၌ တနင်္ဂနွေညတိုင်း တရားပွဲ ရှိပါသည်။ ထိုနေ့ညနေ၌ ဆရာတော်ကို တရားချီးမြှင့်ပေးပါရန် သီဟိုဠ်ကျောင်းဆရာတော်ကြီးက မေတ္တာရပ်၍ ဆရာတော်က လက်ခံ လိုက်ပါသည်။

တရားပွဲမစမီ အစ်ကိုကြီး ဦးစိန်ထွန်းအောင်တို့ ဇနီးမောင်နှံ က အလိုက်တသိ ကျွန်တော်အား ညစာ လိုက်ကျွေးကြပါသည်။ အင်္ဂလန်တွင် နာမည်ကြီးသော (Fish and chips) ဆိုင်တစ်ဆိုင်သို့ ခေါ်သွားပါသည်။ ကတ္တူဘူး တစ်ဘူးကို တစ်ပေါင် ( မြန်မာကျပ်ငွေ ၁၅ ကျပ်ခန့် ) ကျပါသည်။ (Fish and Chips) တစ်ဘူးတွင်

http://www.dhammadownload.com



ကကတစ်ကဲ့သို့သော ငါးမျိုး ၂၀ ကျပ်သားခန့် တစ်ကောင်ကို ခပ်ပျော့ပျော့ ကြော်ထားပါသည်။ လက်သန်းခန့် အာလူးကြော် အချောင်းများ အချောင်းနှစ်ဆယ်ခန့် ပါပါသည်။ ကော်ဖွန်းနှင့် ခက်ရင်းလည်း ပါဝင်ပါသည်။ ကျွန်တော်တော့ တစ်ထိုင်တည်း ကုန်အောင်မစားနိုင်၍အပိုကို ဘုန်းကြီးကျောင်းသို့ သယ်လာပါ သေးသည်။

ညနေ ၆ နာရီ ၃၀ မိနစ်ခန့်တွင် ဆရာတော်က အင်္ဂလိပ်ဘာသာ ဖြင့် တရားဟောရာ တရားနာပရိတ်သတ် သုံးဆယ်ခန့် ရှိပါသည်။ ရုတ်တရက်စီစဉ်သော တရားပွဲဖြစ်၍မြန်မာများ သိပ်မလာနိုင်ကြပါ။ သီဟိုဠ်ပရိတ်သတ်သာ များပါသည်။ အင်္ဂလိပ်ပရိတ်သတ် အချို့ ပါပါသည်။ တရားပွဲအပြီးတွင် ချမ်းမြေ့၌ တစ်နှစ်ခန့် တရား အားထုတ်ဘူးသော အင်္ဂလိပ်လူမျိုး ဦးပဥ္စင်း ဦးပေဆလ ၊ မော်လမြိုင် ရန်ကုန်မြို့များတွင် သီလရှင်ဝတ်နှင့် နှစ်အတန်ကြာ နေသွားဖူးသော နီပေါလူမျိုး သီလရှင် ဒေါ်ဥပ္ပလဝဏ်ာ နှင့် မြန်မာအမျိုးသမီး ဒေါ်စန်းရီ တို့ ဆရာတော်အား လာရောက် ကန်တော့ရှုတ်ဆက်ကြပါသည်။

ဒေါ်စန်းရီက ဆရာတော်ဘုရားနှင့် စကားပြောရင်း အသုံးနည်း သောမြန်မာစကားအချို့ကို မေ့နေကြောင်း လျှောက်ထားပါသည်။ တောင်ပုလုဆရာတော်ဘုရား နှင့် အတူကြွလာသော ဦးပဥ္စင်းတစ်ပါး က ကုဋီဘာယ်မှာလဲ ဟုမေးရာ ဘာမေးမှန်းမသိ၍ ကြောင်နေကြောင်း

http://www.dhammadownload.com



ပြောပါသည်။ ယိုးဒယားစကား ဖြင့် ကုဋ္ဌိဟူသည်မှာ တရားထိုင်သည်ဟု အဓိပ္ပါယ်ရတာကြောင့် နားထွေးသွားရကြောင်း ပြောပြပါသည်။

တရားစခန်းအပြီးတွင် သီဟိုဠ်ဘုန်းကြီးကျောင်း၌ ခေတ္တတည်းခိုရသေးသဖြင့် သီဟိုဠ်ဘုန်းကြီးကျောင်း၏ အကြောင်း နောက်ပိုင်းတွင် တင်ပြပါဦးမည်။

**လန်ဒန်ရောက်နောက်တစ်နေ့** ရန်ကုန်နှင့် လန်ဒန် ၆ နာရီခွဲကွာ၍ အိပ်ချိန်များက ကမောက်ကမ ဖြစ်ပြန်ပါသည်။ နောက်တစ်နေ့ နံနက် ၄ နာရီခွဲခန့်တွင် မထချင်ဘဲ ထရပါသည်။ ကျောင်းရှိ သံဃာတော်များကမူ လန်ဒန်မှ ထုံးစံ အတိုင်း မထကြသေးပါ။ ကျွန်တော်တို့ သွားစဉ်က အင်္ဂလန်နွေရာသီ ဖြစ်သော်လည်း ထိုနေ့နံနက်က မိုးရွာနေပါသည်။ ဆရာတော်အား အရုဏ်ဆွမ်းကပ်ရန်အတွက် မီးဖိုသုံးနည်းကို သီဟိုဠ်ဘုန်းကြီးတစ်ပါး က လာရောက်ပြပေးပါသည်။ ကျောင်းတွင် အဆင်သင့်ရှိသော ပေါင်မုန့်မီးကင် ထောပတ်သုတ်ကို ကော်ဖီ ၊ ပန်းသီး ၊ ဘီစကွတ် တို့ဖြင့် ကပ်ရန် ပြင်ဆင်ရပါသည်။

ကော်ဖီဖျော်ရန် ရေနွေးအိုးတည်ထားရာ မကြာမီ စန္ဒရားတီးလုံးသံထွက်လာပါသည်။ ရေနွေးအိုးဆူကြောင်း အချက်ပေးသံဖြစ်သည်။ အကြောင်းမသိခင်ကမူ ဘယ့်နှယ် ဘုန်းကြီးကျောင်းထဲ ဘယ်သူ့သီချင်း သံတွေပါလိမ့်ဟု စဉ်းစားမိပါသေးသည်။ ရန်ကုန်

http://www.dhammadownload.com



တွင် ကားများကွေ့ခါနီး နောက်ဆုတ်ခါနီး အချက်ပေးရန် တပ်ထား သော တေးသွားမျိုးနှင့် ဆင်ပါသည်။

ကျွန်တော် အရဏ်ဆွမ်းပြင်ဆင်နေစဉ်မှာပင် ဦးပေဆလ နှင့် ဒေါ်ဥပ္ပလဝဏ်တို့ ရောက်လာကြပါသည်။ ရှားရှားပါးပါးရသော အာဖရိက သရက်သီး လာကပ်ကြခြင်း ဖြစ်ပါသည်။ သရက်သီးပုံစံ နှင့် အရောင်မှာ ပန်းသီးရှယ်ရှယ် အမှည့်နှင့် ဆင်တူပါသည်။ အရသာ မှာမူ သလပ်ဖက်သရက်သီးအရသာနှင့် ဆင်ပါသည်။

**တောင်ပုလု ဆရာတော်ဘုရားကြီး**

အရဏ်ဆွမ်း ဘုဉ်းပေးပြီး နောက် ဆရာတော် သည် တစ်ဖက်လမ်းတွင် ရှိသော သီဟိုဠ် ဘုန်းကြီးကျောင်းသစ်၌ သီတင်း သုံးနေသည့် တောင်ပုလုဆရာတော်ဘုရားကြီးအား ဂါရဝပြုရန် ကြွပါသည်။ ဦးပေဆလက လမ်းညွှန်ခေါ်သွားပါသည်။ ၅ မိနစ် ခန့်သာ လျှောက် ရပါသည်။ နံနက် ၇ နာရီခန့် ရှိပြီဖြစ်သော်လည်း လမ်းတွင် တွေ့ရ သော အိမ်တော်တော်များများမှာ ပြတင်းတံခါးများ၊ လိုက်ကာများ ပိတ်ထားဆဲ ဖြစ်ပါသည်။

လမ်းပေါ်၌လည်း ကားရောလူပါ အတော်ရှင်းပါသည်။ သတင်း စာပို့သူများ ၊ နွားနို့ပို့သူများလောက်သာ တွေ့ရပါသည်။ လန်ဒန်မှ လူများ စောစောထလေ့ရှိဟန် မတူပါ။ နောင်တွင်မှ ဒေသခံများ

http://www.dhammadownload.com



ပြောပြ၍ သိရသည်မှာ အင်္ဂလန်တွင် ရုပ်မြင်သံကြားအစီအစဉ်မှာ ညနာရီပြန် ၂ ချက်လောက်တွင် မှ ပြီးစီးကြောင်း ၊ ညဘက် ရုပ်မြင်သံကြား ညဉ့်နက်အောင် ကြည့်ထား၍ နောက်တစ်နေ့ စောစော မထနိုင်ကြခြင်းဖြစ်ကြောင်း သိရပါသည်။

သီဟိုဠ်ကျောင်းသစ်၌ တောင်ပုလုဆရာတော်ဘုရားကြီးကို ကျန်းမာစွာ ဖူးတွေ့ရပါသည်။ အေးလွှန်း၍ သက်နဲ့ခြုံအတွင်း မှသာ ပြောစရာစကား မိန့်ကြားပါသည်။ ဆရာတော် ဘုရားကြီး မှာ ရန်ကုန်မှ ထွက်လာသည်မှာ ကြာပြီဖြစ်၍ ရန်ကုန်သတင်းများ ကိုလည်း မေးပါသည်။ ကျွန်တော်တို့သွားစဉ်က မြန်မာပြည်တွင် အချို့ဘုန်းကြီးများ လူဝတ်လဲနေကြသော အချိန်ဖြစ်ပါသည်။ ဆရာတော်ကြီးက ထိုသို့ လူဝတ်လဲရသော ကိုယ်တော်များ သတင်း ကို မေးပါသည်။ ထိုသို့ပြုလုပ်သည်မှာ သာသနာတော် သန့်ရှင်းရေး အတွက် အထူးကောင်းမွန်လှကြောင်း ၊ မှားပြီး အရေးမယူမိဖို့လည်း သတိပြုဖို့ လိုအပ်ကြောင်းပါ မိန့်ပါသည်။

**ဖွိုင်းလ် စာအုပ်ဆိုင်ကြီး**

ဆရာတော်ကြီးထံမှ ပြန်လာပြီးနောက် နံနက် ၉ နာရီခွဲခန့်တွင် ဦးစိန်ထွန်းအောင် ကားဖြင့် ဆရာတော်က စာအုပ်ဆိုင်သို့ ကြွပါသည်။ (Foyle) ဟုအမည်တပ်ထားသော စာအုပ်ဆိုင် ဖြစ်ပါသည်။ ဘုရား လမ်းကုန်တိုက်မှ အောက်ဆုံး တစ်ထပ်လုံးစာခန့်

http://www.dhammadownload.com



ကျယ်ပါသည်။ ကဏ္ဍအလိုက် စာအုပ်မျိုးစုံ ရှိပါသည်။ ဆရာတော်က (Dictionary) နှင့် (Encyclopadea) တစ်အုပ်စီ ကပ္ပိနိုင်းပါသည်။ စာအုပ်ဆိုင်တွင် လှည့်ကြည့်နေ၍ အတော်ပင် အချိန်ကြာသွားပါသည်။

**သူတို့ဆီက အချိန်** စာအုပ်ဆိုင်မှအပြန် ဦးစိန်ထွန်းအောင်က နေ့ဆွမ်းကပ်ရန် ဆရာတော်အား အိမ်သို့ ပင့်သွားပါသည်။ ဦးစိန်ထွန်းအောင် ဒေါ်လှလှတို့ ဆွေမျိုးများ မိတ်ဆွေများလည်း ရောက်နေကြပါသည်။ ဆွမ်းဘုဉ်းပေးတော့ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့် ရှိနေပါပြီ။ ဆရာတော်တော့ ဆွမ်းကော အချိုပွဲပါ ၁၅ မိနစ်နှင့် အပြီးဘုဉ်းပေးလိမ့်မည် ထင်ထားပါသည်။ သို့သော် ထင်သလိုမဟုတ်ဘဲ ၁၂ နာရီ ၃၀ မိနစ်ခန့်တွင်မှ ဘုဉ်းပေးပြီးပါသည်။ ကျွန်တော့် စိတ်ထဲတော့ အောင့်သက်သက် ဖြစ်နေပါသည်။

ဆရာတော် ဆွမ်းဘုဉ်းပေးပြီးချိန်မှာ ကြွလာသော ဧည့်သည်များနှင့်အတူ ထမင်းစားခန်းထဲသို့ သွား၍ နံနက်စာ စားရပါသည်။ ထိုအခါတွင်မှ သူတို့ဆီက နာရီအကြောင်း သဘောပေါက်ရပါတော့သည်။ ဥရောပနိုင်ငံများတွင် နွေရာသီများ၌ နေထွက်ချိန်သိပ်စောပြီး နေဝင်ချိန် သိပ်နောက်ကျသောကြောင့် နိုင်ငံအချို့ ညှိနှိုင်း၍ နာရီ တစ်နာရီ မြန်ထားစေပါသည်။ (Day Light Saving Time)

http://www.dhammadownload.com



ဟု ခေါ်ကြပါသည်။ ဥပမာ နံနက် ၉ နာရီဟု နာရီက ညွှန်ပြပါက အမှန်မှာ ၈ နာရီသာ ရှိပါသေးသည်။ ထို့ကြောင့် သံဃာတော်များ အတွက် မွန်းတည့်မှာ မြန်မာနိုင်ငံမှာကဲ့သို့ ၁၂ နာရီ မဟုတ်ဘဲ ၁ နာရီ ဖြစ်ပါသည်။ ယခုမှဘဲ စောစောက ဆွမ်းဘုဉ်းပေးသောကိစ္စ ရင်ထဲ ရှင်းသွားပါတော့သည်။

ပါရီသို့ပင့် ဆွမ်းကျွေးသို့လာသော ပြင်သစ်ပြည်မှာ နေသည့် မြန်မာလူမျိုး ဦးမောင်မောင်ရန်က ဆရာတော် ကို ပါရီသို့ ပင့်လိုကြောင်း စီစဉ် လျှောက်ထား သွားပါသည်။ ဦးမောင်မောင်ရန် အဖို့ မြန်မာ ထမင်းဟင်း နှင့်လည်းကောင်း ၊ မြန်မာစကားနှင့် လည်းကောင်း အတော်အဆက်ပြတ် နေပုံရပါသည်။ ဒေါ်လှလှနှင့် သမီးများ ချက်ထားသော မြန်မာအစားအစာ များကိုလည်း အားရပါးရ စားနိုင် လှပါသည်။ ကျွန်တော်တို့နှင့် စကားပြောရာတွင်လည်း မြန်မာလို ပြောရာ၌ စဉ်းစဉ်းစားစား ပြောနေရပါသည်။ ဒေါ်လှလှက ကျွန်တော့် ညနေစာအတွက် စိတ်ပူပူဟန်တူပါသည်။ ထည့်ပေးလိုက်မည်ဟု ပြောပါသည်။ ဖြစ်သလိုဘဲပေါ့ မမလှရယ်ဟု တောင်းပန်ထား ရပါသည်။

## ကမ်ဘာရီးယားခရိုင် ကန်သာယာဒေသသို့

တရားစခန်းသို့ မွန်းလွဲ ၃ နာရီခန့်တွင် တရားစခန်း ဖွင့်လှစ်ရာ မြို့သို့ သွားရန်အတွက် လန်ဒန်မြို့ ယူစတန်

http://www.dhammadownload.com



(Euston) ဘူတာသို့ ဆင်းပါသည်။ ဘူတာရောက်မှ လက်မှတ်ဝယ်ပါသည်။ အထက်တန်းလက်မှတ် တစ်စောင် ၂၈ ပေါင် ၊ မြန်မာငွေ ၄၂၀ ကျပ်ခန့် ကျပါသည်။ ၂ နာရီခွဲခန့် ရထားစီးရမည်ဖြစ်ပါသည်။ ကျွန်တော်တို့စီးသော ရထားတွဲ၌ လူ ၂၀ ဆန့်သော်လည်း ၇ ယောက်သာ ပါဝင်ပါသည်။ ညနေ ၅ နာရီခန့်တွင် ရထားပေါ်မှာပင် ကိုကာကိုလာဝယ်၍ ဆရာတော်အား ကပ်ပါသည်။ တစ်ဘူးကို အင်္ဂလိပ် ငွေတစ်မတ် ၊ မြန်မာငွေ ၃ ကျပ်ခွဲခန့် ကျပါသည်။ ရန်ကုန်တွင် တစ်ဘူး ၁၀ ကျပ်ခန့်နှင့် ရောင်းနေသော အရွယ်ပင် ဖြစ်ပါသည်။ ကျွန်တော်လည်း ညနေစာ အဖြစ် ခရမ်းချဉ်သီး၊ ဆလပ်ရွက် ၊ ထောပတ်သုတ်ထားသော ပေါင်မုန့်ငယ်တစ်လုံး ဝယ်စားပါသည်။

ညနေ ၅ နာရီ ၃၀ မိနစ်ခန့်တွင် ဆင်းရမည့် ပရက်စတန် (preston) ဘူတာသို့ ရောက်ပါသည်။ ဘူတာသို့ နီပေါလ် ဘုန်းကြီး ဦးဉာဏပုဏ္ဏိက နှင့် ဒကာရောဘတ်တို့ လာကြိုနေပါသည်။ ကျွန်တော်တို့ မြန်မာပြည်မှ မထွက်မီ ပြေလကုန်လောက် ချမ်းမြေ့ ရိပ်သာတွင် ဦးဉာဏပုဏ္ဏိက နှင့် ခေတ္တဆုံတူးပါသည်။ ယခု ပြန်တွေ့တော့ ဦးပဥ္စင်းက ချက်ချင်း မှတ်မိပုံရပါသည်။ ဘူတာမှ တရားစခန်းသို့ ကားတစ်နာရီကြာ မောင်းရပါသည်။

ဒါတွေကြောင့် ကားပေါ်တွင် ရောဘတ်က တရားအားထုတ်

http://www.dhammadownload.com



မည့် ယောဂီနည်းနေ၍ ဆရာတော်အား အားနာလှကြောင်း (သူကတော့ ဝမ်းနည်းပါသည် ဟုပြောပါသည်။ သူတို့ဘာသာတွင် အားနာသည်ဟု ပြောရသော ဝေါဟာရ ရှိဟန်မတူပါ) လျှောက်ထားပါသည်။ ဆရာတော်က စိတ်ပျက်စရာမလိုကြောင်း ၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးပင် တစ်ဦးတည်းသော ပုဂ္ဂိုလ် တစ်ယောက်အား ချေချွတ်ဆုံးမ ရန်အတွက် အပင်ပန်းခံ၍ ဝေးလံလှသောအရပ်သို့ ကြွတော်မူရကြောင်း ၊ ယခု မိမိအဖို့ ဝေးလံသော်လည်း သက်တောင့်သက်သာ လာရကြောင်း ၊ ယောဂီလည်း တကျိပ်ကျော်ရောက်နှင့်နေပြီဖြစ်ပြီး နောက်လာကြဦးမည့် ယောဂီများလည်း ရှိသေးသဖြင့် များစွာ အားရှိဖွယ်ဖြစ်ကြောင်း မိန့်ကြားပါသည်။ ဤတွင်မှ ရောဘတ်လည်း မျက်နှာ ရွှင်သွားပါတော့သည်။

နောင်တွင်မှ ယောဂီနည်းရခြင်း၏ အကြောင်းရင်းအချို့ကို သိရပါသည်။ ပဌာနအကြောင်းရင်းမှာ ဆရာတော် အင်္ဂလန်သို့ အရောက်နောက်ကျမည်ဟု သိရ၍ မူလစာရင်းပေးထားပြီးသော ယောဂီအချို့ မလာတော့ခြင်း ဖြစ်ပါသည်။ သူတို့ဆီတွင် ခွင့်ကို ရက်ကပ်၍ တောင်းမရပဲ ကြိုတောင်းရပါသည်။ ထိုတောင်းသော ရက်တွင် အဆင်မပြေပါကလည်း ရက်ပြောင်း၍ တောင်းရန် မလွယ်ပါ။

နောက်တစ်ကြောင်းမှာ တရားစခန်း ဖွင့်သောဒေသ၏ ဝေးလွန်း

http://www.dhammadownload.com



ခြင်း နှင့် ချောင်ကျလွန်းခြင်း ဖြစ်ပါသည်။ တရားစခန်းသည် အင်္ဂလန်၏ ဗဟိုချက်မဒေသ မဟုတ်ဘဲ အင်္ဂလန်မြောက်စွန်း အင်္ဂလန် နှင့် စကော့တလန် နယ်စပ်အနီးတွင် ဖြစ်ပါသည်။ အင်္ဂလန်တစ်ပြည်လုံးတွင် အသာယာဆုံးဒေသ ဖြစ်သည် မှန်ပါသော်လည်း တရားစခန်းရှိရာသို့က လာရန်မှာ လမ်းစရိတ် များစွာ ကုန်ကျရပါသည်။

တတိယအကြောင်းမှာ တရားအားထုတ်ဖို့ စရိတ်စကပင် ဖြစ်ပါသည်။ ယောဂီတစ်ဦးအဖို့ နေခ နှင့် စားခ တစ်နေ့ကို ၅ ပေါင် (မြန်မာငွေ ၇၅ ကျပ်ခန့်) ပေးရပါသည်။ ၁၀ ရက်စခန်းဝင်ပါက ပေါင် ၅၀ (မြန်မာငွေ ၇၅၀ ကျပ်) ကုန်ကျပါမည်။ သို့အတွက်ကြောင့်လည်း ယောဂီ နည်းရခြင်းဖြစ်ပါသည်။ ပေါင် ၆၀ ဆိုလျှင် ရုပ်မြင်သံကြား အသေးစားတစ်လုံးခန့် ဝယ်၍ ရနေပါသည်။ ထို့ကြောင့် သဒ္ဒါတရား အလွန်ထက်သန်သူများသာ လာရောက်အားထုတ်နိုင်ကြခြင်း ဖြစ်ပါသည်။

## မဥ္ဇူသီရိ

**တရားစခန်း** ညနေ ၆း၃၀ နာရီမှာ တရားစခန်း ဖွင့်မည့် မဥ္ဇူသီရိကျောင်းသို့ ရောက်ကြပါသည်။

ရှေ့တွင် ရေးသားခဲ့သည့်အတိုင်း အင်္ဂလန်ပြည်မှ တရားစခန်းကို

http://www.dhammadownload.com



ဦးစီးဖွင့်လှစ်သူမှာ ရောဘတ် ဂျွန်ဆင် ဖြစ်ပါသည်။ တရားစခန်း ဖွင့်ရန် နေရာငှားစဉ်က အခက်အခဲ တွေ့ရကြောင်း သိရပါသည်။ ရောဘတ်က စီစဉ်သည်မှာ နောက်ကျ၍ လူများများ ဆန့်သော အဆောက်အဦးတိုင်းကို သူများငှားပြီးသား ဖြစ်နေပါသည်။ အင်္ဂလန် အဖို့ ဇွန်လမှ ဩဂုတ်လသည် နွေရာသီအားလပ်ရက် ဖြစ်ရာ ထိုအချိန် တွင် ခရီးထွက်သူ (Summer Vacation) ယူသူများ အလွန်များ၍ အခန်းငှားရ ခက်ရခြင်း ဖြစ်ပါသည်။ နောက်တွင်မှ အဆင်ပြေ ကံကောင်းသဖြင့် ယခုဖွင့်လှစ်မည့် တရားစခန်းကို ငှားခွင့်ရသွား ပါသည်။

တရားစခန်း ဖွင့်ရာဒေသ သည် ကန်သာယာခရိုင် ( Lake District ) အတွင်းရှိ မြို့နယ်တစ်မြို့ ဖြစ်သော အာလ်ဗာစတန် (Ulverston) မြို့အနီးတွင် ဖြစ်ပါသည်။ နာမည်ကျော် ( Gloxo) နို့မှုန့်ထုတ်လုပ်ရာ စက်ရုံရှိသော မြို့လည်းဖြစ်ပါသည်။ တရားစခန်း ဖွင့်လှစ်မည့် မဉ္ဇူသီရိကျောင်းမှာ တိဗက်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး များ သီတင်းသုံးရာ ကျောင်းဖြစ်ပါသည်။ မဟာယာန ဂိုဏ်းဝင် ကျောင်း ဖြစ်ပါသည်။

**အခန်းရှစ်ဆယ်ရှိ မဉ္ဇူသီရိ**

ဤ တိဗက် ဘုန်းတော်ကြီးကျောင်း ၏ အမည်ကို (Manjushri) ဟု အင်္ဂလိပ်လို စာလုံးပေါင်းပါသည်။ ပါဠိလို ''မဉ္ဇူသီရိ'' ဖြစ်ပါသည်။

http://www.dhammadownload.com



ကျောင်းအဆောက်အအုံမှာ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင် အဆောက်အအုံ၏ လေးဆခန့် ကျယ်ပါသည်။ ၁၉ ရာစု ဗိသုကာပုံစံ ဖြစ်ပါသည်။ မြေအောက် ၊ မြေညီ ၊ ပထမထပ် ၊ ဒုတိယထပ် အပါအဝင် အခန်းအကြီးအသေး ပေါင်း (၈၀)ခန့် ရှိသည်ဟု သိရပါသည်။ ကျောင်းဝင်းမှာမူ ဧက ၇၀ ခန့်ကျယ်ဝန်းပါသည်။

ကျောင်းဝန်းတစ်ဖက်တွင် ကားလမ်း ၊ တစ်ဖက်တွင် မြင်းစီးလေ့ကျင့်ကွင်း ၊ တစ်ဖက်တွင် ကစားကွင်းရှိပြီး အခြားတစ်ဖက်တွင်ပင်လယ်ကမ်းခြေ ရှိပါသည်။ လေကောင်းလေသန့် အထူးရသော နေရာဖြစ်ပါသည်။ ထိုကဲ့သို့ ကြီးမားလှသော အဆောက်အအုံ ကို ပြုပြင်ထိန်းသိမ်းစရိတ် ကြီးမားလွန်းသဖြင့် အခန်းငယ်များစွာ ဖွဲ့ထားပြီး နှစ်ပိုင်းနေသူများ ၊ လပိုင်းနေသူများ နှင့် ခဏတဖြုတ် တည်းခိုသူများကို ငှားစားပါသည်။ သို့သော် တည်းခိုသူတိုင်း လိုက်နာရမည့် စည်းကမ်းများကို အောက်ပါအတိုင်း တင်းကြပ်စွာ ထုတ်ထားပါသည်။

မဇ္ဈိမသီရိ ဘုန်းကြီးကျောင်းအတွင်း –

၁။ မူးယစ်ဆေးဝါးကို သုံးစွဲခြင်း ၊ အရက်သောက်ခြင်း ကို ခွင့်မပြု။

http://www.dhammadownload.com



၂။ တေးဂီတများ သီဆိုတီးမှုတ် နားထောင်ခြင်း ( ရေဒီယိုဖွင့်ခြင်းပင် ) ခွင့်မပြု ၊

၃။ လင်မယား လာရောက်တည်းခိုလျှင် သီးခြား ကျားဆောင် မ,ဆောင်များတွင်သာ ခွဲ၍ တည်းခိုရမည် ဖြစ်ပါသည်။

**အဆောက်အအုံ အနေအထား** အဆောက်အအုံ၏ ပထမအထပ် တွင် ပေ ၂၀ ပတ်လည်ခန်း ၄ ခန်း၊ ၁၀ ပေ ပတ်လည်ခန်း ၃ ခန်း ၊ စုစုပေါင်း (၇) ခန်းကို တရား စခန်းအတွက် ပေးထားပါသည်။ တိဗက်ကျောင်းထိုင် ဆရာတော် နှင့် ကပ်လျက် ကျောင်းရှေ့ဘက် မျက်နှာစာ ၁၀ ပေပတ်လည်ခန်း တွင် ဆရာတော်အတွက် ပြင်ဆင်ထားပါသည်။ အခန်းထဲတွင်ပင် လက်ဆေးခွက်ရှိသော်လည်း ရေးအေးသာရ ပါသည်။ အပူပေး ကိရိယာ (Heater) တစ်လုံးလည်း ပေးထား ပါသည်။

ဆရာတော်၏ အခန်းနှင့် တစ်ခန်းကျော်တွင် ၁၀ ပေပတ်လည် ခန်း တစ်ခန်းရှိရာ ဆရာတော်တရားစစ်ရန်နှင့် ဆွမ်းဘုဉ်းပေးရန် ညွှန်သည်များကို တွေ့ရန်ဖြစ်ပါသည်။ စားပွဲအရှင်တစ်လုံး ပေးထားပြီး ဆွမ်းဘုဉ်းပေးခါနီးမှ စားပွဲဆင်၍ ပြင်ရပါသည်။

ဘုန်းကြီးကျောင်း အနောက်ဘက်ခြမ်း ဆရာတော်၏ အခန်းမှ

http://www.dhammadownload.com



ပေ ၁၀၀ ခန့်အကွာတွင်လည်း အခန်း ၅ ခန်းကပ်လျက် တည်ရှိပါသည်။ ထိပ်ဆုံးမှ ပေ ၂၀ ပတ်လည်အခန်းမှာ ယောဂီများ တရားအားထုတ်ရန် အခန်းဖြစ်ပြီး တိဗက်ကြေးဆင်းတု တစ်ဆူလည်း ကြည်ညိုဖွယ်ရာ ကိန်းဝပ်နေပါသည်။ ကျွန်တော်ရောက်ပြီးနောက် ခြံထဲမှ ဘုရားပန်းများခူး၍ ဝေဆာအောင် ပြင်ဆင်လိုက်ရာ ဘုရားခန်းမှာ ပို၍ သပ္ပာယ်သွားပါသည်။ ယောဂီများကလည်း ညဘက်တွင် ဖယောင်းတိုင် ဆီမီးများ မပြတ်ပူဇော်ကြပါသည်။

ဘုရားခန်းနှင့် ကပ်လျက်မှာ ပေ ၂၀ ပတ်လည်ခန်းရှိ ထမင်းစားခန်း ဖြစ်ပါသည်။ ခြောက်ယောက်စာ စားပွဲခြောက်ခုံခန့် ပြင်ဆင်ထားပါသည်။ စားပွဲတိုင်းပေါ်တွင် နို့ထောပတ် ၊ သစ်သီးထောပတ်၊ မြေပဲထောပတ်၊ ယို၊ သကြား၊ ဆားပုလင်းများ အဆင်သင့် အမြဲတင်ထားပါသည်။

ထမင်းစားခန်းဘေးတွင် အမျိုးသမီး ယောဂီများအတွက် အခန်းဖြစ်ပါသည်။ နှစ်ထပ်ခုတင်များပါ ထားသဖြင့် ယောဂီ ၂၀ ခန့်နေနိုင်ပါသည်။ အမျိုးသားယောဂီခန်းမှာလည်း အမျိုးသမီးယောဂီခန်းနှင့် အကျယ်အဝန်း အဆင်အပြင်ပါ တူပါသည်။ ယောဂီအခန်း ၂ခု ကြား၌ ကျွန်တော့်အခန်း ရှိပါသည်။ အခန်းထဲရှိ လက်ဆေးခွက်မှာ ရေပူ,ရေအေး နှစ်မျိုးလုံးရသောကြောင့် သုံးစွဲရသည်မှာ အလွန်အဆင်ပြေပါသည်။

http://www.dhammadownload.com



## အလုပ်ပေးတရား စတင်ဟောကြား

**အလုပ်ပေးတရား** ခရီးရောက်မဆိုက်ပင် ဆရာတော်သည် မျက်နှာသစ် ၊ ကိုယ်လက် သုတ်သင်ပြီးနောက် ဦးပဥ္စင်း ဦးဉာဏပုဏ္ဏိက နှင့် တရားစခန်း လုပ်ငန်းများ ဆွေးနွေးပါသည်။ တရားစခန်း စနေသည်မှာ နှစ်ပတ်ခန့်ပင် ရှိနေပါပြီ။ ထို့ကြောင့် အလုပ်မှ ခွင့်မရသော ယောဂီအချို့ နက်ဖြန်ပင် ပြန်တော့မည်ဖြစ်ကြောင်း ၊ ဆရာတော်ကို ဖူးရန် ယနေ့ တစ်ရက် စောင့်နေခြင်းဖြစ်ကြောင်း သိရပါသည်။

ည ၈ နာရီတွင် တရားပွဲစပါသည်။ အင်္ဂလန်သို့အရောက် နောက်ကျခြင်းအကြောင်း ဆရာတော်က ဦးစွာ ရှင်းပြပါသည်။ ထို့နောက်တွင်မှ ယောဂီအသစ်အချို့ကို ရည်ညွှန်း၍ အလုပ်ပေး တရားဟောပါသည်။ အင်္ဂလိပ်ဘာသာဖြင့်သာ ဟောပါသည်။ စခန်း ပြီးသည့်အထိ အင်္ဂလိပ်လိုသာ ဟောပါသည်။ ကျွန်တော်လေ့လာ မိသလောက် ဆရာတော်သည် တရားပွဲများအတွက် ဟောပြောရန် ကြိုတင် ပြင်ဆင်ထားခြင်းမရှိဘဲ ခန်းမထဲရောက်မှ လက်တန်း ဟောသည်ချည်းဖြစ်ပါသည်။

**အနီးအပါးမှလဲ တရားလာနာကြ** ထိုနေ့ကမူ အားထုတ်သူ ယောဂီများသာ နာကြားသော်လည်း နောက် နှစ်ရက် သုံးရက် မှစ၍ တရားစခန်းပြီးသည်အထိ

http://www.dhammadownload.com



တိဗက်ဘုန်းကြီးကျောင်းမှ ကိုရင် ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်အချို့ ၊ အာလ်ဗာစတန်မြို့ အနီးတဝိုက်မှ မြန်မာမိသားစု အချို့အပြင် ဗုဒ္ဓဘာသာ မဟုတ်သော်လည်း လေ့လာသူ မျက်နှာဖြူအချို့ပါ တရားလာနာကြပါသည်။ ပျမ်းမျှအားဖြင့် တရားနာပရိတ်သတ် သုံးဆယ်ကျော် ညစဉ်ရှိပါသည်။

ရက်အနည်းငယ် ရလာသောအခါ ဆရာတော်က တရားဟော သက်သက် မဟုတ်တော့ပဲ မြန်မာပြည်မှာ ကဲ့သို့ပင် အမေးအဖြေ များပါ ပြုလုပ်ရာ အချို့ယောဂီများမှာ ပါဠိ စကားလုံးများကို ကမ္ဘာသုံးပါဠိအသံထွက်ဖြင့် ဖြေကြားနိုင်သည်ကို တွေ့ရပါသည်။ ထိုညက တရားပွဲ ည ၉း၃၀ နာရီလောက်မှ ပြီးပါသည်။ နောက်ည များမှာမူ ည ၇ နာရီမှ ၈ နာရီထိ ပုံမှန်ဟောပါသည်။

## ယောဂီတို့ တစ်နေ့တာလုပ်ငန်း

**ယောဂီများ တစ်နေ့တာ** ယောဂီများမှာ မြန်မာပြည် မှ ယောဂီများ ကဲ့သို့ပင် အဆက်မပြတ် အားထုတ်ရပါသည်။ တစ်ချက်ကလေးမျှ အမှတ် မလွတ်သော ယောဂီများ ရှိသကဲ့သို့ အမှတ်လွတ်သော ယောဂီများ ရှိသည်မှာ မြန်မာပြည်က ထုံးစံအတိုင်းပင် ဖြစ်ပါသည်။ သို့သော် ယောဂီချင်း စကားပြောမှု အတော်နည်းပါသည်။ ယောဂီများ ရင်ဘတ်တွင်လည်း "တရားအားထုတ်နေပါသည် ၊ တိတ်တိတ်နေပါ" ဟု အဓိပ္ပါယ်

http://www.dhammadownload.com



ရသော စာတမ်းပါတံဆိပ်များ ကပ်ထားပါသည်။ ထိုသို့ ကပ်မထား လျှင်လည်း မဖြစ်ပါ။ မဥ္စူသီရိ ကျောင်းကို လေ့လာရန်လာသော အုပ်စုလိုက် ဧည့်သည်များက ဆရာတော်၏ ယောဂီများ အေးဆေးစွာ တရားမှတ်နေပုံကို အထူးအဆန်း လာကြည့်ကြ ၊ အနားမှနေ၍ လေသံဖြင့် တီးတိုး ဝေဖန်ကြ ပြုလုပ်ပါသည်။

တိဗက်ဆရာတော်များ ညွှန်ကြားမှုဖြင့် တရားအားထုတ် နေသော ယောဂီများမှာ ထိုကဲ့သို့ အချိန်မပြတ် အားထုတ်စရာမလိုပါ။ ဖြည်းညှင်းစွာ စကြံနံလျှောက်ရန်လည်း မလိုပါ။ ထို့ကြောင့် မြေညီ ထပ် နှင့် မြေအောက်ထပ်မှလွဲပြီး ကြမ်းခင်းထားသော အထပ် များတွင် ဘိနပ်သံ တဒုံးဒုံး မကြာခဏ ကြားနေရပါသည်။

ယောဂီများမှာ အင်္ဂလိပ်လူမျိုးများသာမက အနီးအပါး နိုင်ငံ များမှ ဒိန်း ၊ နော်ဝေ ၊ ဆွစ်ဇ် ၊ ဒတ်ချ် လူမျိုးများလည်း ပါဝင်ပါသည်။ မြန်မာများနှင့် သီဟိုဠ်များလည်း အားထုတ်ကြပါသည်။ ဒေသအချိန် နံနက် ၅ နာရီ (အမှန်အားဖြင့် ၄ နာရီ) တွင် အိပ်ရာမှ နိုးသော ခေါင်းလောင်းတီးပေးရပါသည်။ ရောက်စ နှစ်ရက် သုံးရက်မှာ ရောဘတ်က တီးပေးသော်လည်း နောက်ပိုင်း ကျွန်တော်ကတီး ပါသည်။

http://www.dhammadownload.com



**နံနက် ၃ နာရီခွဲ နေထွက်** ဆရာတော် ဘုန်းပေးရန် ယာဂုကြိုရသဖြင့် နံနက် ၃ နာရီတိုင်း ထရပါသည်။ နံနက် ၃ နာရီ ဆိုသော်လည်း မှောင်မနေပါ။ ရန်ကုန်မှ နံနက် ၆ နာရီလောက် နီးပါးလင်းနေပါပြီ။ ကျွန်တော်တို့ရောက်စဉ်က အင်္ဂလန်၏ နေဝင်ချိန်မှာ ည ၁၀ နာရီခန့် ဖြစ်ပြီး နေထွက်ချိန်မှာ နံနက် ၃း၃၀ ခန့်ဖြစ်ပါသည်။ ရောက်စက အလင်းရောင်ကြောင့် နံနက်အစောကြီး နိုးနေတတ်ပါသည်။ ထို့ကြောင့် ပြတင်းပေါက် လိုက်ကာကို အပြည့်ပိတ်၍ အိပ်ရပါသည်။ အင်္ဂလန်ရှိ အိမ်တိုင်းပင် ပြင်ပအလင်းကို ကာကွယ်ရန် လိုက်ကာစ အထူကြီးများ တပ်ဆင်လေ့ ရှိကြပါသည်။

**စားရေးသောက်တာ** နံနက် ၆ နာရီခန့်တွင် ယောဂီများအတွက် အရုဏ်စာစားရန် အဆင်သင့် ဖြစ်ပါပြီ။ သာမန်အားဖြင့် အရုဏ်တွင် ပေါင်မုန့်ကို ယို နှင့် ထောပတ် သုတ်စားကြပါသည်။ ကော်နဖလိတ် (corn flake) များနှင့် သစ်စေ့ အမျိုးမျိုး မညက်တညက် ထောင်းထားသော အမှုန့်များကို နို့အေး ဖြင့် ဖျော်သောက်ကြပါသည်။ အစာပိတ် အနေဖြင့်မူ နှပ်ထားသော လက်ဖက်ရည်ကို နို့ပူပူဖြင့် စိတ်ကြိုက် ဖျော်သောက်ကြပါသည်။

ဆရာတော်အတွက်မူ ရောဘတ်က အမေရိကန် မှ လာသော တစ်ပေါင်လေး ဆန်အိတ်ကလေးများ ဝယ်ပေးထားပါသည်။ ဆန်

http://www.dhammadownload.com



လက်တစ်ဆုပ်ခန့်ပြုတ်လျှင် ဆရာတော်တစ်ပါးစာ လုံလောက်ပါသည်။ ဆရာတော်၏ အချိုပွဲမှာမူ အမြဲမြိုင်နေပါသည်။ ယာဂု၊ ကော်န်ဖလိတ် (corn flake)၊ ဖျော်ရည်၊ ပေါင်မုန့်အဖြူကင်၊ ဘီစကွတ်မျိုးစုံ၊ စပျစ်သီး၊ ပန်းသီး၊ ငှက်ပျောသီး အမြဲ စုံနေပါသည်။

ငှက်ပျောသီးကို ယောဂီများအား မကျွေးနိုင်ပါ။ သီးမွှေး ငှက်ပျောသီး ရှယ်ရှယ်တစ်လုံးကို မြန်မာငွေ ၃ ကျပ်ခွဲခန့် ကျကြောင်း သိရပါသည်။ ပန်းသီးကမူ အလျှံပယ်ပင် ဖြစ်ပါသည်။ ယောဂီများ၏ ထမင်းစားခန်းတွင် ဇလုံထဲ၌ ပန်းသီး အလုံးနှစ်ဆယ်ခန့် အမြဲ ထည့်ထားပါသည်။ ကြိုက်သလို ယူစားနိုင်ကြပါသည်။ ဆရာတော်ဘုရားကမူ ပန်းသီးမှည့်မှည့်ထက် စိမ်းစိမ်းကို ပိုကြိုက်ပါသည်။ အရုဏ် ဘုန်းပေးရာတွင်လည်း ပေါင်မုန့်ကင် ထောပတ်သုတ်ကို ရန်ကုန်မှ လှူလိုက်သော ငါးခြောက်ကြော် ဖြင့် တို့၍ ဘုန်းပေးလေ့ရှိပါသည်။

**တရားလျှောက်ချိန်** အရုဏ် စားပြီးနောက် ယောဂီများ ဆက်လက် တရားအားထုတ် ကြပါသည်။ တာဝန်ခံ ရောဘတ်က အချိန်ပုံသေ ဆွဲပေးထား၍ အများအားဖြင့် တရားထိုင်လည်း ပြိုင်တူ၊ စင်္ကြန်လျှောက်လည်း ပြိုင်တူဖြစ်ပါသည်။ တချို့ယောဂီများက ကျောင်းအောက်ဆင်း၍ မြက်ခင်းပေါ်မှ စင်္ကြန် လျှောက်ကြပါသည်။ အင်္ဂလန်၏ နွေဥတု သည် ရန်ကုန်မှ

http://www.dhammadownload.com



တော်တော်အေးသော ဆောင်းရာသီလောက် အေးသဖြင့် ဂွမ်းစောင်များပတ်၍ စကြံန်လျှောက်ကြပါသည်။ နံနက် ၈ နာရီမှ စ၍ ၁၁ နာရီ အထိ တရားစစ်မေးပါသည်။ ကျွန်တော်က ယောဂီများ၏ အမည်ကို နှစ်ပတ်ခန့်ကြာသည်အထိ အလွတ်မမှတ်မိသေးသော်လည်း ဆရာတော်ကမူ တရားစစ်တိုင်း နာမည်မှန်များကို ခေါ်၍ တရားစစ်နိုင်ပါသည်။

**အကျွေးအမွေး** နံနက် ၁၁ နာရီတွင် နေ့ဆွမ်းကပ် ရပါသည်။ ဆရာတော်အတွက် ဆွမ်းဖြူတစ်အိုး အမြဲချက်ပြီးသားကပ်ရပါသည်။ ယောဂီများ အတွက်မူ အင်္ဂလိပ်ထုံးစံအတိုင်း ဟင်းအမယ် အမျိုးမျိုးကျွေးပါသည်။ ခေါက်ဆွဲသတ်သတ်လွတ်ကြော် တစ်နေ့ ၊ ဆန်လုံးညိုထမင်း နှင့် အရွက်များမြေပဲများ ရောထားသော ထမင်းကြော်တစ်နေ့ ၊ နံပြားလို အချပ်ကြီးအတွင်း အာလူး ကြက်သွန် အစာသွတ်ထားသော မုန့်က တစ်နေ့စသည်ဖြင့် သတ်သတ်လွတ် အမျိုးမျိုး ချက်ထားပါသည်။

ဟင်းရံများအနေဖြင့် အာလူးဖုတ်က မကြာခဏ ပါပါသည်။ အာလူးပေါသော နိုင်ငံဖြစ်သောကြောင့် အာလူးကို အမျိုးမျိုးချက်ပါသည်။ အာလူးဖုတ်မှာမူ အတော်ပင် အရသာရှိအောင် ဖုတ်ထားပါသည်။ အရံဟင်းအဖြစ် တော်တော်သုံးပါသည်။ သက်သတ်လွတ်ဟင်း ချက်သည်ဆိုသော်လည်း တစ်ခါတရံ ကြက်ဥပြုတ်များ ကျွေးပါသည်။ ယောဂီအချို့ကမူ စိတ်မသန့်၍ ထင်ပါသည်၊ မစားကြပါ။

http://www.dhammadownload.com



**ခရမ်းချဉ်သီး တစ်လုံး ၃ ကျပ်** တချို့နေ့များတွင် ကျွန်တော်က ဆရာတော်အတွက် ခရမ်းချဉ်သီး သုပ်ပေးပါသည်။ မီးဖိုခန်းမှ ဆလတ်ရွက် ၊ ခရမ်းချဉ်သီး ၊ ဆီတို့ကို တောင်း၍ သုပ်ရပါသည်။ အင်္ဂလန်တွင် ခရမ်းချဉ်သီး ဈေးကြီး၍ တစ်ခါတစ်ရံ မီးဖိုခန်းမှ မရတတ်သောကြောင့် မြို့စပ်ရှိ ကုန်စုံဆိုင်မှာ သွားဝယ်ရပါသည်။ တစ်ပေါင် (မြန်မာငွေ ၁၅ ကျပ်ခန့်)ဖိုး ဝယ်လျှင် ခရမ်းချဉ်သီး ၅ လုံးခန့်သာ ရပါသည်။ အင်္ဂလန်တွင် ဘာပစ္စည်းဝယ်ဝယ် မြန်မာပြည်မှ ဈေးနှုန်းနှင့် တွက်ပါက ဈေးကြီးလွန်း၍ လက်တွန့်ရပါသည်။ ထို့ကြောင့်လည်း ဆရာတော်က ခရီးစဉ်တစ်လျှောက် ဦးကြည်ဝင်း ပစ္စည်းဝယ်ရင် ကျပ်ငွေနဲ့ ဘာသာပြန်မတွက်နဲ့ ဝယ်သာဝယ် ဟု မိန့်လေ့ရှိပါသည်။

နေ့လည် ၁ နာရီထိ ယောဂီများ ကိုယ့်အခန်းကိုယ် ပြန်၍ နားနိုင်ပါသည်။ ၁ နာရီတွင် ခေါင်းလောင်းထိုး သောအခါ မှစ၍ တရားအားထုတ်ရသည်မှာ ညဘက်တရားနာသည်မှ လွဲ၍ အိပ်သည့်အထိ အားထုတ်ရပါသည်။ ဤသည်မှာ ယောဂီတို့၏ တစ်နေ့တာ လုပ်ငန်းဖြစ်ပါသည်။ ယောဂီများ သောက်သုံးရန် ဖျော်ရည်ကိုမူ ထမင်းစားခန်းအတွင်း အမြဲပုလင်းများ ထားပေးပါသည်။ ပန်းသီး ဖျော်ရည်အဆီ ၊ ရက်စ်ဘဲရီ ဖျော်ရည်အဆီ ပုလင်းများ အမြဲ ထားပေးပါသည်။ တစ်ခုခက်သည်မှာ မြန်မာပြည်မှာ ကဲ့သို့ သောက်ရေအိုးမရှိဘဲ လက်ဆေးခွက်အတွက်ထားသော ဘုံဘိုင်မှ ရေကိုသာ

http://www.dhammadownload.com



တိုက်ရိုက် သောက်သုံးရခြင်းဖြစ်ပါသည်။ ရေစစ်လည်းမရှိပါ။ ဆရာတော်အတွက်မူ ရေချက်အေးကို ဖန်ချိုင့်ဖြင့် ထည့်ပေးထားရပါသည်။

## ထူးထူးခြားခြား ယောဂီများ

**ထူးခြားသော ယောဂီများ** လာရောက်တရားအားထုတ်သော ယောဂီများထဲမှ အမူအကျင့် အပြောအဆို ထူးသော ယောဂီအချို့ကိုလည်း ယခုတိုင် သတိရနေပါသည်။

ဆရာတော် တရားစခန်းရောက်ပြီး နောက်တစ်နေ့ နံနက်တွင်မူ ယောဂီအချို့ ခွင့်ရက်ကုန်ပြီဖြစ်၍ ပြန်ကြပါသည်။ မပြန်မီ ဆရာတော်အား တစ်ဦးစီ လာကန်တော့ကြပါသည်။ သားနှင့်အတူ အင်္ဂလန်သို့ ရောက်နေသော အသက်ခြောက်ဆယ်ခန့် သီဟိုဠ်ဒကာမ တစ်ဦးလည်းပြန်ရန် လာကန်တော့ပါသည်။ ကန်တော့ရင်း စိတ်မထိန်းနိုင်ဘဲ ငိုပါတော့သည်။ သံဃာတော်များ နှင့် ဝေးနေသောအရပ်တွင် ယခုလို ကန်တော့ ကြည်ညိုခွင့် ကြုံကြိုက်၍ ဝမ်းနည်းဝမ်းသာဖြစ်ပုံရပါသည်။ ညဘက်တွင် ဆရာတော်အား လျှောက်ကြည့်ရာ သီဟိုဠ်တွေက ဒီလိုဘဲ ဝမ်းနည်းတတ်တယ် ဟု အမိန့်ရှိပါသည်။ သီဟိုဠ်တွင် ခြောက်နှစ်ခန့်နေခဲ့သော ဆရာတော်အဖို့ သီဟိုဠ်လူမျိုးများ၏ သဘာဝ အနေအထိုင်ကို အတော်အတန် တီးခေါက်မိပြီးဖြစ်၍ မိန့်ကြားခြင်း ဖြစ်ပါလိမ့်မည်။

http://www.dhammadownload.com



**အစိုးရအထောက်ပံ့ခံ သူဌေးသား**

အသက် ၂၁ နှစ်ခန့်ရှိ အင်္ဂလိပ်လူမျိုး ယောဂီ တစ်ဦးလည်း ရှိပါသည်။ စကြံနှ်လျှောက်ရင်း မကြာခဏ အမှတ်လွတ်ပြီး ဟိုငေး သည်ငေး ငေးတတ်၍ ကျွန်တော်က သတိပေးရပါသည်။ နေ့လည် ၁ နာရီတွင် တရားအားထုတ်ချိန် အချက်ပေးခေါင်းလောင်း တီးသော်လည်း ခုတင်ပေါ် နေမြဲအတိုင်း ဆက်နေတတ်၍ နေ့စဉ် အခန်းတွင်း ဝင်ပြီး နှိုးဆော်ရ ပါသည်။ နားနားကပ်၍ ခေါင်းလောင်းတီးမှ ပြုံးပြီးထပါသည်။ စိတ်တော့ မဆိုးတတ်ပါ။ နောင်တွင် ခင်မင်သွားပြီးနောက် ယောဂီလေး ပြောပြ၍ သိရသည်မှာ သူသည် အလုပ်မရသေး၍ အစိုးရထံမှ ထောက်ပံ့ကြေး တစ်ပတ်ကို ပေါင် ၆၀ ယူ၍ နေရကြောင်း သိရပါသည်။ ဖခင်ဖြစ်သူမှာမူ အတော်ကလေးကြွယ်ဝကြောင်း သိရပါသည်။ ဖခင်ထံမှ မတောင်းဘဲ အစိုးရအထောက်အပံ့ခံနေသည်မှာ သူတို့နိုင်ငံက ထုံးစံ ဖြစ်ဟန်တူပါသည်။

နောက်ထူးခြားသော ယောဂီလေးတစ်ဦးမှာ တရားစခန်းတစ်ခုလုံးမှ အသက်အငယ်ဆုံး ဒတ်ချ်လူမျိုး ယောဂီလေး ပင်ဖြစ်ပါသည်။ အသက် ၁၆ နှစ်သာ ရှိပါသေးသည်။ သူငယ်ချင်း ဖြစ်သူက ခေါ်၍ လိုက်လာခြင်း ဖြစ်ပါသည်။ ရောက်စက ဘယ်လို တရားအားထုတ်ရမှန်း မသိပါ။ ဆရာတော်အား မလျှောက်ရဲ၍ မကြာခဏ ကျွန်တော့်အား လာမေးပါသည်။ ကြိုးစား၍တော့ တရားမှတ်ရှာပါသည်။ ပါရမီ နည်းသောကြောင့်ဘဲလားမသိပါ။ ဖောင်းမှု ပိန်မှုကို ဘယ်လိုမှ

http://www.dhammadownload.com



ရှာမရ၍ နောက်ဆုံး ဆရာတော်က မေတ္တာကမ္မဋ္ဌာန်းသာ အားထုတ်နိုင်းရပါသည်။ ထိုသို့ အားထုတ်နိုင်းရာ၌လည်း ဦးစွာနှုတ်မှ အသံထွက်၍ ပါဠိသံဖြင့် မေတ္တာ ၊ မေတ္တာ (Metta, Metta) ဟု ရွတ်နေပါသည်။ ကျွန်တော်က စိတ်ဖြင့် မေတ္တာပွားပါ ဟု သွားပြောပြရပါသေးသည်။ ဒါတောင် အစားစားရင် မေတ္တာမပွားတတ်၍ ဘယ်လိုလုပ်ရမလဲဟု လာမေးပါသေးသည်။

**အထူးကြိုးစားသူများ** တရားအားထုတ်သူများထဲတွင် တရားအမှတ်နိုင်ဆုံးသူ နှစ်ဦးမှာ ရောဘတ်၏ ဇနီးနှင့် အင်္ဂလိပ်အမျိုးသား ယောဂီ ဒေးဗစ်အက်ရှ်ကရော့တို့ ဖြစ်ကြပါသည်။ ဒေးဗစ်သည် တရားစခန်းပြီးခါနီးရက်များအတွင်း ည တစ်နာရီခန့်သာ အိပ်ပြီး တစ်ချိန်လုံး အားထုတ်ပါသည်။ အိပ်သောအခါ၌လည်း ဘုရားခန်းအတွင်း၌ပင် ကိုယ်ဆန့် လက်ဆန့်ပြုခြင်းဖြစ်ပါသည်။ ဆရာတော် ညစဉ်တရား ဟောရာ၌လည်း မေးသမျှကို ဒိုင်ခံ၍ မှန်အောင်ဖြေဆိုပါသည်။ ချမ်းမြေ့ရိပ်သာ ၌လည်း လာရောက် တရားအားထုတ်ပါသေးသည်။

တရားစခန်း တစ်လျှောက် ရက်ရှည်အားထုတ်သူပေါင်း ၂၅ ဦးခန့်ရှိပါသည်။ ယောဂီများ အားလုံးနီးပါး ကြိုးစားအားထုတ်ကြပါသည်။ တရားထူးရလျှင်လည်း နောက်တစ်နေ့ တရားလျှောက်ချိန်အထိ မစောင့်နိုင်ဘဲ ကျွန်တော့်အား လာပြောပြ၍ ဆရာတော်အား

http://www.dhammadownload.com



တစ်ဆင့် ပြန်လျှောက်ပေးရပါသည်။ ဆရာတော်ကလည်း အချိန်မရွေး လက်ခံတွေ့ဆုံ၍ ရှင်းလင်းပြပါသည်။

## တိဗက်ဆရာတော် လျှောက်ထားသည့် ညတရားပွဲ

**မဉ္ဇူသီရိ အထူးတရားပွဲ** ၁၆-၇-၈၁ နေ့ည တွင် တိဗက်ကျောင်းထိုင် ဆရာတော်၏ အထူး လျှောက်ထားချက်အရ ဆရာတော် တရားဟောကြားရာ တရားနာ ပရိတ်သတ် ၈၀ ခန့် တက်ရောက် နာယူကြပါသည်။ ညဥ့်တရားပွဲ ဖြစ်သော်လည်း အနီးအနားရပ်ကွက် မြို့တွင်းမှပါ ကားများဖြင့် လာရောက်နာယူ ကြသူများလည်း ပါဝင်ပါသည်။

ဆရာတော်ဘုရားက အင်္ဂလိပ်ဘာသာဖြင့်ပင် ဟောကြားပါသည်။ ဟောကြားချိန် တစ်နာရီခွဲခန့် ကြာပါသည်။ ဟောကြားသော တရားတော် အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကမ္မဋ္ဌာန်း နှစ်မျိုးရှိကြောင်း သမထကမ္မဋ္ဌာန်း နှင့် ဝိပဿနာ ကမ္မဋ္ဌာန်း ဖြစ်ကြောင်း မိန့်ပါသည်။ ထို့နောက် ကမ္မဋ္ဌာန်း တစ်မျိုးစီ အားထုတ်ပုံ အကြမ်းဖျင်းနှင့် အဓိက ရည်ရွယ်ချက်ကို ခွဲခြားဟောကြား ပါသည်။ သမထကို လက်ဦးအားထုတ်ပြီးမှ ဝိပဿနာပြောင်း အားထုတ်လျှင်လည်း မဂ်ဖိုလ်ရနိုင်ကြောင်း ၊ အချိန်မရသူများ

http://www.dhammadownload.com



အတွက်မူ သမထ အားထုတ်မနေတော့ပဲ ဝိပဿနာကိုသာ တန်းပြီး အားထုတ် သင့်ကြောင်း ဆရာတော်က ဟောကြားပါသည်။ ထိုသို့ အားထုတ်ရာ ၌ မဟာသတိပဋ္ဌာနသုတ် ဒေသနာတော်နှင့်အညီသာ အားထုတ်ရ ကြောင်း နိဒါန်းချီ၍ သတိပဋ္ဌာန် လေးပါးကို တစ်ဆင့်ပြီးတစ်ဆင့် ခွဲခြားဟောပါသည်။ ထိုသို့ သတိပဋ္ဌာန်လေးပါး နှင့်အညီ အားထုတ်ရာမှ ဉာဏ်စဉ်ဖြစ်ပေါ်ပုံ အဆင့်ဆင့်ကို ပဌမ အဆင့်ထိ ဟောပါသည်။ ဘင်္ဂဉာဏ်မှ အထက်ဉာဏ်များ ဖြစ်ပုံ ကိုတော့ အကျဉ်းချုပ်မျှ ဟောပြီးနောက် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရ၍ နိဗ္ဗာန်မျက်မှောက် ပြုပုံကိုဟောပါသည်။

တရားပွဲအပြီးတွင် တရားနာ ပရိတ်သတ်တစ်ဦး ဖြစ်သူ ယခင် နှစ်များက ဆရာတော်၏ ယောဂီဟောင်းဖြစ်ခဲ့သူ အင်္ဂလန်အမျိုးသား တစ်ဦးက တရားပွဲ သိပ်ကောင်းကြောင်း နှင့် နာကြားသူများ အများစု က အလွန်နှစ်သက် ကျေနပ်ကြကြောင်း လာရောက်လျှောက်ထား ပါသည်။

**မဇ္ဈိုသီရိ အခြေအနေ**

မဇ္ဈိုသီရိ ကျောင်းရှိ ဦးပဋ္ဌင်း ၊ ကိုရင် ၊ သီလရှင် များမှာ ညနေစာပါ စားသောက်ကြပါသည်။ ဂေရှီ ခေါ် ကျောင်းထိုင်ဆရာတော်နှင့် လက်ထောက်

http://www.dhammadownload.com



ဆရာတော်နှစ်ပါးကမူ ညနေစာ သီးသန့် မဘုဉ်းပေးဘဲ ဘီစကွတ်၊ ကော်ဖီလောက်သာ ဘုဉ်းပေးသည် ဟု သိရပါသည်။

ကျောင်းထိုင်ဆရာတော်နှင့် လက်ထောက်ဆရာတော် နှစ်ပါးတို့ တရားဟောရာ၌ ဘာသာပြန်ပေးရသော တိဗက်ဦးပဥ္စင်းလေးမှ လွဲလျှင် ကျန်အားလုံးမှာ ဥရောပလူမျိုး ကိုရင် ၊ သီလရှင်များသာ ဖြစ်ကြပါသည်။ အများစုမှာ မိဘများက အကြောင်းကြောင်းကြောင့် စွန့်ပစ်ခံထားရသော သူများဟု သိရပါသည်။ ကိုရင်များ ၊ သီလရှင် များအားလုံး ထမင်းကျက်ချက်ခြင်း ၊ ပန်းကန်ကျွေးခြင်း ၊ အဆောက် အအုံသန့်ရှင်းရေး ပြုလုပ်ခြင်း စသည်ဖြင့် တာဝန်ယူရပါသည်။

စနေ ၊ တနင်္ဂနွေနေ့တိုင်းလည်း လက်ဖက်ရည်နှင့် ကိတ်မုန့်၊ ဘီစကွတ် မုန့်များ ရောင်းပါသည်။ အဆောက်အအုံကို လေ့လာရန် လာသူများအား ရောင်းချပါသည်။ တစ်ပတ်လျှင် လေ့လာသူ ၅၀ ၊ ၆၀ ခန့် လာတတ်ပါသည်။ ကျွန်တော်တို့ ရောက်နေသော အချိန် သည် နွေရာသီဖြစ်သောကြောင့် လူစည်ခြင်း ဖြစ်ပါလိမ့်မည်။ ဧည့်သည်များအား တာဝန်ခံ အင်္ဂလိပ် အမျိုးသမီး တစ်ဦးဦးက အဆောက်အအုံကို လှည့်လည် ရှင်းပြပါသည်။

အဆောက်အအုံမှာ ၁၉ ရာစုကတည်းက ဆောက်ထားခဲ့သည်ဟု သိရပါသည်။ တဖြည်းဖြည်း ခေတ်နှင့်လည်းလျော်၊ ရှေးမူလည်း

http://www.dhammadownload.com



မပျက်အောင် ပြုပြင်နေရကြောင်း ရှင်းပြပါသည်။ လေ့လာရေး လာသော ဧည့်သည်များ ထံမှလည်း အလှူငွေများ ရရှိပါသည်။ လက်ဖက်ရည်ဆိုင်တွင်လည်း တိဗက်ဖြစ် ခြုံစောင်၊ လက်ဆွဲအိတ် စသည်တို့နှင့် နံ့ရုံကပ်အရုပ်များ ရောင်းပါသည်။

**ခေတ်အဆက်ဆက် အသုံးအမျိုးမျိုး**

မူလအဆောက်အအုံ ကို ၁၁၈၅ ခုနှစ်တွင် (St. Augustin) ဂိုဏ်းမှ ဘုန်းကြီးများက စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။ နှစ် ၄၀၀ ခန့်ကြာအောင် တည်တံ့ပြီးမှ ဦးစီးသူ ဘုန်းကြီးများ အကျင့်သိက္ခာ ပျက်ပြား၍ ကျောင်းလည်း ပျက်စီးသွားရသည်။ လက်ရှိ အဆောက် အအုံကိုမူ ၁၈၂၁ တွင် ဗိုလ်မှူးကြီး (Braddyll) နေရန် အိမ်အဖြစ် (Philip Wyatt) ဆိုသူ ဗိသုကာပညာရှင်က ဆောက်လုပ်ခြင်း ဖြစ် ပါသည်။ နောက်ပိုင်း နှစ်ပေါင်း ၁၀၀ ခန့် အတွင်း ပင်လယ်ကမ်းခြေ အပန်းဖြေဟိုတယ်အဖြစ်၊ ဆေးရုံ အဖြစ်၊ နာလန်ထစခန်း အဖြစ် တစ်မျိုးပြီး တစ်မျိုးပြောင်းလဲ အသုံးပြုခဲ့ ပါသည်။ နောက်မှ မဟာယာနဗုဒ္ဓဘာသာဝင်များ စုပေါင်းလှူဒါန်းမှု ဖြင့် ၁၉၇၆ ခုနှစ်မှစ၍ လက်ရှိ တိဗက်ဘုန်းတော်ကြီး များ၏ မဟာယာန ဗုဒ္ဓဘာသာစာပေများ သင်ကြားရာ တက္ကသိုလ်ငယ် တစ်ခုဖြစ်လာပါသည်။

http://www.dhammadownload.com



## ထေရဝါဒနှင့် မဟာယာန

**ထေရဝါဒ နှင့် မဟာယာန** ဤနေရာ၌ အလျဉ်းသင့်၍ ကျွန်တော် တို့၏ ထေရဝါဒ ဗုဒ္ဓဘာသာ နှင့် မဟာယာန ဗုဒ္ဓဘာသာတို့ နှိုင်းယှဉ် တင်ပြလိုပါသည်။ အချို့က မဟာယာန ဗုဒ္ဓဘာသာကို မြောက်ပိုင်း ဗုဒ္ဓဘာသာဟုလည်း ခေါ်ကြ ပါသည်။ ပုဂံခေတ် (လွန်ခဲ့သော နှစ်ပေါင်း ကိုးရာကျော်) ကပင် မြန်မာများသည် ထေရဝါဒနှင့် မဟာယာနဗုဒ္ဓဘာသာ နှစ်ဂိုဏ်းစလုံး ကို ရောထွေး ကိုးကွယ်ကြပါသည်။ ပုဂံမြို့ရှိ ကျွန်စစ်သားမင်းကြီး ကောင်းမှုတော် အပယ်ရတနာဘုရား၌ မဟာယာန ဗုဒ္ဓဘာသာနှင့် ပတ်သက်သော နံရံဆေးရေးပန်းချီများကို ယခုတိုင်တွေ့ရှိနိုင်ပါသည်။ ဂူပျောက်ကြီး၊ ဘုရားသုံးဆူ စသော အခြားစေတီပုထိုးများ တွင်လည်း သက်ဆိုင်ရာ နံရံဆေးရေးပန်းချီများ တွေ့နိုင်ပါသေးသည်။

**သတ္တဝါတိုင်း ဘုရားလောင်း** ကျွန်တော်တို့ ထေရဝါဒများရော မဟာယာနများပါ နှစ်ဦးစလုံး၏ ရည်မှန်းချက် ပန်းတိုင်မှာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့ပင် ဖြစ်ပါသည်။ ကျွန်တော်တို့ ထေရဝါဒ အများစုက မြန်မြန် နိဗ္ဗာန်ရောက်ဖို့သာ အာရုံထားကြသော်လည်း မဟာယာနများ ကမူ မိမိကိုယ်တိုင်သာမက လောကရှိ သတ္တဝါတိုင်းကို နိဗ္ဗာန်သို့ ပို့ဆောင်နိုင်ရန် အားထုတ်ကြရမည်ဟု ခံယူထားကြပါသည်။ သတ္တဝါအားလုံး

http://www.dhammadownload.com



နှင့်အတူ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် ဆိုသည်မှာ မိမိကိုယ်တိုင် ဘုရားဖြစ်ဖို့ပင် မဟုတ်ပါလား ။ ထို့ကြောင့် မဟာယာနများကို မေးလျှင် ဘုရားဆုပန်ကြသည်သာ များပါသည်။ လူတိုင်းပင် ဗောဓိသတ္တခေါ် ဘုရားလောင်းဖြစ်နိုင်သော စွမ်းအင်ရှိသည်ဟု ယုံကြည်ပါသည်။ ယခုလက်ရှိ ဘုန်းကြီးကျောင်း၏ အမည် ''မဥ္ဇုသီရိ'' မှာလည်းဗောဓိသတ္တ ဘုရားလောင်းတစ်ပါး၏ ဘွဲ့တော်ပင် ဖြစ်ပါသည်။

ငါးပါးသီလသာ အင်္ဂလန်တွင် တရားအားထုတ်သူ အများစုမှာ မဟာယာန ဗုဒ္ဓဘာသာ ကျောင်းများတွင် ပိုများပါသည်။ အဓိကအကြောင်းမှာ မဟာယာန ဗုဒ္ဓဘာသာ ကျောင်းများတွင် တရားအားထုတ်ရာ၌ ကျွန်တော်တို့ ထေရဝါဒ ဗုဒ္ဓဘာသာကျောင်းများမှာကဲ့သို့ ရှစ်ပါးသီလ စောင့်စရာ မလိုဘဲ ၊ ငါးပါးသီလသာ စောင့်ရသဖြင့် မွန်းလွဲပြီးလည်း အစာ စားနိုင်ခွင့်ရှိခြင်းကြောင့် တစ်ကြောင်း ၊ ထေရဝါဒ ဂိုဏ်းများမှာလောက် တရားအားထုတ်ရာ၌ စည်းကမ်းတင်းတင်းကြပ်ကြပ် ထားလေ့မရှိခြင်းကြောင့် တစ်ကြောင်း ဖြစ်သည်ဟု ရောဘတ်က ပြောပြပါသည်။

ဤမဥ္ဇုသီရိဘုန်းတော်ကြီးကျောင်း၌ အမြဲနေသံဃာ ၊ ကိုရင်၊ သီလရှင် ပေါင်း ၂၀ ခန့်ရှိပါသည်။ စီမံခန့်ခွဲရေး မန်နေဂျာ ၊ စာရေး စာရင်းကိုင် ၊ ထမင်းချက် ၊ စားပွဲထိုး စသည်ဖြင့် လူဝတ်ဖြင့်

http://www.dhammadownload.com



အမှုထမ်းသူများလည်း ရှိပါသည်။ ထိုအမှုထမ်းများထဲမှ အချို့သာ မဟာယာန ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပြီး အချို့မှာ ခရစ်ယာန်ဘာသာ ဝင်များဖြစ်ပါသည်။ သီလရှင်များအားလုံး မျက်နှာဖြူများသာ ဖြစ်ပါသည်။ နေ့စဉ် အချိန်ဇယားဖြင့် ဗုဒ္ဓစာပေများ သင်ကြားကြရ ပါသည်။ ကမ္ဘာသုံးပါဠိသံဖြင့် သင်ကြားသည်ဟု သိရပါသည်။

ကမ္ဘာသုံးပါဠိသည် ကျွန်တော်တို့ မြန်မာပြည်မှာ သုံးသော ပါဠိ နှင့် အနည်းငယ် အသံထွက်ကွဲပါသည်။ ဥပမာ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ကို ကမ္ဘာသုံး ပါဠိသံဖြင့် နမောတတ်ဆ ဘဂဝတော အရဟတော ဆမ္မာ ဆံဗုဒ်ဒတ်ဆ ဟု အသံထွက်ပါသည်။

**တိဗက်တရားပွဲ** ညနေ ၅ နာရီဝိုင်း တရားပွဲရှိရာ တိုက်အုပ် ဆရာတော်က တိဗက် ဘာသာ ဖြင့် တရား ဟောသည်ကို တိဗက်ဦးပဥ္စင်းလေးက ဘာသာ ပြန်ပေးပါသည်။ တိဗက်ဦးပဥ္စင်းလေးမှာ အင်္ဂလန်ရောက်မှ အင်္ဂလိပ် စကားပြော သင်ရသည်ဟု သိရသော်လည်း အသံထွက် တော်တော်ကောင်း ပါသည်။ ကျွန်တော်လည်း ဆရာတော်နှင့်အတူ တစ်ရက် တရား လိုက်နာဖူးပါသည်။ ထိုနေ့က ဟောသော တရားအချို့မှာ ရောင့်ရဲ တင်းတိမ်မှု ရှိဖို့ပင် ဖြစ်ပါသည်။ ဘာသာရေးထက် လူမှုရေး တရားပိုဆန်ပါသည်။ အစအဆုံး တစ်နာရီခန့်ကြာအောင် ဟောရ ပါသည်။

http://www.dhammadownload.com



တိဗက် ဦးချနည်း — တရားပွဲမစမီ ဘုရားဝတ်ပြုရာ ပါဠိဖြင့် ရွတ်ဖတ်သော်လည်း အသံထွက် တစ်မျိုးဖြစ်ပါသည်။ ဝတ်ဖြည့်ပုံ မှာ တစ်မျိုးထူးပါသည်။ ဦးစွာ မတ်တတ်ရပ် လက်နှစ်ဖက်ကို နဖူးမှာ လက်အုပ်ချီပြီးနောက် ရင်ဘတ်မှာ လက်အုပ်ချီသည်။ ထို့နောက် ဒူးထောက်ထိုင်ချပြီး ရင်ဘတ်နှင့် ကြမ်းကပ်လျက် ကန်တော့ကြပါသည်။ တရားပွဲအပြီး ဆုတောင်းဂါထာ ရွတ်ကြရာတွင်မူ လက်အုပ် ရိုးရိုးမချီဘဲ ဘယ်လက်မ နှင့် ဘယ်လက်သန်း ၊ ညာလက်မနှင့် ညာလက်သန်း ၊ ဘယ်လက်ညှိုးနှင့် ညာလက်ခလယ်၊ ဘယ်လယ်လက်ခလယ် နှင့် ညာလက်ညှိုး။ လက်သူကြွယ်ချင်း ထိပ်များ ထိထားကြပါသည်။ ကြာဖူးသဏ္ဌာန်ဟု ယူဆဟန်တူပါသည်။ ပွင့်လတ္တံ့သော အရိမေတ္တယျဘုရားလောင်းအား ရည်စူးဆုတောင်း ကြခြင်းဖြစ်သည်ဟု သိရပါသည်။

တရားဟောခန်းမ အလယ်ခေါင်၌ ဘုရားပလ္လင်ထားရှိပါသည်။ ထူးခြားသည်မှာ ဘုရားဆင်းတုတော်ကို အဝတ်ဦးထုပ် ရှည်ရှည်သဏ္ဌာန် ဆောင်းပေးထားပါသည်။ ဘုရားပန်း ၊ သစ်သီး ၊ အမွှေးတိုင်စသည်များ ကပ်လှူထားသည်မှာ ကျွန်တော်တို့ မြန်မာပြည်က ဘုရားများမှာလိုပင် ဖြစ်ပါသည်။ ဆင်းတုပလ္လင်ဘေး၌ တရားဟောပလ္လင် အမြင့်တစ်ခု အနိမ့်တစ်ခု ရှိပါသည်။ နှစ်ခုစလုံး အမိုးမပါဘဲ တရုတ်ဖဲများဖြင့် မွမ်းမံထားပါသည်။ အမြင့်ပလ္လင်မှာ ကျောင်းထိုင်ဆရာတော်အတွက် ဖြစ်ပြီး အနိမ့်ပလ္လင်မှာ ဘာသာပြန် ဦးပဋ္ဌင်း

http://www.dhammadownload.com



အတွက် ဖြစ်ပါသည်။

တရားဟော စခန်းတစ်ခုလုံး အထူတစ်လက်မခန့်ရှိ ဖုံများ အပြည့်ချထားပါသည်။ တရားနာပရိတ်သတ်များ ကြမ်းပြင်တွင် တင်ပလ္လင်ခွေ ကြာရှည်ထိုင်နိုင်ကြဟန် မတူပါ။ ဆရာတော် ဘုရားသွားပြီး တရားနာသောနေ့ကမူ ဆရာတော်အတွက် တရားဟော ပလ္လင် ၂ ခုကြားတွင် အခြားပလ္လင်တစ်ခု အစားထိုးထည့် ထားပါသည်။

**တိဗက်ဘုန်းကြီးတို့ ဝတ်ဆင်ပုံ** တရားပွဲတွင်မှ တိဗက်ဗုဒ္ဓဘာသာဘုန်းကြီးများဝတ်ရုံကို လေ့လာမိပါသည်။ အောက်ခံမှာ နီညိုရောင်စွပ်ကျယ် ဘေးကွဲလက်ပြတ် ဖြစ်ပါသည်။ ကြယ်သီးကို ဘယ်ဂျိုင်းအောင် နံဘေး တစ်လျှောက် တပ်ရပါသည်။ အောက်၌ ဂါဝန်သဏ္ဍာန် ခါးဝတ်ကို ကြိုးချည်၍ ဝတ်ပါသည်။ နီညိုရောင် ဖြစ်ပါသည်။ ကေသီအဖြစ် ခရမ်းရင့်ရောင် ဝတ်စုံကို ရုံထားပါသည်။ အကြီးအကဲ ဆရာတော်နှစ်ပါးကမူ အဝါရောင် ကေသီကို ရုံပါသည်။ ထူးခြားသည်မှာ သီလရှင်များနှင့် ကိုရင်များ ဝတ်စုံတူခြင်းပင် ဖြစ်ပါသည်။ ဆံပင်ကိုလည်း ဗိုလ်ကေ ပါးပါးပုံစံသာ ညှပ်ထားပါသည်။ ခေါင်းတုံးတုံးမထားကြပါ။

သီလရှင်များတွင် အငယ်ဆုံး ၁၀ နှစ်ခန့်မှ အသက် ၄၀ ကျော်ခန့် အထိရှိပါသည်။ အသက်အငယ်ဆုံး အဂ်လိပ် သီလရှင်လေး နာမည်မှာ အဂ်လိပ်လို (Pine Apple) နာနတ်သီး ဟုခေါ်ပြီး တိဗက်

http://www.dhammadownload.com



နာမည်မှာ အာနာနာ ဖြစ်ပါသည်။ ကျွန်တော်က (Pine Apple) တိဗက်နာမည်မှာ အာနာနာထက် ဘားနားနား (Banana) ဖြစ်သင့်ကြောင်း ပြောလိုက်ရာ သီလရှင်လေးက သဘောကျလွန်းလို့ အားရပါးရ ရယ်ပါလေသည်။

မဋ္ဌူသီရိတွင် ရက်ပေါင်း နှစ်ဆယ်ခန့် နေခဲ့ရသဖြင့် ကျောင်းထိုင်ဆရာတော်မှစ၍ တိဗက် ပဥ္စင်းလေးများ၊ ကိုရင်များ၊ သီလရှင်များအားလုံးနှင့် တော်တော် ရင်းနှီးခဲ့ပါသည်။ တိဗက်ဦးပဥ္စင်းလေးက တွေ့တိုင်း ဒီမှာပျော်ရဲ့လား ဟု အမြဲမေးပါသည်။ မဋ္ဌူသီရိတွင် နေသော ကိုရင်များ၊ သီလရှင်များကို တာဝန်ယူ၍ အသုတ်လိုက် တိဗက်သို့ အလည်လွှတ်ပေးကြောင်း၊ ကျွန်တော်လည်း ဒီမှာ ကြာကြာနေလျှင် အလှည့်နှင့် လွှတ်ပေးမည် ဖြစ်ကြောင်း ပြောပြပါသည်။

သူတို့က ကျွန်တော့်ကို ဆရာတော်နှင့် ပါလာသော ကိုရင်တစ်ပါးဟုသာ ထင်ကြပါသည်။ ကျွန်တော်ကလည်း မြန်မာလည်ပြတ်ရှပ်အင်္ကျီအဖြူသာ အမြဲဝတ်ပြီး အပြင်ထွက်စရာ မရှိလျှင် အနက်နှင့်အဝါကွက်ပုဆိုး အမြဲဝတ်ထား၍ မြန်မာပြည်က ကိုရင်ဝတ်စုံဟု ထင်ကြဟန်တူပါသည်။ ထို့ကြောင့် ထင်ပါသည်၊ သွားရင်းလာရင်း တိဗက်ဆရာတော် တစ်ပါးပါးနှင့် ဖြစ်စေ၊ ဦးပဥ္စင်း တစ်ပါးပါး နှင့် ဖြစ်စေ၊ တွေ့၍ ကျွန်တော်က လက်အုပ်ချီ နှုတ်ဆက်တိုင်း သူတို့က

http://www.dhammadownload.com



ပြန်ပြီး လက်အုပ်ချီကြပါသည်။ သို့သော် သူတို့လမ်းသွားရင်း လက်အုပ်ချီနည်းမှာ ညာဘက်တစ်ဘက်တည်း လက်ဝါးအပြားလိုက် ဆန့်ထုတ်ပြီး တံတောင်ဆစ်ကို နံဘေးတွင် ကပ်ထားသော ပုံစံ ဖြစ်ပါသည်။

## သူတို့အစဉ်အလာ မွေးနေ့ပွဲ ဝါသနာ

**မဍ္ဍူသီရိမှ မွေးနေ့ပွဲ** ရန်ကုန် (BPI) မှ ပညာတော်သင် ဒေါ်မြင့်မြင့်အေး ဆိုသူသည် (Glaxo) စက်ရုံတွင် လေ့လာရေး ရောက်နေပါသည်။ ဒေါ်မြင့်မြင့်အေး မှာ မဍ္ဍူသီရိတွင် အခန်းငှားနေသူ ဖြစ်ပါသည်။ တစ်နေ့ ကျွန်တော့်ထံမှ နိုင်ငံကူး လက်မှတ်များ တောင်းကြည့်ရင်း ဆရာတော်၏ မွေးနေ့ ကို ဒေါ်မြင့်မြင့်အေး သိသွားပါသည်။

ဒေါ်မြင့်မြင့်အေးက မဍ္ဍူသီရိမှ ချက်ပြုတ်ရေးတာဝန်ခံ စစ်စီလီယာ ဆိုသူ အင်္ဂလိပ်အမျိုးသမီးအား ဆရာတော်၏ မွေးနေ့ကို ပြောပြပါသည်။ စစ်စီလီယာက တိဗက်ဆရာတော်အား ပြန်လျှောက်ထားသည် ဟု ထင်ပါသည်။ ကျောင်းထိုင်ဆရာတော် စီစဉ်ချက်အရ ဆရာတော်၏ မွေးနေ့ နံနက် ၉ နာရီခန့်တွင် စစ်စီလီယာ ကိုယ်တိုင် အထူ ၆ လက်မ အချင်း ၁ ပေခွဲခန့်ရှိသော မွေးနေ့ကိတ်မုန့်ကြီး ဆရာတော်အား လာကပ်ပါသည်။ အပေါ်မှ

http://www.dhammadownload.com



စတော်ဘယ်ရီသီးများ ၊ သစ်ကြားသီးများဖြင့် လုပ်ထားမှာ မွမ်းမံထား ပါသည်။ ဆရာတော်ကမူ အံ့အားသင့်နေပါသည်။

အသက်အကြီးဆုံး အင်္ဂလိပ်လူမျိုးသီလရှင် တစ်ပါးကလည်း ဂန္ဓမာပန်းများ လုပ်ထားမှာ ပန်းစည်းလုပ်၍ လာကပ်ပါသည်။ သူတို့ နိုင်ငံတွင် ဂန္ဓမာပန်းသည် အမြတ်တနိုး ထား၍ ပေးလေ့ရှိသော လက်ဆောင်ပန်း ဖြစ်ပါသည်။ အချင်း တစ်လက်မခွဲခန့်ရှိ ဂန္ဓမာပန်း ပွင့် နှစ်ပွင့်ပါသော ပန်းတစ်စည်းကို မြန်မာငွေ ၁၅ ကျပ်ခန့် ပေးရ ပါသည်။ ပန်းစည်း ခြောက်စည်းခန့် ဆရာတော်အား လာကပ်၍ ထိုနေ့အဖို့ ဘုရားခန်းတွင် ဘုရားပန်းများ ဝေအောင် တင်လိုက်နိုင် ပါသည်။

**မွေးနေ့ပွဲနဲ့လိုက်ကြ** ဆရာတော်အား လာကပ်သော မွေးနေ့ ကိတ်မှာ ယောဂီများ အားလုံးကိုပင် ကျွေး လောက်သည့်အပြင် ရောဘတ်၏ ကလေးများပင် စားရအောင် လောက်ပေပါသည်။ မုန့်ဖုတ် ကောင်းလှ၍ အရသာလည်း တော်တော် ရှိပါသည်။ ယောဂီများအား ကိတ်မုန့် ကျွေးရင်း ဆရာတော်၏ မွေးနေ့ကိတ် ဖြစ်ကြောင်း ပြောပြ၍ သူတို့လည်း အံ့သြကြပါသည်။ ယောဂီများက သူတို့ကိုယ်တိုင် မွေးနေ့ပွဲလုပ်မပေးရ၍ စိတ်မကောင်း ဖြစ်ကြောင်း ပြောပြကြပါသည်။ ကျွန်တော် ကိုယ်တိုင်ပင် ဆရာတော် ၏ မွေးနေ့ကို သတိထားမိကြောင်း ၊ ရန်ကုန်မှာလည်း ဆရာတော်၏ မွေးနေ့ပွဲဟူ၍ တကူးတက ကျင်းပလေ့ မရှိကြောင်း ရှင်းပြရပါသည်။

http://www.dhammadownload.com



ဆရာတော်ကို ဖူးမျှော်ရန် လန်ဒန်မှာ ရောက်နေသော ဒေါက်တာ ကြည်ကြည်စိန် (ပင်လုံ) ကလည်း ဆရာတော် မွေးနေ့မှန်းသိလျှင် သိချင်း မြို့ထဲသို့သွား၍ ကိတ်မုန့်များ ၊ ရေခဲမုန့်ဘူးများ ၊ ဘုရားပန်းများ ဝယ်လာပြီး ဆရာတော်အား ကပ်လှူပါသည်။ ရေခဲသေတ္တာထဲ ထည့်ထား၍ ခံသဖြင့် ရေခဲမုန့်မှာ တစ်ပတ်ခန့် ဘုဉ်းပေးရပါသည်။ မြေညီထပ် ထမင်းစားခန်း အတွင်း၌ အများသုံးရန် ရေခဲသေတ္တာကြီးတစ်လုံး ထားပေးရာ ကိုယ်ထည့်ချင်သည့် အစားအသောက်များ ထည့်ထားနိုင်ပါသည်။ မည်သူမျှ ယူမစားကြပါ။ စည်းကမ်းရှိကြပါသည်။

## တစ်နေ့တာ ဝေယျာဝစ္စ ကုသိုလ်များ

**ကျွန်တော်၏ တစ်နေ့တာအလုပ်** တရားစခန်း၌ ဆရာတော်၏ ဝေယျာဝစ္စ ကို ဆောင်ရွက်ရာတွင် ရောက်စ နှစ်ရက်ခန့်သာ ရောဘတ်ကကူညီပေးပြီး နောက်ပိုင်းမှာ ကျွန်တော် တစ်ယောက်တည်း တာဝန်ယူ လုပ်ကိုင်ပါသည်။ ဝယ်စရာ လိုအပ်သည်များကိုမူ ရောဘတ်အား ပြောပြ၍ အဝယ်ခိုင်းရပါသည်။ နံနက် ၃ နာရီအရောက် မြေအောက် မီးဖိုခန်းသို့ သွား၍ ဆရာတော် အတွက် ယာဂုကျိုရပါသည်။ မီးဖိုခန်းတာဝန်ခံ စစ္စီလီယာ မရောက်သေးလျှင် စောင့်နေရပါသည်။ ဓါတ်ငွေ့မီးဖို ဖြစ်၍ ချက်ရပြုတ်ရတာ မြန်ပါသည်။ စစ္စီလီယာ ကိုလည်း ကူလုပ်ပေးရပါသည်။ သို့သော် အရဏ်စာ ပြင်ဆင်ရာတွင် နို့မှတစ်ပါး ကျန်

http://www.dhammadownload.com



အစားအစာများမှာ စည်သွတ်ဘူးထဲမှ ဖောက်သုံးရသည်ဖြစ်၍ မြန်ပါသည်။ ပေါင်မုန့်မှာ ယောဂီများအတွက် ပေါင်မုန့်ညှိုသာ ပေးသည့်က များပါသည်။ ပေါင်မုန့်ကို ကျွန်တော်က စက်ဖြင့် ကင်ပေးပါသည်။

နံနက် ၄ နာရီတွင် ယောဂီများကို နှိုးသော ခေါင်းလောင်းအပေါ်ထပ်တက်၍ တီးရပါသည်။ ဆရာတော်ကမူ ထိုအရုဏ်နှိုးသည်မှစ၍ အရုဏ်ဆွမ်း အဆင်သင့်ပြင်ဆင်ပြီးသည့် အထိ တရားထိုင်နေပါသည်။ အရုဏ်ဆွမ်း အဆင်သင့် ပြင်ဆင်ပြီးမှ ဆရာတော်ကိုသွား၍ပင့်ရပါသည်။

ယောဂီများ စားသုံးထားသော ပန်းကန်ခွက်ယောက်များကိုဘုန်းကြီးကျောင်းမှ အမှုထမ်းများက ဆေးပါသည်။ ဆရာတော်ဘုရားအသုံးပြုထားသော ပန်းကန်များကိုမူ ကျွန်တော် တစ်ယောက်တည်းဆေးပါသည်။ ဆပ်ပြာဖျော်ပြီးသား ဆပ်ပြာရည်ပုလင်းများကိုသာသုံး၍ ဆေးကြပါသည်။ ဆပ်ပြာခဲကို ရေချိုးရာတွင်သာ အသုံးများကြပါသည်။

**မာမိုက်ဟင်းချို** ယောဂီများကို ဆရာတော် တရားစစ်မေးချိန်တွင်မူ ဘုရားပန်း လဲခြင်း နှင့် အခန်းသန့်ရှင်းရေးများ ပြုလုပ်ရပါသည်။ ၁၀ နာရီခွဲ ခန့်တွင် ယောဂီများနေ့ဆွမ်းစားရန် စတင်ပြင်ဆင်ရပါသည်။ ပြီးလျှင် ဆရာတော်

http://www.dhammadownload.com



ရေချိုးခိုက် ဆရာတော်အတွက် နေ့ဆွမ်း ပြင်ဆင်ရပါသည်။ တရားစခန်းမှ ဆွမ်းဟင်းများကို ရန်ကုန်မှ ထည့်သွားသော ချဉ်ပေါင်ကြော်၊ ငပိကြော် ၊ ငါးခြောက်ကြော်များဖြင့် ကပ်ရပါသည်။ ဆရာတော်အတွက် အချိုပွဲက အမြဲ ဖွယ်ရာလှပါသည်။ ကိတ် ၊ ဘီစကွတ်အမျိုးမျိုး ၊ သစ်သီးအမျိုးမျိုး အမြဲပါဝင်ပါသည်။ ဆွမ်းဘုဉ်းပေးတိုင်း မာမိုက်လည်း အမြဲဖျော်ကပ်ရပါသည်။ မာမိုက်ဆိုသည်မှာ ပုန်းရည်ကြီးလို အနှစ်တစ်မျိုးဖြစ်၍ ရေနွေးနှင့် ရောလိုက်ပါက ဟင်းချိုတစ်ခွက် ဖြစ်သွားပါသည်။ အရသာမှာ တရုတ်ဆာဒါးဟင်းချိုဆန်ဆန် ဖြစ်ပါသည်။

ဆွမ်းဘုဉ်းပေးပြီးတိုင်း ပန်းသီးတစ်လုံးကျ အမြဲကပ်ရပါသည်။ တစ်ခါတစ်ရံမူ ပန်းသီးစိမ်းကို ပါးပါးလှီး၍ (Peanut Butter) ခေါ် မြေပဲဖြင့် ပြုလုပ်ထားသော ထောပတ်ကို ပုဇွန်ခြောက်အစားအသုံးပြုပြီး ကြက်သွန် ၊ ဆီစိမ်း စသည်တို့ဖြင့် သုပ်၍ ကပ်ရပါသည်။

**ချဉ်ပေါင်ဆို အလှအယက်** တရားစခန်း နှင့် အနီးအနားမြို့များမှ မြန်မာဒကာ အချို့က ဆွမ်းဟင်းများ လာကပ်သော နေ့တွင်မူ ဟင်းပွဲ အချိုပွဲပါ ဆယ့်လေးငါးပန်းကန် ပြင်ဆင်ရပါသည်။ ဆွမ်းလာကပ်သော မြန်မာများသည်လည်း အများအားဖြင့် ဆရာတော်၏ ဆွမ်းဟင်းကျန် များဖြင့် တရားစခန်းတွင်သာ ထမင်းစားသွားကြပါသည်။ ပန်းကန်ထဲမှ

http://www.dhammadownload.com



ကျန်သော ချဉ်ပေါင်ကြော် လက်ကျန်ကို အလုအယက် တစ်ပျော် တစ်ပါး စားကြပါသည်။ အင်္ဂလန်တွင် ချဉ်ပေါင်စိုက်၍မရဟု သိရပါသည်။ အမေရိကန်ဘက် ရောက်နေသော ကျွန်တော်၏ အစ်ကို တစ်ယောက်ထံမှ သိရသည်မှာ အမေရိကန်တွင်မူ ချဉ်ပေါင် နှင့် အရသာဆင်ဆင်တူသော အရွက်ရှိသော်လည်း ဟင်းချက်ရာတွင်မူ ချဉ်ရုံသက်သက်သာရှိပြီး ချဉ်ပေါင်ကဲ့သို့ လေးပင်မှုမရှိကြောင်း ၊ ကြော်စားလျှင်မူ တရုတ် ကြမ်မဆိုင်ကြော် အရသာမျိုး ဆင်ဆင် ထွက်ကြောင်း သိရပါသည်။

ဆွမ်းကပ်ပြီးနောက် ကိုယ်တိုင် စားသောက်ပြီး ဆေးကြော သိမ်းဆည်းနေရသည်မှာ နှစ်နာရီခန့်တွင်မှ ပြီးပါသည်။ ညှိသည် များဆွမ်းလာကပ်သော နေ့တွင်မူ ပန်းကန်ပိုများ၍ ပိုကြာပါသည်။ ပြီးလျှင် သင်္ကန်းလျှော်စရာရှိသောနေ့ လျှော်၍ ဆရာတော်ဆံချသော နေ့တွင် ဆံချပေးရပါသည်။ ဆရာတော်က တစ်ပတ်တစ်ခါ ဆံရိတ် ပါသည်။ မုတ်ဆိတ်ရိတ် သင်တုံးဓါးဖြင့် ရိတ်ရပါသည်။ ရိတ်ခါစက ကျွန်တော်၏ လက်တုန်မှု ၊ မကျွမ်းကျင်မှုကြောင့် ဓါးနည်းနည်း ရှပါသည်။ နောက်ပိုင်းတွင်မူ ပြေပြစ်စွာ ရိတ်နိုင်ပါသည်။

သင်္ကန်းလျှော်ရာတွင်မူ အများသုံး အဝတ်လျှော်ခန်းတွင်းရှိ လူတစ်ကိုယ်စာ ကြွေရည်သုတ် ဇလုံကြီး၌ တစ်ကျောင်းလုံးမှ အဝတ် အစားမျိုးစုံ စုလျှော်သဖြင့် မသတီသောကြောင့် သွားမလျှော်ပါ။

http://www.dhammadownload.com



ကျွန်တော့် အခန်းတွင်းရှိ မျက်နှာသစ် လက်ဆေးခွက်တွင်သာ သက်နိုး(?)ကို တစ်ပိုင်းစီနှစ်၍ ဆပ်ပြာမှုန့်ဖြင့် လျှော်ရပါသည်။

အနောက်ဆီမှ အဘိုးအဘွားတို့ဒုက္ခ

ညနေ ၄ နာရီခန့် တွင်မူ တရားစခန်း ပတ်ဝန်းကျင် ဒေသများသို့ ဆရာတော်နှင့် အတူ မှန်မှန် လမ်းလျှောက်ပါသည်။ တစ်ခါတစ်ရံ အနီးရှိ အိမ်ခြေငါးဆယ်ခန့် ရှိသော ရွာကလေးကို ဖြတ်၍ လျှောက်ပါသည်။ ရွာကလေးသာ ဆိုသော်လည်း ကိုယ်ပိုင်ဂေါက်ကွင်း၊ ကိုယ်ပိုင်မြင်းပြိုင်ကွင်း ရှိသော ရွာဖြစ်ပါသည်။ လမ်းလျှောက်တိုင်း ခွေးဆွဲ၍ လမ်းလျှောက်သော အဘိုးကြီး၊ အဘွားကြီးများ မကြာခဏ တွေ့ရပါသည်။ အချို့အဖွားကြီးများမှာ ခွေးများနှင့် စကားပြော၍ပင် လမ်းလျှောက်ကြပါသည်။ သူတို့ဆီတွင် အရွယ်ရောက်သည်နှင့် သားသမီးများက စွန့်ခွာသွားလေ့ ရှိကြ၍ ကျန်ရစ်သူ အဘိုးကြီး၊ အဘွားကြီးချင်း သိပ်ချစ်ကြသည့်အပြင် သားသမီးအစား ချစ်စရာ ခွေးမွေးထားရဟန် တူပါသည်။

ထိုသို့ ခွေးဆွဲ၍ လမ်းလျှောက်သူများ တွေ့တိုင်း ဆရာတော်က ''ဦးကြည်ဝင်းရေ၊ ဤလည်း တစ်ဒုက္ခပါလားနော်'' ဟု မိန့်လေ့ရှိပါသည်။ တစ်ခါတွင်မူ အဘွားကြီးတစ်ယောက် ခွေးနှစ်ကောင် ဆွဲလာသည်ကို တွေ့၍ ဆရာတော်က ''ဒီတစ်ခါတော့ နှစ်ဒုက္ခပါလားနော်'' ဟုမိန့်၍ သဘောကျ ရယ်မိပါသေးသည်။

http://www.dhammadownload.com



တစ်ခါတစ်ရံမှု ရွာဘက်သို့ မလျှောက်ဘဲ ပင်လယ်ကမ်းခြေဘက်သို့ လျှောက်ရပါသည်။ ကမ်းစပ်မှာ သဲကမ်းစပ် မဟုတ်ဘဲ ကျောက်စရစ်ကမ်းစပ် ဖြစ်ပါသည်။ တရားစခန်းမှ ၁၀ မိနစ်ခန့် တောလမ်းကို ဖြတ်လျှောက်ပါက ပင်လယ်ကမ်းခြေသို့ ရောက်ပါသည်။ လမ်းတွင် ယုန်ကလေးများ တွေ့ရတတ်ပါသည်။ ယုန်ဖြူပါမက ယုန်ညိုပါ တွေ့ရတတ်ပါသည်။ အမည်မသိ ငှက်ကလေးများလည်း တွေ့ရတတ်ပါသည်။ ပင်လယ်ရေအရောင်မှာ နည်းနည်းညစ်ပါသည်။ ခပ်လှမ်းလှမ်းတွင် သင်္ဘောသဏ္ဍာန်များ ရွေ့လျားနေသည်ကို ခပ်ပျပျ လှမ်းမြင်ရပါသည်။

အင်္ဂလန်တွင် ကျွန်တော်တို့သွားသောအချိန်က နွေရာသီဟုဆိုသော်လည်း မကြာခဏ မိုးရွာတတ်ပါသည်။ ရာသီဥတုကောင်းသော ညနေများတွင် အာလ်ဗာစတန်မြို့စပ်အထိ လျှောက်ပါသည်။ ၄၅ မိနစ်ခန့် လျှောက်ရပါသည်။ မြို့စပ်တွင် ကုက္ကိုင်းရေကူးကန်ခန့် ကျယ်ဝန်းသော ရေကူးကန် တစ်ခုရှိပါသည်။ မြို့သို့သွားရာ လမ်းဘေးတွင် ထူးထူးခြားခြား သုသာန်တစ်ခု ကိုလည်း လှပစွာ တွေ့ရှိရပါသည်။ သုသာန်နှင့် မတူအောင်ပင် မွမ်းမံပြင်ဆင်ထား၍ လှပစွာ တွေ့ရသည်ဟု ဆိုရခြင်း ဖြစ်ပါသည်။

ရေတပ်သားဘဝဖြင့် အမှုထမ်းဖူးသော ပုဂ္ဂိုလ်များချည်း စုဝေး၍ သင်္ဂြိုဟ်ထားသော သုသာန် ဖြစ်ပါသည်။ ထို့ကြောင့် သုသာန်

http://www.dhammadownload.com



အဝတွင် ကျောက်ဆူးတံဆိပ်ကြီးကို သစ်ရွက်ရောင်စုံဖြင့် လှပစွာ ပုံစံဖော်ထားပါသည်။ သက်ဆိုင်ရာ ဂူအသီးသီး၏ ခေါင်းရင်းတွင်လည်း ပန်းမျိုးစုံ စိုက်ထားသည်မှာ တစ်ဂူလျှင် တစ်မျိုးဖြင့် ပန်းမျိုးစုံ နေပါသည်။ ပန်းဥယျာဉ်များလား ဟု ထင်မှားရပါသည်။

တနင်္ဂနွေနေ့များ၌မူ လမ်းလျှောက်ရင်း ကောင်းကင်တွင် မီးနိုးရောင်စုံဖြင့် ပျံသန်းနေသော လေယာဉ်ပျံအုပ်စုများကို လှပစွာ တွေ့မြင်ရပါသည်။ တစ်ခါတစ်ရံ ၁၂ စင်းအထိ ပါဝင်ပါသည်။ မီးနိုးကို အစိမ်း ၊ အနီ ၊ အပြာ ၊ အဝါ စသည်ဖြင့် ရောင်စုံ လွှတ်ပြပါသည်။ သို့သော် ဤသို့ ပြပွဲလုပ်နိုင်ရန် နေသာသော တနင်္ဂနွေကို စောင့်ရပါသည်။ အင်္ဂလန်တွင် နေသာသောနေ့နှင့် ကြုံလာပါက အားလုံး ရွှင်လန်းနေကြပြီး လမ်းလျှောက်ရင်း တွေ့သူချင်း သိသိ မသိသိ " It's a fine day " ဒီနေ့ နေသာလိုက်တာဟု နှုတ်ဆက်လေ့ ရှိပါသည်။

ဖျော်ရည်မျိုးစုံ လမ်းလျှောက်ပြီး တရားစခန်း ပြန် အရောက်၌ ဆရာတော်ဘုရားအား ဖျော်ရည်တစ်ခုခု ကပ်ရပါသည်။ ပန်းသီးပေါသော နိုင်ငံဖြစ်၍ ကျွန်တော် တို့ဆီတွင် နာနတ်၊ ဖီးဖျော်ရည် အဆီပုလင်းများ ထုတ်သကဲ့သို့ ပန်းသီးဖျော်ရည်ဆီများ ထုတ်လုပ်ပါသည်။ အချဉ် နည်းနည်း ကဲသဖြင့် ဖျော်သောအခါ သကြားအနည်းငယ် ၊ ဆား အနည်းငယ်ထည့် ပေးရပါသည်။

http://www.dhammadownload.com



လိမ္မော်ရည်မှာ မြန်မာပြည်မှ အရသာကို မမှီပါ။ နောက်ပိုင်းတွင်မူ ကိုကာကိုလာ ၊ (7-Up) ပုလင်းများ ယောဂီများက လှူဒါန်းကြ၍ ဖျော်ရည်မျိုးစုံကို ကပ်နိုင်ပါသည်။

တရားပွဲ အပြီးတွင်လည်း ဆရာတော်အား ဖျော်ရည်ကပ်ရပါသည်။ ရောက်စကမူ ဆရာတော် တရားဟောစဉ် ကျွန်တော် ညစာ ဆင်းစားပါသည်။ ဘုန်းကြီးကျောင်းမှ ကိုရင်သီလရှင်များနှင့် အတူ ထမင်းစားခန်းအတွင်း ဆင်းစားပါသည်။ နောက်ပိုင်းတွင်မူ အရုဏ်က ကျန်သော ပေါင်မုန့် ၊ နေ့ဆွမ်းက ကျန်သော အာလူးမီးဖုတ်တို့ကို ယောဂီများ ထမင်းစားခန်း အတွင်းမှ ထောပတ် ၊ ယိုစသည်တို့ဖြင့်သာ စားပါသည်။ တစ်ခါတစ်ရံ ကော်ဖီဖျော်သောက်၍ တစ်ခါတစ်ရံ သစ်သီးဖျော်ရည်တစ်ခုခု သောက်ပါသည်။

ညစာကို ခပ်သုတ်သုတ် စားပြီးသည် နှင့် ရောဘတ်တို့ တည်းခိုရာ မြေအောက်ရှိ အခန်းသို့ ကလေးထိန်း သွားရပါသည်။ ရောဘတ်၏ ဇနီးဖြစ်သူမှာ ရက်ရှည်တရားစခန်း ဝင်နေရာ ရောဘတ်၏ ၂ နှစ် ၊ ၃ နှစ်နှင့် အခါလည်အရွယ်ကလေး သုံးယောက်ကို ထိန်းရန် အမေရိကန်မှ ရောဘတ်၏ မရီးဖြစ်သူ ဆူဇန် (Suzan) ရောက်နေပါသည်။ ဆူဇန်ကလည်း တရားနာလိုသဖြင့် တရားပွဲပြီးအောင် ကလေးသွားထိန်းပေးရ ပါသည်။

http://www.dhammadownload.com



တရားပွဲပြီးလျှင်မူ ဆရာတော်၏ အခန်း၌ တရားလာနာသော မြန်မာပရိတ်သတ် အချို့နှင့်အတူ စကားစမြည် ပြောကြပါသည်။ ညှော်သည်မရှိလျှင်လည်း ဆရာတော် နှင့် ကျွန်တော်တို့ နှစ်ဦးတည်း စကားပြောသည်မှာ တစ်ခါတစ်ရံ ၁၁ နာရီထိုးထိ ဖြစ်ပါသည်။

## တရားစခန်းနှင့် အနီးတစ်ဝိုက်မှ မိတ်ဆွေများ

ရောဘတ်တို့မိသားစု တရားစခန်းကို ဦးစီးဖွင့်လှစ်သူ ရောဘတ်တို့ မိသားစု အကြောင်းကို အနည်းငယ် တင်ပြလိုပါသည်။ ရောဘတ်သည် အင်္ဂလိပ်လူမျိုးဖြစ်၍ ဇနီးသည်မှာ အမေရိကန် လူမျိုးဖြစ်ပါသည်။ ယခင်နှစ်များကလည်း မဟာစည် ဆရာတော်ဘုရားကြီး ဦးစီးသော အင်္ဂလန်ပြည် တရားစခန်း များ၌ တရားအားထုတ်ခဲ့သူ ယောဂီဟောင်းများ ဖြစ်ကြပါသည်။ ရောဘတ်သည် မူလက ထရပ်ကားမောင်းသမား ဖြစ်ပါသည်။ သူတို့ နိုင်ငံတွင် လယ်သမားမှလွဲလျှင် ဘတ်စ်ကား ၊ ထရပ်ကား ၊ တက္ကစီကား မောင်းသူများမှာ ဝင်ငွေ အကောင်းဆုံး ဖြစ်ပါသည်။ ဆရာဝန်များပင် သူတို့လောက် ဝင်ငွေမကောင်းဟု သိရပါသည်။ ရောဘတ်၏ ဇနီးမှာ ကျွန်တော်တို့ ရောက်သည့်နေ့မှစ၍ ပြန်သည့် နေ့အထိ တရားဝင် နေသောကြောင့် ရင်းရင်းနှီးနှီး မဆက်ဆံခဲ့ရပါ။ တရားအားထုတ် ရာတွင်မူ အလွန် ဝီရိယစိုက်ပါသည်။ တစ်ခါတစ်ရံ သားအငယ်ဆုံး

http://www.dhammadownload.com



လေးအားချီ၍ ရောဘတ်က သွားပြသည့် တိုင်အောင် ပြုံးရုံသာ ပြုံးပြပါသည်။ စကားမပြောပါ။ ဘာလုပ်လုပ် ရှုမှတ်မှုလွတ်သည်ဟု မရှိပါ။

ရောဘတ်ကလည်း မည်မျှပင် အလုပ်များများ အရုဏ်တက်သည်မှ အရုဏ်စားချိန်အထိ နှစ်နာရီခန့် မှန်မှန်နေ့စဉ် တရားထိုင်ပါသည်။ တရားထိုင်ရာတွင်လည်း ပိတ်ဖြူ ထူထူအစကို သင်းပိုင်သဖွယ် ဝတ်၍သာ အမြဲထိုင်ပါသည်။ ဘောင်းဘီနှင့် မထိုင်ပါ။ ဆရာတော်ထံ လာတွေ့တိုင်းလည်း ထိုခြင်းငါးပါး ဖြင့်သာ ကန်တော့ပါသည်။ ကလေးများကိုလည်း ထိုသို့ ကန်တော့တတ်အောင် သင်ပေးထားပါသည်။

**ကံကောင်းသော ဒေါ်မြင့်မြင့်အေး**

တရားစခန်းသို့ စရောက်သည့်နေ့ ရောဘတ်က ညနေစာ စားသောက်လိုပါက စားသောက်နိုင်ရန် ထမင်းစားခန်း လိုက်ပြပါသည်။ ထမင်းစားခန်းတွင် တရုတ်မနှင့်တူသော အမျိုးသမီးတစ်ဦးကိုလှမ်းတွေ့လိုက်ပါသည်။ အောက်ပိုင်းတွင် ထဘီဝတ်ထားသော်လည်း အပေါ်ပိုင်းတွင် ဆွယ်တာကို ကြယ်သီးအကုန်တပ်ထားသောကြောင့် ဘာအင်္ကျီဝတ်ထားမှန်း မသိရပါ။ ထို့ကြောင့် မြန်မာလို မေးမကြည့်သေးဘဲ အင်္ဂလိပ်လို မြန်မာပြည်ကပါလား ခင်ဗျာဟု မေးကြည့်မိပါသည်။ ထိုအခါမှ သူကလည်း ဝမ်းသာအားရ မြန်မာလို

http://www.dhammadownload.com



ပြန်နှုတ်ဆက်ပါသည်။ နာမည်ကို မေးသောအခါ ဒေါ်မြင့်မြင့်အေး ဟု သိရပါသည်။

ဒေါ်မြင့်မြင့်အေးမှာ ဘီ၊ ပီ ၊ အိုင်မှ အမှုထမ်းတစ်ဦး ဖြစ်ပါသည်။ လေးလကြာမျှ ဗြိတိန်နိုင်ငံတွင် လေ့လာရေးရောက်နေသူ ဖြစ်ပါသည်။ သူ၏ပစ္စည်းအိတ်များ အားလုံး လေယာဉ်က ပြင်သစ်တွင် မှားချခဲ့သဖြင့် လန်ဒန်သို့ ရောက်သောအခါ ခေတ္တတည်းခိုရန် ဟိုတယ်သို့ လက်ကိုင်အိတ်ဖြင့်သာ လာခဲ့ရသည်ဟု ပြောပြပါသည်။ နောက်မှ လေယာဉ်ကုမ္ပဏီက စုံစမ်းပေး၍ လေးရက်ခန့်အကြာတွင် ပစ္စည်းများ ပြန်ရသည်ဟု သိရပါသည်။ လေယာဉ်ကုမ္ပဏီတိုင်းပင် ပစ္စည်းများ လေဆိပ်မှားချတတ်၍ ကျွန်တော်တို့ ခရီးစထွက်ကတည်းက သေတ္တာတိုင်းမှာ (London) ဟု စာလုံးကြီးကြီး ရေးထားရပါသည်။

ဒေါ်မြင့်မြင့်အေးသည် စက်ရုံများကို လှည့်၍ လေ့လာနေရာ ကျွန်တော်နှင့် တွေ့သောအချိန်က (Glaxo) စက်ရုံကို လေ့လာရန် ရောက်ရှိနေခြင်း ဖြစ်ပါသည်။ (Glaxo) ဟု ဆိုလျှင် မြန်မာပြည်၌ နို့မှုန့်ဟုသာ လူသိများသော်လည်း အခြားစားဆေး ၊ ထိုးဆေးများကိုလည်း ထုတ်လုပ်ပါသည်။

(Glaxo) စက်ရုံသည် တရားစခန်းမှ နာရီဝက်ခန့် လမ်းလျှောက်လျှင် ရောက်နိုင်သော အရပ်၌ ရှိပါသည်။ ထိုနေ့က

http://www.dhammadownload.com



ဒေါ်မြင့်မြင့်အေးက တရားစခန်းဖွင့်ရာ တိဗက် ဘုန်းကြီးကျောင်း၌ အခန်းငှားတည်းခိုရန် လာရောက်စုံစမ်းခြင်း ဖြစ်ပါသည်။ အဆင်ပြေ ချင်တော့ တရားစခန်းနှင့် ကပ်လျက်ခြံတွင် ထိုစက်ရုံမှ အရာရှိတစ်ဦး နေပါသည်။ ထို့ကြောင့် နေ့စဉ် ထိုအရာရှိကားကို ဘုန်းကြီးကျောင်း ရှေ့မှ စောင့်စီးခြင်းဖြင့် သွားရေးလာရေး အဆင်ပြေစေပါသည်။

မြန်မာသံယောဇဉ် သို့သော် ဒေါ်မြင့်မြင့်အေး အဖို့ ကားကြုံစီးရန်မလို၊ တည်းခိုခန်းခ ကုန်ကျရန် မလိုဘဲ ပိုမိုအဆင်ပြေရန် ဤသို့ဖန်တီးလာပါတော့သည်။ ဒေါ်မြင့်မြင့်အေးသည် လန်ဒန်မှ အာလ်ဗာစတန် သို့လာသည့်နေ့က ဘူတာတွင် 'ကေး' ဆိုသော အင်္ဂလိပ်အမျိုးသမီးကြီး တစ်ဦးနှင့် မိတ်ဆွေဖြစ်ကြပါသည်။ ကေး ၏ ပထမခင်ပွန်းမှာ စစ်မှုထမ်း တစ်ဦးဖြစ်ပြီး မြန်မာပြည်တွင် ဒုတိယကမ္ဘာစစ်အတွင်းက ၃ နှစ်ခန့် လာရောက်နေထိုင် သွားဘူးကြောင်း သိရပါသည်။ ယခု ထိုခင်ပွန်း ကွယ်လွန်ပြီဖြစ်၍ ဒုတိယအိမ်ထောင် ထူထားပါသည်။ ထို ပထမ ခင်ပွန်းသည် မြန်မာပြည်တွင် နေထိုင်ဖူးသည်ကို အကြောင်းပြု၍ ကေးသည် မြန်မာလူမျိုးများကို သံယောဇဉ်ဖြစ်ဟန် ရှိပါသည်။ ဒေါ်မြင့်မြင့်အေးကို အကြောင်းပြု၍ ကေးက ဆရာတော်ကိုပါ ဝင်ရောက် ဖူးတွေ့ပါသည်။ ဝပ်မချသော်လည်း ဆရာတော်ရှေ့တွင် မြန်မာမိန်းမထိုင် ထိုင်၍ စကားပြောပါသည်။ ကေး လာတိုင်းလည်း ကေး ၏

http://www.dhammadownload.com



သူငယ်ချင်း ဂ္ဂိုက်(စ်) ဆိုသူ အမျိုးသမီးကြီးတစ်ယောက် အမြဲပါလာပါသည်။ အဆင်ပြေသောနေ့များ၌ တရားဝင်နာတတ် ကြပါသည်။

သမီးတစ်ယောက် ကောက်ရ

ဒေါ်မြင့်မြင့်အေး ဘုန်းကြီးကျောင်းတွင် အခန်းငှားတည်းခိုရာ ငါးရက်ခန့် အကြာတွင် ကေးက သူတို့အိမ်တွင် တည်းရန် အတင်းခေါ်၍ ရွှေ့ပြောင်းနေရပါသည်။ အစားအသောက်ပါ တာဝန်ယူ ကျွေးမွေး ထားပါသည်။ ဒေါ်မြင့်မြင့်အေးသွားလိုရာကိုလည်း ကားဖြင့် လိုက်ပို့ပါသည်။ ထို့ကြောင့် ကံကောင်းသော ဒေါ်မြင့်မြင့်အေး ဟု ဆိုရခြင်း ဖြစ်ပါသည်။

နောင်တွင် ကေးနှင့် ဂ္ဂိုက်(စ်) ၂ ဦးစလုံး ကျွန်တော် နှင့်ပါခင်သွားပါသည်။ သူတို့အိမ်သို့ အလည်ခေါ်၍ ညစာကျွေးခြင်း၊ အမှတ်တရ လက်ဆောင်ပေးခြင်းများ ပြုကြပါသည်။ ကျွန်တော်ကလည်း မြန်မာပြည်မှ ယွန်းထည်ပစ္စည်းများ လက်ဆောင် ပြန်ပေးခဲ့ပါသည်။ "ကေး" နှင့် ပတ်သက်၍ ထူးထူးခြားခြား တစ်ခု တင်ပြလိုပါသေးသည်။ ကေး၏အိမ်တွင် ဖိနပ် အရံ သုံးလေးဆယ်ခန့် အရွယ်မျိုးစုံ ဝယ်ထားသည်ကို တွေ့ရပါသည်။ ဤသို့ ကြိုတင်ဝယ်ထားခြင်းဖြင့် ကေးက "ကျွန်မ အသက်ကြီးရင် ချမ်းသာမလား၊ ဆင်းရဲမလား မသိတော့ အခုဝယ်နိုင်တုန်း ဖိနပ်တွေ ဝယ်ထားပါတယ်၊ တစ်ခါဆိုရင် ကျွန်မပိန်သလား ၊ ဝမလား မသိနိုင်တာမို့ ပိန်ပိန်ဝဝ စီးလို့ရအောင် ဖိနပ်အရွယ်စုံ ဝယ်ထားတာပါဟု ရှင်းပြပါသည်။

http://www.dhammadownload.com



ဒေါက်တာမျိုးမင်း ဒေါ်မြင့်မြင့်အေး ကို အကြောင်းပြု၍ ဒေါ်မြင့်မြင့်အေးလိုပင် တောင်ငူ ဇာတိ၊ ဒေါက်တာမျိုးမင်း ဆိုသူနှင့် ခင်မင်ခဲ့ရပါသည်။ ဇနီးသည် မှာ မြန်မာပြည်တွင် ကျန်ခဲ့သေး၍ တစ်ကိုယ်တည်း ဖြစ်ပါသည်။ တရားစခန်းနှင့် အနီးအနား ဒေသများသို့ ဆရာတော်အား သူ၏ ကားနှင့် လိုက်ပို့ပေးပါသည်။

ကားပေါ်၌ အင်္ဂလန်တွင် ရောက်စက ကားလမ်းများ၍ မောင်းမိသောကြောင့် ခရီးကြန့်ကြာရပုံကို ပြောပြပါသည်။ အင်္ဂလန်တွင် ဌာနေများပင် ကားထဲမှာ မြေပုံထည့်၍ မောင်းရပါသည်။ မြေပုံကြည့်မောင်းသည့်ကြားကပင် လမ်းမှားတတ်ကြပါသည်။ မြို့ပြင်မှာထက် မြို့ကြီးများအတွင်းမှာ ပိုမှားလွယ်ပါသည်။ တစ်လမ်းမှားလျှင် တစ်ကွေ့ကြီး ပြန်မောင်းရပါသည်။ ဒေါက်တာမျိုးမင်း ရောက်စက အင်္ဂလိပ်တစ်ယောက် နှင့်အတူ လန်ဒန်သို့သွားရာ လန်ဒန်မြို့အဝသို့ နံနက် ၈ နာရီတွင် ရောက်သော်လည်း သွားလိုသောအိမ်သို့ နေ့လည် ၂ နာရီ မှ ရောက်ကြောင်း၊ အင်္ဂလိပ်ကိုယ်တိုင်ပင် လမ်းမှားကြောင်း ပြောပြပါသည်။

ထိုအကြောင်းကို ဒေါက်တာမျိုးမင်းက ပြောပြစဉ်က လန်ဒန်သို့ မျောက်ဖြူတစ်ကောင် နှင့် အတူသွားသည်ဟု ပြောရာ ဆရာတော်ရော ကျွန်တော်ပါ ရုတ်တရက် သဘောမပေါက်ကြပါ။ နောက်မှ

http://www.dhammadownload.com



အင်္ဂလိပ်များကို မျောက်ဖြူခေါ်ကြောင်း သိရပါသည်။ အင်္ဂလန်တွင် လမ်းများ ရှုပ်လွန်း၍ မြေပုံအမျိုးမျိုး ထုတ်ရောင်းကြပါသည်။ မြို့အလိုက်မြေပုံများ၊ ဒီစတြိတ်အလိုက် မြေပုံများကို လမ်းဘေးဆိုင်တိုင်းတွင် လွယ်လင့်တကူ ဝယ်ယူနိုင်ပါသည်။

**ဆင်မြူယယ်လ် စောနန္ဒာအောင်**

ဒေါ်လှလှကို အကြောင်းပြု၍ ဒေါက်တာ စောနန္ဒာအောင် တို့ မိသားစု နှင့်လည်း သိကျွမ်းရပါသည်။ ဒေါက်တာ စောနန္ဒာအောင် ၏ ခင်ပွန်း ဖြစ်သူ ဒေါက်တာ ဆင်မြူယယ်လ်မှာ ကချင်လူမျိုး ခရစ်ယာန်ဘာသာဝင် ဖြစ်ပါသည်။ သို့သော် ဒေါက်တာ စောနန္ဒာအောင်က တရားစခန်းသို့ မကြာခဏ ဆွမ်းလာကပ်တိုင်း သဘောထားကြီးစွာ ကူညီလုပ်အားပေးပါသည်။ နောက် ရင်းနှီးပြီး မှသိရသည်မှာ ဒေါက်တာစောနန္ဒာအောင် သည် ဆရာ ဦးစံသာအောင် (ကွယ်လွန်) ၏ တူမတော်သည် ဟု သိရပါသည်။

ထိုစဉ်က ဒေါက်တာ ဆင်မြူယယ်လ် တို့ မိသားစုတွင် ငါးနှစ်ရွယ် သမီးကလေး တစ်ယောက်သာ ရှိပါသေးသည်။ သမီးလေးသည် အဖေပြောသော ကချင်စကား၊ အမေပြောသော ရခိုင်စကား နှင့် အင်္ဂလိပ်စကား သုံးမျိုးရော၍ စကားပြောသောကြောင့် ကလေး၏ အသံထွက်မှာ တစ်မျိုးဖြစ်နေပါသည်။ တစ်ခါတစ်ရံ မိခင်ဖြစ်သူ

http://www.dhammadownload.com



တရားနာလာခိုက် ကျွန်တော်နှင့်နေခဲ့စဉ် ကျွန်တော်ပြောသော မြန်မာစကား အချို့ကို နားမလည်ပါ။ ဥပမာ ပြတင်းပေါက်ဟု ကျွန်တော်က ပြောလျှင် ပြတင်းပေါက်ဆိုတာ ဘာလဲ (What's Pyadin Bauk) ဟု ဘိုသံနှင့် ပြန်မေးတတ်ပါသည်။

တစ်နေ့တွင် ဒေါက်တာဆင်မြူယယ်လ်တို့ မိသားစုက သူတို့နေရာ ဘာရိုးအင်ဘန်းနက်စ်မြို့သို့ ဆရာတော်ကို ပင့်သွားပါသည်။ တရားစခန်းမှ နာရီဝက်ခန့် ကားမောင်းရပါသည်။ သူတို့အိမ်မှာ ဆေးရုံကပေးထားသော အိမ်ဖြစ်ပါသည်။ မီးဖိုခန်း ၊ ထမင်းစားခန်း ဖြတ်ပြီးမှ ဧည့်ခန်းသို့ ရောက်ပါသည်။ ရန်ကုန်မှ ကျွန်တော်နေသော အိမ်ခန်းနှင့် ဖွဲ့စည်းပုံ ဆင်၍ အိမ်ကို သတိရမိပါသည်။ ဆေးရုံနှင့် အိမ်မှာ လမ်းသာခြားပါသည်။

ကျွန်တော်က ဒေါက်တာဆင်မြူယယ်လ်အား ဆရာတို့ ဒီမှာ လူနာတွေဆီက လက်ဆောင်တွေ မြန်မာပြည်မှာလိုပဲ သိပ်ရမှာပေါ့ ဟုပြောရာ သူကရယ်၍ ဒီမှာလူနာတွေက သာမာန်ဆရာဝန်များ ကို ဂရုမစိုက်ကြောင်း ၊ (Ward Incharge) ဆရာဝန်လောက်သာ ဂရုစိုက်ကြောင်း၊ ထို့ကြောင့် မြန်မာပြည်မှာလို လူနာများကို နာမည်ပါ သိ၍ ခင်မင်ရင်းနှီးမှု သိပ်မရှိကြောင်း၊ လူနာများကို ရောဂါနှင့်သာ တွဲ၍ ရောဂါနာမည်ကို လူနာမည်လုပ်ပြီး တိုက်ဖိုက်၊ ဂွန်းအစ်စသည် ဖြင့် မှတ်သားကြောင်း ပြောပြပါသည်။

http://www.dhammadownload.com



ဒေါက်တာဆင်မြူယယ်လ်တို့က အိမ်ကိုပင့်ရင်း ဆရာတော်ကို လမ်းတွင် အိုင်းရစ် ပင်လယ်ကမ်းခြေ ကို ပို့ပေးပါသည်။ ပင်လယ်ကမ်းခြေ လှပသော မြင်ကွင်းများ တဝကြီး ကြည့်ရပါသည်။ ဓါတ်ပုံလည်း ရိုက်ပါသည်။

ဒေါက်တာဆင်မြူယယ်လ်မှာ ကြေးစားဓါတ်ပုံ သမားတစ်ဦးကဲ့သို့ ဓါတ်ပုံရိုက်ကျွမ်းကျင်သူ ဖြစ်ပါသည်။ အပြန်တွင် (Asdas) အမည်ရှိ ကုန်တိုက်ငယ်တစ်ခုသို့ ဝင်ကြပါသည်။ နံရံကပ်စင်ကျူမှ အစပြု၍ အကျီအမျိုးမျိုး ၊ အသီးအနှံ အမျိုးမျိုး ရောင်းချသော ဆိုင်ဖြစ်ပါသည်။ သားစိမ်း ၊ ငါးစိမ်းလည်း ရပါသည်။

**သူတို့ဆီက သားငါး** ဈေးဆိုင်ကို လှည့်ကြည့်ရင်း ရောင်းသူနှင့် ဝယ်သူတစ်ဦး ပြောနေသော စကားတစ်စွန်းတစ်စ ကြားခဲ့ရသည်မှာ ဤသို့ဖြစ်ပါသည်။ ဝယ်သူက ကြက်သား အသားချည်းသာ ဝယ်လို၍ အသင့်စက္ကူပါးဖြင့် ထုပ်ထားသော အထုပ်များရွေးနေရာ ရောင်းသူက အထုပ်များ ရွေးနေရာ ရောင်းသူက အထုပ်တစ်ထုပ်ယူလာပြီး ''ဒီအထုပ်ကို ယူပါလား၊ ခင်ဗျားကံကောင်းလို့ရတာ ၊ ဒါအအေးခန်းထဲ ထည့်ထားတာ သုံးပတ်ပဲ ရှိသေးတယ်'' ဟု ပြောပါသည်၊ ဈေးရောင်းသူ၏ ဆိုလိုရင်းမှာ သုံးပတ်သာ ရေခဲစိမ်ရသေးသော ကြက်သားရသည်မှာ သိပ်

http://www.dhammadownload.com



လတ်ဆတ်နေသည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။ သူတို့တွင် မြန်မာပြည် လို လတ်ဆတ်သော အသားငါး ရခဲသည်။ သားငါးကို သိုလှောင် ထားကြသည်က များပါသည်။

ထို့ကြောင့် သူတို့ဆီတွင် ဘာမဆို အလွယ်တကူ ရသည်မှာ မှန်သော်လည်း အရသာ သိပ်မရှိလှပါ။ သူတို့ဆီ ကြက်သားကို ဆရာတော်က စက္ကူဖတ် ဝါးရသလိုပဲဟု ဆိုပါသည်။ မှန်ပါသည်။ ကင်စားလျှင် နည်းနည်း သင့်သော်လည်း ချက်စား၍ မကောင်းပါ။ မြန်မာမိသားစု အချို့ကမူ မြန်မာ့နည်း မြန်မာဟန်ဖြင့် ကြက်သား အစိမ်းအား ခက်ရင်းနှင့် ပေါက်ပြီးနောက် ငံပြာရည်စိမ်၍ ထားပြီးမှ ချက်စားသည်။

ငံပြာရည်ဟုဆို၍ မြန်မာပြည်က ပို့ပေးရသည် မဟုတ်ပါ။ အင်္ဂလန်တွင် ငံပြာရည် ဝယ်၍ရပါသည်။ မန်ကျည်းသီးကို လည်း သီဟိုဠ်နှင့် အိန္ဒိယလူမျိုး များများနေသောမြို့များတွင် ဝယ်၍ ရပါသည်။ ကွမ်းရွက်နှင့် ကွမ်းသီးပင် ရပါသည်။ ကျွန်တော်မေးကြည့် မိသလောက် လက်ဖက်အစိုမှ လွဲ၍ အကုန်လိုလို ဝယ်လို့ရပါသည်။ ပုဇွန်ငါးပိပင် အမှုန့်အခြောက် ဝယ်လို့ရသည်ဟု သိရပါသည်။

မထင်ဘဲရှားနေသော ပစ္စည်းမှာ ဘဲဥဖြစ်ပါသည်။ သူတို့နိုင်ငံ တွင် ကြက်သားသာ အစားများ၍ ဘဲသား သိပ်မစားကြပါ။ ထို့ကြောင့်

http://www.dhammadownload.com



လည်း ဘဲဥရှားခြင်း ဖြစ်ပါသည်။ ဆိုင်ပေါ်တွင် တင်ရောင်းသည်ဟု သိပ်မရှိပါ။ ဝယ်လိုပါက ဘဲမွေးမြူသော ခြံများတွင် တိုက်ရိုက် သွားဝယ်ရပါသည်။

လန်ကစ္စတာ ဆွမ်းကျွေးပွဲ ဆရာတော်ကို ပင့်သော မိသားစုများ တွင် လန်ကစ္စတာမှ ဆရာဝန် မိသားစုလည်း ပါဝင်ပါသည်။ လန်ကစ္စတာတွင် ဒေါက်တာ သန်းမောင်ရင် နှင့် ဒေါက်တာ တင်မောင်မြင့်တို့ ရှိပါသည်။ တရားစခန်းမှ လန်ကစ္စတာသို့ တစ်နာရီခန့် ကားစီးရပါသည်။ ဒေါက်တာ သန်းမောင်ရင်တို့ အိမ်တွင် ဘုရားအနေကဇာတင်ရန် တစ်နေ့တွင် ဆရာတော်ကို ပင့်ပါသည်။ ဆရာတော်အား ဆွမ်းကပ်ရာဝယ် မုံလာဥချဉ်ရည်ဟင်းဖြင့် ကပ်ပါသည်။ မြန်မာဟင်းစစ်စစ်နှင့် ဝေးနေသော ဆရာတော်အဖို့ တော်တော်ပင် ဘုဉ်းပေးနိုင်ပါသည်။ သူတို့ဆီမှာ မုံလာဥ ခပ်လတ်လတ်အရွယ်တစ်လုံးကို ပေါင်ဝက် (မြန်မာငွေ နှင့် ၇ ကျပ်ခွဲ) ခန့်ကျပါသည်။ ကြော်စားသော မုံလာဥနီများမှာမူ ပေါပါသည်။

လန်ကစ္စတာမြို့မှ ဆရာဝန် နှစ်ဦးစလုံးပင် တော်တော်ကျယ်ဝန်းသော ဆေးရုံမှပေးထားသည့် အိမ်များကို ရထားကြပါသည်။ ဆရာတော်ကို ဆွမ်းကပ်သည့်နေ့က အနီးအနား မြို့များ မှ မြန်မာဆရာဝန် မိသားစု တော်တော်များများလည်း လာကြပါသည်။

http://www.dhammadownload.com



ပါသည်။ လူပရိတ်သတ်များအား အုန်းနို့ခေါက်ဆွဲကျွေးပါသည်။

ဆွမ်းဘုန်းပေးပြီးသောအခါ ဆရာတော်က အနုမောဒနာတရား ဟောပါသည်။ လူပရိတ်သတ် နှစ်ဆယ်ခန့် ရှိပါသည်။ အင်္ဂလန် ရောက်ပြီး တရားဟောသော တရားပွဲများအနက် မြန်မာပရိတ်သတ် အများဆုံးသော တရားပွဲဖြစ်ပါသည်။ ဩကာသ ကန်တော့သံ မြိုင်မြိုင်ဖြင့် ရှိခိုးသံ မကြားရသည်မှာ ကြာပြီဖြစ်သော ကျွန်တော့်အဖို့ ကြက်သီးထအောင်ပင် ဝမ်းသာကြည်နူးမိပါသည်။

## ဘလက်ပူးမြို့ နွေရာသီ ပျော်ပွဲရွှင်ပွဲ

**ဘလက်ပူး ပျော်ပွဲရွှင်ပွဲ** တရားပွဲအပြီးတွင် နွေရာသီပွဲလမ်းများ၊ ကျင်းပရာ ဘလက်ပူးမြို့ (Black Pool) သို့ လိုက်ပို့ပါသည်။ လမ်းမတော် တန်ဆောင်တိုင် ဆန်ဆန်ပင် ဖြစ်ပါသည်။ မီးရောင်စုံကို အရုပ်မျိုးစုံဖော်၍ ငါးပုံ၊ လိပ်ပြာပုံ စသည်များ ထွန်းညှိပါသည်။ ကျွန်တော်တို့က နေ့ခင်းသွား၍ မီးထွန်းမထားပါ။ ကမ်းခြေတစ်လျှောက် လှိုင်းပုတ်သံများ ညံနေပါသည်။ အင်္ဂလန်နွေရာသီ ထုံးစံအတိုင်း မိုးကလေးတဖွဲဖွဲ ရွာနေပါသည်။ အပျော်စီးလှေလည်း ရှိပါသည်။ ချောင်းဖောက်ထားပြီး ကမ်းဘေးတစ်လျှောက် လူရိုင်းရွာများ တည်ဆောက်ထားပါသည်။ လူရိုင်းအဝတ်အစား ဝတ်ဆင်သူများက ရုပ်သေ ရုပ်ရှင် သရုပ်ဆောင်နေကြပါသည်။

http://www.dhammadownload.com



တစ်နေရာတွင်မူ အလျား ၁၀၀ ပေ၊ အနံ ၇၅ ပေခန့်ရှိ ရေမရှိသော ကန်အတွင်း ဖော့လှေများ စီးနေကြပါသည်။ ဖော့လှေများမှာ ဘယ်လူးညာလိမ့်လျင်မြန်စွာ အလိုအလျောက် လိမ့်နေပါသည်။ ကွန်ပျူတာခလုတ်ဖြင့် ထိန်းထားဟန်တူပါသည်။ စီးသူများမှာ ကြောက်၍ အော်ဟစ်နေကြပါသည်။

**ရင်ခုန်ခြင်းကို ဝယ်ယူသူများ** ထို့ထက်ဆိုးသည်မှာ မိုးပျံရထား (Roller Coaster) ပင် ဖြစ်ပါသည်။ ထို အမိုးမပါ သံလမ်းပေါ်သွားသော ရထားကို စီးပါက စီးသူကို သံခါးပတ် အသေပတ်ထားပေးပါသည်။ ကိုယ်တိုင် ဖြုတ်၍မရပါ။ ရထားရပ်မှ သက်ဆိုင်ရာ ခလုတ်ဖွင့်ပေးပြီးမှ ခါးပတ်ဖြုတ်ရပါသည်။ ရထားမှာ သံလမ်းပေါ် သွားသော်လည်း ဘေးတိုက် သွားလိုက်၊ ဇောက်ထိုး သွားလိုက် ဖြစ်ပါသည်။ ဇောက်ထိုးသွားသောအလှည့် တွင် အော်လိုက်ကြသည် မှာ ဆူညံနေပါတော့သည်။ တစ်ခါစီးလျှင် ၂ ပေါင်ပေးရ ပါသည်။ ပိုက်ဆံပေး၍ ရင်ခုန်လိုသူများ ဖြစ်ကြဟန်တူပါသည်။ မြန်မာပြည်မှ ရဟတ်များကို သတိရဖွယ် ဖြစ်ပါသည်။ ရဟတ်များလည်း ရှိပါသည်။ သို့သော် စက်လှည့်ဖြစ်ပါသည်။ လက်လှည့်မဟုတ်ပါ။

ပြပွဲအတွင်း ထူးထူးခြားခြား အရုပ်ကြီး တစ်ရုပ်လည်း ရှိပါသေးသည်။ လူအရွယ်အတိုင်း လုပ်ထားပြီး ဆက်ကာပ်ထဲမှ ဝတ်

http://www.dhammadownload.com



စုံဖြင့် လူအရုပ်ကြီးတစ်ရုပ်ကို မှန်ဘီရိုအတွင်း ထည့်ထားပါသည်။ ဘေးပေါက်မှ အင်္ဂလိပ်ငွေ ၂၅ ပြား (မြန်မာငွေ ၃ကျပ်၊ ၅၀ ပြားခန့်) ထည့်ပါက အရုပ်ကြီးက မနားတမ်း ၃ မိနစ်ခန့် ခေါင်းများပါ လှုပ်ရမ်း၍ အားရပါးရ ရယ်ပြပါသည်။ ကြားရသူတိုင်း ရယ်ချင်စိတ်ပေါ်အောင် ရယ်နည်းမျိုးဖြင့် ရယ်ပြပါသည်။ ထိုအရုပ်သေတ္တာတွင်လည်း အကြွေ ၂၅ ပြားထည့်သူ မပြတ်၍ ရယ်သံဆိတ်သည်ဟူ၍ မရှိပါ။ ကြံကြံ ဖန်ဖန် ပိုက်ဆံရအောင် လုပ်ထားခြင်းဖြစ်ပါသည်။

အင်္ဂလန်နိုင်ငံတွင် ယင်းဘလက်ပူးမြို့ ပျော်ရွှင်ပွဲသည် နာမည်ကျော်ဖြစ်ပါသည်။ ကျွန်တော်တို့ဆီမှာ နွေရာသီတွင် မန္တလေးသင်္ကြန် နာမည်ကြီး၍ တစ်ပြည်လုံး အရပ်ရပ်မှ လာလည်ကြသလို ထိုအချိန်တွင် အင်္ဂလန်အရပ်ရပ်မှ ဘလက်ပူးသို့လာစုကြပါသည်။ ပိုက်ဆံတတ်နိုင်သူ များက ရထားဖြင့် လန်ကစ္စတာထိလာပြီး ဟိုတယ် တွင် တည်းခို ကြပါသည်။ မတတ်နိုင်သူများက ကိုယ်ပိုင်ကားနှင့် ကားနောက်၌ အိမ်ငယ်ပါတွဲချိတ်လာကြပါသည်။ မြေကွက်လပ်ကျယ်ကျယ်တစ်ခု၌ တည်းခိုကြပြီး ကားရပ်ထားခသာ ပေးရပါသည်။ ကားနောက်တွဲအိမ်ထဲတွင် ချက်ပြုတ်နိုင်၍ စားစရိတ်လည်း သက်သာပါသည်။

ကန်သာယာ တချို့ကမူ အေးအေးဆေးဆေး အနားယူနိုင်သောဝင်ဒါမီယာကန်(Windermere lake) ဘက်သို့သွားကြ ပါသည်။ ဝင်ဒါမီယာကန်ကိုလည်း ဒေါက်တာမျိုးမင်း

http://www.dhammadownload.com



ပို့ပေး၍ ရောက်ခဲ့ပါသည်။ ဝင်ဒါမီယာကန်မှာ အလျား ၁၅ မိုင်ခန့် ရှည်သော ကန်တစ်ကန်ပင် ဖြစ်ပြီး အင်္ဂလန်နိုင်ငံတွင် နေရောင် အရဆုံးသော ဒေသဟု သတ်မှတ်ထားကြပါသည်။ ကျွန်တော်တို့ဆီ တွင် နေရောင်ခြည် ပြာလက်နေသော မြစ်အတွင်း ရေယာဉ်စီးခြင်းမှာ သန်လျင်ဘက်မှ ပြည်သူများအဖို့ နေ့စဉ်စီးနေရသော ကိစ္စဖြစ်ပါ သည်။ သူတို့ ဆီမှာမူ နေရောင်ရှားသော နိုင်ငံဖြစ်၍ နေရောင် တစ်လက်လက် တောက်ပနေသော ရေပြင်ကို အရသာခံ ကြည့်ရန် တကူးတက လာ ကြပါသည်။ နာရီဝက်ခန့် သင်္ဘော တစ်ပတ်စီးကြရာ တစ်ယောက် လျှင် သင်္ဘောစီးခ တစ်ပေါင် ပေးရပါ သည်။ နာရီ ဝက်ခန့် မြစ်တွင် လှည့်လည်စီးရပါသည်။ ရန်ကုန်–သန်လျင် သီတာ စီးရသည်ကို သတိရမိပါသည်။ သုံးထပ်သင်္ဘောဖြစ် ပြီး အပေါ်ဆုံးတွင် အမိုးမပါပါ။ မြို့ထဲတွင်မူ ရန်ကုန်သင်္ကြန်ဆန်ဆန် လူပို့၊ အပို့ ရွယ်များ တစ်ဦးနှင့် တစ်ဦး နောက်ပြောင် နေကြသည်ကို တွေ့ရပါသည်။ နှုတ်သာမ ကာ၊လက်ပါပါသည်ကို စိတ်ညစ်တတ် သူများ စိတ်ညစ် ဖွယ်ရာ တွေ့ ရပါသည်။

## အင်္ဂလန်မှ မြန်မာဆရာဝန်များ

| | |
|---|---|
| မြန်မာဆရာဝန်တို့ အခြေအနေ | တရားစခန်းနှင့် အနီးအနားပတ်ဝန်းကျင် မြို့ များတွင် မြန်မာဆရာဝန် ငါးဦးခန့်ရှိ ပြီး အင်္ဂလန် တစ်ပြည်လုံးတွင် မြန်မာ ဆရာဝန် |

http://www.dhammadownload.com



သုံးရာကျော်ရောက် နေသည်ဟုသိရပါသည်။ အချို့ဖနီးဆရာဝန် ခင်ပွန်းဆရာဝန် စုံတွဲများမှာရရာ ဆေးရုံ ဝင်လုပ်ရ၍ တစ်ဦးနှင့်တစ်ဦး မြို့ အဝေးကြီးခြား၍ နေကြရပါသည်။ တစ်ပတ် တစ်ခါ စနေ၊ တနင်္ဂနွေသာ ဆုံကြပြီး ဆုံရာတွင်လည်း အချိန်ကုန် သက်သာအောင် ကြားမြို့တစ် မြို့တွင် လာဆုံရပါသည်။ ရန်ကုန်မှာ အလုပ်လုပ်သော ခင်ပွန်း သည် မန္တလေးမှာ အလုပ်လုပ်သော ဇနီးတို့ကြားမြို့ တောင်ငူမှာ လာဆုံ ရသည့် သဘောမျိုး ဖြစ်ပါသည်။ အင်္ဂလန် တွင် အလုပ်ရှား၍ ရသလိုလုပ်ကြရခြင်း ဖြစ်ပါသည်။

တစ်ခုဆိုးသည်မှာ ဆရာဝန်များကို အလုပ်ခန့်ရာတွင် တစ်နှစ် စာချုပ်ဖြင့်သာငှား၍ တစ်နှစ်ပြည့်လျှင် လက်ရှိလုပ်နေသော ဆေးရုံက ဆက်မခန့်ပါက ဆေးရုံသစ် ပြောင်းလျှောက်ရ ပါသည်။ သိရသ လောက် လက်ရှိဆေးရုံပြန်ရသူက နည်းပါသည်။ အလုပ်လျှောက်ရာ ၌ မျက်နှာဖြူများနှင့် ပြိုင်လျှောက်ရ လျှင် အလုပ်ရဖို့မလွယ်ကြောင်း သိရပါသည်။ (Interview) တွင် ကိုယ်က မည်မျှဖြေနိုင်စေကာမူ အလုပ်မပေးကြောင်း သိရပါ သည်။ ထို့ကြောင့် တစ်နှစ်ပြည့်၍ ဆေးရုံ သစ်မှာ အလုပ်သစ် မရမီအတွင်း ထိုင်စားနေရတဲ့အတွက် စုဆောင်း ထားသော ငွေတဖြည်းဖြည်း လျော့သွားကြောင်း ဆရာဝန်တစ်ချို့က ငြီးကြပါသည်။

သာမန် ဆရာဝန်တစ်ဦးအဖို့ မိမိအထက်မှ ဆရာဝန်ကြီး

http://www.dhammadownload.com



(Consultant) ကျေနပ်မှ အလုပ်ဆက်ခန့်ခံရပါသည်။ မခံချင်ဖွယ်ကြားခဲ့ရသေးသည်မှာ မြန်မာဆရာဝန်ငယ်တစ်ဦးက (Consulatnat) မျက်နှာဖြူ တစ်ယောက်အား အလုပ်ဆက်ရ ရေးအတွက် ပစ္စည်းများဖြင့် ကန်တော့သည်ဟူသော သတင်းပင် ဖြစ်ပါသည်။ အင်္ဂလန် ရောက်နေသော မြန်မာဆရာဝန်များက ထိုမြန်မာဆရာဝန် အတွက် ရှက်မိကြောင်း ပြောပြကြပါသည်။ တစ်ဆင့်စကားကြားရသူ ကျွန်တော်ပင် မခံချင်စိတ်ဖြစ်ရပါ သည်။

ထိုသို့ မီးစင်ကြည့် ကနေရသော ဆရာဝန်များ ရှိသလို အောင်မြင်နေသော မြန်မာဆရာဝန် အချို့လည်းရှိပါသည်။ တချို့မှာ သက်ဆိုင်ရာ ဆေးရုံက ကြိုက်လွန်း၍ ပြန်ပြန်အရွေးခံရ ပါသည်။ မျက်နှာဖြူများကိုပင် ကျော်၍ခန့်ထားပါသည်။ ဂုဏ်ယူဖွယ်ပင်ဖြစ်ပါသည်။

## စကော့တလန်သို့

**တရားစခန်းအပြီး** ဆရာတော်ဘုရားနှင့် ကျွန်တော်တို့သည် ၁၉၈၁ ခုနှစ်၊ ဂျူလိုင်လ ၆-ရက်နေ့မှာ မဠ္ဌူသီရိ တရားစခန်းသို့ ရောက်၍တရားလုပ်ငန်း ဆောင်ရွက်ခဲ့ကြပါသည်။ ယခု တရားစခန်းအပြီးသတ်ပြီဖြစ်လို့ ဂျူလိုင်လ ၂၆ ရက်နေ့တွင် ပြန်လည်ထွက်ခွာရန် ပြင်ဆင်ကြပါသည်။ နံနက် ၈ နာရီတွင် ဆရာတော်က ယောဂီများ အားလုံးကို နှုတ်ဆက် ဩဝါဒ

http://www.dhammadownload.com



စကားပြောကြားပါသည်။ ထို့နောက် ဘုန်းကြီးကျောင်းရှေ့ မြက်ခင်းပြင်တွင် အမှတ်တရ စုပေါင်း ဓာတ်ပုံ ရိုက်ကြပါသည်။ ဆရာတော်ဘုရား၏ နဝကမ္မအား ယောဂီများ စုပေါင်းလှူဒါန်းသော ဝတ္ထုကို ယောဂီများကိုယ်စား ရောဘတ်က ကျွန်တော့်အားအပ်နှံပါသည်။ ထို့နောက် ကျွန်တော့်အတွက် ယောဂီများစုပေါင်းလက်ဆောင်ပေးသော အိတ်ဆောင် ကွပ်(ဇ်) နာရီကို ယောဂီများကိုယ်စား ရောဘတ်က ကျွန်တော့်အား ပေးပါသည်။

မဥ္ဇူသီရိ ကျောင်းတော်ကြီးကို ခပ်လှမ်းလှမ်း လမ်းပေါ်မှ နေ၍ ဓာတ်ပုံသည်းရိုက် ၊ ရုပ်ရှင်လည်းရိုက်ကြပါသည်။ လမ်းပေါ်မှာ ရပ်လျက် မဥ္ဇူသီရိ အဆောက်အအုံကြီးကို တစိမ့်စိမ့် ကြည့်နေမိပါသည်။ ကြီးမားခန့်ညား ထည်ဝါလှသော မဥ္ဇူသီရိ ကား သူ့ကို ခွဲခွာသွားကြတော့ မည်ကို သိနေသည့်အလား မလှုပ်မယှက် ပကတိငြိမ်သက်လျက်။ ရက်ပေါင်း ၂၀ ခန့်သာ ရင်းနှီးပျော်ရွှင်စွာ အတူတကွတရားဓမ္မအလုပ်ကို လုပ်ဆောင်ခဲ့ကြသော ကျွန်တော်တို့တစ်တွေမှာလည်း ခွဲခွာကြရတော့မည်ဟု ဆိုသော အသိကြောင့် မချိသည့်စိတ်ကို မျိုးသိပ်ကာ မစိုပြည်သော အပြုံးပန်းများ ကို မလှတပ ဆင်မြန်းထားရသည်မှာ ပင်ပန်းလှပါဘိသည်။ ဩော် .... တွေကြုံဆုံကွဲ ဖြစ်မြဲဓမ္မတာပါတကား။

http://www.dhammadownload.com



**ဒေါက်တာ တိဇွေရ** တရားစခန်းမှ နံနက် ၁၀ နာရီအချိန် တွင် စတင်ထွက်ခွာ လာပါသည်။ သီဟိုဠ်သား ဆရာဝန်ယောဂီဒေါက်တာ တိဇွေရ၏ ကား နှင့် ဖြစ်ပါသည်။ ဒေါက်တာတိဇွေရက ကားမောင်းပြီး ဆရာတော်က ကားရှေ့ခန်းမှ ထိုင်၍ ကျွန်တော်နှင့် ကားကြုံစီး သော အိုင်းရစ်ရှ် လူမျိုး ယောဂီတစ်ဦးက နောက်မှ လိုက်ပါသည်။ လန်ဒန်သို့ မပြန်မီ စကော့တလန် ဘက်သို့ ခရီးဆက်ရန် မြောက်ဘက်သို့ ဦးတည် ထွက်ခဲ့ကြပါသည်။

နံနက် ၁၁ နာရီခွဲခန့်တွင် ဆရာတော်အား နေ့ဆွမ်းကပ်ရန် စားသောက်ဆိုင် တစ်ခု၌ ခေတ္တနားကြပါသည်။ စားသောက်ဆိုင် မရောက်မီ ၃ မိုင်ခန့်အလို၌ ရှေ့တွင် စားသောက်ဆိုင်ရှိကြောင်း ဆိုင်းဘုတ်များစတင်တွေ့နေရပါသည်။ စာဖြင့် မဟုတ်ဘဲ အရုပ်ဖြင့် ဖော်ပြထားပါသည်။ ဇွန်း၊ ခက်ရင်းပုံဆွဲထားလျှင် ထမင်း အစား အသောက်ရောင်းသောဆိုင် ရှိသည်ဟုရည်ညွှန်းပါ သည်။ ခုတင်ပေါ် လူအိပ်နေပုံ ဆွဲထားပါက ညအိပ် တည်းခိုနိုင်ကြောင်း ရည်ညွှန်း ပါသည်။ တွန်းလှည်းပေါ်တွင် လူတစ်ဦး ထိုင်နေသည့်ပုံ တွေ့ရလျှင် ဤဆိုင်တွင် မသန်မစွမ်းပုဂ္ဂိုလ်များ အတွက်ပါ အထူးစီစဉ်ထား ကြောင်းရည်ညွှန်းပါသည်။

ကျွန်တော်တို့ဝင်နားသော စားသောက်ဆိုင်မှာ တစ်ပြိုင်တည်း

http://www.dhammadownload.com



လူ ၄၀၀ ခန့်စားနိုင်အောင် ခုံများခင်းထားပါသည်။ ပန်းကန်နှင့် ဇွန်း၊ ခက်ရင်း ကိုယ့်ဘာသာ ကိုယ်ယူ၍ စားဖွယ် သောက်ဖွယ်များ တင်ထားရာ စားပွဲများအရှေ့တွင် တစ်ဦးစီ ဟင်းထည့်ရပါသည်။ နေ့လယ်စာ တစ်ပွဲတွင် ပေါင်မုန့်ရွယ် ရွယ်တစ်လုံး၊ ထောပတ်၊ ယို၊ သိုးသား သို့မဟုတ် ဝက်သား နှစ်သက်ရာ ခပ်ကြီးကြီး တစ်တုံး၊ ဗိုလ်စားပဲစေ့ပြုတ် လက်တစ်ဆုပ်ခန့်၊ လိမ္မော်ရည်ခွက် ဝက်ခန့်ပါဝင်ပါသည်။ လက်ဖက်ရည် နှင့် ကော်ဖီနှစ်သက်ရာ တောင်းယူနိုင်ပါသည်။ အချိုပွဲအဖြစ် ရေခဲမုန့်၊ ဆပ်ပြာတုံးအရွယ် ကိတ်တစ်လုံး ဖြစ်ပါသည်။ ဆရာတော်ဘုရားအဖို့ နေ့ဆွမ်းအဖြစ် ဘုဉ်းပေးရခြင်းဖြစ် ပါသည်။

**မတူသောထုံးစံကြောင့် မျက်နှာပူရ**

ဒေါက်တာတိန္ဒေရက သူ့အတွက် သာမက ဆရာတော်နှင့် ကျွန်တော့်အတွက်ပါ ကျသင့်ငွေကို ရှင်းပေးပါသည်။ အိုင်းရစ်ယောဂီ အတွက်မူ သူဘာသာ ရှင်းရပါသည်။ သူတို့ဆီက ထုံးစံအတိုင်း ပင်ဖြစ်ပါလိမ့်မည်။ ကျွန်တော်ကတော့ ကြားကမျက်နှာပူနေပါသည်။လေးယောက်လာတာ တစ်ယောက် စာချန်ပေးရသည့်အဖြစ်ကို ဘဝင်မကျမိပါ။ ကျွန်တော်က လေး ယောက်စလုံးအတွက်ပေးလိုသော်လည်း ဒေါက်တာက ဆရာတော် အား နေ့ဆွမ်းသူလှူပါရစေဆို၍ ဆရာတော်အတွက် သာမက အဆစ်အနေဖြင့် ကျွန်တော့်အတွက်ပါ ပေးသွားခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



၃ ယောက်စာ ၈ ပေါင်ကျော် ကျပါသည်။ စားသောက်ဆိုင်တွင်ပင် ရေချိုးလိုက ရေချိုးခန်းလည်း ရှိပါသည်။ ရေအေးရော ရေနွေးပါ ရပါသည်။ ကျွန်တော်တို့ ရေမချိုးတော့ပါ။ မျက်နှာသစ်ရုံသာ သစ်ကြပါသည်။

ခဏနားပြီးနောက် ခရီးဆက်ကြပါသည်။ အင်္ဂလန်တွင် တစ်ပြည်လုံး ယခုလို နွေရာသီ ခရီးထွက်သူများသော အချိန်များ ၌ စားသောက်ဆိုင်များ ဖွင့်ထားတတ်ပါသည်။ တစ်ဆိုင်နှင့် တစ်ဆိုင် ခန့်မှန်းခြေအားဖြင့် ၄ ၊ ၅ မိုင်လောက် ခြားမည် ထင်ပါသည်။ ထို့ကြောင့် လမ်းတွင် စားသောက်ဆိုင်များ မကြာခဏ ကျော်ဖြတ်သွားရပါသည်။ ထိုဆိုင်များထဲတွင် ရှားရှားပါးပါး တရုတ်စာ ရောင်းသောဆိုင်လည်းတွေ့ရပါသည်။ တရုတ်စာကို ထမင်းကြော်၊ ခေါက်ဆွဲကြော်အနေဖြင့် ရောင်းသော ဆိုင်ငယ်များ မြို့တိုင်းမှာ လိုလို တစ်ဆိုင်နှစ်ဆိုင်ခန့်ရှိသော်လည်း ဆိုင်ကြီးများမှာမူ ရှိခဲပါသည်။

အာလ်ဗာစတန်မြို့တွင် တရုတ် ထမင်းကြော်ဆိုင် တစ်ဆိုင် ရှိပါသည်။ ကြက်ဥဖြင့် ထမင်းကြော် (အသားမပါ) တစ်ခါ စားကို ပေါင်ဝက် (မြန်မာငွေ ၈ ကျပ်ခန့်) ပေးရပါသည်။ တရုတ် သားအမိ သားအဖသုံးယောက်ရောင်းချသော ဆိုင်ဖြစ် ပါသည်။ အပြင်အလုပ် သမား ငှားမထားပါ။ သူတို့စားသောက် ဆိုင်က ထိုင်စားဆိုင် အဟုတ်ဘဲ အထုတ်ဖြင့် ရောင်းသော ဆိုင်သာ ဖြစ်ပါသည်။

http://www.dhammadownload.com



ကျွန်တော် ထမင်းကြော် သွားဝယ်စဉ်က တိုက်ပုံဝတ်၍ သွားရာ သူတို့က မြန်မာမှန်းချက်ချင်းသိပါသည်။ မြန်မာပြည်ကလားဟု သမီးလုပ်သူက မေးပါသည်။ အိမ်နီးချင်း နိုင်ငံသားတစ်ဦးနှင့် စကားပြောရ၍ ဝမ်းသာနေပုံရပါသည်။ တစ်မိသားစုလုံး အင်္ဂလန် ရောက်သည်မှာ ၃ နှစ်ခန့် ရှိပြီဟု သိရပါသည်။

## အီဒင်ဗာရာနှင့် ဂလက်စ်ဂို

အီဒင်ဗာရာ — စားသောက်ဆိုင်မှ ထွက်ခဲ့ပြီး နာရီဝက် ခန့် ကြာသောအခါ ကားကြုံလိုက်သူ အိုင်းရစ် ယောဂီကို ချပေးရပါသည်။ ဆက်လက် ခရီးထွက်ခဲ့ရာ စကော့တလန် ပြည် အီဒင်ဗာရာမြို့တော်သို့ မွန်းလွဲ ၁ နာရီခွဲခန့်တွင် ရောက်ရှိ ပါသည်။

ရှေးဟောင်းမြို့တော် ဖြစ်သည့်အတိုင်း တစ်မြို့လုံးရှေးဟောင်း အဆောက်အအုံများနှင့် ပြည့်နေပါသည်။ လန်ဒန်ကို ရန်ကုန်မြို့နှင့် နှိုင်းယှဉ်ပါက အီဒင်ဗာရာကို မန္တလေးမြို့နှင့် နှိုင်းရပါလိမ့်မည်။ သူခေတ်နှင့် သူအခါ ကျောင်းစားစဉ်က တခမ်းတနား တည်ဆောက် ခဲ့သော ရဲတိုက် နန်းတော်ကြီးကို ဝင်ကြည့်ပါသည်။ ဥယျာဉ်တော်မှ စ၍ တဖြည်းဖြည်းမြင့်တက်သွားသော ကုန်းမြင့်ပေါ်တွင် တည်ဆောက် ထားခြင်းဖြစ်သည်။ ဝင်ကြည့်ခ တစ်ယောက်လျှင် တစ်ပေါင်ခွဲ ပေးရပါသည်။

http://www.dhammadownload.com



နန်းတော်တွင် အခန်းကျယ်ကြီးများကိုမူ ပြတိုက်ခန်းအဖြစ် ပြောင်းလဲထားပြီး စစ်ဝတ်တန်ဆာ အမျိုးမျိုးကို ပြထားပါသည်။ လက်နက်အမျိုးမျိုးကိုလည်း ပြထားပါသည်။ သူ့ခေတ်နှင့်သူ သုံးသောအမြောက်ကြီးများကိုလည်းပြထားပါသည်။ အဆောက် အအုံကြီးမားသည်မှာ မှန်သော်လည်း ရိုးရိုး လေ့လာသူ တစ်ဦးအဖို့ ကြည့်စရာ ဒိဗ်မများလှပါ။ သမိုင်းသုတေသီများ အဖို့မူ အသုံးကျ လှသော စာအုပ်စာတမ်းများကို ပြထားပါသည်။ ကျွန်တော် ဖတ်ကြည့် မိသော စာအုပ်အချို့၌မူ မင်းဆက်များ အကြောင်း ရေးသားထား ပါသည်။

နန်းတော်အောက် မြေညီရှိ ဥယျာဉ်တွင်း၌မူ တေးဂီတသံစုံ ဝိုင်းတစ်ခု ဖျော်ဖြေရန် အဆင်သင့်ပြင်ဆင်နေသည်ကို တွေ့ခဲ့ရ ပါသည်။ ဖျော်ဖြေမည့်သူများက အဆင်သင့်ဖြစ်သော်လည်း ပရိသတ် နည်းလွန်းနေ၍ လူစောင့်နေပုံရပါသည်။ ရန်ကုန်က (Stage Show) များလိုပင် ဖြစ်ပါလိမ့်မည်။ ဥယျာဉ်အဝင်အဝ တွင် မြေပြင်ကာပ်ပန်း များဖြင့် အကွက်ဖော်ထားသော နာရီကြီးကို လှပစွာ တွေ့ရပါသည်။ နာရီကြီးရှေ့တွင် အမှတ်တရ ဓာတ်ပုံရိုက် ကြပါသေးသည်။

ဖယောင်းပြတိုက် နန်းတော်မှ ပြန်အထွက်တွင် ဖယောင်း ပြတိုက် တစ်ခုသို့ ဝင်ကြည့်ပါ သေးသည်။ စကော့တလန်မှ ပြတိုက်ဖြစ်သည့်အတိုင်း စကော့တလန်၏ အဓိက

http://www.dhammadownload.com



နာမည်ကြီး ဘုရင်မ မေရီ၏ပုံတူဖြင့် ဆီးကြိုနေပါသည်။ ဖယောင်း ရုပ်များမှာ အများအားဖြင့် အရုပ်နှင့်သာ တူနေပါသည်။ လက်ရာ သိပ်မမြောက်လှကြောင်း တွေ့ရပါသည်။ ကျွန်တော်တို့ နှင့် ရင်းနှီး ပြီးသော ဂျိမ်းဘွန်းမင်းသား (Sean Connery) မှာမူ မူလပုဂ္ဂိုလ်နှင့် မတူကြောင်း သိသာလှပါသည်။ စကော့တလန်သားထဲမှ နာမည် ကျော် ပုဂ္ဂိုလ်များ၏ ရုပ်တုများပြသော အခန်းတွင် တွေ့ခဲ့ရခြင်း ဖြစ်ပါသည်။ လက်ရှိတော်ဝင်မိသားစု အဲလစ်ဇဘက် ဘုရင်မတို့ မိသားစုပုံတူပြခန်းတွင်လည်း ဘုရင်မတစ်ဦးသာ သေသေ ချာချာ တူပါသည်။ လက်ကျန် ဖိလစ်မင်းသားကြီးနှင့် သားတော် ချားလ် မင်းသားတို့၏ ပုံတူများမှာမူ အရုပ်နှင့်သာ တူနေပါသည်။ ဝင်ခ တစ်ပေါင်ခွဲပေး၍ ဝင်ကြည့်ရသော်လည်း ၁၅ မိနစ်ခန့် ကြည့်ရုံနှင့် ပြီးသွားပါသည်။

အီဒင်ဗာရာမြို့တွင် ဆရာတော်၏ မယ်တော်ကြီးနှင့် ကျွန်တော် ၏ မိခင်များအတွက် ကမ္ဘာကျော် စကော့တစ်ခြုံစောင်များ ဝယ်ခဲ့ပါ သည်။ နွေရာသီချိန်ဖြစ်၍ ဈေးကြီးလှပါသည်။ မြန်မာငွေနှင့် ပြန်တွက်ကြည့်လျှင် မတန်လှပါ။ နွေရာသီ ရက်အားပေးချိန်ဖြစ်၍ တစ်ပြည်လုံးမှ ခရီးသွားများနှင့် ပြည်ပမှ ခရီးသွားပါက စည်ကားလှပါ သည်။ သို့သော်စာစောင်များ၊ သတင်းရုပ်ရှင်များတွင် မြင်ရသော စကော့ တိုင်းရင်းသားဝတ်စုံ ဝတ်သူများကို နန်းတော်၌ တာဝန်ချထားသော စစ်သားများမှ လွဲ၍ အခြားနေရာများတွင်

http://www.dhammadownload.com



သိပ်ဝတ်ဆင်ထား သည်ကို မတွေ့ရပါ။ ကလေးအချို့သာ ဝတ်ထား သည်ကို တွေ့ရပါသည်။ ထူးခြားသည်မှာ ပြတိုက်တိုင်းတွင် ပင်စင်စားများကို ဝင်ခတစ်ဝက်သာ ယူခြင်းဖြစ်ပါသည်။

ဂလတ်စဂို အီဒင်ဗာရာတွင် နန်းတော်ဟောင်း နှင့် ဖယောင်းပြတိုက်ကို ကြည့်ပြီးနောက် မွန်းလွဲ ၃ နာရီ ၃၀ ခန့် လောက်တွင် ဂလပ်စဂိုသို့ ခရီးထွက်ခဲ့ပါသည်။ အင်္ဂလန်၌အလုပ်လုပ်နေသော ဒေါက်တာ ကြည်ကြည်စိန်၏ စီစဉ်ပေးချက်အရ ဂလတ်စဂိုတွင် တစ်ညအိပ် ရပ်နားကြမည် ဖြစ်ပါသည်။ ဂလတ်စဂိုမှ အိမ်ရှင်ဒကာလေးမှာ ကိုအောင်ကျော်ဇံဆိုသူဖြစ်၍ ရန်ကုန်တက္ကသိုလ်မှာ နေစဉ်က ကျွန်တော်၏ တပည့်ဟောင်း တစ်ဦးလည်းဖြစ်ပါသည်။ ဂလတ်စဂိုမြို့တွင်းသို့ ဝင်ပြီးနောက် ကိုအောင်ကျော်ဇံ နေရာအိမ်သို့ သွားရာလမ်း ကို ရှာမတွေ့သဖြင့် ဂလတ်စဂိုဘူတာရုံသို့ဝင်ပြီး ဘူတာရုံမှနေ၍ ကိုအောင်ကျော်ဇံကို ဖုန်းဆက်ခေါ်ရပါသည်။ သို့သော် လည်း ကိုအောင်ကျော်ဇံကိုယ်တိုင် ဂလတ်စဂို၌ ကိုယ်ပိုင်စီးသူ မဟုတ်ရကားလမ်းမကျွမ်းကျင်ပါ။ သို့ဖြစ်ရာ အောင်ကျော်ဇံ လမ်းပြစေကာမှု စမ်းတဝါးဝါးနှင့်ပဲ မောင်းဆင်းလာခဲ့ရပါသည်။ သို့ဖြင့် ကိုအောင်ကျော်ဇံ နေသော အခန်းသို့ ရောက်ပါတော့သည်။ သူ၏ အခန်းမှာ လေးထပ်တိုက် တစ်တိုက်မှ တစ်ခန်းဖြစ်ပါသည်။

အိမ်ရှင်မှာ အခန်းများ ငှားစားသူဖြစ်ပြီး တည်းခိုသူက အလိုရှိ

http://www.dhammadownload.com



ပါက နံနက်စာကိုလည်း စီစဉ်ပေးပါသည်။ သူတို့ နိုင်ငံတွင် ဤကဲ့သို့ အိပ်ရာနှင့် နံနက်စာ ရနိုင်သည့် (Bed and Breakfast) ဟုခေါ်သော တည်းခိုဌာနများ ပေါ်များလှပါသည်။

မြန်မာပြည်မှ ပညာတော်သင် ဒေါ်စိုးစိုးအေး ကလည်း ဆရာတော် ကို ဖူးရန် ကြို၍ ရောက်နေပါသည်။ ဒေါ်စိုးစိုးအေးမှာ စကော့တလန် အရှေ့မြောက်ပိုင်းဒန်ဒီး (Dundee) မြို့တွင် ပညာတော် သင်အဖြစ် ရောက်နေသူဖြစ်ပါသည်၊ ဂလက်စဂို သို့ ဆရာတော် ကြွမည် ဖြစ်ကြောင်းကို ကိုအောင်ကျော်ဇံကအကြောင်းကြားထား၍ ဆရာတော်ကို ဖူးမြော်ရန် ဂလက်စဂို သို့ တကူးတက လာစောင့် နေခြင်း ဖြစ်ပါသည်။

ထိုနေ့ ညနေစာအတွက် တရုတ်ဆိုင်မှ ထမင်းကြော်ဝယ်၍ တည်းခိုခန်းတွင် စားကြပါသည်။ ဆရာတော်ကိုဖျော်ရည် ကပ်ရပါ သည်။ ဆရာတော်ဘုရားမှာ တရားစခန်းရှိ ဘုန်းကြီးကျောင်းတွင် သံဃာများ သီးသန့်ရေချိုးခန်းရှိ၍ အဆင်ပြေပြေ ရေချိုးနိုင်ခဲ့ သော်လည်း ကျွန်တော့်အဖို့မှာအများသုံး ဘုံရေချိုးခန်းသာ ရှိ၍ အခက်တွေ့ခဲ့ရပါသည်။ ထိုရေချိုးခန်းတွင် သူတို့ဆီက ထုံးစံအတိုင်း အဝတ်မဲ့ရေချိုးသူများ ရှိနေ၍ စိတ်ပျက်သောကြောင့် ကျွန်တော် ရေမချိုးခဲ့ပါ။ အခန်းထဲရှိ ရေအေး ရေနွေးတို့ကို ရောစပ်ထားသော မျက်နှာသစ်ခွက်တွင် ခေါင်းလျှော်၊ ရေပတ်တိုက်ခဲ့ရပါသည်။ ယခု

http://www.dhammadownload.com



ဂလတ်စဂို တည်းခိုခန်းရောက်မှ အားပါးတရ ရေချိုးရပါတော့သည်။ ကိုအောင်ကျော်ဖံ ဒေါ်စိုးစိုးအေး တို့နှင့် စကားကောင်းနေ၍ ည ၁၂ နာရီမှ ရေချိုးဖြစ်ပါသည်။ သို့သော် အင်္ဂလိပ် ရေချိုးနည်း ထုံးစံအတိုင်းရေချိုးပြီးသည်နှင့် အိပ်ရာဝင်လိုက်ရာ အအေးမမိတော့ပါ။

နောက်တစ်နေ့ အရုဏ်တွင် ဒေါ်စိုးစိုးအေးက ဆရာတော်အား ခေါက်ဆွဲပြုတ် ကပ်ပါသည်။ ကျွန်တော်နှင့် ဒေါက်တာ တိဋ္ဌေရ တို့ကိုမူ ကိုအောင်ကျော်ဖံက တည်းခိုခန်းမှမှာ၍ ကျွေးပါသည်။ ပေါင်မုန့်၊ ဝက်သားခြောက်၊ ထောပတ်၊ ယို၊ ကြက်ဥကြော်၊ ကော်ဖီတို့ ပါဝင်ပါသည်။ တစ်ယောက်လျှင် တစ်ညအိပ်ခနှင့် စားခ ၅ပေါင် (မြန်မာငွေ ၇၂ ကျပ်ခန့်) ကျသင့်သည်ဟုသိရပါသည်။ ထို့နောက် လော်မွန် ကန်တော်ကြီးကို သွားကြည့်ကြပါသည်။ ဘာမျှ ထူးထူး ခြားခြားတော့ မရှိပါ။ နေရောင်အောက်မှ ကမ်းခြေ ရှုခင်းသာမျှသာ ဖြစ်ပါသည်။

စနေ၊ တနင်္ဂနွေနေ့များတွင်မူ ဖျော်ဖြေရေးတီးဝိုင်းပါသော သင်္ဘောဖြင့် ကန်အတွင်းလှည့်ပြီး သင်္ဘောစီးရသည်မှာ ပျော်ရွှင် စရာကောင်းလှကြောင်း ကိုအောင်ကျော်ဖံက ပြောပြပါသည်။ ကျွန်တော်တို့ဆီ မှာ ဖျော်ဖြေရေးတီးဝိုင်းများပါသော သင်္ဘောများ ဖြင့် ရန်ကုန်–ဖျာပုံ နေ့ချင်းပြန် ပျော်ပွဲစားသွားကြသလို ဖြစ်လိမ့်မည် ထင်ပါသည်။

http://www.dhammadownload.com



ထိုမှ အပြန်တွင် မြို့တွင်းရှိ တရုတ် ဟိုတယ် တစ်ခု ဒေါ်စိုးစိုးအေးနှင့် ကိုအောင်ကျော်ဖုံတို့က နေ့ဆွမ်းလှူဒါန်းဆက်ကပ်ကြပါသည်။ ထမင်းနှင့် ပုစွန် ကြော်ထားသော ထမင်းပွဲကို အခြား ဟင်းရံများဖြင့် ကပ်ပါသည်။ ငါးယောက်စာ ၁၀ ပေါင်ခွဲ (မြန်မာငွေ ၁၅၀ ကျပ်ခန့်) ကျပါသည်။ ဆိုင်ခန်းကို တရုတ်ပုံစံဖြင့် ခင်းကျင်းပြင်ဆင်ထားပါသည်။

**အသည်းစွဲရမည့် ဩဝါဒ** ကျွန်တော်တို့ပါ ထမင်းစားသောက်ကြပြီးနောက် ဒေါ်စိုးစိုအေးမှာ ဒန်ဒီးသို့ ပြန်ရမည်ဖြစ်၍ ဒေါ်စိုးစိုးအေးနှင့် ကိုအောင်ကျော်ဖုံတို့က ဆရာတော်အား လှူဖွယ်ဝတ္ထု လှူဒါန်းပြီးကန်တော့ပါသည်။ ကျွန်တော် တို့ကိုလည်း နှုတ်ဆက်ပါသည် သူတို့မျက်နှာ ကြည့်ရတာ မကြည်သာပါ။ ကျွန်တော်စိတ်ထဲမှာလည်း ဟာတာတာ ဖြစ်နေပါသည်။ တွေ့ကြုံခဲ့စဉ်း အပျော်ကြီး ပျော်ကြရာမှ ခွဲခွာကြရပြန်ပါပြီ။ ဆရာတော်က တိုင်းပြည်နှင့် လူမျိုး၏ ဂုဏ်သိက္ခာကို မထိခိုက်စေအောင် နေထိုင်ဖို့နှင့် ရတနာသုံးပါး မိဘ ဆရာသမား ဂုဏ်ကျေးဇူးကို မမေ့ဖို့ ဩဝါဒစကား မိန့်ကြားလိုက်ပါသည်။

**ပြတိုက်** ဂလတ်စဂိုမှ မထွက်ခွာမီ မြို့တွင်းရှိ ပြတိုက်ကို ဝင်ကြည့်ကြပါသည်။ ပြတိုက်မှာ အမျိုးစုံ ပြသသော ပြတိုက်ဖြစ်ပါသည်။ ထူးထူးခြားခြား ဝင်ခ မပေးရသော

http://www.dhammadownload.com



ပြတိုက် လည်းဖြစ်ပါသည်။ အင်္ဂလန်တွင် ဘာကြည့်ကြည့် ဝင်ကြေး ပေးပြီးမှ ဝင်ရပါသည်။ အာလ်ဗာစတန်မှာ လည်း ရှေးဟောင်း အဆောက်အအုံကို ပြင်ဆင်မွမ်းမံဆဲ အလုပ်လုပ်ကိုင်နေသည်ကို တွေ့၍ ဝင်ကြည့်လိုသည်ကိုပင် ဝင်ခပေး ရမည်ဆို၍ ဝင်မကြည့်ခဲ့ပါ။ ဂလတ်စဂို ပြတိုက်အတွင်း၌ ငွေထည် ပစ္စည်းမျိုးစုံပြထားရာ အချို့လက်ရာများမှာ မြန်မာပြည်မှ လက်ရာများ ဖြစ်မည်ထင်ပါသည်။ ကတ်တလောက်စာအုပ်မဝယ်ဖြစ်ခဲ့၍ အသေအချာ မသိခဲ့ရပါ။ ကျွန်တော့်စိတ်ထင် ငွေဖလားတစ်လုံးမှာ ဝေဿန္တရာဇာတ်တော် ရုပ်ကြွဖြစ်မည် ထင်ပါသည်။

ငှက်အမျိုးစုံကိုလည်း ရုပ်လုံးသွင်း၍ ပြထားပါသည်။ ငှက်ဥ များကိုလည်း အရွယ်မျိုးစုံ ပြထားပါသည်။ အငယ်ဆုံး အိမ်မြှောင်ဥ ခန့်မှ အကြီးဆုံး သဘောသီးရွယ်ရွယ်ခန့်အထိ ပြသထားပါသည်။ ရထားအမျိုးမျိုးကိုလည်း ပေါ်စခေတ်ဦး ပုံစံကစ၍ ပြထားပါသည်။

ထူးခြားသည်မှာ အပြည်ပြည်ဆိုင်ရာ ပြခန်းဟု အမည်တပ်ထား သော ပြခန်းပင်ဖြစ်ပါသည်။ ယင်းပြခန်းအတွင်း နိုင်ငံအလိုက် ရိုးရာ ဝတ်စုံ အသုံးအဆောင်များ ပြထားပါသည်။ နိုင်ငံပေါင်းတစ်ရာခန့်ရှိပါ လိမ့်မည်။ အလျား ၁၅ပေခန့်ရှိဘီရိုတစ်လုံးလျှင် တစ်နိုင်ငံကျ ပြထားပါသည်။ မြန်မာနိုင်ငံဟုခေါင်းစဉ် တပ်ထားသော ဘီရိုအတွင်း၌ အမျိုးသားဝတ်စုံတစ်စုံနှင့် အမျိုးသမီးဝတ်စုံတစ်စုံစီ ချိတ်ဆွဲပြထား

http://www.dhammadownload.com



ရာ အမျိုးသားဝတ်စုံမှာ ချင်းအမျိုးသားဝတ်စုံဖြစ်ပြီး အမျိုးသမီးဝတ်စုံမှာ ကရင်အမျိုးသမီးဝတ်စုံ ဖြစ်ပါသည်။ ပလိုင်းများ၊ ပုတီးကုံးများလည်း ပြထားပါသည်။ ရရာပစ္စည်း ပြထားဟန်တူပါသည်။ ပုသိမ်ထီးနှင့် ယွန်းထည်များတော့ ပြထားခြင်းမရှိပါ။

ကိုအောင်ကျော်ဖံကမူ မြန်မာပြည်တို့ ထိုင်မသိမ်းတစ်စုံမှာထားကြောင်း၊ ရန်ကုန်မှ ပို့ပေးပါက ပြတိုက်သို့ လှူမည်ဖြစ်ကြောင်း ညတုန်းက စိတ်အားထက်သန်စွာ ပြောပြပါသည်။ ကိုအောင်ကျော်ဖံ ပြောထားသောကြောင့်လည်း ယင်းပြတိုက်သို့ တကူးတကန့် ဝင်ကြခြင်းဖြစ်ပါသည်။

ပြတိုက်အတွင်းအသက် ၄၀ ခန့်အမျိုးသားတစ်ဦးစန္ဒယားတီး ဖျော်ဖြေနေပါသည်။ ရိုးရာ တီးလုံးတစ်စုံ ဖြစ်လိမ့်ထင်ပါသည်။ ကျွန်တော်တို့ ရှိနေစဉ်ပင် တီးလုံးတစ်ကျော့ဆုံးသွားရာ ပြတိုက်ကြည့်နေ သော ပရိသတ် အားလုံးနီးပါး လက်ခုပ်တီး ဩဘာပေးကြပါသည်။ ကျွန်တော်လည်း တီးလုံးတီးနေစဉ်က သေသေချာချာ နားမထောင်ရစေကာမူ အများနှင့်အတူ လက်ခုပ်ဝင်တီးလိုက်ပါသည်။

**တိရိစ္ဆာန်ရုံ** ဂလတ်စဂိုပြတိုက်မှ ပြန်ထွက်ပြီးနောက် ပြတိုက်နှင့် မလှမ်းမကမ်းရှိ တိရိစ္ဆာန်ရုံကိုဝင်ကြည့်ကြ

http://www.dhammadownload.com



ပါသည်။ တိရိစ္ဆာန်ရုံ ပိတ်ရန် ၁၀ မိနစ်ခန့်သာ လိုတော့၍ ဝင်ကြေးမပေးရဘဲ ဝင်ခွင့်ပေးလိုက်ပါသည်။ တိရိစ္ဆာန်များမှာလည်း သိပ်များများ မရှိတော့ပါ။ ခြံခတ်ထားသော သံတိုင်များကြား၌ ခြင်္သေ့၊ ကျားစသည်ဖြင့် စာတမ်းများတပ်ထား သော်လည်း အထဲတွင် တစ်ကောင်မျှ မတွေ့ရပါ။ ရာသီချင်းမကိုက်ညီ ၍ သေကုန်ကြဟန်တူပါသည်။

## အင်္ဂလန်သို့အပြန်

သည်းထိတ် ရင်ဖို

စကော့တလန်မှ အင်္ဂလန်သို့ အပြန်အခရီး တွင် ဟိုက်ဝေးမှာ အတော်ကလေး ကားရှင်း ပါသည်။ ကားရှင်းသဖြင့် ဒေါက်တာ တိဿရက မိုင် ၈၀ နှုန်းလောက် အရှိန်မြှင့်မောင်းပါသည်။ ကျွန်တော်က ရှေ့ခန်း သူ့ဘေးက ထိုင်ပါသည်၊ ဆရာတော်က နောက်ခန်းက တစ်ပါးတည်း ထိုင်ပါသည်။ ကားရှင်း လမ်းချောကားကောင်းတော့ အရှိန်မြန်လေ ကားငြိမ်လေဖြစ်ပါသည်။ မှန်တံခါးတွေ အလုံပိတ်ပြီး မအေးရုံမျှ အပူလျှော့ မောင်းတာဖြစ်လို့ ပြင်ပက အသံဗလံတွေလဲ မကြားရတော့ တိတ်ဆိတ် ငြိမ်သက်လွန်းလှပါသည်။ ခရီးအစမှာသာ တစ်ခွန်းစ နှစ်ခွန်းစ စကားပြောမိကြသော်လည်း ကြာသော် စကားစလည်း ပြတ်သွားကြပါသည်။ ပို၍ တိတ်ဆိတ်သွားပါသည်။ တိတ်တိတ်

http://www.dhammadownload.com



ဆိတ်ဆိတ်နှင့် ငြိမ့်ငြိမ့်ကလေး လိုက်ပါလာရတော့ တစ်ချက် တစ်ချက် ငိုက်လာကြပါသည်။

ကျွန်တော်တို့ ငိုက်တာက ကိစ္စမရှိ၊ ဒေါက်တာ ငိုက်မှာကို ကျွန်တော်က စိုးရိမ်နေပါသည်။ ဒေါက်တာကား ငိုက်ပုံမရပါ။ ကားကို အာရုံစိုက် မောင်းနေရလို့ ဖြစ်ဟန်တူသည်။ သို့သော် တစ်ချိန်မှာ ဒေါက်တာလည်း တိတ်ဆိတ်ငြိမ်သက်လွန်းပြီး ငြိမ့်လှတဲ့ ကားပုခက် ဒဏ်ကို ခံနိုင်ရည် မရှိဆတ်ကနဲ တစ်ချက် ငိုက်သွားရာ အရှိန်နှင့် ပြေးနေသော ကားကလေးမှာ ဒေါသထွက် သွားသည့်အလား ဟိုက်ဝေးလမ်းနှစ်ခြမ်းကို အလယ်က တားထားသည့် သံတန်းကြီး ဆီ သို့ ခပ်စောင်းစောင်းပြေးဝင်သွားပါသည်။ ကျွန်တော်က လန့်နိုးပြီး ကြည့်လိုက်ရာ "ဟယ် … သွားပဟော့" လို့ ပါးစပ်မှ ရုတ်တရက် ထွက်သွားပါသည်။ သို့သော် ကံကောင်းထောက်မလို့ ဒေါက်တာ လန့်နိုးပြီး ကားကို ရုတ်တရက် ဆွဲထိန်းလိုက်တဲ့အတွက် ကျွန်တော် တို့ တစ်တွေ သေကံမရောက်သက်မပျောက်ဖြစ်ကြရပါသည်။

အကယ်၍ ဒေါက်တာသာ အချိန်မီ မနိုးခဲ့လျှင် အခွေစာရှုသူ သည် ကျွန်တော်၏ ဤမှတ်တမ်းကို ဖတ်ရှုရတော့မည် မဟုတ်ပါ။ ကျွန်တော်သည်လည်း စကော့တလန်ပြည် ဟိုက်ဝေး လမ်းမကြီး ၏ အလယ်က သံယက်မတန်းကြီးပေါ်တွင် ကားလာတိုင်း ကခုန်ပြ ရင်း ကိုယ့်ဘဝနှင့်ကိုယ် ယခုတိုင်ပျော်မြူးနေခဲ့မည်လား မသိပါ။

http://www.dhammadownload.com



ဘယ်ဘ၀ ရောက်နေနေ ချမ်းသာ ပျော်ရွှင်စွာ နေတတ်ဖို့ပဲ အရေးကြီးသည် မဟုတ်ပါလား။ သို့သော် ယခုတော့ ကျွန်တော်တို့ ကံထူး။ ဒေါက်တာ ၏ ကျေးဇူးကြောင့် ဘာမျှမဖြစ်ခဲ့ကြပါ။ ထိုအဖြစ်အပျက်ကလေး ကိုလည်း ကျွန်တော်တို့ အချင်းချင်းနှုတ်ကပင် မဟာကြတော့ဘဲ အချင်းချင်း ပြုံးပြကြရုံမျှဖြင့်ပင် စိတ်ထဲမှ ဖျောက်ဖျက်လိုက်ကြပါသည်။ အငိုက်ဖမ်ခံတို့လည်း ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန် ကြပါတော့သည်။

သို့သော် နောက်တစ်ကြိမ် ယခုလို သဲထိတ်ရင်ဖို မကြုံကြစေရန် မကြာမီပင် လမ်းမကြီးဘေးရှိ စားသောက်ဆိုင် တစ်ခုရှေ့တွင် ကားထိုးရပ်လိုက်ပြီးလျှင် ဆိုင်ထဲဝင်ကာ မျက်နှာသစ်လိုက်ကြ အပန်းဖြေ လိုက်ကြရာ တစ်ကိုယ်လုံးပေါ့ပါး လန်းဆန်း သွားပါတော့သည်။

ဘာမင်ဂမ်သို့ ဆိုင်ထဲက ထွက်ခဲ့ပြီး ခရီးဆက်ခဲ့ ကြရာ ယခုမှ လမ်းဘေးတစ်ဖက် တစ်ချက်မှ မျက်စိအေးစရာ သာယာလှသည့် တောတောင် ရေမြေအထွေထွေ ကို အရသာခံ မိပါတော့သည်။ လမ်းဘေးမှ စ၍ အဝေးသို့ ရှည်လျားကျယ်ပြန့်သွားသော မြက်ခင်းပြင် စိမ်းမြမြတွင် တစ်ခါတစ်ရံ မနိမ့်မမြင့် တောင်ကုန်း မို့မို့များက အတက်အဆင်း ညီညာစွာ လှိုင်းလုံးများသဖွယ် အလှဆင် ထားကြပါသည်။

http://www.dhammadownload.com



ကျွန်တော်တို့ ဘာမင်ဂမ်မြို့ကို ဝင်မိသောအခါ ည ၉း၃၀ နာရီခန့်ရှိနေပါပြီ။ သွားရမည့်ကျောင်းမှာ ကားလိုင်းလမ်းရှိ မြန်မာဗုဒ္ဓဘာသာ ကျောင်းတော်ဖြစ်ပါသည်။ ဒေါက်တာ တိဋ္ဌေရက ထိုကျောင်းကို တစ်ခါမျှ မရောက်ဖူး၍ လမ်းပေါင်းစုံကို မောင်းကာ ရှာသော်လည်း ကျောင်းကိုမတွေ့ရပါ။ ရောက်ပြီးသား လမ်းတွေပဲ အကြိမ်ကြိမ် အထပ်ထပ်ရောက်နေပါသည်။ ကားရပ်ပြီး ကလေး ဆေးရုံဝင်ကာ ဖုန်းဆက်လိုက်တော့မှ ဘာမင်ဂမ် ဆရာတော် ဆေးရုံကို လာကြိုမှပင် ချောမောစွာ ကျောင်းကို ရောက်ပါတော့ သည်။

တရားစခန်းတွင် လာရောက်ကူညီသွားသော နီပေါလ် ဦးပဉ္ဇင်း ဦးဉာဏပုဏ္ဏိကနှင့် သီလရှင် နီပေါလ်လူမျိုး ဒေါ်ဥပ္ပလဝဏ်တို့ သည် ဘာမင်ဂမ်ကျောင်းမှာပဲ သီတင်းသုံးကြပါသည်။ ကိုယ်ပိုင် ကျောင်းတော့မဟုတ်ပါ။ တိဗက်ဘုန်းကြီးများ ပိုင်သော ကျောင်း ဖြစ်ပါသည်။

**စက်မှုမြို့တော်** ဘာမင်ဂမ်မြို့သည် စက်မှုမြို့တော် ဖြစ်ပါသည်။ စက်ရုံပေါင်းများစွာ ရှိပါသည်။ လူနေလည်း ထူထပ်ပါသည်။ ကပ္ပလီနှင့် အိန္ဒိယလူမျိုး များစွာ ရှိပါသည်။ ကျွန်တော်တို့ မရောက်ခင် လပိုင်းကပင် ဘာမင်ဂမ်မြို့တွင် အဓိကရုဏ်းများ ဖြစ်သွားသေးသည်ဟု သိရပါသည်။ အလုပ်လက်မဲ့ ကပ္ပလီနှင့် အိန္ဒိယသားများက စားစရာမရှိ၍ စတိုးဆိုင်ကြီးများကို

http://www.dhammadownload.com



မှန်များခွဲ၍ ဝင်ပြီး စားစရာများ ဝင်ယူသည်ဟု သိရပါသည်။ အစိုးရက အိန္ဒိယသားများကို ပိုနှိပ်ကွပ်ကြောင်း သိရပါသည်။ ကိုယ့်ပြည်ကိုယ် ပြန်သွားစေချင်ပါသည်။ အမြင်ကျယ်သော အင်္ဂလိပ်အချို့ကမူ ယထာဘူတကျကျ မြင်တတ်ကြပါသည်။ ယခုကဲ့သို့ အိန္ဒိယများ အလုံးအရင်း ဝင်နေသည်မှာ သူတို့နိုင်ငံကို ကိုယ်ကကျူးပြုခဲ့၍ ဖြစ်ကြောင်း၊ ကိုယ်မှားခဲ့သော ပြဿနာဖြစ်၍ အစိုးရဟောင်းများ၏ ကြွေးကို လက်ရှိအစိုးရက ဆပ်ရမည်သာဖြစ်ကြောင်း သတင်းစာ များမှာ ဆောင်းပါးများ ရေးကြသည်ဟု သိရပါသည်။

အင်္ဂလန်တွင် မျက်နှာဖြူများက ကပ္ပလီများထက် အိန္ဒိယ သားများကို ပို၍ကြောက်သည်ဟု သိရပါသည်။ ကပ္ပလီအများစု နေသော ရပ်ကွက်များသို့ မျက်နှာဖြူတစ်ယောက်တည်း ဖြတ်သွားဝံ့ သော်လည်း အိန္ဒိယအများစုနေသော ရပ်ကွက်ကိုမူ ဖြတ်မသွားရဲကြ ဟုသိရပါသည်။ အမှန်တော့ ဘာမင်ဂမ်သည် ကုလားမြို့လို့ ခေါ်လောက်အောင်ပင် အိန္ဒိယသားများနှင့် ပြည့်နေပါသည်။

**ကားရပ်ရန် ဆယ်ထပ်တိုက်** ဘာမင်ဂမ်ဆရာတော်က မြို့လယ်ခေါင်ကို ကားပေါ်မှပင် အနည်းငယ် လိုက်ပြပြီး နောက် ၂၁–ထပ်ရှိသော စတိုးဆိုင်ကြီး တစ်ဆိုင်သို့ ပို့ပေးပါသည်။ မြေပြင်တွင် ကားရပ်ရန် နေရာမရှိဘဲ စတိုးဆိုင်နှင့် ကပ်လျက်ဘေးတွင် ကားရပ်ရန် အထပ်ဆယ်ထပ်ခန့်ရှိသော

http://www.dhammadownload.com



အဆောက်အအုံကြီး ဆောက်ထားပါသည်။ မိမိနှစ်သက်ရာ အထပ် တွင်ရပ်နိုင်ပါသည်။ ကျွန်တော်တို့ကားကို အပေါ်ဆုံးထပ်တွင်ရပ် ပါသည်။ ထိုအထပ်မှ တစ်မြို့လုံးကို ကျယ်ပြန့်စွာမြင်ရပါသည်။ စတိုးဆိုင်တွင် သားစိမ်း၊ ငါးစိမ်း၊ ဟင်းသီးဟင်းရွက်မှစ၍ ကလေး လက်တွန်းလှည်းအထိ အမျိုးစုံ ဝယ်ယူနိုင်ပါသည်။ ဂျပန်ပြည်ထွက် ပစ္စည်းများ သန့်သန့်ရောင်းသော ဆိုင်ခန်းလည်း ရှိပါသည်။ ထိုဆိုင်ခန်းမှ ခြေညှပ်ခွပါသော ခြေအိတ်နှစ်စုံ ဆရာတော်အတွက် ဝယ်ပါသည်။ ခြေညှပ်ခွ သပ်သပ်ပါသော ခြေအိတ်များကို ဥရောပ နိုင်ငံများမှ မထုတ်လုပ်ကြပါ။ ခြေညှပ်စီးသော အာရှနိုင်ငံအချို့မှသာ ထုတ်လုပ်ပါသည်။

**ဂျပန် ဘုရားစေတီ**

ဆိုင်ခန်းများ လှည့်ကြည့်ပြီးနောက် ကျောင်းသို့ ပြန်၍ နေ့ဆွမ်း ကပ်ပါသည်။ ကျွန်တော်တို့လည်း ထမင်းစားကြပြီးသောအခါ လန်ဒန်သို့ ခရီးဆက်ကြပါသည်။ ဘာမင်ဂမ်နှင့် လန်ဒန်ဥနာရီခွဲခန့် ကားမောင်း ရပါသည်။ လန်ဒန်မရောက်မီ မိုင် ၃၀ ခန့်အလို၌ ဂျပန်များ တည်ထောင်ထားသော ကမ္ဘာအေးစေတီ ကို ဝင်ဖူးပါသည်။ စေတီတော်မှာ ရန်ကုန်ကမ္ဘာအေး ဗုဒ္ဓတက္ကသိုလ်နေရာဟောင်းမှ အဆောက်အအုံပုံနှင့် ဆင်ဆင်တူပါသည်။ အဝင်ဝဘက်တွင် မတ်ရပ် ကြေးဆင်းတုတော်ရှိပြီး ဘေးမှ အဝိုင်းပုံတွင် အင်္ဂတေပန်းပုကို ဗုဒ္ဓဝင် ဖွားတော်ခန်းမှ ပရိနိဗ္ဗာန်ပြုခန်းအထိ ရုပ်ကြွထုထားပါသည်။

http://www.dhammadownload.com



တခြားကြည့်စရာတော့ ဘာမျှမရှိပါ။ လမ်းမကြီးမှ ဖြာထွက်သော မြေနီလမ်းအတိုင်း ဖုံတစ်ထောင်းထောင်းဖြင့် ၁၅မိနစ်ခန့် ကားမောင်းဝင်မှ ဘုရားသို့ ရောက်ပါသည်။

ကျွန်တော်တို့ ရောက်စဉ်က လန်ဒန်ရှိ ဆွံ့,အ,နားမကြားကျောင်း တစ်ကျောင်းမှ ဆရာမနှင့်ကလေးများ စုစုပေါင်း (၃၀)ခန့် ကားဖြင့် လေ့လာရေးလာသည်ကို တွေ့ရပါသည်။ ကလေးများအားလုံးနီးပါး မျက်နှာချိုကြသည်ကို သတိပြုမိပါသည်။ သူတို့နှင့်ပါလာသော ဆရာမကလည်း စိတ်တော်တော်ရှည်ပုံရပါသည်။ ကမ္ဘာအေးဘုရားမှ ခရီးဆက်ခဲ့ရာ လန်ဒန်မြို့ ယိုးဒယား ဘုန်းကြီးကျောင်းသို့ ညနေခင်းတွင် ရောက်ရှိပါတော့သည်။

## ရေမြှက်နှာထက်ခဏတက်သည့် ရေပွက်ပမာ

**အိမ်ရှေ့မင်းသား လက်ထပ်ပွဲ** ယခု တစ်ခေါက် လန်ဒန်မြို့ စဝင်ပြီဆိုကတည်းက ကားများ သိပ်ရှုပ်နေပါပြီ။ မနက်ဖြန် (၂၉၊၇၊၈၁) တွင် အိမ်ရှေ့မင်းသား ချားလ်၏ လက်ထပ်ပွဲရှိ၍ ဖြစ်ပါသည်။ တစ်ပြည်လုံးမှ လန်ဒန်သို့ စုပြုံဆင်းလာကြပါသည်။ မလာနိုင်သူများကလည်း ကိုယ့်အရပ် ဒေသတွင် ကိုယ့်အထိမ်းအမှတ်ပွဲများ ကျင်းပကြပါသည်။ ခရစ်စမတ် အခါတွင်

http://www.dhammadownload.com



အိမ်တိုင်း လှူမြင်ကွင်း ဧည့်ခန်း ပြတင်းများ၌ ခရစ်စမတ် သစ်ပင်များ အလှချိတ်ဆွဲသလို ယခုလည်း သတို့သမီး သတို့သား တို့ ပါဝင်သော ပိုစတာအမျိုးမျိုးကို အင်္ဂလန်အလံငယ်များနှင့်အတူ မျက်စေ့ပသာဒ ရှိအောင် အလှပြင်ထားကြပါသည်။ ဆိုင်ခန်းများ၌လည်း ရေခဲမုန့်ဆိုင် Fish and Chips ဆိုင်များမှစ၍ ကားရောင်းသော ဆိုင်များအထိ မင်္ဂလာပွဲအထိမ်းအမှတ် ရုပ်ပုံများ ၊ ပန်းချီများ ၊ ဓာတ်ပုံများ ချိတ်ဆွဲ ထားကြပါသည်။

တရားစခန်းတွင် ရှိစဉ်က အနီးအနားမြို့များသို့ သွားလည် ရာတွင်လည်းကောင်း ၊ တရားစခန်းမှ လန်ဒန်သို့အပြန် ဖြတ်လာ သော မြို့များတွင် လည်းကောင်း ၊ မင်္ဂလာပွဲအထိမ်းအမှတ် ပစ္စည်းရောင်း သော ဆိုင်များ အများအပြား တွေ့ရပါသည်။ သော့တွဲ၊ မတ်ခွက် ၊ ပန်းကန်သုတ်အဝတ်စသည်ဖြင့် စုံလင်စွာ ထုတ်လုပ် ကြပါသည်။ အထိမ်းအမှတ် စာအုပ်များမှာမူ စာမျက်နှာ နှစ်ဆယ်ခန့် ရှိသော စာအုပ်မှစ၍ စာမျက်နှာ ရာနှင့်ချီ၍ ထူသော စာအုပ်များအထိ ထုတ်ကြပါသည်။

မင်္ဂလာမှတ်တမ်းများ စာအုပ်အများစု မှာ အိမ်ရှေ့မင်းသား ငယ်စဉ်မှ ယခုအထိ လှုပ်ရှားခဲ့သော ဓါတ်ပုံ ဆောင်းပါးများ ၊ သတို့သမီး ဒိုင်ယာနာ၏ ဘဝဖြစ်စဉ် ဓါတ်ပုံ ဆောင်းပါးများ ဖြစ်ပါသည်။ လက်ရှိမင်္ဂလာပွဲ အပြင် ခေတ်အဆက်ဆက် ဗြိတိန်တော်ဝင် မိသားစုဝင်များ၏

http://www.dhammadownload.com



လက်ထပ်ပွဲအကြောင်း ဆောင်းပါးများကို ဓာတ်ပုံများ ဖြင့် ဝေဝေ ဆာဆာဖေါ်ပြထားပါသည်။ ဝိတိုရိယ ဘုရင်မကြီးမှစ၍ လက်ရှိဘုရင်မ အဲလစ်ဇဘက်အထိ မင်္ဂလာပွဲများ ကျင်းပစဉ်က ဝတ်ခဲ့သော ဝတ်စုံ များကို ဖေါ်ပြထားရာ ခေတ်ကိုလိုက်၍ ပြောင်းလာ သော ဝတ်စုံများကို လေ့လာခွင့်ရကြပါသည်။

ငွေနန်းကြိုးမျှင်များဖြင့် တန်ဆာဆင်ထားသော ၁၈၁၆ ခုနှစ် မင်္ဂလာပွဲက ကာလိုဒ်အိမ်ရှေ့ မိဖုရား၏ ဆန်းကျယ်လှသော ဝတ်စုံကိုလည်း ဓါတ်ပုံဖြင့် ဖေါ်ပြထားပါသည်။ စာအုပ်တစ်အုပ်ကမူ ရှာရှာဖွေဖွေ ဘယ်ဘုရင်နှင့် ဘယ်မိဖုရား ၊ ဘယ်ဘုရင်မနှင့် ဘယ်ကြင်ယာတော်က သူတို့ချင်းကြိုက်ပြီး ယူခဲ့သည်။ သို့မဟုတ် မိဘများ ၊ တာဝန်ရှိသူများက စေ့စပ်ကမ်းလှမ်းသည် စသည်များကိုပါ ရေးသားပြုစုထားပါသည်။

**ကြုံကြုံဖန်ဖန် လောင်းကြသူများ** သူတို့ဆီမှလူများသည် အလောင်းအစား ဝါသနာပါလှပါသည်။ မင်္ဂလာပွဲသို့ မင်္ဂလာ မောင်နှံကားဖြင့် သို့မဟုတ် မြင်းရထားဖြင့် သွားမည်ကို လောင်းကြပါသည်။ လက်တွေ့တွင်မူ နှစ်မျိုးစလုံး စီစဉ်ထားပါသည်။ မိုးမရွာလျှင် မြင်းရထားဖြင့် မင်္ဂလာပွဲကျင်းပရာ ဘုရားကျောင်းသို့ သွားရန်စီစဉ်ထားပြီး မိုးရွာလျှင် ကားဖြင့် သွားရန်ပါ နှစ်မျိုးစလုံး စီစဉ်ထားပါသည်။ ကံအားလျော်စွာ မင်္ဂလာပွဲနေ့က မိုးမရွာ၍ မြင်းရထားဖြင့်သာသွားပါသည်။ မင်္ဂလာပွဲကျင်းပရာ

http://www.dhammadownload.com



စိန်ပေါလ် ဘုရားကျောင်းသို့ ဘက်ကင်ဟန်နန်းတော်မှ လာရာ လမ်းဘေး ပလက်ဖောင်းပေါ်တွင် ညအိပ်၍ စောင့်နေကြပါသည်။ လူကြီးများသာမက အဘိုးကြီး၊ အဘွားကြီးများလည်း ပါဝင်ပါသည်။ ဘုရင်မမိသားစုဝင် တစ်ဦးဦးက မိမိအား မည်သူမည်ဝါမှန်းမသိဘဲ အသိအမှတ်ပြုသည့်အနေဖြင့် ပြုံးပြခြင်း ခံရလျှင် အတော်ကျေနပ်ကြဟန်တူပါသည်။

ထိုမင်္ဂလာပွဲကို အင်္ဂလန်ရောက် မြန်မာများလည်း အတော်စိတ်ဝင်စားကြပါသည်။ ထိုနေ့တွင် ထမင်းဟင်းမချက်ဘဲ တစ်ချိန်လုံး ရုပ်မြင်သံကြား ထိုင်ကြည့်နေရန် စီစဉ်ထားသူများပင် ရှိပါသည်။ ထိုသို့ မင်္ဂလာပွဲကို စိတ်ပါဝင်စားသူ များလှသည့် ကြားမှပင် စိတ်မဝင်စားလှသော သူအချို့လည်းကြုံရပါသည်။ တရားစခန်းမှ အပြန် ကားကြုံ လိုက်စီးသော အိုင်းရစ်ယောဂီအား မင်္ဂလာပွဲအမီ လန်ဒန်မသွား ဘူးလား မေးရာနှုတ်ဖြင့်မဖြေဘဲ ပုခုံးတွန့်ပြပါသည်။ သိပ်နှစ်သက်မှု မရှိခြင်းကို ဖော်ပြလေ့ရှိသော မျက်နှာဖြူတို့၏ အမူအရာပင် ဖြစ်ပါသည်။

ကျွန်တော်နှင့် အတော်ရင်းနှီးခဲ့ရသော အင်္ဂလိပ် ယောဂီ ခရစ္စတိုဖာလည်း မင်္ဂလာပွဲအပေါ် သိပ်စိတ်ဝင်စားပုံမရပါ။ မင်္ဂလာပွဲနေ့က ကျွန်တော့်အား လာခေါ်၍ လန်ဒန်မြို့တွင် လိုက်ပြပါသေးသည်။ မင်္ဂလာပွဲနေ့ဖြစ်၍ မင်္ဂလာပွဲ ကျင်းပရာ နေရာတစ်ဝိုက်မှ

http://www.dhammadownload.com



တစ်ပါး ကျန်နေရာများတွင် ခြောက်ကပ်နေပါသည်။ အင်္ဂလန်၏ နာမည်ကျော် သိမ်းမြစ်ကိုလည်း လိုက်ပြပါသည်။ သိမ်းမြစ်ဟု ဆိုသော်လည်း ပုစွန်တောင်ချောင်းလောက်သာ ရှိပါသည်။ ရေလည်း ညစ်ပတ်လှပါသည်။ မကြည်လင်ပါ။ မြစ်ကိုဖြတ်၍ တံတားများကို ပုံစံအမျိုးမျိုးဖြင့် ဖောက်ထားပါသည်။ ကျွန်တော်တို့ ဖြတ်သော တံတားမှာ ပွတ်နီတံတားဖြစ်ပြီး ရှေးခေတ်အတိုင်း လမ်းမီးအိမ်တိုင်များ ထူထားပါသည်။

မင်္ဂလာပွဲနေ့က နံနက် ၇ နာရီမှစ၍ ရုပ်မြင်သံကြား လွှင့်ပါသည်။ ပထမနေ့များကပင် မင်္ဂလာပွဲနှင့် ပတ်သက်သော အစီအစဉ်များ ကြိုးကြား လွှင့်နေပါသည်။ မင်္ဂလာပွဲနှင့်ပတ်သက်သူ တော်တော်များများနှင့် တွေ့ဆုံမေးမြန်းခန်းများလည်း ပါဝင်ပါသည်။ ယုတ်စွအဆုံး မင်္ဂလာပွဲကျင်းပမည့် စိန့်ပေါလ်ဘုရားကျောင်းကို ပြင်ဆင်မွမ်းမံနေသော လက်သမားဆရာ ၊ ပန်းရံဆရာများနှင့် တွေ့ဆုံခန်းပင် ပါဝင်ပါသည်။

လက်ထပ်ခန်းမအတွင်းသို့ မင်္ဂလာမောင်နှံဝင်လာသောအခါ သတို့သား၏ ဖွားအေ (အဲလစ်ဇဘက်ဘုရင်မ၏မိခင်) မှာ အတော် ကျေနပ်နေပုံရပါသည်။ မြေးနှင့် မြေးချွေးမအား ကြည့်၍ ခေါင်း တဆတ်ဆတ်ဖြင့် ပြုံးနေပါသည်။ သတို့သမီး ဒိုင်ယာနာကို ကြည့်၍ ချစ်စရာကောင်းလိုက်တာဟု နှုတ်မှရွတ်သည်ဟု ထင်ပါသည်။

http://www.dhammadownload.com



သတို့သမီးက အနည်းငယ်ရှက်နေပုံရပါသည်။

ခရစ်ယာန်ထုံးစံအတိုင်း သာသနာပိုင် ဘုန်းကြီးက နှုတ်ကတိများ တောင်းရာဝယ် အချို့ကတိများကို သတို့သမီးကချက်ချင်းမဖြေနိုင်ပါ။ ရှက်နေပုံရပါသည်။

**ဝတ်စုံတစ်စုံ ကျပ်ခုနစ်ထောင်** သတို့သမီးဝတ်စုံမှာ အဖြူမက အဝါမကျ ဆင်စွယ်ရောင် ဖြစ်ပါသည်။ မည်သို့သော ဝတ်စုံဝတ်မည့်အကြောင်း လျှို့ဝှက်ထား၍ ထိုနေ့နံနက်တွင်မှ ရုပ်မြင်သံကြားမှတစ်ဆင့် ပြည်သူများ က တွေ့မြင်ခွင့်ရပါသည်။ ဝတ်စုံကို သီလျှင်သီချင်း အပ်ချုပ်ဆိုင် များက ချက်ချင်းချုပ်ပြီး ၄၉၅ ပေါင် (မြန်မာငွေ ၇၀၀၀/-ခန့်) ဖြင့် ရောင်းရာ ချုပ်မလောက်အောင် ဝယ်ဝတ်ကြပါသည်။ ဒါနပြုရခြင်း ဟူသော ကျင့်ဝတ်တော်မရှိ ရှာသည့် နိုင်ငံဖြစ်၍ သုံးချင်ရာသုံး ဖြုန်းချင်ရာ ဖြုန်းနေသည်ဟုသာ သံဝေဂဖြစ်မိပါသည်။

**မြင်းမနာမည် Burmese** ရုပ်မြင်သံကြားကလည်း မင်္ဂလာပွဲကို အကွက်စေ့အောင် ရိုက်ပြပါသည်။ မင်္ဂလာပွဲလာ ကြည့်သော ပလက်ဖောင်း ပရိတ်သတ်များ အချိန်ဖြုန်းရင်း ရိုးရာအလိုက် ကနေဆိုနေကြ သည်လည်း ရှိသည်။ စုံထောက်များနှင့် ရဲများက လက်ဆွဲအိတ်ကိုင်လာသူတိုင်း အား

http://www.dhammadownload.com



ရှာဖွေပါသည်။ လက်ပစ်ဗုံးရှာခြင်း ဖြစ်ပါသည်။ မဂ်လာပွဲမတိုင်မီ တစ်လခန့်ကပင် ဘုရင်မသွားသော မြင်းပွဲတစ်ပွဲ၌ ဗုံးဖောက်၍ လှန့်ခြင်းခံရပါသေး သည်။ ထိုမြင်းပွဲ ဗုံးပေါက်စဉ်က ဘုရင်မစီးသွားသော မြင်း၏နာမည် မှာ (Burmese) ဖြစ်ပါသည်။ ဘာသဘော ဘာရည်ရွယ်ချက်နှင့် သည်နာမည်ကို ပေးထား သည် မသိပါ။ မြန်မာပြည်မှ လက်ဆောင်ရသော မြင်းဖြစ်၍လား ၊ ချစ်ကြည်ရေးအတွက်လား ၊ တွေးမရပါ။ ထိုသဘောမျိုးဆိုလျှင်တော့ တော်ပါသေးသည်ဟု အောက်မေ့ရပါသည်။ ကျွန်တော်ကလည်း အင်္ဂလန်ရောက်ကတည်းက သတင်းစာများ နေ့စဉ်လို ဖတ်ရာ ကိုယ့်မြန်မာပြည်သတင်းပါလို့ပါငြား မြန်မာဟူသော နာမည်ကို ဂရုစိုက်စွာ ဖတ်လေ့ရှိပါသည်။ တွေ့မည်တွေ့တော့ မြင်းနာမည်မှာမှ သွားတွေ့၍ စိတ်ထဲမှ အောင့်သက်သက်နှင့် မကျေမနပ် ခံစားနေရပါသည်။

ရုပ်သံသတင်း ညနေဘက် ဘီဘီစီမှ သတင်းဖတ်ရာတွင် မင်္ဂလာပွဲကို တစ်ကမ္ဘာလုံးမှ စိတ်ဝင်စားလှကြောင်း ၊ မင်္ဂလာပွဲ ကျင်းပချိန်၌ အမေရိကန် ပြည်ထောင်စုတွင် ဒေသစံတော်ချိန် သန်းခေါင်ခန့်ဖြစ် သော်လည်း ရုပ်မြင်သံကြားကို စောင့်ကြည့်နေကြကြောင်း ၊ ဆိုဗီယက် ရုရှားတွင်မူ သတင်းထောက် အချို့က လမ်းသွားလမ်းလာ ရုရှ အချို့အား မင်္ဂလာပွဲကို စိတ်ဝင်စားမှုရှိပါသလား မေးကြည့်ရာ ဘယ်သူ့မင်္ဂလာ ဆောင်လဲဟုပင် ပြန်အမေး

http://www.dhammadownload.com



ခံရကြောင်း သတင်းဖတ်သူက ဟန်ပါပါနှင့် ဝေါ့တော့တော့ ပြောပြသွားပါသည်။

စပ်မိ၍ ရေးရလျှင် ဘီဘီစီမှ သတင်းဖတ်သူများသည် ရုပ်ရှင်သရုပ်ဆောင်များလိုပင် အမူအရာ ကောင်းလှပါသည်။ တစ်ခါတစ်ရံ ရုပ်မြင်သံကြား ကြည့်နေသူကို လှမ်း၍ ရယ်စရာပြောခြင်း၊ မျက်စေ့တစ်ဖက်မှိတ်ပြခြင်း စသည်ဖြင့် လုပ်တတ်ပါသည်။ ထို့ကြောင့်လည်း သူတို့ဆီတွင် ဘီဘီစီသတင်းလာချိန်၌ ဂရုတစိုက် သတင်းနားထောင်သူ အတော်များပါသည်။

ထိုမင်္ဂလာပွဲနှင့် ပတ်သက်၍ နိုင်ငံတော် ဘဏ္ဍာများ မတရားအသုံးခံရသည်ဟု ပါလီမန်တွင် ရဲရဲဝံ့ဝံ့ တင်ပြသူလည်း ရှိပါသည်။ ဗြိတိသျှအစိုးရ အတိုက်ခံပါတီမှ ပါတီခေါင်းဆောင် အမှူးပြုသော အတိုက်အခံအမတ်များ ဖြစ်ပါသည်။ မင်္ဂလာပွဲကိုပင် မတက်ရောက်ဟု သိရပါသည်။

## ယိုးဒယားဘုန်းကြီးကျောင်းတွင်

**ယိုးဒယား ဘုန်းကြီးကျောင်း** ကျွန်တော်တို့ လန်ဒန် ဂက်တ်ဝစ် လေဆိပ်မှ သိဟိုဠ်ကျောင်းသို့ အသွားလမ်းတွင် ယိုးဒယားကျောင်းသို့ ဝင်ခဲ့စဉ်က ယိုးဒယား ဘုန်းကြီးများက ဆရာတော်အား သူတို့ဆီ လာတည်းပါဦးဟု လျှောက်ထား

http://www.dhammadownload.com



ကြပါသည်။ ရှေးကလည်း သူတို့ဆီမှာ တည်းခိုခဲ့ဖူးခြင်း ကြောင့်၊ ယခုလည်း သူတို့ဆန္ဒကို လိုက်လျောဦးမှ တော်မည်ဟု ဆရာတော်က ယူဆပါသည်။ ထို့ကြောင့် ၂၈၊၇၊၈၁ ညနေမှ ၃၁၊၇၊၈၁ ညနေအထိ ယိုးဒယားဘုန်းကြီးကျောင်း၌ တည်းခဲ့ကြပါသည်။ ယိုးဒယား ဘုန်းကြီးကျောင်းမှာ လူကုံထံ ရပ်ကွက်ဖြစ်သည့် ဝင်ဘယ်လ်ဒမ် ရပ်ကွက်၌ရှိ၍ ယိုးဒယားဘုရင်၏ အထောက်ပံ့ခံကျောင်းဖြစ်ပါသည်။ ကျွန်တော်တို့ သွားစဉ်က ပေါင်ပေါင်းသောင်းနှင့်ချီ၍ ကုန်သော သိမ်ကျောင်းကို ယိုးဒယား ဗိသုကာပုံစံဖြင့် ဆောက်နေပါသည်။

ယိုးဒယား　　သံဃာတော်ကိုးပါး သီတင်းသုံးနေပါသည်။
ဘုန်းတော်ကြီးများ　　ကိုရင်မရှိပါ။ ဦးပဉ္စင်း ချည်းသာရှိပါသည်။
ကပ္ပိယလည်း အချိန်ပြည့် ကပ္ပိယမရှိပါ။

ရှိသော ကပ္ပိယ ယိုးဒယားတစ်ယောက်မှာ ဟိုတယ် တစ်ခုတွင် စားပွဲထိုးလုပ် နေပါသည်။ ညနေမှာ အလုပ်သွားလိုက်သည်မှာ နောက်တစ်နေ့မနက်မှ ပြန်လာပါသည်။ အိပ်ရေးပျက်လာ၍ မအိပ်ရ သေးသောကြောင့် ဘုန်းကြီးကျောင်း ဝေယျာဝစ္စသိပ်မလုပ်နိုင်ပါ။ အများအားဖြင့် အာရုဏ်ကို သံဃာတော်များ ကိုယ်တိုင် ထချက် ရပါသည်။ ကျွန်တော် နေသမျှအချိန်မှာတော့ ကျွန်တော်ပဲ အရုဏ်စာ ချက်ပါသည်။ နေ့ဆွမ်း ကတော့ ယိုးဒယားဒကာ ဒကာမများ အလှည့် နှင့် လာကပ်ကြတာ များပါသည်။ တချို့က အိမ်မှအပြီး ချက်လာ၍ အချို့က ပစ္စည်း ဝယ်လာပြီး ကျောင်းရောက်မှ ချက်သည်။ အချို့က

http://www.dhammadownload.com



ကျောင်းမှ စည်သွတ်ဘူးများ ဖောက်ကပ်၍ ချက်ကပ်သည်ဟု သိရပါသည်။

ရောက်ပြီး နောက်တစ်နေ့မနက် အရုဏ်၌ ယိုးဒယား ဦးပဉ္စင်းတစ်ပါး အရုဏ်စာပြင်ဆင်သည်ကို ကူညီရပါသည်။ အကြောင်း မသိသေး၍ ကူညီရုံသာ ကူညီနိုင်ပါသည်။ ဆန်ပြုတ်ကို ဝက်သားခြောက်ကြော်ဖြင့် ဘုဉ်းပေးကြပါသည်။ ဆန်ပြုတ်မှာ မနေ့က ထမင်းကြမ်းအကျန်ကို ပွတ်ပွတ်ဆူနေသော ရေနွေးမိုးထဲသို့ ထည့်ကျိုလိုက်ခြင်းသာ ဖြစ်ပါသည်။ ဝက်သားခြောက်ကြော်ကိုမူ သကြားဖြူး၍ ဘုဉ်းပေးကြပါသည်။

ထိုဆန်ပြုတ်နည်းကို မြင်ရ၍ နောက်တစ်နေ့ အရုဏ်တွင် ချမ်းမြေ့ကျောင်းက ဆန်ပြုတ်နည်းအတိုင်း ကျွန်တော် ထပြုတ်ပါသည်။ ဆန်ပြုတ် ကောင်းကောင်း မဘုဉ်းပေးရသည်မှာ ကြာပြီဖြစ်၍ ယိုးဒယား ဦးပဉ္စင်းတစ်ပါးလျှင် သုံးလေးပန်ကန်ပင် ဘုဉ်းပေးနိုင်ကြပါ သည်။ ဆန်ပြုတ်ကို ကြက်ဥ အလုံးလိုက် မကျက်တကျက်ကြော် နှင့်လည်း ဘုဉ်းပေးပါသည်။ တစ်ပါးကို နှစ်လုံးကျဖြင့် ကြက်ဥအလုံး နှစ်ဆယ်ခန့် စောစီးစီး ထကြော်ရပါသည်။ ဆန်ပြုတ်ကို ခံတွင်းတွေ့သွား၍ နောက်နေ့များလည်း ဆန်ပြုတ်၍ ကပ်ရပါသည်။

http://www.dhammadownload.com



**မြန်မာတရားပွဲ** ယိုးဒယားကျောင်း၌ ရှိစဉ် ဆရာတော်က မြန်မာဘာသာဖြင့် တရားပွဲတစ်ပွဲ ချီးမြှင့်ခဲ့ပါသေးသည်။ စိစဉ်ချိန်မရ၍ ကပ်ပြီးကြေညာ ရသောကြောင့် တစ်ကြောင်း၊ အလုပ်ပိတ်ရက် စနေ ၊ တနင်္ဂနွေနှင့် မတိုက်ဆိုင်၍ တစ်ကြောင်း ၊ တရားနာပရိသတ် နည်းပါးသည်။ ဆရာတော်ကမူ ပရိသတ်အနေအထားကို လိုက်၍ အမေးအဖြေ သဘောမျိုးဖြင့် တရားချီးမြှင့်ရာ တရားနာလာသူများ အတော် ကျေနပ်သွားကြပါသည်။

ဗုဒ္ဓတရားတော်နှင့် ပတ်သက်၍ မေးမြန်းလိုသော ၊ ဇဝေဇဝါဖြစ်နေသော အချက်များကိုလည်း လျှောက်ကြပါသည်။ ဥပမာအားဖြင့် ဦးစိန်ထွန်းအောင်က ဆရာတော်ဘုရား ကုသိုလ် ကောင်းမှုတစ်ခုခုကို ပုဂ္ဂိုလ်နှစ်ဦး ပူးပေါင်းလုပ်လျှင် အကျိုးတူတူ ပေးတယ်ဆိုတာ ဟုတ်ပါသလားဟု လျှောက်ထားရာ ဆရာတော်က အတူတူလုပ်ရုံနှင့် အတူတူ အကျိုးမပေးကြောင်း ၊ ကုသိုလ်ပြုသူ နှစ်ဦးစိတ်တွင် အတူအကျိုးပေးရပါလို၏ဟု ရည်သန်ပြီး ပြုမှသာ အကျိုးတူပေးဖို့ သေချာကြောင်း ရှင်းပြပါသည်။

**ယိုးဒယားနှင့် အင်္ဂလိပ်စကား** ယိုးဒယား ဘုန်းကြီးများအနက် တစ်ပါးမှာ ပါရဂူဘွဲ့ (PhD) ရပြီးသူ ဖြစ်ပါသည်။ ပါဠိဖြင့် ရထားသည်ဟု သိရပါသည်။ သို့သော် အများစုမှာ အင်္ဂလိပ်စကားပြော အသံထွက်သိပ်မကောင်းလှပါ။ ကျွန်တော့်လို

http://www.dhammadownload.com



သင့်ရုံသာ အင်္ဂလိပ်စကားပြောနိုင်သူကိုပင် အင်္ဂလန်လာခါနီး ဘယ်မှာ အင်္ဂလိပ်စကားပြော သင်ခဲ့သလဲဟု မေးကြပါသည်။ ကျွန်တော်က ဘယ်မှာမှ မသင်ခဲ့ကြောင်း မြန်မာပြည်တွင် ကျွန်တော့်ထက် များစွာ အင်္ဂလိပ်စကားပြောတော်သူပေါင်း များစွာရှိကြောင်း ပြောပြရပါသည်။ ယိုးဒယားတွင် အင်္ဂလိပ်စာသင်ပေးနိုင်သူ ၊ အင်္ဂလိပ်စကားပြော သင်ပေးနိုင်သူ ဆရာများမှာ လခကောင်းကောင်း ရကြသည်ဟု သိရပါသည်။

ယိုးဒယားနိုင်ငံသည် နိုင်ငံခြားသား အဝင်အထွက်များသော နိုင်ငံဖြစ်သော်လည်း ယိုးဒယား ပြည်သူပြည်သား အများစုမှာ အင်္ဂလိပ်စကားပြော မကျွမ်းကျင်ကြဟု ယိုးဒယားဦးပဉ္ဇင်းတစ်ပါး ကအမိန့်ရှိပါသည်။ ယိုးဒယားဘုန်းကြီးကျောင်းသို့ ဝင်ထွက်နေသော ယိုးဒယား လူမျိုးများမှာလည်း ကျွန်တော်နှင့် စကားပြော ဖူးသလောက် မှာ ထမင်းစားရေသောက်သာ ပြောတက်ကြပါသည်။ ဆွမ်းလာ ကပ်သော ယိုးဒယား ဒကာမကြီး '' မာလီ '' ဆိုလျှင် အင်္ဂလန် ရောက်သည်မှာ ကြာပြီဖြစ်သော်လည်း စကားပြော မကောင်းလှပါ။

ယိုးဒယား ဘုန်းကြီးကျောင်းတွင် နေ့စဉ်ဘုရားပန်းလာကပ် သူများ ဆွမ်းဟင်းလာကပ်သူများ မပြတ်ပါ ၊ တရားကိုမူ စနေ ၊ တနင်္ဂနွေနေ့များတွင် အားထုတ်ကြပါသည်။ ယိုးဒယား အမျိုးသမီး

http://www.dhammadownload.com



ကလေးများမှာ ခေတ်ဆန်ပုံပေါက်ကြသော်လည်း ဘာသာတရားကိုမူ ကိုင်းရှိုင်းကြောင်း တွေ့ရပါသည်။

ဝတ်စားဆင်ယင်သတိယှဉ် ထို့ကြောင့်လည်း အင်္ဂလန်ရောက် မြန်မာဒကာတစ်ဦးက ဤသို့ မရျတင်ကဲ ပြောပြပါသည်။ ယိုးဒယားမလေးတွေက ဘိုတွေနဲ့တွဲပြီး ဗုဒ္ဓဘာသာဘက်ကို စည်းရုံးပြီးခေါ်လာကြတယ်၊ ကျွန်တော်တို့ မြန်မာမလေးတွေကတော့ ဘိုတွေနဲ့တွဲပြီး ဘိုစိတ်ပေါက်ကုန်ကြတယ်ဟု ပြောပြပါသည်။ ဟုတ်ပုံရပါသည်၊ တချို့မြန်မာအမျိုးသမီးများမှာ ဘုန်းကြီးကျောင်းသို့ ဘောင်းဘီရှည်နှင့် စကပ်ဝတ်လာကြသည်ကို စိတ်မချမ်းမြေ့ဖွယ် တွေ့ရပါသည်။ ယိုးဒယားမလေးများမှာ သူတို့နိုင်ငံ၌ပင် ဂါဝန်နှင့် စကပ်ကို ဝတ်နေကြသူများဖြစ်၍ အထူးပြောဖွယ်မရှိပါ။ ဝတ်စားမှုတွင် သီဟိုဠ်ဒကာမများကိုချီးကျူးဖို့ ကောင်းပါသည်။ ကျွန်တော်တို့ သီဟိုဠ်ဘုန်းကြီးကျောင်းတွင် တည်းခိုစဉ်က ကျောင်းကိုလာသမျှ သီဟိုဠ်အမျိုးသမီးများမှာ ဆာရီသာ ဝတ်လာကြပါသည်။ ဘောင်းဘီမပြောနှင့် စကပ်ဝတ်လာသည်ကိုပင် မတွေ့ရပါ။

## သီရိလင်္ကာဘုန်းကြီးကျောင်းတွင်

သီဟိုဠ်ကျောင်း လက်ဒန်တွင် သီဟိုဠ် ဘုန်းကြီးကျောင်းကို ကျောင်းသစ် ကျောင်းဟောင်းဟူ၍ နှစ်မျိုး

http://www.dhammadownload.com



ခွဲခေါ်ကြသည်။ ကျောင်းဟောင်း၌ အမြဲနေ ရဟန်းများနေကြပြီး ကျောင်းသစ်၌ အင်္ဂလိပ်ဦးပဥ္စင်း ဦးပေဆလ အမြဲသီးတင်းသုံးပြီး အာဂန္တုသံဃာများ တည်းခိုကြ ပါသည်။ တောင်ပုလုဆရာတော်ဘုရားကြီး ကြွလာစဉ်ကလည်း ထိုကျောင်း၌ပင် တည်းခိုသွားပါသည်။ ထိုစဉ်က သီရိလင်္ကာနိုင်ငံမှ ယဉ်ကျေးမှုဝန်ကြီးလည်း လန်ဒန်တွင် လာပြသော သီရိလင်္ကာ ယဉ်ကျေးမှုပြပွဲအတွက် ရောက်နေရာ ဆရာတော်ကြီးအား အစိုးရညှော်သည့်တော် (State gu... အဖြစ်ပင့်သွားသေးသည်ဟု ကြားသိရပါသည်။ ကျွန်တော်တို့ လန်ဒန်ကို ရောက်ရောက်ခြင်း ဆရာတော်ဘုရားကြီးနှင့် တစ်ခါဆုံလိုက်ရပါသည်။

ယခုအပြန် ၃၁၊၇၊၈၁ မှ ၃၊၈၊၈၁ တည်းခိုရာတွင်မူ သီဟိုဠ်မှ အာနန္ဒာမေတ္တေယျ ဆရာတော်ကြီး တည်းခိုနေပါသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် တောင်ပုလုဆရာတော်ဘုရားနှင့် သီဟိုဠ်ဆရာတော်ဘုရားတို့မှာ သက်တူ ၊ ဝါတူ ၊ မွေးနေ့ပါတူသည်ဟု ဦးပေဆလ ပြောပြ၍ သိရပါသည်။

သီဟိုဠ်ဟု နှုတ်ကျိုး၍ ခေါ်နေကြသော်လည်း တရားဝင်အမည်မှာ သီရိလင်္ကာဖြစ်ပါသည်။ သီဟိုဠ်ဘုန်းကြီးကျောင်းမှာ သီဟိုဠ်မဟာဗောဓိအသင်း၏ အထောက်အပံ့ခံ ဖြစ်ပါသည်။ ကျောင်းထိုင်ဆရာတော်မှာ ပါရဂူဘွဲ့ (PhD) ရသူတစ်ဦးပင်ဖြစ်ပါသည်။

http://www.dhammadownload.com



ဆရာတော် ကြီးကိုယ်တိုင် ရေးသားထားသော စာအုပ်နှစ်အုပ် လက်ဆောင် ပေးလိုက်ပါသည်။ စာအုပ်မှာ အနေကဇာတင်မှစ၍ မွေ့စက္ကပဝတ္တနသုတ် ၊ အနတ္တလက္ခဏာသုတ် ၊ သတိပဋ္ဌာနသုတ် စသည်တို့ကို ကမ္ဘာ့ပါဠိ အသံထွက်ဖြင့် ဖော်ပြထားခြင်း ဖြစ်ပါသည်။ အနက်များလည်း အင်္ဂလိပ်လို ပြန်ဆိုထားပါသည်။

**သီဟိုဠ်ကျောင်း အရုဏ်ဆွမ်း** သီဟိုဠ်ကျောင်း၌ တည်းနေစဉ် နေ့စဉ် အရုဏ်စာအတွက် ဆရာတော်ကို ဒကာများက အိမ်သို့ပင့်၍ ကပ်သောကြောင့် ကျောင်းနေသံဃာများ မည်သို့ဘုဉ်းပေးကြသည်ကို မသိခဲ့ရပါ။ လေ့လာရသလောက်မှာ မိုးစင်စင်လင်းမှသာ ပေါင်မုန့် ၊ ဘီစကွပ် ၊ ကော်ဖီ၊ လက်ဖက်ရည် စသည်တို့ကိုသာ ဘုဉ်းပေးကြဟန် တူပါသည်။ ကျွန်တော်တို့ တည်းခိုစဉ်တစ်ရက်မှာမူ သီဟိုဠ် ဇနီးမောင်နှံ နှစ်ဦး အရုဏ်လာကပ်ပါသည်။ အရုဏ်ဆိုသော်လည်း ဖြနာရီခွဲလောက်မှ ကပ်ပါသည်။ အရုဏ်စာတွင် ဆွမ်းပါသော်လည်း အဝမဟုတ်ပဲ အချိုပွဲအဖြစ်သာ ငါးသေတ္တာနှင့် တွဲ၍ ဘုန်းပေးရန် နည်းနည်းသာ ကပ်ထားပါသည်။ ပေါင်မုန့် ၊ ထောပတ် ၊ ယိုစသည် တို့ကို များများကပ်ထားပါသည်။

သီဟိုဠ်ကျောင်း၌ ဆရာတော်က ညတရားပွဲတစ်ပွဲ ချီးမြှင့်ပါသည်။ ယခုအခါ စီစဉ်ချိန်ရ၍ မြန်မာမိသားစု တော်တော်များများ

http://www.dhammadownload.com



လာပါသည်။ ကလေးများ အတော်ပါလာသဖြင့် ဆရာတော် က ပရိသတ်အထာကို အကဲခတ်မိသည့် အားလျော်စွာ ''ချမ်းမြေ့ အခြေပျိုး ဗုဒ္ဓဘာသာ'' စာအုပ်ပါ အချက်အလက်များကို အကျယ်ချဲ့၍ ဟောကြားရာ လူကြီးပရိတ်သတ်ပါ အတော်သဘောကျကြပါသည်။ ထိုတရားပွဲကို ရုပ်ရှင်ရိုက်ခဲ့ပါသေးသည်။

## လန်ဒန်တက္ကသိုလ်မှ မြန်မာဘာသာ ဆရာနှစ်ယောက်

ဒေါ်ခင်ခင်ချောနှင့် ဦးလှသိန်း

လန်ဒန်၌ ၈ ရက် နေခဲ့စဉ် အတွင်း ရောက်သင့်ရာ နေရာများကို တစ်ခါတစ်ရံ ခရစ်စတိုဖာက လည်းကောင်း ၊ တစ်ခါတစ်ရံ ဒေါ်ခင်ခင်ချောနှင့် ဦးလှသိန်း တို့ကလည်းကောင်း လိုက်ပို့ကြပါသည်။ သူတို့မပို့နိုင်သော နေရာများကို ဒိုင်ခံပို့သူမှာ ဦးစိန်ထွန်း အောင်ပင် ဖြစ်ပါသည်။ ဒေါ်ခင်ခင်ချောနှင့် ဦးလှသိန်းဟု ရေးလိုက်ရသော်လည်း မြန်မာအမျိုးသမီးနှင့် အမျိုးသားတော့မဟုတ်ကြပါ။ နှစ်ဦးစလုံး အင်္ဂလိပ် လူမျိုးများဖြစ်ကြ၍ မြန်မာပြည်သို့လာပြီး မြန်မာစာပေ သင်ကြားသွားကြသူများဖြစ်ကြပါသည်။ သို့သော် လူမမြင်ဘဲ အသံသာနားထောင်ပါက မြန်မာတစ်ဦးပြောနေသလား ထင်ရပါလိမ့်မည်။ ဦးလှသိန်းက ပို၍ မြန်မာသံပီသပါသည်။ မြန်မာအချို့ပင် ရဟန်းသံဃာများနှင့် စကားလုံးမှန်မှန် မပြောထက်ကြပါ။ သူတို့နှစ်ဦး

http://www.dhammadownload.com



ကတော့ "တပည့်တော်" "အရှင်ဘုရား" စသည်ဖြင့် ဆရာတော်နှင့် စကားလုံးမှန်မှန် ရွေးချယ်ပြောဆိုတတ်ကြပါသည်။

နှစ်ဦးစလုံးပင် လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိက လေ့လာရေးဌာန မြန်မာစာဌာနတွင် အလုပ်လုပ်ကြပါသည်။ ကျွန်တော်တို့ သွားစဉ်က ဦးလှသိန်းက ထိုရက်ပိုင်းအတွင်း ရန်ကုန်မြို့၌ မြန်မာစာအဖွဲ့နှင့် ပတ်သက်၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌ ဦးနေဝင်း၏ မိန့်ခွန်းကို ကွန်ပျူတာဖြင့် မှတ်တမ်းတင်ပုံ လက်တွေ့လုပ်ပြလိုက်ပါသေးသည်။ ထို့ပြင် India Library and Record သို့လည်း ဦးလှသိန်းကလိုက်ပို့ပါသေးသည်။ ယင်းစာကြည့်တိုက်၌ ရန်ကုန်မှ အငြိမ်းစားဗိုလ်ချုပ် ဦးမောင်မောင်နှင့် မြန်မာစာ ကျောင်းသူ အင်္ဂလိပ်လူမျိုး မခင်ကလျာတို့ကိုလည်း တွေ့ခဲ့ပါသည်။

**ဘုရားဖြစ်မယ့် အုတ်ခဲ**

ဦးလှသိန်းကော ဒေါ်ခင်ခင်ချောပါ နှစ်ဦးစလုံး မြန်မာစကား ကျွမ်းကျင်ကြပါသည်။ ဒေါ်ခင်ခင်ချော ကိုတော့ မြန်မာနိုင်ငံစာဖတ်ပရိသတ်က သိကျွမ်းနေကြပြီးဖြစ်ပါသည်။ ဦးလှသိန်းကိုလည်း တက္ကသိုလ် ဆရာများအဆောင်တွင် ၁၉၆၈ ခုနှစ် ဝန်းကျင်ကာလက နေခဲ့ဖူးသော တက္ကသိုလ်ဆရာ အတော်များများကမူ သိကြပါသည်။ ဦးလှသိန်း မြန်မာပြည်တွင် စာပေလာသင်ကြားစဉ်က ဆရာများ အဆောင်တွင် နေသွားပေးပါသည်။ ဦးလှသိန်း၏ အင်္ဂလိပ် နာမည်

http://www.dhammadownload.com



ရင်းမှာ ဝှန်အိုကဲလ် ဖြစ်ပါသည်။ မြန်မာမိတ်ဆွေအချို့က ရင်းနှီးစွာဖြင့် ကိုအုတ်ခဲဟု ခေါ်လေ့ရှိပါသည်။ ထိုအခါ ဦးလှသိန်းက ''ဟုတ်တယ်၊ ကျွန်တော်က အုတ်ခဲတော့ အုတ်ခဲပါပဲ ၊ ဒါပေမယ့် ဘုရားဖြစ်မယ့် အုတ်ခဲ'' ဟု ပြန်ပြောတတ်ပါသည်။

**ဗိုက်ဆာပြီ ထင်တယ်** မြန်မာစာနှင့် စကားသာမက မြန်မာလူနေမှုနှင့် ပတ်သက်သော စကားများတွင်ပါ နေရာမှန်ကန်စွာ သုံးတတ် ၊ ပြောတတ်သူ ဖြစ်ပါသည်။ ကျွန်တော်နှင့်စတွေ့စဉ်က ဆရာတော်က ကျွန်တော်နှင့် ဦးလှသိန်းအား မိတ်ဆက်ပေးရာတွင် ရန်ကုန်မှာ သူက ကျူရှင်ဆရာ လုပ်တယ်ဟု ပြောပြရာ ဦးလှသိန်းက ''ဟာ ... ဒါဆိုရင် သူဌေးပေါ့''ဟု ပြောပါသည်။ ကျွန်တော်ပင် ရုတ်တရက် ကြောင်သွား၍ ရယ်စရာ ပြောမှန်း သတိမထားမိလိုက်ပါ။

ကားပေါ်တွင် ကျွန်တော်က ဦးလှသိန်း စကားပြောတာ မြန်မာသံ သိပ်ပီသတာပဲ ဟု ချီးကျူးရာ ဦးလှသိန်းက ''ကိုကြည်ဝင်းတော့ ဗိုက်ဆာနေပြီထင်တယ်''ဟု ရယ်စရာပြောပါသည်။ ဒီတစ်ခါလည်း ပထမရယ်စရာပြောမှန်း ကျွန်တော်က သဘောမပေါက်ပါ။ နောက်မှသတိထားမိပါသည်။ ဆရာတော်ကပင် ''ဦးကြည်ဝင်းတော့ ဦးလှသိန်းနဲ့ စကားပြောလိုက်တာ ကြောင်ကြောင်သွားတာပဲ''ဟု ပြုံး၍ အမိန့်ရှိပါသည်။ ဦးလှသိန်းသည် မြန်မာစာပေဆိုင်ရာ နိဿယ

http://www.dhammadownload.com



မြန်မာပြန်၊ ကိုးခန်းပျို့စာကိုယ်နှင့် မူရင်းပါဠိ ဆက်သွယ်ပုံ မြန်မာ အက္ခရာဝလိ စီစဉ်ပုံများကို စာတမ်းများ ပြုစုလျက် မြန်မာသဒ္ဒါကျမ်း တစ်စောင်ကိုလည်း ၁၉၆၉ က အောက်စဖို့တက္ကသိုလ် ပုံနှိပ်တိုက်မှ ထုတ်ဝေခဲ့ပါသေးသည်။

ဦးလှသိန်းရော ဒေါ်ခင်ခင်ချောပါ နှစ်ဦးစလုံး သူတို့၏ နေအိမ်များသို့ ဆရာတော်ကို ပင့်သွားကြပါသေးသည်။ ကျွန်တော်တို့ သွားစဉ်က ဒေါ်ခင်ခင်ချောတို့ အိမ်မှာ ပြုပြင်နေဆဲဖြစ်ပါသည်။ အလုပ်သမား မငှားဘဲ ခင်ပွန်းနှင့် သားများကိုယ်တိုင် ပြုပြင်နေခြင်း ဖြစ်ပါသည်။ သူတို့ဆီမှာ အလုပ်သမားခ ဈေးကြီးလှ၍ ကိုယ့်ဟာကိုယ် သာ ပြုပြင်ကြသည်ကများပါသည်။ ဆောင်းတွင်းစာအတွက် သီးနှံ သားငါးစိမ်းများ သိုမှီးထားရာ (Freezer)ခေါ်သော ရေခဲသေတ္တာကြီး ကိုလည်း ပြလိုက်ပါသည်။ အရွယ်အစားမှာ ရန်ကုန်မှ အအေးရောင်း သောဆိုင်များ အသုံးပြုသော ရေခဲသေတ္တာကြီးများထက် နှစ်ဆသုံးဆ ခန့်ရှိပါလိမ့်မည်။

## လန်ခန်ဖယောင်းပြတိုက်

ဖယောင်းပြတိုက် ခရစ်စတိုဖာကလည်း ကျွန်တော့်ကို နာမည် ကျော် မဒမ်တူးဆော့ ဖယောင်းပြတိုက် သို့လိုက်ပို့ ပါသည်။ ဝင်ကြေး မြန်မာငွေ နှစ်ဆယ့်သုံးကျပ် ခန့်

http://www.dhammadownload.com



ပေးရပါသည်။ လူများလွန်း၍ ဆယ်မိနစ်ခန့် တန်းစီပြီးမှ အထဲဝင်ရပါသည်။

ထိုသို့စောင့်နေစဉ် လက်ဆွဲဘာဂျာဖြင့် သီချင်းဆိုရင်း ပိုက်ဆံတောင်းနေသော အသက် ၇၀အရွယ် အဘိုးအိုတစ်ယောက်ကို တွေ့ရပါသည်။ ရှားရှားပါးပါး ကျွန်တော် အင်္ဂလန်၌ ရက် ၂၀–ခန့် နေခဲ့စဉ် သူတောင်းစားနှင့် နှစ်ကြိမ်ကြုံရပါသည်။ ပထမတစ်ကြိမ်က တရားစခန်းအနီး ဘဲရှီးမြို့မှာတုန်းကဖြစ်ပါသည်။ ဘောင်းဘီရှည်နှင့် ကုတ်အင်္ကျီကို ဖရိုဖရဲဝတ်ထားပြီး ကျွန်ုပ်ကို ပိုက်ဆံနည်းနည်းပေးပါဟု ပြောင်ပြောင်ပင် လာတောင်းသော အမူးသမား သူတောင်းစားတစ်ယောက် ဖြစ်ပါသည်။

**မဒမ်တူးဆော့** ယင်းပြတိုက်သည် ဖယောင်းရုပ်တုများ၏ ရှေးဦးလက်ရာရှင် မဒမ်တူးဆော့ (၁၇၆၁–၁၈၅၀) ကို အကြောင်းပြု၍ မဒမ်တူးဆော့ ဖယောင်းပြတိုက်ဟု အမည်ပေးထားခြင်း ဖြစ်ပါသည်။ ၁၈၅၁ခန့်က စ၍ မဒမ်တူးဆော့၏ မူလလက်ရာများကို စုဆောင်းပြသနိုင်ခဲ့ပြီး လက်ရှိပြခန်း နေရာတွင်မူ ၁၈၈၄ က စ၍ဖွင့်လှစ်ခဲ့ပါသည်။ ထိုနေရာရှိ အဆောက်အအုံ ဟောင်းသည် ၁၉၂၅ တွင် မီးလောင်ခဲ့ရာ ၁၉၂၈ ခုနှစ်မှ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

http://www.dhammadownload.com



မဒမ်တူးဆော့က သူ၏ သားနှစ်ဦးဖြစ်သူ Joseph နှင့် Francis တို့အား လက်ထပ်သင်ပေးခဲ့ပြီး ဆွေစဉ်မျိုးဆက် အဆင့် ဆင့် လက်ဆင့်ကမ်းခဲ့ပါသည်။ ပြတိုက်သက်တမ်းရှည်လျားပြီး ဖြစ်သော်လည်း ယခုထိ လူကြိုက်များဆဲ ဖြစ်ပါသည်။ အချိန်အခါ လိုက် နိုင်ငံရေး၊ အားကစား နှင့် အနုပညာလောကမှ ထင်ရှားသော ပုဂ္ဂိုလ်တို့၏ ဖယောင်းရုပ်တု အသစ်များ မကြာခဏ တိုးချဲ့ပြသနေ၍ ပြတိုက်လာကြည့်သူ ပရိသတ်အဖို့ မရိုးနိုင်အောင် ဖြစ်နေဟန်ရှိ ပါသည်။

ပြခန်းထဲ စဝင်ကတည်းက လှေကားရင်း၌ ရဲနှစ်ဦး ရပ်နေ သည်ကို မြင်ရပါသည်။ သေသေချာချာ ကြည့်မှ ဘယ်ဘက်ကရဲမှာ ဖယောင်းရုပ်ဖြစ်ပြီး ညာဘက်က ရဲမှာ လူအစစ်ဖြစ်ကြောင်း သိရပါ သည်။ အင်္ဂလန်၏ မင်းအဆက်ဆက်ကိုပါ စဉ်အလိုက် တန်းစီပြထား ပြီး နောက်ဆုံးအဲလစ်ဇဘက် ဘုရင်မကိုမူ မိသားစု အရုပ်များပါ ပြထား ပါသည်။ ကမ္ဘာကျော် ပုဂ္ဂိုလ်အသီးသီးပုံကိုလည်း နိုင်ငံရေးလောက၊ ပညာရေးလောက၊ အားကစားလောကမှပါမကျန် ပြသင့်ရာရာ ပြသ ထားပါသည်။

သုံးလတစ်ကြိမ် အရုပ်များ ပြောင်းလဲပြသည်ဟု သိရပါ သည်။ ကျွန်တော်သွားစဉ်က အိန္ဒိယ ဝန်ကြီးချုပ် မစ္စအင်ဒီရာ ဂန္ဒီပုံ တူဘေးတွင် ရပ်၍ ဓာတ်ပုံရိုက်ယူခဲ့ရာ မြန်မာပြည်ရောက်တော့

http://www.dhammadownload.com



ဓာတ်ပုံမြင်ရသူ အတော်များများကမူ အရုပ်ဟု မသိကြပါ။ အင်ဒီးရာ ဂန္ဒီအစစ်နှင့် တွဲရိုက်ခဲ့သည်ဟုပင် ထင်ကြပါသည်။ ရုပ်တုတိုင်း၏ လက်တွင် မွေးညင်းကလေးများပါ ထည့်ထားပါသည်။

ကြောက်မက်ဖွယ် နှင့် စစ်ပွဲ

ကြောက်မက်ဖွယ် ခန်းမ (The Chamder of Horrors) ဟု အမည်ပေး ထားသော အခန်းကမူ ဝင်သွားကတည်းက အလင်း ရောင်ပျပျသာ ပေးထားပြီး ကြွက်စုတ်၊ အော်သံ၊ ကြောက်လန့် တကြားအော်သံတို့ကို ကြားနေရပါသည်။ သမိုင်းဝင် ရက်ရက်စက် စက် သတ်ဖြတ်မှုများကို သရုပ်ဖော် ထားပါသည်။ ကြောက်လန့်ပြီး သေသူ၏ မျက်နှာကို သရုပ်ပေါ်အောင် ဖယောင်းရုပ်ထုထားသည်မှာ ချီးမွမ်းဖွယ်ပင်ဖြစ်ပါသည်။ ကျွန်တော်တို့ ဆီမှာသာဆိုလျှင် သီပေါ မင်း၊ လက်ထက်က နန်းတွင်း အရေးတော်ပုံတွင် မင်းမျိုးမင်းနွယ် မိသားစုများ အသတ်ခံရပုံကို သရုပ်ဖော်ပြသ မှာပဲဟု သတိရမိပါသေးသည်။

နောက်ဆုံး အခန်းကမူ ထရာဖာလ်ဂါးစစ်ပွဲ (The Battle of Trafaiger )ဟု အမည်ပေးထားပြီး ၁၈၀၅ ခုနှစ်တွင် ဗြိတိန်နှင့် ပြင်သစ်၊ စပိန်တို့ကြား ဖြစ်ပွားခဲ့ရသော ထရာဖာ(လ်)ဂါစစ်ပွဲအ ကြောင်း အသေးစိတ် သရုပ်ဖော်ထားခြင်းဖြစ်ပါသည်။ အခန်းတွင်း

http://www.dhammadownload.com



စဝင်ကတည်းက အမြောက်သံ၊ ပစ်မိန့်ပေးသံ၊ ဒဏ်ရာရသူများ၏ ငြီးတွားသံများ ကြားနေရပါသည်။ သင်္ဘောပေါ်တွင် တကယ့်စစ်ပွဲ ဆင်နွှဲနေသည့်အလား ဗြိတိသျှစစ်သားများ တိုက်ပွဲဝင်နေပုံကို အသက်ပါပါ သရုပ်ဖော်ထားပါသည်။ သေနတ်နှင့် ပစ်သူကပစ်၊ အမြောက်ပစ်သူပစ်၊ ဒဏ်ရာရသူအား ပြုစုသူက ပြုစုနှင့် အသက်ဝင် အောင် သရုပ်ဖော်ထားပါသည်။

ပရက်စလေ　　　တစ်နေရာတွင် ရုပ်တုတစ်ခုရှေ့၌ လူတွေဝိုင်းနေ သည်ကို တွေ့၍ သွားကြည့်ရာ ကမ္ဘာကျော် ရုပ်ရှင်မင်းသား အဆိုတော် ပရက်စလေရုပ်တု ဖြစ်နေပါသည်။ ဂီတာ တစ်လက်ကိုင်၍ သီချင်းဆိုနေပုံ ဖြစ်ပါသည်။ ပရက်စလေ၏ သီချင်း တစ်ပုဒ်ကို အသံချဲ့စက်ဖြင့် ဖွင့်ထားပေးပါ သည်။ ပရက်စလေရုပ်တုမှ နှုတ်ခမ်းများပင် လှုပ်၍ ဆိုနေသယောင် ထင်ရပါသည်။ သေသေ ချာချာ အနားကပ်ကြည့်မှ နှုတ်ခမ်းလှုပ်ခြင်း မဟုတ်တဲ့ မျက်နှာကြက်မှ နေ၍ ရုပ်တုနှုတ်ခမ်းဆီသို့ မီးကို ခပ်ပျော့ပျော့မှိန်မှိန် အရောင် ပြောင်း၍ ဆလိုက်မီး ထိုးထားခြင်းကြောင့် နှုတ်ခမ်းလှုပ်သကဲ့သို့ ထင်ရကြောင်း သိရပါသည်။

**လူစင်စစ်က ရုပ်တုဖြစ်**　　　လူကြိုက်များသော ပုံပြင်များကိုလည်း သရုပ် ဖော်ထားပါသည်။ (Steeping Beauty) ပုံပြင်မှ မိန်းမောနေသော မင်းသမီးကလေး ပုံကို

http://www.dhammadownload.com



ခုတင်ပေါ်တွင် ထင်ထားရာ တကယ့်လူ ခုတင်ပေါ်တက်အိပ်နေသလားဟု ထင်ရပါသည်။ ခုတင်ဘေး၌ အစောင့် ကပ္ပလိလေး ဝိုက်မြည်းနေပုံကို သဘာဝကျကျ သရုပ်ဖော်ထားပါသည်။ စေ့စေ့စပ်စပ် ကြည့်မည်ဆိုပါက ပြတိုက်တစ်ခုလုံး နှစ်နာရီခန့် ကြာပါလိမ့်မည်။ ထို့ကြောင့်လည်း တစ်ခန်းမှ တစ်ခန်းအကူးတွင် ကုလားထိုင်များ ချပေးထားပါသည်။ ညောင်းလျှင်ထိုင်ဖို့ ဖြစ်ပါလိမ့်မည်။ တချို့ကုလားထိုင်များမှာ ပန်းဖော်ရွှေချထားပြီး ကတ္တီပါဖုံးများနှင့် နန်းတွင်းသုံး ပုံစံဖြစ်ပါသည်။

ကျွန်တော်လည်း အနည်းငယ် ညောင်းသောကြောင့် ကုလားထိုင်တစ်လုံးပေါ် တက်ထိုင်ပြီး နည်းနည်းခေါင်းမူး၍ မျက်စေ့မှိတ်ထားလိုက်မိပါသည်။ ခဏနေမှ နားထဲတွင် တွတ်တွတ် ပြောသံကြား၍ မျက်စိဖွင့်ကြည့်လိုက်ရာ ၁၃နှစ်အရွယ် အင်္ဂလိပ် ကလေးမလေး နှစ်ဦးဖြစ်နေပြီး "အို သက်ရှိလူပါလား"ဟု ယောင်ရမ်းအော်ဟစ်ပြီး ပြေးထွက်သွားကြပါသည်။ ကျွန်တော့်အား မင်းညီမင်းသားတစ်ပါး ၏ ဖယောင်းရုပ်ထုထင်၍ အနားကပ် ကြည့်နေမိခြင်းဖြစ်ပါလိမ့်မည်။ ထင်လျှင်လည်း ထင်လောက်ပါသည်။ ကျွန်တော်ထိုင်နေသည်က ရွှေပိန်းချ ကုလားထိုင် တစ်လုံးဖြစ်ပြီး ဝတ်ထားသည်ကလည်း ရခိုင်လုံချည် အရောင်လက်လက်နှင့် တိုက်ပုံအင်္ကျီနှင့် ဖြစ်နေပါသည်။

http://www.dhammadownload.com



## ဈာန်အသိဉာဏ်မရဘဲ မြေလှိုဏ်းကြီ

ကျူ(ဘ်)ခေါ် မြေအောက်ရထား

ခရစ်စတိုဖာကပင် ကျွန်တော့်အား သိမ်းမြစ်ကို လိုက်ပြပါသည်။ မိမိဖြတ်သွားသော တံတား မှကြည့်လျှင် နှစ်ဖက်စလုံးမှ ပြိုင်လျှက် တံတားပေါင်းများစွာ မြင်နိုင်ပါသည်။ အဆင်အပြင်တော့ မတူကြပါ။ သူတို့ က Tube ဟု ခေါ်သော ရထားတစ်မျိုးလည်း စီးခဲ့ကြသေးသည်။ မြေအောက်ရထားပင် ဖြစ်ပါသည်။ မြေအောက်ရထားစီးပြီးအပြန်တွင် ကြက်ဆင်သားကင် ဝယ်စားကြည့်ပါသေးသည်။ ကြက်သားနှင့် အရသာဆင်တူပါသည်။ ကြက်သားလောက်မနူးညံ့ပါ။ အရသာ သိပ်ထူးထူးခြားခြားတော့ မရှိပါ။ ဘူတာတိုင်း၊ ရထားလမ်း၊ နံရံများတွင် မာကျူရီမီးများ ထွန်းထား၍ ဘူတာတွင်းရထားလမ်းမှာ လင်းနေပါသည်။ ရထားသွားနေစဉ် ဘေးလမ်းမှာမူ မှောင်နေပါသည်။

ရထားခမှာ အတိုဆုံးခရီး အတွက်ပင် မြန်မာငွေ ၃ကျပ်ခန့်ကျပါသည်။ ကျူ(ဘ်) Tube မစီးလိုပါကလည်း နှစ်ထပ်ဘတ်စ်ကားများစီးနိုင်ပါသည်။ ကားအထွက်ကို ခေါင်းလောင်းဖြင့်ပင် အချက်ပေးကြပါသည်။ ရန်ကုန်မှာလိုပင် ပုံသေကားခများ ပေးကြရပါသည်။ အနည်းဆုံး မြန်မာငွေ ၂ကျပ်ခွဲခန့် ပေးရပါသည်။ မြေအောက်ရထားစီးရသော ဘူတာတိုင်း၌ နံရံများတွင် ကြော်ငြာများ ကပ်ထားကြပါ

http://www.dhammadownload.com



သည်။ စီးကရက် ကြော်ငြာတိုင်းတွင်ပင် အောက်ခြေမှ ''အန္တရာယ်ရှိသည်ဟု ဘုရင်မ၏ အစိုးရအဖွဲ့ ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သည်။ ဆရာဝန်များ အများစုကလည်း စီးကရက် မသောက်သင့်ဟု ယူဆကြသည်''ဟူသော စာတန်းများ ထိုးထားပါသည်။

**လန်ဒန် ဈေးဆိုင်များ** ဦးစိန်ထွန်းအောင် ပို့ပေး၍ လန်ဒန်မြို့တွင်း တစ်နေ့ ဈေးဝယ်ထွက်ကြပါသည်။ ဆောက်လုပ်ဆဲချမ်းမြေ့မွှာရုံ သိမ်တော်ကြီး အတွက် ပန်းချီ ဆီဆေးများ ဝယ်ရန်ဖြစ်ပါသည်။ အင်္ဂလန်ထုံးစံအတိုင်း ဈေးကြီးလွန်း၍ မဝယ်ဖြစ်ခဲ့ပါ။ စင်ကာပူကျမှ ဝယ်ဖြစ်ပါတော့သည်။ ဆေး ဆိုင်နားတွင် ဆံပင်ညှပ်ဆိုင်တွေ့၍ ခရစ်စတိုဖာကို မေးကြည့်ရာ ဆံပင်ညှပ်၊ ခေါင်းလျှော်ခ အင်္ဂလိပ်ငွေ ၃ပေါင် (မြန်မာငွေ ၄၄ကျပ်) ကျသည်ဟု သိရပါသည်။ Shopping Centre ဟု ခေါ်သော ကုန်မျိုးစုံရောင်းချရာ ကုန်တိုက်ကြီး တစ်တိုက်ကိုလည်း ဝင်ခဲ့ပါသေးသည်။ နှိပ်ကြယ်သီးမှ စ၍ ကားအထိ ရောင်းသော ဆိုင်ဖြစ်ပါသည်။ ကားရပ်ရန် နေရာပင် တခမ်းတနား လုပ်ထားရပါသည်။ ဆိုင်ကြီးလွန်း၍ ကောင်တာအလိုက် ငွေချေရပါသည်။ ရောက်ဖူးသော စတိုးဆိုင်များကဲ့သို့ အပေါက်ဝရောက်မှ စုပြီး ငွေချေခွင့်မပေးပါ။

အိမ်ထောင်ပရိဘောဂများ အကြီးအကျယ် ထုတ်လုပ်ရောင်း

http://www.dhammadownload.com



ချသော (Narf) ဆိုသော ဆိုင်ကြီးတစ်ဆိုင်ကိုလည်း ဦးစိန်ထွန်းအောင်က လိုက်ပို့ပါသည်။ ကုန်ကြမ်းအမျိုးမျိုးဖြင့် လုပ်ထားသော ပရိဘောဂများ ဖြစ်ပါသည်။ သူတို့ဆီမှာတော့ သစ်သားရှားပြီး ဖော်မိုက်ကာပေါသောကြောင့် သစ်သားသက်သက် ပရိဘောဂက ဈေးပိုကြီးပါသည်။ ကျွန်တော် မှတ်မိသလောက် ကျွန်းသားဖြင့် ပြုလုပ်သော ထမင်းစား စားပွဲ၊ ကုလားထိုင်တစ်စုံ၏ သတ်မှတ်ရောင်းဈေးမှာ ပေါင် ၈၀၀ ကျော် (မြန်မာငွေကျပ် တစ်သောင်းနှစ်ထောင်) ဖြစ်ပါသည်။ ခြုံပြောရလျှင် လန်ဒန်တွင် ဈေးဆိုင်တွေများသလောက် ပစ္စည်းမျိုးစုံရပြီး ဝယ်သူလည်း များလှပါသည်။ ထို့အတူ ဈေးလည်း ကြီးလှပါသည်။

## ကမ္ဘာကျော် အောက်(စ်)ဖို့

အောက်(စ်)ဖို့ တက္ကသိုလ် — ဘာမင်ဂန်ဆရာတော် ပို့ပေး၍ နာမည်ကျော် အောက်(စ်)ဖို့ တက္ကသိုလ်တည်ရှိရာ အောက်(စ်)ဖို့မြို့ကိုလည်း ရောက်ခဲ့ပါသည်။ လမ်းတွင် ကားဆေးဆိုင်တစ်ခု၌ ကားကို ရေဆေးသဖြင့် သူတို့ဆီက ကားဆေးနည်းကို သိခဲ့ရပါသည်။ အဆေးခံမည့်ကားကို မှန်တံခါးအလုံပိတ်ပြီး သတ်မှတ်ထားသော နေရာတွင် ရပ်ထားပေးရပါသည်။ မကြာမီ အောက်ခြေကြမ်းခင်း တဖြည်းဖြည်းရွေ့သလို ကားလည်း ရှေ့သို့ ရွေ့သွားပြီး ဆပ်ပြာမှုတ် ရေပန်းများအောက် ရောက်သွားပါသည်။

http://www.dhammadownload.com



ဆပ်ပြာရွှဲရွှဲနိုနေသော ကားသည် မကြာမီ ကြက်မွေးသဖွယ် အမွေးများ ဒေါင်လိုက်လုပ်ထားသော ဒလိမ့်များကြား ရောက်သွားပြီး ကားကို ပွတ်တိုက်ကြပါသည်။ ထို့နောက် ရေပန်းရိုးရိုးအောက် ပြန်ရောက်ပြီး ကားကို အချောကိုင် ဆေးပေးပါသည်။ ကားဆေးခ မြန်မာငွေ ၃၀ ကျပ်ခန့် ကျပါသည်။ ဒါတော့ မြန်မာပြည်က ဈေးနှုန်းနှင့် သိပ်မကွာ ဟု အောက်မေ့မိပါသေးသည်။ သို့သော် ရန်ကုန်မှ မော်တော်ကား (Servicing) များက ဆေးပေးသလောက်တော့ မစင်ပါ။ အချို့နေရာ များတွင် ရွှံ့ခြောက်တချို့ ကပ်ကျန်နေသည်ကို တွေ့ရပါသည်။

လန်ဒန်မှ အောက်(စ်)ဖို့ သို့ နှစ်နာရီနီးပါး ကားမောင်းသွား ရပါသည်။ အောက်( စ် )ဖို့ မြို့လယ်ခေါင်သည် အောက်( စ် )ဖို့ တက္ကသိုလ် ဖြစ်ပြီး ရန်ကုန်တက္ကသိုလ်လို သီးသန့်ခြံစည်းရိုးနှင့် မဟုတ်ပါ။ စာသင်ခန်းများ နှင့် တစ်ဆက်တည်း စာအုပ်ဆိုင် များပါရှိပါသည်။ ကွာခြားသည်မှာ အခြားမြို့များ သွားစဉ်က မြို့ထဲမှာအသက်အရွယ်စုံ တွေ့ရ သော်လည်း အောက်(စ်)ဖို့တွင်မူ ကျောင်းသားမြို့တော်ဖြစ်၍ လူငယ်များ အမြောက်အမြား တွေ့ခဲ့ရ ပါသည်။ သူတို့ဆီက စာအုပ်ဆိုင်တွေမှာ ဝယ်သည်ဖြစ်စေ၊ မဝယ် သည်ဖြစ်စေ ဆိုင်ထဲတွင် ကြိုက်သလောက် ထိုင်ဖတ်ခွင့်ရှိပါသည်။ ကျွန်တော်တို့ဆီမှာသာ ဒီလိုဖတ်ခွင့် ပေးလျှင် တော့ စာအုပ်အငှားဆိုင် တွေ ဝင်ငွေနည်းဦးမှာပဲဟု တွေးမိပါသည်။

http://www.dhammadownload.com



အောက်(စ်)ဖို့ ဆင်ခြေဖုံးရှိ ယခင်နှစ်များက မဟာစည် ဆရာတော်ဘုရားကြီးနှင့် ချမ်းမြေ့ဆရာတော်တို့က တရားစခန်းဖွင့် ခဲ့သော အုတ်ကင်းဟော့ တရားစခန်းတွင် ဆရာတော်နှစ်ပါး နေ့ဆွမ်း ဘုဉ်းပေးကြပါသည်။ ဆွမ်းဒကာ ဦးမြတ်စောမှာ ဆေးရုံတက်နေ၍ ဒကာမဒေါ်စန်းရီကသာ ပြင်ဆင်ဆက်ကပ်ရပါသည်။

## မြို့တော်ညီနောင်

| | |
|---|---|
| လန်ဒန်မှ ပြင်သစ်သို့ | လန်ဒန်တွင် စုစုပေါင်း ရှစ်ရက်နေပြီးနောက် ပြင်သစ်သို့ ခရီးဆက်ရန် ပြင်ဆင်ကြပါသည်။ |

ပြင်သစ်တွင် ၄ ရက်သာ နေမည်ဖြစ်ပါသည်။ သီရိလင်္ကာသို့ သွားသောအခါ၌မူ လန်ဒန်ကပင် လေယာဉ်စီးရပါ မည်။ အကြောင်းမှာ လန်ဒန်-သီရိလင်္ကာ လေယာဉ်လက်မှတ်ဝယ်ပြီး ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်၍ ပြင်သစ်မှ လန်ဒန်သို့ တစ်ခေါက် ပြန်လာရဦးမည် ဖြစ်ပါသည်။

လန်ဒန်မှ ပြင်သစ်သို့ ကူးရာတွင် ဗြိတိသျှလေကြောင်း ကုမ္ပဏီ မှလေယာဉ်ဖြင့် ကူးပါသည်။ ပြင်သစ်လေဆိပ်ရောက်သော အခါ လမ်းဆင်းလျှောက်စရာ မလိုဘဲ လေဆိပ်အဆောက်အအုံ နှင့် လေယာဉ်ထွက်ပေါက်ကို မိုးလုံလေလုံတံတားအရှင် (Ramp) ခင်း

http://www.dhammadownload.com



ပေးထားပါသည်။ ပြင်သစ်လေဆိပ်မှာ အင်္ဂလန် လေဆိပ်လောက်တော့ သန့်ရှင်းမှုမရှိပါ။ လေယာဉ်ပေါ်တွင် ကမ္ဘာလှည့်ခရီးသည် မျိုးစုံ ပါလာကြပါသည်။ ပြင်သစ်လေဆိပ်တွင် ဦးမောင်မောင်ရန်ကုန် လာကြို နေပါသည်။

**မြို့တော်ပါရီ** ပါရီသို့ ကျွန်တော်တို့ ဩဂုတ်လ ၃ ရက်၊ ဒေသစံတော်ချိန် ညနေ ၄နာရီလောက်တွင် ရောက်သွားပါသည်။ မင်္ဂလာဒုံလေဆိပ်နှင့် ရန်ကုန်မြို့တွင်းလောက်ပင် ပါရီမြို့တွင်းနှင့် လေဆိပ်လည်း ကွာဝေးမည် ထင်ပါသည်။ မြို့တွင်း ဝင်ကတည်းက ကားများသော်လည်း လမ်းဖွဲ့စည်းပုံ စနစ်ကျ၍ မသိသာလှပါ။ ပါရီတွင်မူ လမ်းများကို အလှသဘော လေးငါးလမ်း ဖြာ၍ ဖောက်ထားသောကြောင့် လမ်းဆုံအကူးများတွင် အထူး သတိထား မောင်းကြရပါသည်။ မီးပွိုင့်များတွင်လည်း ဂယ်ကွေ့ ကွေ့နေကြသည်ကို တွေ့ရပါသည်။

**ပါရီကားများ အခြေအနေ** အင်္ဂလန်မှာကော ပြင်သစ်မှာပါ ကားမောင်း ကြမ်းကြသော်လည်း ပြင်သစ်မှာ ပိုကြမ်းသည် ထင်ပါသည်။ အတိုက်အခိုက်များပုံ ရပါသည်။ ကားတော်တော်များများပင် ဘော်ဒီပိန်ခွက်နေသည်က များပါသည်။ ရန်ကုန်မှ ကားပွဲစားများ စကားနှင့် ပြောရလျှင် ဘော်ဒီချောချောကား အတော်ရှားပါးသည်။ သူတို့ဆီမှာ ဘော်ဒီပိန်လျှင်ထုခမှာ အသစ်ဝယ်

http://www.dhammadownload.com



ထည့်သည့်နီးပါး ဈေးကြီးလှသည်ဟု သိရပါသည်။ အင်္ဂလန်ဘက်တွင် အိတ်ဇောပိုက်ပေါက်၍ ဖာရာ မြန်မာငွေ ၁၂၀ကျပ်ခန့် ပေးရသည်ဟု သိရပါသည်။ ထို့ကြောင့် သူတို့ဆီမှာ ကားတံခါး ပိန်လည်း မပြင်ကြပါ။ တံခါးဖွင့်၍ရသေးလျှင် ပိန်တာကို မပြင်ဘဲ စီးနေပါသည်။ အခြေအနေ အလွန်ဆိုးမှ တံခါးတစ်ချပ်လုံး အသစ်လဲတပ်သည်ဟု သိရပါသည်။

**ရှေးကရေးကြသလို မဟုတ်ပါ** ယခင်က ခရီးသွားဆောင်းပါးများတွင် ဖတ်ရ သည်မှာ ဥရောပနိုင်ငံများတွင် မီးခိုးထွက်သော ကားများ မမောင်းရ ၊ လမ်းဘေး အမှိုက်မပစ်ရ ဟုဖတ်ဖူးပါသည်။ လက်တွေ့တွင်မူ မီးခိုးထွက်သော ကားများစွာ တွေ့ရပြီး လမ်းဘေး အမှိုက်ပစ်လိုက်ကြသည်မှာ ပွနေပါသည်။ လန်ဒန်ထက် ပါရီမှာ ပိုဆိုးပါသည်။

သူတို့ဆီမှာ စက္ကူထက် ပလပ်စတစ်ဘူး၊ သံဘူး၊ အသုံးများ၍ ဘူးခွံများ ပိုများပါသည်။ သောက်ရေလည်း ပလပ်စတစ်ဘူးနှင့် အသင့်ထည့်ပြီးသားကို ဝယ်သောက်ကြရပါသည်။ ကိုကာကိုလာ ဖျော်ရည် (7 -Up) ဖျော်ရည်များကို ရေအစား ဖောဖောသီသီ ဝယ်သောက်ကြပါသည်။ သောက်ပြီးဘူးခွံများများကိုလည်း ဖောဖောသီသီပင် ပစ်ကြပါသည်။ အမှိုက်ပုံးများ ထားပေးသော်လည်း အမှိုက်ပစ်အားက များနေပုံ ပေါ်ပါသည်။ ပုံးထဲမှာ လျှံထွက်နေပါသည်။

http://www.dhammadownload.com



ဤသည်မှာ မြို့လယ်ခေါင် တွင်ဖြစ်ပါသည်။ ဆင်ခြေဖုံးတွင်မူ သန့်သည့်နေရာ တော်တော်သန့် ပါသည်။ ရန်ကုန်မြို့တွင် မြို့လယ်ပိုင်းနှင့် ရန်ကုန်အရှေ့ပိုင်းကို ကွာခြားပုံမျိုးပင်ဖြစ်ပါသည်။

ပြင်သစ်တွင် တရားစခန်းဖွင့်မည့် ဘုန်းကြီးကျောင်းမှာ လေဆိပ်နှင့်အတန်ငယ် ဝေးပါသည်။ ထို့ကြောင့် ဦးမောင်မောင်ရန်က ထိုနေ့အဖို့၌ မိမိအိမ်တွင် တစ်ညတည်းခိုစေပြီး နောက်တစ်နေ့ မနက်မှ ဘုန်းကြီးကျောင်းသို့သွားရန် စီစဉ်ထားပါသည်။ ဦးမောင်မောင်ရန်၏ အိမ်မှာ ဇနီးဖြစ်သူ လောလောဆယ် ဂျာမနီ သွားနေသောကြောင့် သူတစ်ဦးတည်းသာ ရှိသဖြင့် ဆရာတော်အတွက်လည်း အဆင်ပြေပါသည်။

## ကြဲ့တောင်ကြဲ့ခဲ ပါရီမှရဟန်းပြုပွဲ

| | |
|---|---|
| ပါရီမှ ရဟန်းပြုပွဲ | ပါရီမြို့တွင် မြန်မာအမျိုးသား ဦးမောင်မောင်ရန်နှင့် လာအိုအမျိုးသားတစ်ဦးကို ဆရာတော်က ရဟန်းခံပေးရပါသည်။ ရဟန်းခံသိမ်တက် |

ပြီး အနုမောဒနယတရားအဖြစ် ဆရာတော်က သတိပဋ္ဌာန်နည်းကျကျ ရှုမှတ်ပုံကို အင်္ဂလိပ်ဘာသာဖြင့် ဟောကြားပါသည်။ ဟောကြားချက် ကို ပြင်သစ်တွင် သီတင်းသုံးနေသော လာအိုရဟန်းတစ်ပါး ဖြစ်သူ ဦးဉာဏဓရောက ပြင်သစ်ဘာသာပြန်ပေးပါသည်။

http://www.dhammadownload.com



အကျဉ်းဟော သည်ဟုသာ ဆိုရသော်လည်း ဘာသာပြန်ချိန်ဖြင့် နှစ်ဆင့်ကြာနေ သောကြောင့် နေ့လယ် ၁နာရီ ၃၀မိနစ်မှ စဟောသော တရားပွဲမှာ ညနေ ၅နာရီမှ ပြီးပါတော့သည်။

ဘာသာပြန်ပေးသော ဦးပဋ္ဌင်း ဦးဉာဏဓရောမှာ ၁၉၈၀ ပြည့်တွင် ချမ်းမြေ့ရိပ်သာ၌ ကျွန်တော် ဒုလ္လဘရဟန်း ဝတ်စဉ်က ကံဆောင်ရာတွင် ပါဝင်သော ရဟန်းတစ်ပါး ဖြစ်ပါသည်။ ၁၉၈၀ ခုနှစ်မတ်လတွင် ချမ်းမြေ့ရိပ်သာ၌ ဝိပဿနာ တရားအားထုတ်သွားသူဖြစ်ပါသည်။ ပြင်သစ်တောင်ပိုင်း ထူလွန်းမြို့အနီးမှ သူ၏ ဗောဓိဉာဏာရာမကျောင်း၌ ယခင်နှစ်များက ချမ်းမြေ့ဆရာတော် တရားပြခဲ့ပါသည်။ ကျွန်တော် ရဟန်းခံသောနေ့ ညနေဘက် အနုမောဒနာ တရားပွဲ၌ မိခင်ကြီးများ သက်န်းကပ်သည်ကို ကိုယ်တိုင်ခံယူတော်မူခဲ့ပါသည်။ တိုက်တိုက်ဆိုင်ဆိုင် ယခုခဲ့သို့ ပြန်တွေ့ကြရ၍ နှစ်ဦးစလုံး ဝမ်းသာကြည်နူးကြရပါသည်။

တရားပွဲမစမီ ဦးဉာဏဓရောက ဆရာတော်အား ၂၄ မျိုး သုံးနိုင်သော ဆွစ်မောင်းချွားတစ်လက်ကို ဆက်ကပ်ပြီး ကျွန်တော့်ကိုလည်း ၁၂မျိုးသုံးနိုင်သော ဓားတစ်လက်စွန့်ပါသည်။ တရားနာ ပရိတ်သတ်မှာ လာအို၊ ကမ္ဘောဒီးယား (ကမ်ပူးချား)၊ ဗီယက်နာမ်၊ ဆွစ်၊ ပြင်သစ် လူမျိုးစုံပါသည့် ပရိတ်သတ် ၆၀ ခန့် ဖြစ်ပါသည်။

http://www.dhammadownload.com



**သီဟာနု၏ သားရဟန်း** ကမ်းပူးချားခေါင်းဆောင် မင်းသားကြီး သီဟာနု၏ သားအငယ်ဆုံးကိုလည်း ရဟန်းဝတ်ဖြင့် ထိုရဟန်းပြုပွဲ၌ တွေ့ရပါသည်။ အသက် ၂၃နှစ်ခန့်ရှိပါပြီ။ နိုင်ငံရေးအရ အန္တရာယ်ကင်းအောင် ရဟန်းဝတ်သလား၊ တကယ့်အေးချမ်းမှု အစစ်ကို လိုလား၍ ရဟန်းဝတ်နေသလားတော့ မသိပါ။ လောလောဆယ် ဖူးရသည်မှာ အသက်နှင့်စာလျှင် မျက်နှာအတော် တည်ငြိမ်မှုရှိပါသည်။ အပြော အဆိုလည်း အေးဆေးလှပါသည်။ ပြင်သစ်လိုသာမက အင်္ဂလိပ်လို ပါ ဖြည်းဖြည်း တစ်လုံးချင်း ပြောတတ်ပါသည်။

**လာအို ဆွမ်းကပ်ပွဲ** နံနက်ပိုင်းတွင် ဆွမ်းကပ်ပုံမှာလည်း တစ်မျိုးဆန်းပါသည်။ သံဃာတော်များက စီတန်းထိုင်နေကြပါသည်။ ဆရာတော်နှင့် မလေးရှားဦးပဥ္စင်းကလေး တစ်ပါးမှအပ ကျန်သံဃာများ အားလုံးမှာ လာအို၊ ကမ်ပူးချားသံဃာများ ဖြစ်ကြပါသည်။ ထိုသံဃာ များ၏ သပိတ်ထဲသို့ ဆွမ်းလောင်းမည့် ဒကာများက ကြိမ်ပလိုင်းများ တွင် အသင့်ထည့်ထားသော ကောက်ညှင်းပေါင်း လက်တစ်ဆုပ်စီ ကို လိုက်လောင်းကြပါသည်။ တစ်ယောက်တစ်ဆုပ်ဆိုသော်လည်း ဒကာ ၁၀ ဦးခန့်လောင်းရာ သပိတ်တစ်ဝက်ခန့် ပြည့်သွားပါသည်။ ဆရာတော်ကိုင့်၍ ထမင်းဖြူ တစ်အုပ်လည်း သီးသန့်ကပ်ပါသည်။ ဟင်းမှာမူ ဒကာတစ်ယောက် ဟင်းတစ်မျိုးစီ တစ်ဇွန်းစီ လိုက်လောင်း ပါသည်။ ဟင်း

http://www.dhammadownload.com



၁၅မျိုး ခန့် ဖြစ်သောကြောင့် တစ်မျိုးတစ်ဇွန်း ဘုဉ်းပေး သည်နှင့်ပင် ဆွမ်းဝသွားရပါသည်။ ကျွန်တော်လည်း အရသာသိလို ၍ ထမင်းမစားဘဲ ကောက်ညှင်းပေါင်းသာ စားကြည့်ပါသည်။ ထမင်း ထက်ပို၍ အဆာခံသည်ကို တွေ့ရပါသည်။

**ပြည်တွင်းစစ်၏ သားကောင်**

နောက်ရက်များတွင်မူ တရားအားထုတ်သူများ မှလွဲ၍ ကျန်ဒကာ ဒကာမများမှာ နေ့ဆွမ်းကပ် ခါနီးမှ လာကြပါသည်။ အရုဏ်ကို ကျွန်တော် နှင့်လာအို ဒကာမလေး တစ်ယောက်တို့ နှစ်ဦး က ပြင်ဆင်ကပ်ရ ပါသည်။ ထို လာအိုမလေးမှာ အသက် ၂၅နှစ် ခန့်သာရှိပါသေးသည်။ ပြည်တွင်းစစ်ကြောင့် မုဆိုးမဖြစ်သွားရရှာသူ လေးဖြစ်ပါသည်။ သားလေးတစ်ယောက် ရှိသေးကြောင်း သိရပါသည်။ သူမက လာအိုစကားတတ်ပြီး ပြင်သစ်စကားအနည်းငယ်သာ ပြောတတ် ပါသည်။ အင်္ဂလိပ်စကားလုံးဝမတတ်ပါ။ ထို့ကြောင့် ဆွမ်း ပွဲပြင်ရာတွင် လက်ဟန်ခြေဟန်နှင့် ပြောရဆိုရပါသည်။ တစ်ခါတစ် ရံ ကျွန်တော် တောင်းသော ပစ္စည်းကို အဓိပ္ပာယ်နားမလည်၍ မှားပေ သည်လည်း ရှိပါသည်။ ဟင်းသောက်ပန်းကန် တောင်းသည်ကို ထွေးခံလာပေး သည်လည်း ရှိပါသည်။ ကျွန်တော်တို့တည်းခိုနေသော လာအို ဘုန်းကြီးကျောင်းမှာလည်း မြန်မာပြည်က ဘုန်းကြီးကျောင်းများလို ပင် ထွေးခံအရွယ်အမျိုးမျိုး ရှိပါသည်။

http://www.dhammadownload.com



ယင်းကျောင်း၏ ကျောင်းထိုင်ဆရာတော်မှာ မြန်မာပြည် ဆဋ္ဌသံဂါယနာတင်ပွဲသို့ ကြွလာဖူးကြောင်း သိရပါသည်။ မြန်မာစကား အနည်းငယ် တတ်သော်လည်း မပြောတာကြာပြီဖြစ်၍ မေ့နေပြီဟု အမိန့်ရှိပါသည်။ ရောက်စ တစ်ရက်သာ ဆရာတော်နှင့် ကြုံလိုက်ရပါသည်။ နောက်နေ့မှစ၍ ခရီးထွက်စရာရှိသောကြောင့် ဘုန်းကြီးကျောင်းကို ဒကာ၊ ဒကာမများအပ်၍ ခရီးထွက်ရပါသည်။ ဘုန်းကြီးကျောင်းမှာ ယခုမှတတ်အားသလောက် ပြုစုပျိုးထောင်နေရဆဲဖြစ်ပါသည်။ ကျောင်းဝင်းထဲတွင် အလှူအတန်းရှိ၍ လူများသောအခါ အလွယ်တကူ သုံးနိုင်ရန် ကျင်းအိမ်သာပါ တူးထားသည်ကို တွေ့ရ၍ အံ့ဩရပါသေးသည်။

တစ်နေ့တွင် အရဏ်ကပ်ရန် လာအိုအမျိုးသမီးလေးနှင့် အတူ ပေါင်မုန့်ထွက်ဝယ်ရာ ပေါင်မုန့်သာမန် အရွယ်မှစ၍ နှစ်တောင်ခန့်ရှည်သော ပေါင်မုန့်အထိ အရွယ်အမျိုးမျိုးဆိုင်တွင် တွေ့ရပါသည်။ ပြင်သစ်များသည် ပေါင်မုန့်ကို အရွယ်အမျိုးမျိုးသာမက ပုံစံအမျိုးမျိုးလည်း လုပ်စားကြပုံ ပေါ်ပါသည်။ ငါးပုံ၊ လိပ်ပြာပုံ၊ လိပ်ပုံ၊ အမျိုးစုံတွေ့ရပါသည်။ ဂျပန်မှလာသော ခေါက်ဆွဲထုပ်များလည်း အရောင်းသွက်သည်ကို တွေ့ရပါသည်။

| | |
|---|---|
| တရား အားထုတ်သူများ | ဤတရားစခန်းမှာ ဦးမောင်မောင်ရန် နှင့် လာအို အမျိုးသားနှစ်ဦး ရဟန်းပြု၍ အချိန်ရသမျှ တရားအားထုတ်ဖို့ ပဓာန ဖြစ်ပါ |

http://www.dhammadownload.com



သည်။ ဒုလ္လဘ ရဟန်းများမှာ စွမ်းနိုင်သမျှ အားထုတ်ကြပါ သည်။ ဗီယက်နမ်အမျိုးသမီးကြီးတစ်ဦး၊ ပြင်သစ်အမျိုးသားတစ်ဦး နှင့် တခြားလာအိုအမျိုးသား၊ အမျိုးသမီးအချို့လည်း အချိန်ပိုင်း လာအားထုတ်ကြပါသည်။

ဗီယက်နမ်အမျိုးသမီးကြီးမှာ ၁၉၇၉ခုနှစ်၊ ၈၀ခုနှစ်များမှာ ပြင်သစ်ပြည် ထူနွန်း တရားစခန်းတွင် ပါဝင်အားထုတ်ခဲ့ဖူး၍ ဆရာတော်၏ ယောဂီတပည့်တစ်ဦးဖြစ်ပါသည်။ သဒ္ဓါတရား ပြည့်ဝ သူဖြစ်ပါသည်။ ဆရာတော်ကိုလည်း အလွန်ကြည်ညိုပါသည်။ ပစ္စည်း ပစ္စယလည်း ပြည့်စုံဟန်တူပါသည်။ လာအို ဘုန်းကြီးကလေး ဦးဉာဏရော၏ ပြောပြချက်အရ ချမ်းမြေ့ဓမ္မာရုံသိမ်တော်ကြီးမှာ အသုံးပြုဖို့ ဂျပန်ကော်ဇောကြီး ၅ချပ် လှူထားပါသည်။ ယခု အလှူ အတန်း ရဟန်းပြု ရှင်ပြုရှိသည့်အခါများတွင် သူလှူသော ကော်ဇော ကြီးများကို အသုံးပြုရပါသည်။ သူကတော့ စစ်ပြေးဒုက္ခသည် မဟုတ်ဘဲ ဒုတိယကမ္ဘာစစ် မဖြစ်မီကပင် ပြင်သစ်သို့ လာရောက်နေ ထိုင်သူ ဖြစ်ကြောင်း သိရပါသည်။

## ရောက်သင့်ရောက်ရာ ကြည့်သင့်ကြည့်ရာ

လု(မ်)ပြတိုက် နေ့လယ်ပိုင်းများတွင် ပါရီမြို့တွင် ရောက်သင့် သည့် နေရာများသို့ သွားကြပါသည်။ ပြင်သစ် ၌ အသားတင် ၃ ရက်သာ နေရသောကြောင့်

http://www.dhammadownload.com



နံ့စပ်အောင် မရောက် နိုင်ကြပါ။ နာမည်ကျော် မိုနာလီဇာ ပန်းချီကားရှိရာ လု(ဗ်)ပြတိုက်သို့ ဦးစွာရောက်ခဲ့ရပါသည်။ ခေတ်အဆက်ဆက်က ထုထားသော ကျောက်ဆစ်ပန်းပုရုပ် အမျိုးမျိုးကို သဘာဝကျအောင် ဖုံးဝှက်သင့် သည်ကိုပင် မဖုံးဝှက်ဘဲ ပြသထားပါသည်။ ပန်းချီကား တချို့မှာ လည်း ထို့အတူပင် ဖြစ်ပါသည်။ ပန်းချီကားများမှာ များသောအားဖြင့် ၁၅ ရာစု နောက်ပိုင်းမှ ဖြစ်ပါသည်။

မိုနာလီဇာ ပန်းချီကားကိုမူ အထူးစီမံထားသော နှစ်ထပ်မှန် အိမ်အတွင်း ထည့်ထားပါသည်။ ထို့ကြောင့် ဓာတ်ပုံရိုက်ခွင့်ပေး ပါသည်။ ပန်းချီကားအများစုကိုမူ ဓာတ်ပုံရိုက်ခွင့် မပေးပါ။ ကင်မရာ မှ လျှပ်တစ်ပြက် မီးများ၏ ဒဏ်ကြောင့် ဆေးသားများ အရောင်ဖျော့ ကုန်သည့်ဘေးမှ ကာကွယ်ခြင်းဖြစ်သည်ဟု သိရပါသည်။ သို့သော် ဟိုနေရာကလက်ခနဲ၊ သည်နေရာက လက်ခနဲ ဓာတ်ပုံခိုးရိုက်နေကြ သည်မှာ ကျွန်တော်လည်း အပါအဝင် ဖြစ်ပါသည်။ အခန်းတိုင်းတွင် ရဲတစ်ဦးနှစ်ဦးရှိသော်လည်း ပြုံးပြုံးလေးသာ တားမြစ်ပါသည်။ သိပ် တင်းတင်းကြပ်ကြပ်တော့ မတားမြစ်ပါ။

ပြတိုက်တစ်ခုလုံး ပေ ၂၀ ပတ်လည်အခန်းမှ ပေ ၁၀၀ ပတ်လည်အခန်းအထိ အခန်းပေါင်း ၂၀၀ ခန့်ကို ဥရုဆောင်ခွဲ၍ ပြသ ထားပါသည်။ ရှေးချပ်ဝတ်တန်ဆာများပြသော အခန်း၊ မံမီဆေးစိမ်

http://www.dhammadownload.com



အလောင်းများ ပြသောအခန်း၊ ကျောက်ခေတ်လက်နက်မှစ၍ လက်နက်မျိုးစုံ အမြောက်အထိ ပြသော အခန်းများလည်းရှိပါသည်။ အများစုမှာ ပန်းချီကားများသာ ဖြစ်ပါသည်။ စုစုပေါင်း ၃၀၀၀ကျော် ခန့်ရှိပါသည်။ ပန်းပု ပြခန်းပေါင်းလည်း ၂၃ခန်းရှိပါသည်။

လု(ဗ်)ပြတိုက်နှင့် မနီးမဝေးတွင် နာမည်ကျော် အောင်မုခ်ဦးကြီး ခမ်းနားစွာ တည်ရှိပါသည်။ ထိုမုခ်ဝရှေ့တွင် အမှတ်တရ ဓာတ်ပုံရိုက်ကြပါသည်။ ကျွန်တော်၏ ဖခင် ၁၉၅၆ခုနှစ်ခန့်က ထိုမုခ်ဝရှေ့တွင် ရိုက်ထားသော ဓာတ်ပုံလည်း အိမ်မှာရှိ၍ ရန်ကုန်ပြန်ရောက်ပြီးနောက် ဓာတ်ပုံ ၂ပုံနှိုင်းယှဉ်ကြည့်သောအခါ မုခ်ဝအဆင်အပြင် နည်းနည်း ကွာခြားနေသည်ကို တွေ့ရပါသည်။ ဖခင်ကြီးသွားစဉ်က မုခ်ဝမှာ အပြင်အဆင် အမွမ်းအမံမရှိ မကာတိအတိုင်းဖြစ်ပြီး ယခုမူ မြင်းလှည်းပြိုင်ပွဲဝင်နေသော အမျိုးသားပုံရုပ်ထုကို ထိပ်တွင် တင်ထားပါသည်။

**ကြဲကြဲဖန်ဖန် အစွမ်းပြသူ** ကျွန်တော်တို့ ပြင်သစ်မရောက်မီ တစ်ပတ်လောက်ကပင် လေသူရဲတစ်ဦးက အပျော်စီး လေယာဉ်ပျံဖြင့် ယင်းမုခ်ဦးအောက်မှ လွတ်ကင်းအောင် ဝင်ထွက်မောင်းပြရာ လူကြိုက်များလှသည်ဟု သိရပါသည်။ သို့သော် လေယာဉ်ဖြတ်သန်းခွင့်ပါမစ်မယူဘဲ ဖြတ်သန်းပြ၍ သက်ဆိုင်ရာမှ အရေးယူခြင်းခံလိုက်ရကြောင်း သိရပါသည်။ ရှာရှာ

http://www.dhammadownload.com



ဖွေဖွေအစွမ်းပြချင်လို့ ဆိုရပါလိမ့်မည်။ ပွဲကြည့်ပရိတ်သတ်ထံမှလည်း အခကြေးငွေရသည်မဟုတ်ပါ။

**ဗာဆိုင်း နန်းတော်** နာမည်ကျော် ဗာဆိုင်းနန်းတော်ကိုလည်း ရောက်ခဲ့ရပါသည်။ အဝင်ဝမှာပင် မြင်းစီးနေသော နပိုလီယံရုပ်တုကို ဝင့်ကြွားစွာ တွေ့ရပါသည်။ နန်းတော်တွင်းပန်းပုများမှာ ရွှေပိန်းချများပါသည်။ အပြင်အဆင် အမွမ်းအမံ အများစုမှာမူ ပန်းချီကားများသာ ဖြစ်ပါသည်။ နပိုလီယံ၏ အိပ်ခန်းကို ခမ်းနားစွာ ပြင်ဆင်ထားပါသည်။ ရွှေရောင် ဝင်းနေသော ခုတင်ကြီးမှာ သာမန် နှစ်ယောက်အိပ်ခုတင် သုံးလုံးစာလောက် ကျယ်ဝန်းပါသည်။ မွေ့ရာလည်း နှစ်တောင်ခန့်ထူပါလိမ့်မည်။ ခြင်ထောင်မှာလည်း အတွန့်အလိပ်များစွာဖြင့် မွမ်းမံထားပါသည်။ ဤအခန်းကို ကြည့်ရုံနှင့်ပင် နပိုလီယံ မည်မျှစည်းစိမ်ခံတတ်မှန်း သိသာလှပါသည်။

လု(ဗ်)ပြတိုက်ကို အလျင်ကြည့်ထားသောကြောင့် ဤနန်းတော်၌ တွေ့ရသော ပန်းပုလက်ရာ၊ ပန်းချီလက်ရာများမှာ သိပ်မထူးခြားလှတော့ပါ။ ကျွန်တော်တို့ရောက်နေစဉ်က မိုးတော်တော်သည်းသည်းရွာနေသောကြောင့် ဥယျာဉ်တော်ကိုမူ မကြည့်ခဲ့ရပါ။ နန်းတော်တွင်း၌ ပြနေသော ဆလိုက်များမှတစ်ဆင့် ဥယျာဉ်ရှုခင်းများကို

http://www.dhammadownload.com



လှပစွာ မြင်ခဲ့ရပါသည်။ ဥယျာဉ်ကိုလည်း အတော်လှပစွာ ပြုပြင်ထားပါသည်။

ပြင်သစ်လည်း အင်္ဂလန်လိုပင် နွေရာသီ ဖြစ်သော်လည်း မိုးတော်တော်ရွာပါသည်။ ကွာခြားသည်မှာ အင်္ဂလန်တွင် မိုးရွာပြီးသောအချိန်၌ နေကောင်းရုံ ရာသီအေးမြသော်လည်း ပဲရစ်တွင်မူ မိုးမရွာလျှင် အတော်လေးအိုက်ပါသည်။ ၉၀ ဒီဂရီ ဖာရင်ဟိုက်အထိပင်ပူ၍ ခရီးစထွက်ကတည်းက ပါရီရောက်မှပင် ချွေးထွက်ခွင့်ရပါတော့သည်။

နာမည်ကျော် အီဖဲလ်မျှော်စင်ကိုမူ တန်းစီရန် အချိန်မပေး နိုင်၍ တက်မကြည့်ခဲ့ရပါ။ ဘေးမှသာ ပတ်၍ကြည့်ခဲ့ရပါသည်။

**ဂျပန်တွေ အလွှန်များ** ကျွန်တော်တို့ပါရီရောက်ချိန်သည် ကမ္ဘာလှည့်ဧည့်သည်များသော အချိန်ဖြစ်ပါသည်။ ဘယ်သွားသွား ကြိတ်ကြိတ်တိုးနေပါသည်။ အထူးသဖြင့် ဂျပန်ဧည့်သည်များမှာ တစ်သုတ်လျှင် လူ ၆၀ ခန့်အထိ အုပ်စုဖွဲ့၍ လာကြပါသည်။ ၁၂နှစ်ရွယ် လူငယ်များမှစ၍ အသက် ၇၀ ခန့်အဘိုးအို၊ အဘွားအိုအထိ ပါဝင်ပါသည်။ သို့သော် အုပ်စုခေါင်းဆောင်မှ တစ်ပါးကျန် ဂျပန်များမှာ အင်္ဂလိပ်စကားကို ရက်(စ်)နှင့် နိုးနှစ်လုံးမှလွဲ၍ မပြောတတ်ကြပါ။ ထို့ကြောင့်လည်း အဖွဲ့ခေါင်းဆောင်နှင့်

http://www.dhammadownload.com



လူချင်းကွဲကုန်သောအခါ ကမောက်ကမ ဖြစ်ကုန်ကြပါသည်။ မသွား တတ် မလာတတ်ဖြင့် ရဲက ကူညီမည်ဆိုပါကလည်း ဘာမေးမေး ရက်(စ်)နှင့် နိုးကိုသာ တစ်လှည့်စီဖြေနေတတ်ပါသည်။

တစ်နှစ်တစ်နှစ် ဂျပန်မှ လူ ၃ သန်းကျော် ပြည်ပသို့ ခရီးထွက် ကြောင်း ယင်းအနက် ၆သိန်းကျော်မှာ အလုပ်ကိစ္စအတွက် ဖြစ် ကြောင်း ကြားဖူးပါသည်။ ဂျပန်သည် ကင်မရာထွက်သော နိုင်ငံဖြစ် သဖြင့် ဂျပန်ခရီးသည်တိုင်း လိုလို ကင်မရာများ လွယ်ထားကြပါသည်။

ခရီးသွားဟန်လွှဲ ပါရီမြို့သို့ လေ့လာကြည့်ရာ ရှေးဟောင်း အဆောက်အအုံများဖြင့် ပြည့်နေသည်ကို တွေ့ရပါသည်။ ပုံစံသစ်ဖြင့် အဆောက်အအုံများကို မြို့လယ်တွင် မတွေ့ရပါ။ ဆင်ခြေဖုံးတွင်သာ တွေ့ရပါသည်။ ပုံစံသစ်များကျတော့လည်း သစ်ဆန်းလိုက်သည်မှာ အချို့အဆောက်အအုံများ ဘာပုံမှန်းမသိနိုင်အောင် ဖြစ်ပါသည်။ ဝရံ တာကို လှေပုံလုပ်ထားသည်လည်း ရှိပါသည်။ ဂြိုလ်တုပုံခုံးခုံးနှင့် အဆောက်အအုံတွေလဲ အတော်များပါသည်။

မြို့တွင်းလမ်းဘေး၌မူ ပန်းချီကား အမျိုးမျိုးရောင်းသော ဆိုင်များကို ကျွန်တော်တို့ဆီမှာ နံနက်ခင်း မုန့်ဟင်းခါးဆိုင်ငယ်များ ပေါ်များသလို တွေ့ရပါသည်။ ကားပေါ်မှ မြင်ရ၍ ဈေးနှုန်းများမသိ ခဲ့ပါ။ ဝယ်သူကို ချက်ချင်းပုံတူဆွဲပေးနေသော ဆိုင်များလည်း တွေ့

http://www.dhammadownload.com



ရပါသည်။ ဘတ်စ်ကားများမှာ လန်ဒန်တုန်းကလောက် မသန့်လှဘဲ မတ်တပ်ရပ်စီးရသူ ခရီးသည်လည်း အတော်များပါသည်။ အတော် အိုသော ဘတ်စ်ကား တော်တော်များများ တွေ့ရပါသည်။

ဗီဇာကုန်လို့ ပါရီက ထွက်ခါနီးမှာ နိုင်ငံကူးလက်မှတ်၌ သီရိလင်္ကာနိုင်ငံဝင်ခွင့်ဗီဇာ ရက်ကုန်မှ လုပ်ခဲ့ရာ ရက်ကုန်ဆုံးနေကြောင်း သိရပါသည်။ သို့အတွက် ပါရီမြို့ရှိ ပြင်သစ်နိုင်ငံဆိုင်ရာ သီရိလင်္ကာသံရုံးသို့ တစ်ခေါက် သွားရပါသည်။ ကျွန်တော်၏ ပတ်စ်ပို့ဓါတ်ပုံများ လန်ဒန်တွင် ကျန်ခဲ့၍ ပါရီရှိ အလိုအလျောက် ရိုက်ပေးသော ကင်မရာရှေ့တွင် ဝင်ရိုက်ရာ ၃မိနစ် အတွင်း ဓါတ်ပုံငါးပုံ ထွက်လာပါသည်။ ပိုက်ဆံစေ့ ထည့်လိုက် ပြီး ကင်မရာရှေ့ အပြေးအလွှား သွားထိုင်လိုက်လျှင် ကိုယ်တစ်ပိုင်း ပုံ အဆင်သင့်ရပါသည်။ သီရိလင်္ကာ သံရုံးကလည်း သာသနာရေး ကိစ္စဖြစ်၍ ဗီဇာကြေးမယူဘဲ အမြန်ဆုံး ဆောင်ရွက်ပေးလိုက်ပါသည်။

## အရှေ့ဆီသို့ အပြန်ခရီးတစ်လျှောက်

ပါရီ လန်ဒန် ကိုလံဘို ပါရီမှ လန်ဒန်သို့ (British Caiedonian) လေယာဉ်ဖြင့် ဩဂုတ်လ ၇ ရက်တွင် ပြန်လာ ရပါသည်။ ပါရီ လန်ဒန် ခရီးစဉ်မှာ လေယာဉ်

http://www.dhammadownload.com



တစ်နာရီတစ်စင်း ထွက်ပေးသောကြောင့် ကျွန်တော်တို့စီးသော နံနက်စောစောအခေါက် လေယာဉ်မှာ ခရီးသည်ချောင်လှပါသည်။ ကျွန်တော်တို့ရသော ထိုင်ခုံမှာ သုံးခုံတွဲ နေရာတွင် အတွင်းဘက် နှစ်ခုံဖြစ်နေသောကြောင့် ပြတင်းပေါက် ကပ်လျက်ခုံမှ မျက်နှာဖြူ အမျိုးသမီးငယ်ကို တောင်းပန်၍ နေရာလဲရာ ဖော်ရွေစွာ ပြုံးလျက် နေရာလဲပေးပါသည်။ လေယာဉ်ပေါ်တွင် နံနက်စာ ကျွေးပါသည်။ တစ်နာရီခရီးအတွက်သာဖြစ်၍ အသားမပါဘဲ ပေါင်မုန့်၊ ထောပတ်၊ ယို၊ ကိတ်၊ သစ်သီးစသည်တို့သာ ပါဝင်ပါသည်။

လန်ဒန် ဟီသရိုးလေဆိပ်ကို ကျွန်တော်တို့က စောရောက်နေသောကြောင့် ကျွန်တော်တို့ပစ္စည်းများ ဟီသရိုးလေဆိပ်သို့ လာပို့မည့်လန်ဒန်မှ မြန်မာမိတ်ဆွေများ မရောက်ကြသေးပါ။ သူတို့လာလျှင် ပစ္စည်းများ သယ်ရလွယ်ကူစေရန် ကျွန်တော်က လေဆိပ်အဝမှ တွန်းလှည်းအသင့်ယူ၍ သွားစောင့်နေပါသည်။ လေဆိပ်များတွင် ခရီးသည်များလွန်းသဖြင့် တွန်းလှည်းမလောက်၍ တချို့လုယူကြရပါသည်။

| | |
|---|---|
| အရှေ့နှင့် | တွန်းလှည်းကိုင်၍စောင့်နေစဉ် အသက် ၇၀ |
| အနောက် | အရွယ် မျက်နှာဖြူ အဘွားကြီးနှစ်ဦး ကား ပေါ်မှ |
| | ဆင်းလာပြီး ပစ္စည်းသယ်ရန် တွန်းလှည်း |

ရှာကြပါတော့သည်။ ရှာမတွေ့ပါ။ အမြင်မတော်၍ ကျွန်တော် က ယူထားပြီး မသုံးဖြစ်သေးသော တွန်းလှည်းကို ယူသုံးလိုပါက

http://www.dhammadownload.com



သုံးပါဟုသွားပေးလိုက်ပါသည်။ ပထမကျေးဇူး တင်ပါတယ်ဟု ဝတ်ကျေတမ်းကျေသာ ပြောပြီး တစ်ဦးက လှည်းကိုယူလိုက်ပါသည်။ ထို့နောက် ကျန်တစ်ဦးက အင်္ဂလိပ်ငွေ ပေါင်ဝက်စေ့တစ်စေ့ (မြန်မာငွေ ၇ ကျပ်ခန့်) ကို ထုတ်ပေးပါသည်။ သူတို့က ငွေလိုချင် ကူညီသည်ဟု ထင်မှတ်ကြခြင်း ဖြစ်ပါသည်။ ကျွန်တော်က မယူဘဲ ငြင်းလိုက်ပြီး ဒီလိုပဲ ကူညီနေကြပါ ဟု ရှင်းပြတော့မှ ကျေးဇူးတင်စကား ရွှန်းရွှန်းဝေအောင် ပြောပြီး ကျွန်တော်၏ အဝတ်အစားများကို ကြည့်၍ ''ဘာလူမျိုးလဲ ၊ ဘယ်နိုင်ငံကလဲ'' ဟုမေးပါသည်။ ထိုအခါမှ ကျွန်တော်က မြန်မာပြည်မှ ဖြစ်ကြောင်း ရှင်းပြပြီး ကျွန်တော်တို့ နိုင်ငံက လူတိုင်း ဒီလိုပဲ ကူညီတတ်ပါတယ်ဟု ခပ်ပင့်ပင့်လေသံဖြင့် ပြောပြလိုက်ရပါသည်။ တွန်းလှည်းကို အကြောင်းပြု၍ ရသော ဒါနကုသိုလ်အတွက် စိတ်ထဲမှာ အတော်ကြည်နူးလိုက်ရပါသည်။

**လေဆိပ်မှာ ဆွမ်းကပ်** မကြာမီ ဦးစိန်ထွန်းအောင်မိသားစု၊ ဘီဘီစီ ဦးခင်၏သမီး မခင်မျိုးသန့်နှင့် ရောဘတ်တို့ အသီးသီးရောက်လာကြပါသည်။ လေယာဉ်ပေါ်တွင် အချိန်အဆင်မပြေမှာစိုး၍ ဦးစိန်ထွန်းအောင် ဒေါ်လှလှတို့က လေဆိပ်စားသောက်ဆိုင်မှာပင် ဆရာတော်ကို နေ့ဆွမ်းကပ်ကြပါသည်။

ဟီသရိုးလေဆိပ်တွင် သန့်ရှင်းရေးအခန်း၌ လက်ဆေးပြီး

http://www.dhammadownload.com



သုတ်ရန် စက္ကူလက်သုတ်ပုဝါပေးမထားဘဲ လေမှုတ်စက်ငယ်များ တပ်ထားပါသည်။ စက်ရှေ့တွင် လက်ထားလိုက်ပါက မကြာမီလက်မှ ရေခြောက်သွားပါသည်။ ဝန်ကျဉ်းသောနည်းဖြစ်ပါသည်။ ထိုသန့်ရှင်း ရေးအခန်းအတွင်း မတော်မလျော်သည့် အရာများလည်း မြင်ခဲ့ရပါ သည်။ လက်ဆေးခွက်များတွင် မျက်နှာနှင့်လက်သာမက ခြေထောက် ကြီးတွေမြှောက်ထည့်ပြီး ဆေးနေသူများကိုလည်း တွေ့ခဲ့ရပါသည်။ အသားဖြူ၊ အသားဝါ၊ အသားမည်းရယ်မဟုတ် လူမျိုးတိုင်း၊ နိုင်ငံ တိုင်းမှာ သန့်တဲ့လူရှိသလို ညစ်ပတ်တဲ့ လူလည်းရှိတာ သဘာဝပဲဟု အသင့်အတင့် နှလုံးသွင်းရပါတော့သည်။

ဖရန့်ဖွတ်မြို့ ယခုအပြန်စီးသော လေယာဉ်မှာ (Air Lanka) လေယာဉ်ကုမ္ပဏီမှ လေယာဉ်ပင်ဖြစ်ပြီး အလာ တုန်းက မျက်နှာချင်းရင်းနှီးခဲ့သော လေယာဉ်မယ်တစ်ဦး ကိုလည်း ပြန်တွေ့ရပါသည်။ သူကလည်း အဝတ်အစားကြောင့် ကျွန်တော်တို့ကို မှတ်မိနေပါသည်။ ဟောတွေ့ ကြပြန်ပြီဟု ဝမ်းပန်းတသာ နှုတ်ဆက် ပါသည်။ ယခုတစ်ခါတွင်မူ အနောက်ဂျာမနီ ဖရန့်ဖွတ်မြို့တွင် ခေတ္တရပ်နားပါသည်။ လေယာဉ် ရောက်ချိန်မှာ ဒေသစံတော်ချိန် ည ၈ နာရီဖြစ်၍ တစ်မြို့လုံးမှာ မီးရောင်ဖြင့် အရမ်းလှနေပါသည်။ မီးရောင်စုံ မသုံးဘဲ အနီစူးစူးကို သုံးထားသောကြောင့် ကောင်းကင်မှ စီးကြည့်ပါက တစ်မြို့လုံး ရဲရဲတောက်နေပါတော့သည်။

http://www.dhammadownload.com



## ရောက်ပါပြီ သီရိလင်္ကာ

ဘန္ဒရာနာယက လေဆိပ်

လန်ဒန်မှ ဩဂုတ်လ ၇ရက်နေ့ ဒေသစံတော်ချိန် ၁၂နာရီ ၃၆မိနစ်တွင် ထွက်လာသော လေယာဉ်သည် နောက်တစ်နေ့ နံနက်ဒေသစံတော်ချိန် ၇ နာရီခန့်တွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ အပြည်ပြည်ဆိုင်ရာ ဘန္ဒရာနာယက လေဆိပ်သို့ ရောက်လာပါသည်။ အသွားက ခဏဝင်ခဲ့သော်လည်း ညနာရီပြန် ၂ ချက်ဖြစ်၍ ဘာကိုမျှ ဂရုတစိုက် မကြည့်ခဲ့မိပါ။ ယခုမှ လေဆိပ်အဆောက်အအုံကို အကဲခတ်ကြည့်ရာ မင်္ဂလာဒုံ လေဆိပ်လောက် ခမ်းနားခြင်း မရှိပါ။ ကျွန်တော်တို့ ရောက်ချိန်မှာ စွယ်တော်တိုက်ဖွင့်ချိန်ဖြစ်သောကြောင့် နိုင်ငံခြားခရီးသည်များ စည်ကားနေပါသည်။ ကျွန်တော်တို့စီးလာသော လေယာဉ်တွင်ပင် မျက်နှာဖြူ ခရီးသည်များ ၃၀ခန့်ပါလာပါသည်။ လေဆိပ်တွင် အခြားခရီးသည်များကို အသေးစိတ်ရှာဖွေသော်လည်း ကျွန်တော်တို့ ပစ္စည်းများကိုမူ သေချာစွာပင် ဖွင့်မကြည့်ပါ။ လာကြိုသူ ဒကာ ဗုဒ္ဓဒါသက လေဆိပ်အမှုထမ်းများအား ရှင်းပြထား၍ ဖြစ်ပါသည်။

ဗုဒ္ဓဒါသ ဟူသည်မှာ မြန်မာအသံထွက်နှင့် ဆိုလျှင် ဗုဒ္ဓဒါသပင်ဖြစ်ပါသည်။ ဘုရား၏ကျွန်ဟု အဓိပ္ပာယ်ရပါသည်။ သူတို့ နိုင်ငံမှာ ထိုသို့ပင် ပါဠိအမည်များ မှည့်လေ့ရှိသည်ဟု သိရပါသည်။ သီဟိုဠ်နိုင်ငံ၏ အမည်သစ်မှာပင် သီရိလင်္ကာ ဖြစ်ပါသည်။ ကျွန်တော်တို့

http://www.dhammadownload.com



သီရိလင်္ကာ၌ နေ့စဉ်သုံးရက်စလုံး ဘယ်သွားသွား ဗုဒ္ဓဒါသက အမြဲပါဝင်ပါသည်။ အသက် ၅၀နီးပါးရှိပါသည်။ မျက်နှာမှာ အမြဲပြုံးနေပါသည်။

**သီရိလင်္ကာ ဆွမ်းကပ်ပွဲ** လေဆိပ်မှ ကိုလံဘိုမြို့တွင်းသို့ မင်္ဂလာဒုံမှ ရန်ကုန်မြို့လယ်လောက်ပင် ကွာဝေးပါသည်။ မြန်မာနှင့်နီးစပ်သော ပတ်ဝန်းကျင်ကို ပြန်လည်ထိတွေ့ရ၍ ကျွန်တော်လည်း စိတ်ကြည်နူးပါသည်။ ခေတ္တ တည်းခိုရန် နုဂေးဂိုးဒ တရားစခန်းသို့ ရောက်သောအခါ ဆရာတော် ၏ တပည့်ဟောင်းများ ၃၀ခန့် အဆင်သင့် ကြိုဆိုနေကြပါသည်။ ဆရာတော်အား နေ့ဆွမ်း မကပ်မီ ကျောင်းဝင်းအတွင်းရှိ ဘုရားခန်း၌ မြတ်စွာဘုရားအား ဦးစွာဆွမ်းကပ်ပါသည်။ ဘုရားခန်းမှာ သီးသန့် အဆောက်အအုံဖြစ်ပြီး လူ ၂၀ခန့်ထိုင်၍ ဝတ်ပြုနိုင်အောင် ကျယ်ဝန်းပါသည်။ မြတ်စွာဘုရားအား ဆွမ်းကပ်ပြီးမှ ဆရာတော်ကို ဒကာအချို့ ကလာပင့်ပါသည်။

တည်းခိုခန်းနှင့် ဆွမ်းစားဆောင်သည် ပေ ၃၀၀ ခန့်သာ ကွာပါသည်။ သို့သော် ဒကာ ဗြိုးက ပိတ်ဖြူစရှည် တစ်ခုကို ဘေးမှကိုင်ထားပြီး ဆရာတော်က ထိုပိတ်ဖြူစအောက်မှ လျှောက်ရပါသည်။ ထီးမိုးပေးသော သဘော ပိတ်ဖြူစကို မိုးပေးခြင်းဖြစ်ပါလိမ့်မည်။ ပင့်သွားရာတွင်လည်း နှုတ်မှစာများ ရွတ်သွားပါသည်။ ပါဠိသံပင်

http://www.dhammadownload.com



ဖြစ်ပါလိမ့်မည်။ အဆုံး၌ "ဆာဓု၊ ဆာဓု"ဟု သာဓုခေါ်သည်ကို သိပါသည်။ ရှေ့ကတော့ ဘာရွတ်နေသည် မသိပါ။

ဆွမ်းပွဲမှာ ဟင်းစုံလှပါသည်။ ထမင်းဖြူသာမက၊ ထမင်းကြော်နှင့် မုန့်တွန့်ဖက်တို့လည်း ပါဝင်ပါသည်။ မုန့်တွန်းဖက်မှာ အဖြူမဟုတ်ဘဲ အညို အဖြူကြား ဖြစ်နေပါသည်။ ပဲဟင်းနှင့်တွဲ၍ ဘုဉ်းပေးရပါသည်။ ဆိတ်သား၊ ကြက်သားဟင်းများ ပါဝင်ပါသည်။ အုန်းပေါသော နိုင်ငံဖြစ်သောကြောင့် အုန်းဆီများဖြင့် ချက်ထားပါသည်။ ဆရာတော်နှင့်အတူ သီဟိုဠ်သံဃာ ၃ပါးလည်း ပင့်ထားပါသည်။ ဆွမ်းပွဲပြီးသောအခါ အချိုပွဲကပ်ပါသည်။ မလိုင်မုန့် အမျိုးမျိုး ပါဝင်ပါသည်။ မြန်မာပြည်မှာလို ဘုန်းကြီးအချိုပွဲကျ စောင့်စား၍ မရပါ။ ကြွလာသော သံဃာများက အသင့်ဆောင်လာသော ကျွတ်ကျွတ်အိတ်များဖြင့် အချိုပွဲအကျန်များကို ထည့်ယူသွားကြပါသည်။ ပင့်သံဃာများကြွပြီးနောက် ဆရာတော်က နှုတ်ခွန်းဆက်တရား ၁၀ မိနစ်ခန့်ဟောပါသည်။

## ကိုလံဘိုမှ နံ့ညားသောမြန်မာကျောင်းကြီး

| | |
|---|---|
| ကိုလံဘိုမှ မြန်မာကျောင်း | နေ့လယ်ဘက်တွင် ကိုလံဘိုမြို့ရှိ မဟာရာမ မြန်မာဘုန်းကြီးကျောင်းသို့ လိုက်ပို့ပေးကြပါသည်။ မြန်မာပြည် ကျေးရွာများ တွင် |

http://www.dhammadownload.com



တွေ့ရ တတ်သည်။ အုတ်ထုကောင်းကောင်းဖြင့် ဆောက်ထားသည့် ပုံစံအတိုင်း မြန်မာဗိသုကာ လက်ရာစစ်စစ်ဖြင့် တည်ဆောက်ထားသော မြန်မာဘုန်းကြီးကျောင်းကို ခံ့ညားစွာ တွေ့ရပါသည်။ မြန်မာသံဃာ ၄ ပါး သီတင်းသုံးကြပါသည်။ ကျောင်းသားတော့ မရှိပါ။ သို့သော် မြန်မာသဘော်သားများ မပြတ် တည်းခိုနေသောကြောင့် ဝေယျာဝစ္စ ဆောင်ရွက်မည့်သူ မပြတ်ဟု သိရပါသည်။ သီရိလင်္ကာရောက် မြန်မာဆရာဝန် မိသားစုများလည်း ကိုလံဘိုသို့ ရုံးကိစ္စဖြင့်လာတိုင်း တည်းခိုရန် အဆင်ပြေနေပါတော့သည်။

ကျောင်းကြီးမှာ ပေ ၃၀ × ၁၀၀ ခန့်ရှိ နှစ်ထပ်ကျောင်းကြီး ဖြစ်ပြီး ရေလည်းပေါပါသည်။ သို့သော် နေအိမ်များနှင့် နီးလှသဖြင့် နည်းနည်းဆူပါသည်။ ကျွန်တော်တို့ ရောက်စဉ်က ဘုန်းကြီးကျောင်း နှင့်ကပ်လျက် အိမ်တစ်အိမ်က ရေဒီယိုကျယ်လောင်စွာ ဖွင့်နေသံ ကြားရပါသည်။ ဩော် ... တို့ဆီမှာလိုပါပဲလားဟု ပြုံးမိပါသည်။

ကိုလံဘိုကျောင်းတွင် သီတင်းသုံးနေကြသော မြန်မာသံဃာတော်အားလုံးပင် မြန်မာပြည်သို့ ပြန်လိုကြပါသည်။ နိုင်ငံခြားသားပိုင် အဆောက်အအုံများကို သိမ်းမည်ဟူသော အစိုးရ၏ မူဝါဒကြောင့် ကျောင်းလက်လွတ်မသွားအောင် မစ္စဘန္ဓရာ နာယကလက်ထက်က သီရိလင်္ကာနိုင်ငံသား ခံယူထားကြခြင်းဖြစ်သည်ဟု သိရပါသည်။

http://www.dhammadownload.com



ဆရာတော်ကြီး တစ်ပါးက ဒီက ဒကာဟောင်းတွေက ပေါင်းလို့ ကောင်းပါတယ်။ ဒါပေမယ့် နောက်ပေါက်တွေက ဂါဝရ တရား နည်းကြတယ်။ ရိုင်းကြတယ်ဟု အမိန့်ရှိပါသည်။ ထို့ကြောင့် ကျွန်တော်က "အရှင်ဘုရား မြန်မာပြည်မှာလဲ နောက်ပေါက်ကလေး တွေဟာ ဒီလိုပါပဲ၊ ငါးပါးသီလတောင် မှန်မှန်မရွတ်တတ်ကြပါဘု ရား"ဟု လျှောက်ခဲ့ရပါသည်။ တပည့်တော်တို့က မိစ္ဆာဒိဋ္ဌိတွေဟု ခေါ်ခဲ့တဲ့ မျက်နှာဖြူအရိုု့က ဗုဒ္ဓဘာသာအပေါ် ယုံကြည်စိတ်ဝင် စားလာချိန်မှာ မြန်မာအရိုု့က ဗုဒ္ဓဘာသာအဖြစ် နေရတာကိုပင် တောဆန်တယ်ဟု အထင်မှားပြီး ရှက်နေကြောင်း လျှောက်ပြရပါ သေးသည်။

**သီဟိုဠ်ဘုန်းကြီးကျောင်း** မြန်မာကျောင်းမှအပြန် ဆရာတော် သီဟိုဠ်တွင် ၆ နှစ်သီတင်းသုံးစဉ်က နေထိုင်ခဲ့သော သီဟိုဠ် ဘုန်းကြီး ကျောင်း မဟာဝိသုဒ္ဓါရာမတိုက်သို့ သွားခဲ့ကြပါသည်။ ဘုန်းကြီး ကျောင်းနှစ်ကျောင်း ၏ အပြင်အဆင် ကွားခြားမှုမှာ သိသာပါသည်။ မြန်မာ ဘုန်ကြီးကျောင်းတုန်းက ဘုရားခန်းမှာ ကျောင်းအပေါ်ထပ် တွင်ရှိပြီး ဘုရား ပန်းများကို ပန်းအိုးများဖြင့် ကပ်လှူထားပါသည်။ သီဟိုဠ်ဘုန်းကြီး ကျောင်းတွင်မူ ဘုရားခန်းမှာ သီးသန့်အဆောက် အအုံဖြစ်ပြီး ဘုရားပန်းကိုလည်း သူတို့ဆီက ထုံးစံအတိုင်း ဘုရားရှေ့ စားပွဲပေါ်တွင် တစ်ပွင့်စီချွေချပြီး ကပ်လှူထားပါသည်။

http://www.dhammadownload.com



သီရိလင်္ကာတွင် ဘယ်ဘုရားရောက်ရောက် ဘုရားပန်းကို အပွင့်လိုက်ချွေ၍လည်းကောင်း၊ ဖက်များဖြင့်ထုပ်၍လည်းကောင်း ကပ်ထားပါသည်။ သီဟိုဠ်ဘုန်းကြီးကျောင်းရောက်ပြီး မကြာခင်ပင် ထိပ်ကလှီးပြီး အပေါက်ဖောက်ထားသော အုန်းသီးစိမ်းများ ဆရာတော်ကိုလည်းကပ်၊ ကျွန်တော့်ကိုလည်း စွန့်ပါသည်။ အုန်းရည် သောက်ရန် ဖြစ်ပါသည်။ ခွက်တော့မပေးပါ။ သီဟိုဠ်ထုံးစံဖြစ်ပါသည်။ မော့သောက်ရပါသည်။ ဆရာတော်ကို လှူဖွယ်ပစ္စည်းအချို့လှူပြီး ကျွန်တော်ကိုလည်း မျက်နှာသုတ်ပုဝါ၊ ဆပ်ပြာစသော ပစ္စည်းတချို့ စွန့်ကြပါသည်။

အပြန်တွင် လန်ဒန်မှ ဦးစိန်ထွန်းအောင်–ဒေါ်လှလှတို့ လှူထားသော ကျောက်ဖြင့်ထုထားသည့် မြတ်စွာဘုရား ခြေတော်ရာ ရှိသည့် သီဟိုဠ်ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ ဝင်ကြပါသည်။ ခြေတော်ရာမှာ မန္တလေးမှ မှာယူလှူဒါန်းထားခြင်း ဖြစ်ပါသည်။ ဘုန်းကြီး ကျောင်းဝင်းအတွင်း ဘုရားခန်းတွင်မူ နံရံနှင့် မျက်နှာကြက်၌ ဗုဒ္ဓဝင် ရုပ်လုံးများ ထုထားသည်ကို ကြည်ညိုခဲ့ရပါသည်။

**ကိုလံဘိုကို တစေ့တစောင်း**

ထိုကျောင်းမှအပြန် မြို့ကိုတစ်ပတ်လှည့်ပြပါသည်။ ကားမောင်းကြွမ်းကြသည်မှာ ရန်ကုန်ထက်ဆိုးပါသည်။ ဓာတ်ဆီဈေးမှာ တစ်ဂါလန် မြန်မာငွေကျပ် ၂၀ ခန့်ကျပါလိမ့်မည်။ လိုင်းကားများမှာ ကျွန်တော်တို့

http://www.dhammadownload.com



ဆီမှာလိုပင် ပြွတ်သိပ်စီးရပါသည်။ လွှတ်တော်အဆောက်အအုံကို ပင်လယ်ကမ်းစပ်အနီး လှပခံ့ညားစွာတွေ့ရပါသည်။ ကိုလံဘိုသည် ပင်လယ်ကူးသင်္ဘောဆိပ်မြို့ဖြစ်ပါသည်။ ဝန်ကြီးချုပ် မစ္စစ်ဘန္ဒရာနာယက၏ တိုက်အိမ်ကိုလည်း ခမ်းနားစွာတွေ့ရပါသည်။ တရုတ်အစိုးရ၏ အကူအညီဖြင့် တည်ဆောက်ထားသော အိမ်ဖြစ်ကြောင်း ကားပေါ်ပါလာသူ ဒကာတစ်ဦးက ပြောပြပါသည်။

သူတို့ဆီက လူငယ်များသည် ကျွန်တော်တို့ဆီမှာလိုပင် ဆံရှည်ရောဂါထနေကြဟန်တူပါသည်။ သို့သော် မိန်းကလေး ယောကျ်ားလေး တွဲသွားသည်ကိုမူ ရန်ကုန်မှာလောက် မတွေ့ရပါ။ ဆံပင်ရှည်ကို ဥရောပတွင် သိပ်မတွေ့ခဲ့ရပါ။ သူတို့ဆီတွင် ဆံရှည် ခေတ်မစားတော့ဟု သိရပါသည်။ အချို့စားသောက်ဆိုင်ကြီးများတွင် ဆံပင်ရှည်နှင့် ဗိုသီဖတ်သီသမားဝင်စားပါက မရောင်းချဟု သိရပါ သည်။ သီဟိုဠ်မှာလည်း ရန်ကုန်မှာလိုပင် ကျောင်းသွားနေသော ကျောင်းသားများကို တွေ့ရပါသည်။ အဖြူရောင် အင်္ကျီနှင့် အဖြူ ဘောင်းဘီ (သို့မဟုတ်) စကပ်အဖြူသည် ကျောင်းယူနီဖောင်း ဖြစ်ပါ သည်။ ကျွန်တော်တို့ဆီမှ အဖြူအစိမ်း သဘောမျိုးဖြစ်ပါလိမ့်မည်။

| | |
|---|---|
| နူဂေးဂေါဒ တရားပွဲ | ညဘက်တွင် ခေတ္တတည်းခိုးရာ နူဂေးဂေါဒ တရာစခန်း၌ ဆရာတော်က တရားချီးမြှင့်ပါ သည်။ ဆရာတော်က အင်္ဂလိပ်လို ဟော |

http://www.dhammadownload.com



သည့် ကို ဒကာ ဗုဒ္ဓဒါသက သီဟိုဠ်ဘာသာ ပြန်ပေးပါသည်။ တရား နာပရိသတ်တွင် ပါဝင်သော လူငယ်များကိုငဲ့၍ ဘာသာပြန်ရခြင်း ဖြစ်ပါသည်။ လူကြီးပရိတ်သတ်အားလုံးမှာ အင်္ဂလိပ်စကား ကောင်း စွာတတ်ကျွမ်းသူများပင် ဖြစ်ကြပါသည်။ တရားနာလာသော အမျိုး သားအားလုံး အဖြူရောင်အင်္ကျီနှင့် ပုဆိုးဝတ်ထားကြပြီး အမျိုးသမီး များမှာ အဖြူရောင်ဆာရီများ ဝတ်ထားကြပါသည်၊ သူတို့ဆီမှာ ဘုရား သွားကျောင်းသွားတိုင်း အဖြူသာဝတ်ကြပါသည်။ အတုယူဖို့ကောင်း သော အစဉ်အလာပင် ဖြစ်ပါသည်၊ တရားပွဲမှာ ဆရာတော်ကလည်း ဟောကောင်းကောင်းနှင့်ဟော၊ နာသူများကလည်း စိတ်ဝင်တစား ငြိမ်သက်စွာ နာယူကြသဖြင့် ညနေ ၆နာရီခွဲက စသော တရားပွဲမှာ ၉နာရီလောက်မှ ပြီးပါတော့သည်၊ ဘာသာပြန်နှင့် ဟောရခြင်းဖြစ်၍ အချိန်တစ်ဆ ပိုကြာသွားပါသည်။

**ဆရာတော်၏ ဆွမ်းအလှူ**

နောက်တစ်နေ့တွင် ဆရာတော်က မြန်မာ ဘုန်းကြီးကျောင်း ၌ မြန်မာသံဃာတော် များနှင့် သီဟိုဠ် သံဃာတော်များ စုစုပေါင်း ၁၀ပါး တို့အား ဆွမ်းကပ်လှူပါသည်။ လှူဘွယ်ဝတ္ထု အချို့လည်း လှူပါသည်။ ကိုလံဘိုရောက် မြန်မာသင်္ဘောသားများ၊ ဆရာဝန် မိသားစု များ နှင့် သံရုံးအမှုထမ်းအချို့လည်း လာကြပါသည်။

http://www.dhammadownload.com



ဆွမ်းကပ် သည့်နေ့မှာပင် တနင်္ဂနွေနှင့် တိုက်ဆိုင်သောကြောင့် လှူစုံသွား ခြင်းဖြစ်ပါသည်။ စုစုပေါင်း ၆၀ခန့် ရှိပါလိမ့်မည်။

ဆွမ်းဟင်းစီစဉ်သူ မြန်မာသဘော်သားများ က အမဲသား ဆီပြန်နှင့် သီးစုံ ကုလားဟင်း စီစဉ်ကြပါသည်။ အမဲသား မဘုဉ်းပေး သော ဆရာတော်ကမူ ထိုနေ့က သီးစုံကုလားဟင်း တစ်မျိုးတည်း နှင့် တင်းတိမ်ရပါသည်။ ကျွန်တော်က ဆရာတော် ညနေများ ဆာမလား ဟု လျှောက်ထားရာ နေနိုင်ကြောင်း ၁၉၆၃ ခုနှစ်မှာ အိန္ဒိယပြည်တွင် ခရီးလှည့်လည်စဉ်က ဗယာကြော်လေးခု တည်းနှင့် တစ်နေ့စာပြီးခဲ့ရကြောင်း အမိန့်ရှိပါသည်။

နေ့ဆွမ်းဆက်ကပ်ပြီးနောက် ဆရာတော်က မြန်မာလို တရား ချီးမြှင့်ပါသည်။ ခရီးဆက်စရာရှိ၍ နာရီဝက်ခန့်သာ ကြာပါသည်။

သီဟိုဠ်များ စိတ်ဝင်တစား မေးကြသော မေးခွန်းမှာ သာသနာ သန့်ရှင်းရေးကိစ္စပင်ဖြစ်ပါသည်။ ထိုနှစ်က သာသနာ သန့်ရှင်းရေး စတင်အကောင်အထည်ဖော်သောနှစ် ဖြစ်ပါသည်။ ဝိနည်းနှင့် မညီသော ပုဂ္ဂိုလ်အတော်များများကို လူဝတ်လဲနိုင်း နေသော အချိန်ဖြစ်ပါသည်။ သူတို့ဆီမှာ ကောလာဟလ ကြားနေရသည် မှာမြန်မာ ပြည်တွင် ဒကာ ၊ ဒကာမတောင့်တင်းသော သံဃာ အားလုံးကို လူဝတ်လဲနိုင်းနေပြီဟူ၍ ဖြစ်ပါသည်။ ထို့ကြောင့်

http://www.dhammadownload.com



ကျွန်တော်က သာသနာ တော်သန့်ရှင်းရေးကိစ္စနှင့် ပတ်သက်၍ သိသလောက်ရှင်းပြပါသည်။ နာမည်ကြီး ဆရာတော်တိုင်းကို ထွက်ခိုင်းသည်မဟုတ်ကြောင်း ပါရာဇိကနှင့် ငြိစွန်းမှသာ အထွက်ခိုင်း ကြောင်း၊ ဆေးကုဗေဒင်လက်ဖွဲ့ အင်းအိုင်လုပ်သော ဘုန်းကြီးများ ကိုမူ နောင်မလုပ်ပါဟု ကတိပေးပါ က လူဝတ်မလဲခိုင်းကြောင်း ရှင်းပြရပါသည်။ ထိုသို့ ဒကာ၊ ဒကာမ တောင့်တင်းသော သံဃာတိုင်း ကို လူဝတ်လဲခိုင်းပါမူ ယခု ချမ်းမြေ့ရိပ်သာဆရာတော် သာသနာပြု ခရီးအတွက် သက်ဆိုင်ရာမှ ပြည်ပ ထွက်ခွင့်လက်မှတ်ပင် ထုတ်ပေး လိမ့်မည်မဟုတ်ကြောင်း ရှင်းပြရပါသည်။

ကန္ဒီသို့ တရားပွဲအပြီး ကိုလံဘိုမှ ကန္ဒီသို့ ခရီးဆက်ပါ သည်။ ကန္ဒီသည် မြတ်စွာဘုရား၏ စွယ်တော် ကိန်းဝပ်ရာ ဖြစ်၍ ကမ္ဘာတွင် ထင်ရှားသော မြို့ဖြစ်ပါသည်။ ကားနှစ်နာရီခန့် မောင်းမှ ကန္ဒီမြို့အဝင်ဝသို့ ရောက် ပါသည်။ လမ်းတွင် ကြိမ်ဖြင့် ပြုလုပ်သော ပစ္စည်းဆိုင်များ မကြာခဏ တွေ့ရပါသည်။ ဆင်ရုပ်၊ ကျွဲရုပ် စသည်များ လက်ရောက်မြောက်လှ ပါသည်။ စားသောက်ဆိုင် များလည်း လမ်းတွင် မပြတ်လှပါ။ သီရိလင်္ကာတွင် ကိုလာကိုလာ စက်ရုံရှိ၍ ကိုလာကိုလာလည်း ဝယ် သောက်နိုင်ပါသည်။ ရန်ကုန်မှာ ၆ကျပ်ပေးရသော ပေါင်မုန့်တစ်လုံးကို နှစ်ကျပ်ခန့်၊ နို့ဆီတစ်ဘူးကို ၆–ကျပ်ခန့်ပေးရပါသည်။ သာမန်အားဖြင့် ဈေးပေါသည် ဟု

http://www.dhammadownload.com



ဆိုနိုင်ပါသည်။ ရုပ်မြင်သံကြားကိုလည်း အစိုးရက အရှုံးခံ၍ ရောင်းပေးပါသည်။ သို့သော် အဖြူအမဲသာ ဖွင့်နိုင်ပါသေးသည်။ သို့သော် ရုပ်ရှင်လောက် လူကြိုက်မများဟု သိရပါ သည်။ သူတို့ဆီမှာ နိုင်ငံခြားကားကောင်းများ စောစောကြည့်ရသည် ဟု မြန်မာဆရာဝန် အချို့က ပြောပါသည်။

**ရက္ခပေဒဥယျာဉ်** ကန္ဒီသို့အဝင်တွင် ရက္ခပေဒဥယျာဉ်ရှိပါသည်။ ကန်တော်ကြီးနှစ်ဆ ခန့်ကျယ်ဝန်းပါသည်။ အတွင်းသို့ ကားဝင်၍ ပတ်မောင်းနိုင်ပါသည်။ အပင်မှာ အမျိုးစုံပါသည်။ အရွယ်ပုံစံအမျိုးမျိုးနှင့် မြေဝပ်ပင် အမျိုးမျိုးမှာ ကြည့်ကောင်းလှပါသည်။ သစ်ခွအမျိုးမျိုးကိုလည်း မှန်အိမ်အတွင်း အမျိုးစုံစိုက်ပြထားပါသည်။ ဥယျာဉ်တစ်ခုလုံး သပ်ရပ်အောင် ပြုပြင်ထားသဖြင့် ပိုကြည့်ကောင်းခြင်း ဖြစ်ပါသည်။ ရန်ကုန်ကန်တော်ကြီးကိုလည်း ဒီလိုပဲ လှအောင် လုပ်နိုင်ပါသည်။ ကရဝိက် မြေပဒေသာကျွန်း စသည်တို့နှင့် ဆက်နေသောကြောင့် သူတို့ထက်ပင် လှအောင် ပြုပြင်နိုင်ပါသည်။ ဥယျာဉ်တွင်းကို အလကားတော့မဝင်ရပါ။ လူအတွက်ရော၊ ကားအတွက်ပါ ဝင်ကြေးပေးရပါသည်။

**ကန္ဒီမြို့ မြန်မာကျောင်း** စွယ်တော်ပွဲ အချိန် ဖြစ်သောကြောင့် ကန္ဒီမြို့တွင်း ဝင်လာကတည်းက ကားများ၊ လူများ စည်ကားနေပါသည်။ မကြာမီ

http://www.dhammadownload.com



ထရင်ကိုမလီမင်းရှိ မြန်မာဘုန်းကြီးကျောင်းသို့ ရောက်ပါသည်။ ဘုန်းကြီးကျောင်းမှာ ရှေ့ပိုင်း၌ တစ်ထပ်ကျောင်း၊ နောက်ပိုင်း တောင်စောင်း၌ နှစ်ထပ်ကျောင်းဖြစ်၍ အတော်ကျယ်ဝန်းပါသည်။ ကြားတွင် မြေကွက်လပ်ထား၍ ဘေးမှပတ်ပြီး ဆောက်ထားပါသည်။ စွယ်တော်တိုက် ဖွင့်ချိန်တွင် မြန်မာမိသားစုများ လာတတ်၍ ဆရာတော်ကြီးက ခေါင်းအုံးများ စီချထားသည်မှာ လူ ၅၀ ခန့် ပြည့်ပြည့်စုံစုံ တည်းခိုနိုင်ပါသည်။ ကျွန်တော်တို့ရောက်စဉ်ကမူ ပွဲတော်အစရက်သာဖြစ်၍ ဒေါက်တာကျော်ဝင်းတို့ မိသားစုသာ ရောက်နေပါသေး သည်။ ကန္ဒီမြန်မာကျောင်းတွင် ၁၄ နှစ်ရွယ် သီဟိုဠ်ဘုန်းကြီးကျောင်းသား ၃ ဦး ရှိပါသည်။ ဆရာတော်ကြီး နှင့် အနေများ၍ မြန်မာစကား မတောက်တစ်ခေါက် တတ်ပါသည်။ မြန်မာလို ဆဲနည်းပါတတ်၍ ဆဲပြသောကြောင့် ရယ်ရပါသည်။ မြန်မာဘုန်းကြီးကျောင်း အနီး၌ သီဟိုဠ်နိုင်ငံ၏ နာမည်ကျော် ထရီနီတီကောလိပ်လည်း ရှိပါသည်။

## ဆင်တစ်ရာပြင့် စွယ်တော်လှည့်ပွဲ

**ဆင်တစ်ရာ စွယ်တော်လှည့်ပွဲ** ကန္ဒီမြို့မှာ တောင်ပေါ်မြို့ ဖြစ်ပါသည်။ မြို့ကွက်နေရာမှာမူ တောင်ကြားမြေပြန့် ဖြစ်ပါသည်။ ဘေးပတ်ဝန်းကျင်က မြို့ထက် မြင့်နေသဖြင့် ညဘက်ဆိုလျှင် မီးရောင်များ ဖြင့် ပတ်ထားသည့်မြို့မှာ

http://www.dhammadownload.com



အလွန်လှပါသည်။ ညစာကို ဘုရင်မဟိုတယ်၌ စားကြပါသည်။ ငါးဟင်း၊ ပဲဟင်းများဖြင့် သုံးဆောင်စားရာ မြန်မာငွေ ၁၂ ကျပ်ခန့် ကျပါသည်။ စားသောက်ပြီး နောက်လမ်းထောင့်တစ်နေရာမှနေ၍ စွယ်တော်လှည့်ပွဲကို ကြည့်ကြပါသည်။ အစမ်းလှည့်ပွဲဟု ဆိုသော်လည်း ဆင်အကောင် ၈၀ လောက် ပါဝင်ပါသည်။

တကယ်လှည့်သော နေ့တွင် ဆင် ၁၀၀ ကျော်သည်ဟု သိရပါသည်။ ဆင်သုံးလေးကောင်တွဲ နောက်မှ ယိမ်းတစ်ယိမ်း ဖြစ်ပါသည်။ အမျိုးသား ယိမ်းများချည်း ဖြစ်ပါသည်။ ပဒင်းတန်းအာရုံတော်၊ စေတနာသမ္ဘာရ ဝတ်အသင်းတို့ တန်ဆောင်မုန်းလ မှာ ရွှေပြား လှည့်ပွဲနှင့် ခပ်ဆင်ဆင် တူပါသည်။ သို့သော် သူတို့က တစ်နည်း တစ်ပုံစံတည်း ဖြစ်ပါသည်။ ယိမ်းများဘေးမှ မီးဒုတ်သမားများက မီးဒုတ်ထမ်း၍ လိုက်ပါသည်။ မီးလောင်စာမှာ အုန်းဆံဖက်တုံးများ ဖြစ်ကြပါသည်။ အုန်းသီးပေါသော နိုင်ငံဖြစ်သောကြောင့် သင့်တော်သလို သုံးထားခြင်း ဖြစ်ဟန်တူပါသည်။

ယိမ်းတိုင်းမှာ ဗုံတစ်မျိုးတည်းဖြင့် စည်းချက်ညီညီ ကသွားခြင်းသာ ဖြစ်ပါသည်။ အမျိုးသားများမှာ အောက်တွင် ဒိုဒီအဖြူများ ဝတ်ကြပြီး အပေါ်ပိုင်းဗလာဖြစ်ကြပါသည်။ ဘယက်များလည်း ဆွဲထားတတ်ကြပါသည်။ အမျိုးသမီးယိမ်းများ မပါဝင်ပါ။

http://www.dhammadownload.com



စွယ်တော်ပွဲကြည့်ပြီး အပြန်တွင် ဘုန်းကြီးကျောင်းအနီး ကုန်စုံဆိုင်တစ်ဆိုင်တွင် ဆရာတော်များအား ကပ်ရန် ကိုကာ ကိုလာ ဝင်ဝယ်ပါသည်။ တစ်ပုလင်း ဘယ်လောက်လဲဟု ဆိုင်ရှင်ကို အင်္ဂလိပ် လိုမေးရာ ၆ – ကျပ်ခွဲဟု မြန်မာအသံ ပီပီသသ ပြန်ဖြေသံ ကြား လိုက်ရ၍ အံ့သြသွားပါသည်။ မြန်မာလိုလဲ စကားပြောဖေါ်ရ၍ ဝမ်းလည်းသာသွားပါသည်။အသက် ၆၀ အရွယ်ခန့်ရှိ ဆိုင်ရှင်အမျိုး သားကြီးမှာ ဂျပန်ခေတ်က မြန်မာပြည်တွင် နေသွားဖူးသည်ဟု သိရပါသည်။ အင်္ဂလိပ်လိုလဲ စကားအနည်းငယ်ပြောပြီး မနက်မှ ပုလင်းလွတ်တွေ လာပေးမယ်။ ဘယ်နှစ်နာရီ ဆိုင်ဖွင့်မလဲဟု မေးရာ "မနက် ခုနစ်ကျပ်ခွဲမှ ဆိုင်ဖွင့်မယ်" ဟု မြန်မာလို ပြော၍စကား အသုံးမှားသည်ကို ရယ်ရပါသေးသည်။

**အရှင်ဉာဏပေါထိက** နောက်တစ်နေ့ နံနက်တွင် ကန္ဒီမြို့နှင့် မနီးမဝေး တောတွင်း၌ တောရကျောင်း ဆောက်တည်နေသော ဂျာမန်ဆရာ တော်ကြီး ဦးဉာဏပေါထိကကို သွားဖူးကြပါသည်၊ သက်တော် ၈၀ ကျော်ပါပြီ၊ ကပ္ပိယမရှိပါ။ နေ့လယ်ဘက်တွင်သာ ဂျာမန်မလေး တစ်ယောက်က လက်နှိပ်စက် ရိုက်ရန် လာကူညီပါသည်။ ဗုဒ္ဓကျမ်းစာ များကို အင်္ဂလိပ်ဘာသာ၊ ဂျာမန်ဘာသာသို့ ပြန်ဆိုနေသည်ဟု သိရပါသည်။

http://www.dhammadownload.com



ထိုနောက်စွယ်တော်တိုက်သို့ စွယ်တော် သွားဖူးကြပါသည်။ ကျောင်းဆောင် အထပ်ထပ်ဖြစ်၍ စွယ်တော်ကို အနီးကပ်ဖူးရသော်လည်း မပီသပါ။ စွယ်တော်တိုက်မှာ သီဟိုဠ်တို့ ထုံးစံဖြင့် အမျိုးမျိုး မွမ်းမံထားပါသည်။ သို့သော် ကျွန်တော့်စိတ်ထင်မှာ ပေါင်းတည် စွယ်တော်တိုက်လောက်ပင် ခမ်းနားမှု မရှိပါ။ စွယ်တော်တိုက် အနီးတွင်မှု ခုံတန်းများ အဆင့်ဆင့် ဆောက်ထားပါသည်။ ဘောလုံးပွဲ ကြည့်စင်ပုံစံမျိုး ဖြစ်ပါသည်။ စွယ်တော် အပူဇော်ခံ လှည့်သောနေ့၌ ထိုင်ခုံနေရာများ ရောင်းမည်ဟု သိရပါသည်။

စွယ်တော်တိုက်မှ အပြန် အင်္ဂလိပ်ဘာသာ ဗုဒ္ဓကျမ်းစာများနှင့် အင်္ဂလိပ်ဘာသာပြန် စာအုပ်များ အများအပြား ရောင်းချသော ဗုဒ္ဓစာပေထုတ်ဝေရေး အသင်းသို့ သွားရောက်ပါသည်။ လန်ဒန်မှ ကားဒကာ ဒေါက်တာတိဋ္ဌေရ၏ မိခင်က ကြိုတင်အကြောင်းကြားထား၍ စာအုပ်ဖိုး မပေးရပါ။ ဒေါက်တာ တိဋ္ဌေရ၏ မိခင်ကြီးက ကျသင့်ငွေ အားလုံးလှူပါသည်။

စာအုပ်ဆိုင်မှာ အပြန်တွင် ဘုန်းကြီးကျောင်း၌ ဒေါက်တာကျော်ဝင်း မိသားစုက နေ့ဆွမ်းကပ်ပါသည်။ မပြန်မီ ဆရာတော်က ကန္ဒီဘုန်းကြီးကျောင်း ဆရာတော်အား နဝကမ္မသီဟိုဠ်ငွေ ၁၀၀ ကျပ် လှူဒါန်းပါသည်။ ကျွန်တော်ကလည်း ဧည့်မှတ်တမ်း စာအုပ်တွင် အမှတ်တရ နှုတ်ခွန်းဆက်စာများ ရေးခဲ့ပါသည်။

http://www.dhammadownload.com



**သီဟိုဠ်နှင့် အင်္ဂလိပ်စကား**

ထိုနောက် မဟိယင်္ဂဏစေတီသို့ ခရီးဆက်ရပြန်ပါသည်။ ကန္ဒီမြို့မှအထွက် ကားဘီးပေါက်၍ လေထိုးရပါသည်။ ကား လေထိုးနေစဉ် လမ်းဘေးဆင်းစောင့်နေရာ အဝတ်နွမ်းနွမ်း ဝတ်ထား သော အသက်ခြောက်ဆယ်ခန့် သီဟိုဠ်အမျိုးသမီးတစ်ဦး အနားလာ၍ ''ဆင်းရဲလွန်းလို့ပိုက်ဆံနည်းနည်းပေးပါ'' ဟု အင်္ဂလိပ် လိုပြောတောင်းပါသည်။ ပထမ ဘာလာပြောနေမှန်း သဘောမပေါက်ပါ။ နောက်မှ သူတောင်းစားလည်း အင်္ဂလိပ်လို ပြောတတ်ပါလားဟု အံ့သြရပါသည်။ ကျွန်တော်တို့ ကိုလံဘို တည်းခိုဆောင်တွင် ဝေယျာဝစ္စ ကူလုပ်ပေးသော မောင်နှမ နှစ်ယောက်မှာ အကြီးကောင်လေးက ၇ - တန်း အသက် ၁၄ နှစ် ခန့်ရှိပြီး အငယ်မလေးက ၅ - တန်း အသက် ၁၁ နှစ်ခန့်သာ ရှိသေးသော်လည်း နှစ်ဦးစလုံး ကျွန်တော်တို့နှင့် အင်္ဂလိပ်စကားရေလည်စွာ ပြောတတ်ကြပါသည်။ သီဟိုဠ်အတော်များများမှာ အင်္ဂလိပ်ဘာသာကို ထမင်းစား ရေသောက်တော့ ပြောတတ်ကြသည်ဟု သိရပါသည်။

## ဝေးမြင့်သီခေါင်တောင်ထိပ်ပေါ်မှ ဆရာဝန်မိသားစု

**တောင်ပေါ်မှ မြန်မာဆရာဝန်**

ကန္ဒီမှ မဟိယင်္ဂဏစေတီသို့ အသွားလမ်း တောင်ပေါ်တွင် မြန်မာဆရာဝန် မိသားတစ်စု ရှိသည်။ ဝင်သွားပါဟု ကန္ဒီဆရာတော်

http://www.dhammadownload.com



ကြီးက မှာလိုက်၍ ဝင်ရောက်ကြပါသည်။ ထိုဆရာဝန် မိသားစုရှိရာ ဆေးရုံမှာ အလွန်ဝေးလံ၍ ခေါင်လှပြီးလျှင် လူနေအလွန်ကျဲသော မြင့်မားလှသည့် တောင်ပေါ်မှ ဖြစ်ပါသည်။ ဆေးရုံမှာ တောင်ပေါ်၌ အထီးတည်း တည်ရှိပြီး လေလည်း တဟူးဟူး တိုက်ပါသည်။ အနီးအပါးမှာလည်း လူသူသိမ်မတွေ့ရပါ။ ဆေးရုံဆိုသော်လည်း ခုတင် ၁၀ လုံး ခန့်သာ ဆံ့သော ဒေသန္တရ ဆေးပေးခန်းကလေးသာ ဖြစ်ပါသည်။

မြန်မာဆရာဝန် မိသားစုမှာ ဆေးရုံဝင်းအတွင်းရှိ အိမ်၌ပင် နေကြပါသည်။ အိမ်အဝမှ လှမ်းခေါ်ရာ အိမ်ရှင်ဒေါက်တာမြတ်လှိုင်၏ သားကြီးက ထွက်လာပါသည်။ မြန်မာလို ဝတ်ထားသော ကျွန်တော် တို့ကို မြင်မြင်ချင်း ဝမ်းသာအားရ '' အဖေရေ ဗမာလာတယ်'' ဟု လှမ်းခေါ်ပါသည်။ သူတို့လည်း မြန်မာညှေ့သည့် မျှော်နေပုံရပါသည်။ ဆရာတော်အား ဖျော်ရည်ကပ်ပြီး ကျွန်တော်တို့ကို သီဟိုဠ်လုပ် ဘီစကွတ်များ ကျွေးပါသည်။ အုန်းသီးပေါသော နိုင်ငံဖြစ်၍ အုန်းသီးဘီစကွတ်များ ဖြစ်ပါသည်။ နိုင်ငံခြား အဆင့်မီပါသည်။

**ကလေးများ၏ ပညာရေးခက်**

ကလေးများမှာ ကျောင်းမနေရပါ။ အိမ်မှာ မိဘက ပြပေးပြီး တစ်နှစ်တစ်ခါ မတ်လတွင် ကိုလံဘိုရှိ မြန်မာသံရုံး၌ စာမေးပွဲစစ်ပေး

http://www.dhammadownload.com



သည်ကို သွားဖြေကြရပါသည်။ စာပြမပေးနိုင်သော မိဘများ အတွက်အခက်အခဲတော့ ရှိပါသည်။ဒီကသွားသော မြန်မာကလေး များမှာ သူတို့ သီဟိုဠ်စကားလည်း မတတ်၊ အင်္ဂလိပ်စကားလည်း ရေရေ လည်လည် မပြောနိုင်၍ ပတ်ဝန်းကျင်နှင့် ကင်းကွာနေရ ပါသည်။ ထို့ကြောင့် ကလေးအများစုမှာ မပျော်ကြပါ။

စကားစပ်မိ၍ ကိုလံဘိုတုန်းက မြန်မာဆရာဝန် တစ်ယောက်ပြီး သည်ကို ရေးပြလိုပါသည်။ ကျွန်တော်တို့ဆီမှာ ပိုက်ဆံတော့ စုမိပါတယ်၊ ဒါပေမဲ့ ကလေးတွေ ပညာရေးမှာ နစ်နာတယ်၊ သူတို့ ကျောင်းထားရင်လဲ ဒီမှာ ၂ နှစ်လောက်ပဲ နေမှာ ဆိုတော့ ဘာမှ ထူးမှာ မဟုတ်ဘူး ဟု ပြောပြပါသည်။ ဆရာတို့ ဒီမှာ အလုပ် လုပ်ရတာ အဆင်ကော ပြေရဲ့လားဟု မေးရာ အဆင်ပြေကြောင်း ပြောပါသည် ရောက်စကတော့ သီဟိုဠ်တွေက ဟုတ်တယ်ပြောလဲ ခေါင်းညိတ်၊ မဟုတ်ဘူးပြောလဲ ခေါင်းညိတ် တတ်ကြလို့ ရောဂါ စမ်းသပ်ရင်း အူကြောင်ကြောင် ဖြစ်ရကြောင်း ပြောပြပါသည်။

ကန္ဒီမှ မဟိယင်္ဂဏစေတီအထိ နှစ်နာရီခန့် ကားမောင်းရပါ သည်။ တောင်နံ့ဘေးမှ ကပ်ဖောက်ထားသော လမ်းအတိုင်း တောင် တွေ တစ်တောင်ပြီး တစ်တောင် တက်သွားရပါသည်။ လမ်းတွင် ချောက်ထဲ တိမ်းမှောက်ထားသော ကားတစ်စီးကိုလည်း တွေ့ခဲ့ရ ပါသည်။ ကိုလံဘိုမြို့ပေါ်တွင် ရန်ကုန်ထက်ပို၍ အမောင်း ကြမ်း

http://www.dhammadownload.com



ကြာသည်ကို ပြန်ပြီး သတိရမိပါသည်။ လမ်းတွင် မျောက်များ လည်း မကြာခဏ တွေ့ရပါသည်။

ကျွန်တော်တို့ ရောက်စဉ်ကမူ ဘုရားမှာ လူရှင်းပါသည်။ ဘုရားဖူး နစ်ဆယ်ခန့်သာ ရှိပါလိမ့်မည်။ ရင်ပြင်တော်မှာ လေးထောင့်စပ်စပ် ဖြစ်ပြီး အလျားအနံပေ ၁၀၀ စီရှိမည်ဟု ခန့်မှန်းရပါသည်။ အလယ် တွင် စစ်ကိုင်းကောင်းမှုတော်နှင့် ပုံစံဆင်သော စေတီရှိပါသည်။ ဉာဏ်တော် သိမ်မမြင့်လှပါ။ ရင်ပြင်တော် ထောင့်တစ်ခု၌ ဗောဓိပင်ပွား ရှိပါသည်။ သူတို့ဆီက ထုံးစံအတိုင်း ပန်းဆီမီး မကာပ်လှူဘဲ အဝတ်အလံများ ရောင်စုံကပ်လှူထားပါသည်။ ညီညီညာညာ ဖြတ် ထားသော အလံများ မဟုတ်၍ ကြည့်ရမကောင်း လှပါ။ ရင်ပြင် အုတ်တံတိုင်း ပတ်ပတ်လည်မှာမူ ဆင်ရုပ်များ တစ်ခုနှင့်တစ်ခု ဆက်လျက် ကျောက်ပန်းပု ထုထားပါသည်။ နံရံတစ်ဖက် လျှင် ဆင်အကောင် ငါးဆယ်ခန့် ရှိပါလိမ့်မည်။ ကျွန်တော်တို့ ဆီမှာ ဘုရားတိုင်း လိုလို၌ ခြင်္သေ့ရုပ်တွေ ထုသလို သူတို့ဆီမှာ ဆင်ရုပ်ထု သည်ဟု သိရပါသည်။ စေတီတော်မှာ ဉာဏ်တော်အမြင့် ပေ ၁၀၀ ထက် ပိုမည်မထင်ပါ။

သိမှတ်ဖွယ် စာရွက်စာတမ်းလိုအပ်

စေတီတော် သမိုင်းဆိုင်ရာ အချက်အလက်များပါသော စာအုပ်များ မရောင်း၍ အသေးစိတ် ဘာမျှမသိခဲ့ရပါ။

ဤကိစ္စတွင်မူ ဥရောပနိုင်ငံများမှ အတုကို ယူသင့် ကြပါသည်။

http://www.dhammadownload.com



ခမ်းခမ်းနားနား ပြထားသော ပြတိုက်များကို ဖယ်ထားဘိဦး ကျွန်တော်တို့တရားစခန်း ဖွင့်ခဲ့သော မဥ္စူသီရိလို ကျောင်းမျိုးမှာပင် ယင်းကျောင်းနှင့် ပတ်သက်၍ သိအပ်ဖွယ်ရာ စာရွက်စာတမ်းများ ထုတ်ဝေထားပါသည်။ တတ်နိုင်လျှင် တတ်နိုင်သလို စာအုပ်ကို သပ်သပ်ရပ်ရပ် လုပ်ထားပါသည်။ လေ့လာသူအဖို့ အလွယ်တကူ ဖတ်ရှုရုံပင် ဖြစ်ပါသည်။

ကျွန်တော်တို့ဆီမှာ ရွှေတိဂုံလို စေတီတော်ကြီးမျိုးမှ အပ အခြား စေတီများတွင် နိုင်ငံခြားသား ဧည့်သည်များ အလွယ်တကူကြည့်ရှု နိုင်သော အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် စာရွက်စာတမ်း မရှိပါ။ ဟိုတယ်နှင့် ခရီးသွားလာရေး ကော်ပိုရေးရှင်း အစီအစဉ်ဖြင့် လာရောက် လည်ပတ်သော ဧည့်သည်များအဖို့ တရားဝင်ခန့်ထား သော ခရီးသွားလမ်းညွှန်ပုဂ္ဂိုလ်ရှိ၍ အဆင်ပြေသော်လည်း ကိုယ့် အစီအစဉ်ဖြင့် ကိုယ်လာသော ဧည့်သည်များအတွက်မူ အများအားဖြင့် (Y.M.C.A) ၌ တည်းခိုတတ်ကြ၍ (Y.M.C.A) ပတ်ဝန်းကျင်မှ တရားမဝင် လမ်းညွှန်များ၏ ပြောပြချက်ကိုသာ မှတ်သားကြရ ပါသည်။

**ကိုလံဘိုသို့ပြန်** မဟိယင်္ဂဏ စေတီမှ ကိုလံဘိုသို့ ပြန်လာရာ ည ၈ နာရီခန့်တွင်မှ မြို့တွင်းသို့ ရောက် ပါသည်။ လမ်းတွင် အဆာပြေ မုန့်ဝယ်စား ရာ အုန်းဆီနှင့် ကြော်ထားသော ဗယာကြော်ကိုလည်း စားခဲ့ရပါသည်။

http://www.dhammadownload.com



ပြည့်တွင်းဖြစ် ချောကလက်လည်း စားခဲ့ရပါသည်။ အရသာတွင် အင်္ဂလန်မှ ချောကလက်များကို မှီပါသည်။ ကွာသည်မှာ သပ်ရပ်မှုပင် ဖြစ်ပါသည်။ အင်္ဂလန်လုပ် ချောကလပ်များအသွင် လှပသေသပ် အောင် လုပ်ထားပြီး သီဟိုဠ်ချောကလက်များမှာမူ အတုံးအနေဖြင့် ကြည့်လိုက်ပါက ဖြစ်ကတတ်ဆန်း နိုင်ပါသည်။ သို့သော အရသာမူ ကောင်းပါသည်။

## ဆီ ဟာပူရစ္စခြသေ့နိုင်ငံသို့

**စင်ကာပူသို့ ခရီးဆက်** နောက်တစ်နေ့ ၁၉၈၁ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့ နံနက်တွင် စင်ကာပူသို့ ခရီးဆက် ပါသည်။ လေယာဉ်ပေါ်တွင် မွန်းလွဲမည်စိုး၍ ဆရာတော်အား လေယာဉ်ကွင်းမှာပင် နေ့ဆွမ်းကပ်ကြရ ပါသည်။ ကျွန်တော်က ပစ္စည်းများ ပေါင်ချိန်ရန်နှင့် အစစ်ဆေးခံရန် အတွင်းခန်း သို့ ဝင်သွားရာ ပစ္စည်းများစစ်ဆေးပြီး လူပါပြန်မထွက်ရ ဆိုသော ကြောင့် လိုက်ပို့သော သီဟိုဠ်ဒကာများကပင် ဆရာတော်အား ဆွမ်း ပြင်ဆင်၍ ကပ်ကြရပါသည်။ သူတို့ဆီမှာ ပြည်တွင်းပြည်ပ ခရီးသည် များကို အဝင်ထက် အထွက်တွင် ပို၍စစ်ဆေးသည်ဟု သိရပါသည်။ အဖိုးတန် ရှေးဟောင်း လက်ရာများ ခိုးရှုလွှန်း၍ ကြပ်မတ်ရကြောင်း သိရပါသည်။

http://www.dhammadownload.com



လေယာဉ်ပေါ်ရောက်ပြီး မကြာမီပင် နေ့လယ်စာ ကျွေးပါသည်။ ဒီတစ်ခါလည်း စီးရသောလေယာဉ်မှာAir Lanka ပင် ဖြစ်၍ ကျွေးသော အစားအသောက်မှာ ပုံစံတူပါသည်။ ခရီးတိုသောကြောင့် လေယာဉ်မှာ အသွားခရီးတုန်းက စီးရသော လေယာဉ်လောက် မကျယ်ဝန်းပါ။ Air Lanka လိုင်းမှ လေယာဉ်စီးရခြင်းသည် ဤအကြိမ် နောက်ဆုံးဖြစ်ပါသည်။ လေယာဉ် ခရီးစဉ် တစ်လျှောက် ခရီးသည်များအား ယပ်တောင်၊ ကပ်ကျေး၊ အပ်ချည်၊ နှပ်စေ့ စသည် တို့ ပါဝင်သော သားရေအိတ် လက်ဆောင်ပေးပါသည်။ ပထမတန်းစီး ခရီးသည်များကိုမူ အလွန်လှသော လက်ဆွဲသားရေအိတ်များ ပေးပါသည်။

အိမ်နီးချင်းနိုင်ငံများမှ လေယာဉ်များကို စီးရတိုင်း အပြည်ပြည် ဆိုင်ရာ လေယာဉ်ခရီးစဉ်များတွင် မိမိတို့နိုင်ငံမှ ပါဝင်ပျံသန်းသည့် လေယာဉ်များကို ဘယ်တော့များမှ စီးရပါ့မလဲဟု မျှော်မှန်းတမ်းတ မိပါသည်။

စင်ကာပူ  သီရိလင်္ကာမှ ထွက်လာခဲ့ရသော လေယာဉ်စင်ကာပူသို့ ရောက်ချိန်ဝယ် စင်ကာပူတွင် မီးများပင်လင်းနေပါပြီ။ လေယာဉ်ကွင်းမှာ အသစ်ဖြစ်ပါသည်။ ကျွန်တော်တို့ မရောက်မီ သုံးလေးရက်ခန့်ကမှ စင်ကာပူအမျိုးသားနေ့ အထိမ်းအမှတ်ပွဲတွင် ဖွင့်လှစ်လိုက်ကြောင်း သိရပါသည်။ ကျွန်တော်ခရီးထွက်စဉ် ရောက်ခဲ့

http://www.dhammadownload.com



သမျှ လေယာဉ်ကွင်းများအားလုံးအနက် အလှဆုံးဖြစ်ပါသည်။ အဆောက်အအုံ အတွင်းမှာပင် သစ်ခွများ လှပစွာစိုက်ထားပါသည်။ ပစ္စည်းတင် တွန်းလှည်းများလည်း ယခင်လေဆိပ်များလို ဦးစရာမလို တော့ပါ။ အတော်များပါသည်။ ကွင်းသစ်မို့ ထင်ပါသည်။ လှည်းသစ်များပင် ဖြစ်ပါသည်။ လေဆိပ်သို့ စင်ကာပူမှ မြန်မာဒကာများ လာရောက် ကြိုဆိုနေပါသည်။

လေဆိပ်မှနေ၍ သီဟိုဠ် ဘုန်းကြီးကျောင်းသို့ ပင့်သွားပါသည်။ သီဟိုဠ်သံဃာ ၃ ပါး အမြဲသီတင်းသုံးသော ကျောင်းဖြစ်ပါသည်။ သံဃာ ၃ ပါး သီတင်းသုံးသော တစ်ထပ်ကျောင်းမှာ ချမ်းမြေ့မှုလ ဆွမ်းစားကျောင်းခန့် ကျယ်ဝန်းပါသည်။ ဘုရားခန်းနှင့် တွဲနေသော ခန်းမကြီးရှိသည့် နှစ်ထပ်အဆောက်အအုံကြီးမှာမူ ချမ်းမြေ့သိမ်မွှာရုံ နီးပါးကျယ်ဝန်းပါသည်။ မွှာရုံနှင့် သံဃာဆောင်ကြားတွင် ဗောဓိပင် တစ်ပင် စိုက်ထားပါသည်။ သီဟိုဠ်တို့ ထုံးစံအတိုင်း အဝတ်စများဖြင့် တန်ဆာဆင်ထားပါသည်။

## စင်ကာပူမှ ရှင်ရဟန်းပြုပွဲ

ရှင်ပြု ရဟန်းပြုပွဲ — ခရီး ရောက်မဆိုက်ပင် ဆရာတော်လည်း ရေချိုး ကိုယ်လက်သန့်ရှင်းပြီး မြန်မာ ကလေး ၃ ယောက်အား ရှင်ပြုပေးရပါသည်။ နောက်

http://www.dhammadownload.com



တစ်နေ့ နံနက်တွင် မြန်မာဒကာတစ်ဦးအား ရဟန်းခံ ပေးရ ပါသည်။ သိမ်မှာ ကျောင်းဝင်း အတွင်းပင် ရှိပါသည်။ ၁၀ ပေ ပတ်လည်ခန့် ရှိသော အုတ်တိုက်တစ်ဆောင် ဖြစ်ပါသည်။ ကိုရင်များမှာ ငယ်လွန်း သောကြောင့် အချိန်ပြည့် အားမထုတ်နိုင် ကြပါ။ ညဘက် များတွင်မူ မြန်မာဘာသာဖြင့် တရားဟောသောအခါ ဟောကြားပြီး အင်္ဂလန်တွင် ရိုက်ခဲ့သော သာသနာပြုခရီး မှတ်တမ်း ရုပ်ရှင်ကားများ ပြသပေး ပါသည်။

နေ့ဘက်များတွင်မူ အိမ်သို့ပင့်၍ ဆွမ်းကပ်သော မြန်မာဒကာ ဒကာမများ၏ အိမ်သို့ ဆွမ်းစားကြွပြီး အနုမောဒနာ တရားများ ချီးမြှင့်ရပါသည်။

စင်ကာပူတွင် ဈေးပေါပေါနှင့် ဈေးဝယ်ခဲ့သည်မှ လွဲ၍ လည်ပတ် ခွင့် သိမ်မရခဲ့ပါ။ ကျားသူဌေး၏ ဥယျာဉ်တစ်ခုသာ လည်ပတ်ခဲ့ရ ပါသည်။ အတွင်း၌ တရုတ်ပုံပြင်များကို အင်္ဂတေပန်းပု များဖြင့် သရုပ်ဖော်ထားပါသည်။ ဗုဒ္ဓ ဆင်းတုတော်များလည်း အမျိုးမျိုးသော ပုံစံများဖြင့် ထုထားရာ မြန်မာပုံစံ ဆင်းတု တော်များလည်းပါသည်။ အဆင်အပြင် လက်ရာများမှာ မြောက်ဥက္ကလာပ မယ်လမုဘုရားမှ လက်ရာများနှင့် အတော်ပင် ဆင်ပါသည်။ မြန်မာပြည်မှ ကျောက် ဆင်းတုတော်အများအပြားကိုလည်း ဖူးရပါသည်။ အဝင်ဝတွင်မူ ပြက္ခဒိန်၊ ဂျပန်လုပ် ဖန်တုံးဆင်းတုတော် စသည့် ပစ္စည်းများ ရောင်းသော အမှတ်တရ ပစ္စည်းအရောင်းဆိုင် များရှိပါသည်။

http://www.dhammadownload.com



## စွန့်စွန့်စားစား ပြည်ပသွားကြသူတွေ

အထက်ထပ်တော့ ရောက်ပါပြီ

စင်ကာပူမြို့တွင်းရှိ (Super Market) ခေါ် ဆိုင်များမှာ ဥရောပမှ ဆိုင်များ ထုံစံအတိုင်း တစ်ဆိုင်တည်းမှာ အစုံရအောင် စီမံ ထားပါသည်။ သားစိမ်း၊ ငါးစိမ်း၊ ဟင်းရွက်ဟင်းသီးမှ စ၍ အစုံရပါသည်။ မြို့တွင်း ဈေးဝယ်လှည့်ရင်း မကြာခဏ မြန်မာအမျိုးသားများနှင့် တွေ့ရပါသည်၊ သင်္ဘောသားအဖြစ် လာရောက် အမှုထမ်းရန် ကြိုးစားနေကြသူများ ဖြစ်ကြပါသည်။

ဈေးဝယ်ရင်း ရန်ကုန်တက္ကသိုလ်မှ တပည့်ဟောင်း တစ်ယောက်နှင့် တွေ့၍ "ဘယ်နှယ်လဲ၊ မင်းဒီမှာ အဆင်ပြေရဲ့လား" ဟု မေးကြည့်ရာ "အပေါ်ထပ်တော့ ရောက်လာပါပြီဆရာ" ဟု ပြောပါသည်။ ကျွန်တော်က သဘောမပေါက်၍ "သင်္ဘောအပေါ် ထပ်လား" ဟုမေးရာ "မဟုတ်ဘူးဆရာ၊ ကျွန်တော်တို့က ဒီရောက်မှ အလုပ်ပွဲစားနဲ့ ဆက်သွယ်ပြီး အလုပ်ရှာရပါတယ်၊ မရခင် ပွဲစားအိမ်မှာ တည်းနေရပါတယ်၊ ကျွန်တော်တို့လိုပဲ တည်းတဲ့သူများတော့ ပထမအောက်ထပ် သံမံတလင်းပေါ်မှာ ဖယောင်းပုဆိုး ခင်းအိပ်ရပါတယ်။ တဖြည်းဖြည်းအပေါ်ကလူတွေ အလုပ်ရလို့ လူနည်းသွားမှ ကျွန်တော်တို့က အပေါ်ထပ် တက်တည်းရပါတယ်။ အပေါ်ထပ် ရောက်ပြီးရင်

http://www.dhammadownload.com



တော့ တစ်စင်းစင်းမှာ အလုပ်ရဖို့ နီးစပ်ပါပြီးဆရာ'' ဟု ပြောပြပါသည်။

**အလုပ်ပွဲစားနှင့် ကုမ္ပဏီဝေစား** စင်ကာပူတွင်အနေကြာပြီးဖြစ်သော မြန်မာအမျိုးသမီးကြီး တစ်ဦးကလည်း သင်္ဘောသားများ၏ အခြားဒုက္ခတစ်ခုကို ယခုလို ပြောပြပါသေးသည်။ ''သင်္ဘောသား တစ်ယောက် သင်္ဘောကုမ္ပဏီ တခုခုမှာ အလုပ်လုပ်လို့ အသားကျလောက်ပြီ ဆိုရင် ကုမ္ပဏီနဲ့ အလုပ်ပွဲစား ပေါင်းပြီး အလုပ်ဖြုတ်ပစ်ပြန်ရော၊ ဒါမှ ပွဲစားကလည်း ပွဲခရမယ်၊ ပွဲခဆိုတာက သင်္ဘောသားက ပေးရတာပါ။ ဥပမာအားဖြင့် မြန်မာပြည်မှာ အိမ်ဖော်ပွဲစား လုပ်စားကြသလိုပေါ့၊ အိမ်ဖော်နှင့် အိမ်ရှင် ဘာပြဿနာမှမရှိဘဲ ပွဲခလိုချင်လို့ ပွဲစားက ခဏခဏ အိမ်ပြောင်းထားတဲ့သဘောပါပဲ''ဟု ပြောပါသည်။

သင်္ဘောသား အလုပ်ရပြီးဖြစ်သော ဘွဲ့ရမြန်မာလေးတစ်ယောက်ကမူ ''ဆရာရယ် ၊ ကျွန်တော်တို့အိမ်က ပိုက်ဆံတွေ အကုန်ခံပြီး လွှတ်ထားလို့သာ ကုန်ကျစရိတ် ကျေအောင် ငွေစုနိုင်ဖို့ အလုပ်လုပ်နေရတယ်၊ နည်းနည်းမှ မပျော်ပါဘူး။ သင်္ဘောသားကို ကျွန်တော်တို့ နိုင်ငံမှာသာ အရေးတယူဂရုတစိုက် လုပ်နေတာ၊ သူများနိုင်ငံတွေမှာ လူပေတွေမှ သင်္ဘောသားလာလုပ်တော့ ဆက်ဆံရတာ သိပ်ခက်ပါတယ်၊ အနေအစားလည်း သိပ်ညစ်ပတ်ကြတယ်'' ဟု ညည်းပြရှာပါသည်။

http://www.dhammadownload.com



**ကား လူမပြည့်လျှင် ဒဏ်ရိုက်** စင်ကာပူသည် ကားကောင်းကားသစ်များ ပေါလှသော နိုင်ငံလည်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း လူအသွားအလာ ထူထပ်သော ရုံးတက်ရုံးဆင်း အချိန်များတွင် လေးယောက်စီး ဆလွန်းကားတစ်စီးကို သတ်မှတ်ထားသည့် နေရာအပိုင်းအခြားအတွင်း လူအပြည့်မစီးဘဲ နှစ်ယောက်သုံးယောက်တည်းသာ စီးလာပါက ဒဏ်ရိုက်ပါသည်။ ဆိုက်ကားများမှာမူ တစ်ယောက်စီးများလည်းရှိပြီး ရှေ့တွင် လူထိုင်၍နောက်တွင် ပစ္စည်းတင်ရန် ပြုလုပ်ထားပါသည်။ အချိုးလမ်းကျယ်ကြီးများမှာ ဆိုက်ကားမောင်းရန် သီးသန့်ယာဉ်ကြောကို လမ်းအလယ် တည့်တည့်တွင် ခွဲပေးထားပါသည်။ လမ်းများကိုလည်း ဗြိတိသျှပုံစံအတိုင်း စီစဉ်ပေးထားပါသည်။

တိုက်များကိုလည်း ၁၇ထပ် ၊ ၁၈ ထပ် အထိဆောက်ထားပြီး အိမ်ခန်းဖွဲ့ နေကြပါသည်။ အတက်အဆင်းအတွက် ဓာတ်လှေကားကို သုံးကြ ပါသည်။ ဥရောပက တိုက်များနှင့် ကွာသည်မှာ ဟိုမှာတုန်းက တိုက်ဝရန်တာများ ပြတင်းပေါက်များရှေ့တွင် ရှင်းနေပါသည်။ စင်ကာပူတွင် ရန်ကုန်တရုတ်တန်းက ပုံစံအတိုင်း တုတ်ထိုး၍ အဝတ်လှန်းထားသည်မှာ အဝေးမှကြည့်လျှင် တစ်တိုက်လုံး ရောင်စုံအလံတွေ လွင့်ထားသလား အောက်မေ့ရပါသည်။

**အသုဘကုမ္ပဏီ** စင်ကာပူသည် တရုတ်အများစုနေသော နိုင်ငံဖြစ်သော်လည်း လူမျိုးစုံတွေ့နိုင်ပါ

http://www.dhammadownload.com



သည်။ တရုတ်အများစုမှာ မဟာယာန ဗုဒ္ဓဘာသာ ကိုးကွယ်သူများ ဖြစ်ကြပါသည်။ တရုတ်အသုဘများမှာမူ ရန်ကုန်မှ တရုတ်များလိုပင် ပိုက်ဆံရှိလျှင်ရှိသလို အကြီးအကျယ် သင်္ဂြိုဟ်ကြပါသည်။ နာရေးကြော်ငြာမှာလည်း ဓာတ်ပုံနှင့်တကွ အရှည်ကြီးထည့်သည်မှာ မည်သူ၏မရီး၊ မည်သူ၏ယောက်ဖအထိပင် ပါဝင်ပါသည်။ အင်္ဂလန်တုန်းက နာရေးကြော်ငြာများနှင့် နှိုင်းယှဉ်ကြည့်လျှင် အင်္ဂလန်မှ နာရေးကြော်ငြာသည် တိုတိုတုတ်တုတ် ရှိပါသည်။ ကွာသည်မှာ အင်္ဂလန်က နာရေးကြော်ငြာများတွင် အလောင်းကို မည်သည့်ကုမ္ပဏီသို့ အပ်သည်ဟူ၍ ပါဝင်ပါသည်။ ရည်ရွယ်ချက်မှာ ကွယ်လွန်သူ၏ မိတ်ဆွေ သင်္ဂဟများက လွမ်းသူ ပန်းခွေ၊ ပန်းခြင်း စသည်များ ပေးပို့လိုပါက ထိုကုမ္ပဏီနှင့် ဆက်သွယ်ရန် ဖြစ်ပါသည်။ အသုဘ သင်္ဂြိုဟ်ခြင်းကိစ္စကို တာဝန်ယူ ဆောင်ရွက်ပေးသော ကုမ္ပဏီများ ဖြစ်ပါသည်။

စင်ကာပူတွင် ရက်အပြည့် ၂ ရက်တည်းသာ နေခဲ့ရ၍ ကိုယ်တိုင် လည်ပတ်လေ့လာချိန် သိပ်မရှိလှပါ။ စင်ကာပူရောက် အနေကြာပြီ ဖြစ်သော မြန်မာများ၏ အမြင်အယူအဆကို ရေးသားရခြင်း ဖြစ်ပါသည်။

## ရွှေပြည်တော် မျှော်တိုင်းနီး

အမိနိုင်ငံအပြန်ခရီး စင်ကာပူမှ ဩဂုတ်လ ၁၅ ရက်နေ့ နံနက် စောစော လေယာဉ်ဖြင့် ပြန်ထွက်လာရာ၊

http://www.dhammadownload.com



ဗန်ကောက် လေဆိပ်တွင် ၃ နာရီခန့် နားရပါသည်။ ဆရာတော် အတွက်မူ လေယာဉ်ပေါ်မှာ ကပ်သော နံနက်စာကိုပင် နေ့ဆွမ်းအဖြစ် တင်းတိမ် ရပါတော့သည်။ ဗန်ကောက် လေဆိပ်တွင် ကျွန်တော်က အသားညှပ် ပေါင်မုန့်နှင့် ကော်ဖီဆက်ကပ် ပါသည်။

စင်ကာပူမှ ဗန်ကောက်သို့ လာစဉ်က (Thai Airways) လေယာဉ်စီးလာရာ လေယာဉ်မယ်တစ်ဦးကလာ၍ မိတ်ဆက်ပါသည်။ မြန်မာပြည်ကလားဟု မေးပါသည်။ကျွန်တော်၏ ဝတ်စုံကို ကြည့်၍ မေးခြင်းဖြစ်ပါသည်။ သူမက အမေမြန်မာဖြစ်၍ အဖေက တရုတ်ဖြစ်ကြောင်း၊ သူ့ကိုမွေးတော့ ယိုးဒယားမှာ မွေးကြောင်း၊ အမေလုပ်သူမှာ မိမိငယ်စဉ်ကပင် ဆုံးသွားကြောင်း ၊ ထို့ကြောင့် မြန်မာစကား မပြောတတ်ကြောင်း ပြောပြပါသည်။ အမေက သထုံဘက်မှ ဟုလည်း ပြေပြပါသည်။ သထုံဟူသော အမည်ကို ပီပီသသ ရွတ်ပြပါသည်။ တစ်လမ်းလုံး ဂရုစိုက်ရှာပါသည်။ လိပ်စာချင်း ဖလှယ်ခဲ့ကြပါသည်။ မြန်မာပြည် လာဖြစ်ပါက အလည်ဝင်ခဲ့ပါမည်ဟု ကတိပြုရှာသည်။

ဗန်ကောက်မှ ရန်ကုန်ကိုလည်း (Thai Airways)ပင်စီးလာရပါသည်။ တစ်နာရီခန့် ခရီးဖြစ်သော်လည်း အစားအသောက် တစ်ခါကျွေးပါသည်။ မြန်မာသင်္ဘောသားအချို့လည်း ဂုတ်ဝဲဆံပင်နှင့် ပြန်တော်ပြန်လာကြဟန် တူပါသည်။ ရေချိန်လွန်နေကြပုံလည်း

http://www.dhammadownload.com



ပေါက်ပါသည်။ လေယာဉ်မောင်များ လေယာဉ်မယ်များအား သဒ္ဒါမမှန်သော အင်္ဂလိပ်စကားများဖြင့် အရက်ထပ် တောင်းနေကြပါသည်။ လေယာဉ်မယ် အချို့ကမူ အစားအသောက်ခွက်များကိုပင် ဆောင့်အောင့် ချနေသည်ကို တွေ့ခဲ့ရရာ မြင်ရတွေ့ရသူများ မျက်နှာပူစရာ ဖြစ်ပါသည်။ လေယာဉ်ခရီးတစ်နာရီ အဆုံး၌ ရန်ကုန် မင်္ဂလာဒုံ လေဆိပ်သို့ ၁၉၈၁ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ မြန်မာ စံတော်ချိန် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ချောမောစွာ ပြန်လည် ရောက်ရှိပါတော့သည်။

## နိဂုံး

ချမ်းသာကြပါစေ ၁၉၈၁ ခုနှစ် ၊ ဇူလိုင်လ ၄ ရက်နေ့မှစ၍ ထွက်ခဲ့သော မွေခရီးသည် ဩဂုတ်လ ၁၅ ရက်နေ့တွင် ချောမောချမ်းသာ ပြီးဆုံးခဲ့ပါပြီ၊ တရာလိုလား သူတော်စင်များအား မြတ်ဘုရား၏ အဆုံးအမ တရားတော်များကို ဟောကြားညွှန်ပြ စွမ်းနိုင်သမျှ ဖြန့်ဖြူးခဲ့ကြပါပြီ၊ ဤသို့ ဖြန့်ဖြူးရာတွင် အဘက်ဘက်မှ ပါဝင် ကူညီကြသော အင်္ဂလန်၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ဟော်လန်၊ အိုင်ယာလန်၊ စကော့တလန်၊ သီရိလင်္ကာ ၊ စင်ကာပူ၊ ယိုးဒယားနိုင်ငံများမှ မွေမိတ်ဆွေတို့အား ကျေးဇူးဥပကာရ အထူးတင်လှပါကြောင်း ဖော်ပြအပ်ပါသည်။

http://www.dhammadownload.com



မြတ်စွာဗုဒ္ဓ၏ အေးမြသော တရားရေစင်ကို အစဉ်ထာဝရ သောက်သုံးနိုင်ကြ၍ ဘေးပရန်ကွာ အေးမြချမ်းသာကြပါစေ။

ကပ္ပိယ ဦးကြည်ဝင်း (ရာပြည့်)

၁၃၅၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်၊
၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်။

http://www.dhammadownload.com



## နောက်ဆက်တွဲ
## စိတ်ဝင်စားဖွယ် ယောဂီများ

ကျွန်တော်သည် မဠ္ဌူသီရိ တရားစခန်း၌ နေစဉ် ယောဂီများအား ထုတ်ပုံကို စောင့်ကြည့်အကဲခတ်ခဲ့ပါသည်။ တရားစခန်းပြီးသောအခါ ယောဂီများထဲမှ စိတ်ဝင်စားဖွယ်ရာ ကောင်းသော ယောဂီများအား သူတို့ဘဝဖြစ်စဉ် အကျဉ်းချုပ်ရေးသားပေးရန် မေတ္တာရပ်ခံခဲ့ပါသည်။ အောက်တွင် ထိုယောဂီတို့၏ ဘဝဖြစ်စဉ် အကျဉ်းချုပ်ကို သူတို့ကိုယ်တိုင် ရေးသားပေးသည့်အတိုင်း ဘာသာ ပြန်ဆို ဖော်ပြလိုက်ပါသည်။

### ခရစ်စ်တိုဖာ ဝုဒ်(ဒ်) ဖိုင်း (အင်္ဂလိပ်)
### (Christopher Wood fine)

ကျွန်တော့်ကို အလုပ်သမား မိသားစုမှ ပေါက်ဖွားပါသည်။ ကျွန်တော်၏ မိဘများသည် မည်သည့်ဘာသာဝင်မှ မဟုတ်ကြဘဲ ဖခင်ဖြစ်သူကမူ ဘာသာရေးဟူသည် လူများအတွက် ဘိန်းသဖွယ်ထုံထိုင်းစေသော အရာတစ်ခုသာဖြစ်သည်ဟု အယူအဆ ပြင်းထန်သူတစ်ဦးဖြစ်ပါသည်။ ကျွန်တော်၏ ဘခင်ဖြစ်သူသည် သားသမီးများကို ပညာရေးထက်မြက်မှုကိုသာ ဦးစားပေးသူဖြစ်သည်။ သို့အတွက်လည်း ကျွန်တော် ၁၈ နှစ်ပြည့်သည်အထိ ဖခင်၏ တင်းကြပ်သော

http://www.dhammadownload.com



စည်းကမ်းများအောက်တွင် ပညာကို အထူးကြိုးစားခဲ့ရပါသည်။ သို့သော် ကျွန်တော်ကမူ ကျောင်းစာ လုပ်ရမှာထက် အချိန်ရတိုင်း ဘောလုံးကန်ရမှာ၊ ဘီယာဆိုင် သွားသောက်ရမှာ၊ ရုပ်ရှင်သွားကြည့် ရမှာကို ပိုကြိုက်ပါသည်။

အသက် ၁၈ နှစ်တွင် တက္ကသိုလ်သို့ တက်ခွင့်ရပါသည်။ တစ်နည်းအားဖြင့် ဆိုသော် ဖခင်ဖြစ်သူ၏ ဩဇာလွှမ်းမိုးမှုအောက်မှ လွတ်မြောက်ခြင်းဖြစ်ပါသည်။ သို့သော် တက္ကသိုလ်၌ ကျွန်တော် စာမကြိုးစားခဲ့ပါ။ တက္ကသိုလ်၏ ခေတ်ဆန်သော အသိုင်းအဝန်းတွင် သာ ပျော်မွေ့စွာ ကျင်လည်ရင်း ကာမဂုဏ်ရေယာဉ်ကြော၌ နစ်မျော ခဲ့မိပါသည်။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း စိတ်ပိုင်းဆိုင်ရာ ပျက်စီးစ ပြုနေကြောင်း သတိထားမိပါသည်။

အသက် ၂၁ နှစ်မှာ သင်တန်းပြီးမြောက် အောင်မြင်ပြီး လုပ်ငန်းခွင်ကို စတင်ဝင်ခဲ့ပါသည်။ အလုပ်လုပ်လိုက်၊ အရက်သောက် လိုက်၊ စီးကရက် သောက်လိုက်ဖြင့် ကျွန်တော့်ကျန်းမာရေး တစ်စ တစ်စ ချွတ်ယွင်းလာသလို စိတ်ဓာတ်လည်း ကျဆင်းလာပါသည်။ သေရမှာကိုလည်း တွေးတွေးပြီးကြောက်နေပါပြီ။ တစ်နည်းအားဖြင့် စိတ်ကျရောဂါ ဝင်မှန်းမသိ ဝင်နေပါပြီ။

သို့ဖြစ်၍ အသက် ၂၂ နှစ်တွင် ကျန်းမာရေးအတွက်ရည်ရွယ်ပြီး ကရာတေးပညာကို စသင်ပါသည်။ အမှန်တော့ မိမိပတ်ဝန်းကျင်မှာ

http://www.dhammadownload.com



တွေ့ရသည့် အကြမ်းဖက်မှုများကို ကြောက်လာ၍ ကာကွယ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် သင်ခြင်းလည်း ဖြစ်ပါသည်။ အရက်နှင့် ဆေးလိပ်ကိုလည်း လျှော့သောက်ပါသည်။ စိတ်ကျမှုလည်း အတော် အတန် သက်သာလာပါပြီ။

တစ်နှစ်လောက် ကြာသောအခါ ကိုယ့်ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေသည်များကို မှန်ကန်စွာ သိမြင်စပြုလာပါပြီ။ စိတ်ကျရောဂါလည်း ပျောက်သွားပါပြီ။ ထိုအခါကျမှ ကျွန်တော်၏ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မှန်သမျှသည် စိတ်ကိုလွှတ်ထား၍ ကာမဂုဏ် အပျော်အပါး များခဲ့သောကြောင့် ဖြစ်ကြောင်း သိမြင်လာပါသည်။ ရုပ်ပိုင်းဆိုင်ရာ သာယာငြိတွယ်မှုကြောင့် မည်မျှလောက်ဒုက္ခရောက်ခဲ့ရသည်ကို သိမြင်လာသဖြင့် ရုပ်ဝတ္ထုများပေါ် သာယာတပ်မက်မှု လည်းမရှိ တော့ပါ။

ထိုအချိန်ကျမှ ကျွန်တော်၏ ဒုက္ခအထွေထွေအတွက် အဖြေရှာရန် ဘာသာရေးဘက်ကို ကျွန်တော် မျက်နှာမူလာခဲ့ပါသည်။ သို့ဖြင့် ဗုဒ္ဓဘာသာအကြောင်းရေးသားထားသည့် စာအုပ်တစ်အုပ်ကို ပထမဆုံးအကြိမ် ဖတ်ရသော အခါ ကြီးမားလှသော ကျေနပ်ပျော်ရွှင်မှုကို ကျွန်တော်ခံစားရပါသည်။ ထိုစာအုပ်သည် ကျွန်တော်၏ ပြဿနာအားလုံးကို အဖြေ ထုတ်ပေးနိုင်သည့် သာမက ကျွန်တော်တွေ

http://www.dhammadownload.com



ကြုံခံစားခဲ့ရသမျှကိုလည်း ဖြေရှင်းပေးနိုင်ခဲ့ပါသည်။ ထို့ပြင် ကျွန်တော် ခံစားခဲ့ရသည့် တစ်ခြား ဒုက္ခအားလုံး ကုန်ဆုံးစေနိုင်သည့် နည်းလမ်း ရှိကြောင်းလည်း မီးမောင်းထိုးပြခဲ့ပါသည်။ ယင်းနည်းလမ်းကား အခြားမဟုတ် မဂ္ဂင်ရှစ်တန် အကျင့်မှန်ပင်ဖြစ်ပါ သည်။

ယခုဆိုလျှင် ကျွန်တော် ဤမဂ္ဂင်ရှစ်ပါး အကျင့်အတရားကို ပွားများအား ထုတ်ခဲ့သည်မှာ သုံးနှစ်ကျော်ခဲ့ပါပြီ။ ယခုလည်း ချမ်းမြေ့ ဆရာတော်၏ ဤမဥ္ဇူသီရိ တရားစခန်းသို့ လာရောက်၍ မဂ္ဂင်ရှစ်တန် ကျင့်ကြံပွားများခွင့် ရသဖြင့် ဝမ်းမြောက်လှ ကျေးဇူးတင်လှပါသည်။

မြတ်ဘုရားနှင့် ဘုရားရှင်၏ တပည့်သာဝက မထေရ်မြတ်တို့၏ ကျေးဇူးတရားကား ကြီးမားလှပါဘိသည်။

ခရစ်စ်တိုဖာ
၁၉၈၁ ခုနှစ်၊ ဂျူလိုင်လ

မှတ်ချက် ။ ။ ခရစ်စ်တိုဖာသည် ၁၉၈၁ခုနှစ်၊ ဒီဇင်ဘာလ တွင် ချမ်းမြေ့ရိပ်သာသို့ လာရောက်၍ တစ်လ ခန့် တရားအားထုတ်သွားပါသည်။ ထို့နောက် အင်္ဂလန်သို့ ပြန်ရောက်ပြီး တစ်နှစ် ခန့်အကြာ တွင် အနာဂါရိကဝတ်ပါသည်။ အလျင်းသင့်

http://www.dhammadownload.com



ခိုက် အနာဂါရိက အကြောင်းတင်ပြလိုပါသည်။ အင်္ဂလန်တွင် ရဟန်းခံလိုသော ဥရောပ အမျိုးသားများအား ဗုဒ္ဓဘာသာ ဘုန်းကြီးများက ၆ လ တန်သည် ၉ လတန်သည်ရက်ရှည် ၈ ပါး ဥပုသ်သီလ စောင့်ထိန်းစေပြီး ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားစေပါသည်။ ကျွန်တော်တို့ ဆီက ဖိုးသူတော်နှင့် ခတ်ဆင်ဆင်တူပါလိမ့်မည်။ ထိုသို့ ရက်ရှည် ဥပုသ်ဝင်ပြီးမှ ရဟန်းအဖြစ် သိမ်တက်ပေးပါသည်။ ခရစ်စ်တိုဖာလည်း ယခု ရဟန်းဖြစ်လို့ နယူးဇီလန်နိုင်ငံ၊ ဝယ်လင်တန်မြို့မှ သီတင်းသုံးနေပါပြီ။

## ဒေါ်နယ်ကရိဒန် (အိုင်းရစ်လူမျိုး)
## (Donal Creedon)

ကျွန်တော့်အမည်မှာ ဒေါ်နယ်ကရိတ်ဒန် ဖြစ်ပါသည်။ အိုင်းရစ်လူမျိုး ဖြစ်ပါသည်။ ကျွန်တော့်ကို ဒဗ္ဗလင်မြို့၌ မွေးဖွားပါသည်။ မိဘများမှာ ရိုမင်ကက်သလစ် ဘာသာဝင်များဖြစ် ကြပါသည်။ အသက် ၁၇ နှစ်အထိ ရိုမင်ကတ်သလစ်ဘာသာ၏ စည်းကမ်းတင်းကျပ်မှု ဘောင်တွင်း၌ ကြီးပြင်းခဲ့ရပါသည်။

http://www.dhammadownload.com



အသက် ၁၇ နှစ် အရွယ်တွင် ထိုအစဉ်အလာ၏ တင်းကျပ်သော တရားသေဝါဒ အပေါ်၌ မကျေနပ်မှုတွေ ကြီးမားပြင်းထန်လာသဖြင့် ပို၍ အဓိပ္ပါယ်ရှိသော တစ်စုံတစ်ရာကို ရှာဖွေစ ပြုခဲ့ပါသည်။

ကျွန်တော်သည် အကြောင်းရပ်ပေါင်းစုံကို ရေးသားသော စာအုပ်မျိုးစုံကို ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှု၍ ဗဟုသုတကို ရှာမှီးဆည်းပူးခဲ့ရာ များစွာသော ဆရာတို့ ရေးသားချက်များသည် ကျွန်တော်၏ စိတ်အစဉ်တွင် စွဲထင်ကျန်ရစ်ခဲ့ပါသည်။ အထူးသဖြင့် အိန္ဒိယ ဆရာများ ရေးသားသောစာများသည် ကျွန်တော့်၏စိတ်ကို စွဲငြိစေခဲ့ပါသည်။ ဗုဒ္ဓ၏ တရားတော်များသည်လည်း ကျွန်တော့်စိတ်ကို လွန်စွာမှ ဆွဲဆောင်နိုင်စွမ်း ရှိခဲ့ပါသည်။

ကျွန်တော်သည် ဥရောပတိုက်အတွင်း တရားဌာနပေါင်းများစွာကို သွား၍ တရားနာခဲ့ပါသည်။ လက်တွေ့အားထုတ်ခြင်းတော့ မပြုနိုင်ခဲ့ပါ။ အကြောင်းကတော့ ကျွန်တော်သည် အသက် နှစ်ဆယ်ကတည်းက အိုင်စီအက်စ် အမှုထမ်းတစ်ယောက် ဖြစ်ခဲ့ပြီး အချိန်မရသောကြောင့်ဖြစ်ပါသည်။ ကျွန်တော့်အတွက် နွေရာသီ ရက်အားလည်း ရက်သတ္တပတ်လေးပတ်သာရ၍ တရားအားထုတ်ရန် မလုံလောက်ပါ။

သို့ဖြစ်၍ အသက် ၂၉ နှစ်အရွယ်တွင် ဗုဒ္ဓတရားတော်ကိုပို၍

http://www.dhammadownload.com



နက်ရှိုင်းစွာ လေ့လာလိုက်စားရန် အလုပ်မှ ခွင့် ၁၈ လ ယူလိုက်ပါသည်။ ပထမ ၉ လတွင် တိဗက်ဗုဒ္ဓဘာသာ တရားရိပ်သာတစ်ခု၌ တရားများစွာ နာခဲ့ပါသည်။ လက်တွေ့အားထုတ်ဖို့လည်း နည်းမျိုးစုံကို သင်ပြပေးကြပါသည်။ သို့သော်လည်း ယင်းတရားများ ကို နားမလည်နိုင်အောင် ရှိခဲ့ပါသည်။

ကျွန်တော်သည် ဝိပဿနာ ကမ္မဋ္ဌာန်းအကြောင်း စာအုပ်များကို ဖတ်ခဲ့ဖူးရာ ဝိပဿနာနည်း၏ တိုက်ရိုက်ကျခြင်းနှင့် ရိုးစင်းပုံရခြင်းကို အလွန်နှစ်သက်လှပါသည်။ ဤမဥ္စူသီရိဝိပဿနာတရားစခန်း ကြော်ငြာကို တွေ့ရသောအခါ ရက်နှစ်ပတ်လောက် အားထုတ်ကြည့်မည်ဟု ကျွန်တော်ဆုံးဖြတ်ခဲ့ပါသည်။ ရှင်းလင်းပြတ်သား၍ သွက်လက်စွာ အင်္ဂလိပ်ဘာသာဖြင့် ချမ်းမြေ့ဆရာတော် ဟောကြားသော တရားကို နာကြားရသောအခါ စိတ်အား လွန်စွာ တက်ကြွလာပြီးလျှင် တရားစခန်းပြီးဆုံးသည်အထိ အားထုတ်ရန် ချက်ချင်းဆုံးဖြတ်လိုက်ပါတော့သည်။

ကျွန်တော်သည် တော်သော ယောဂီစာရင်းဝင် မဟုတ်သော်လည်း ဤတရားစခန်းသည် ကျွန်တော်အား တန်ဖိုးမဖြတ်နိုင်သော တရားအတွေ့အကြုံကို ပေးခဲ့ပါသည်။ ဤတရားစခန်းတွင် တစ်လ အားထုတ်ခြင်းကြောင့်ရရှိသော တရားအသိသည် လွန်ခဲ့သော

http://www.dhammadownload.com



ဆယ်နှစ်ကျော် ကာလအတွင်း ကျွန်တော်ဖတ်ခဲ့သော ဗုဒ္ဓဘာသာ အကြောင်း စာအုပ်ပေါင်းမြောက်မြားစွာမှ ရရှိသော တရားအသိထက် အဆပေါင်းများစွာ သာလွန်တန်ဖိုးရှိလှပါသည်။

ဘုရား ၊ တရား သံဃာ ရတနာသုံးပါး၏ ဂုဏ်ရည်တို့ကို ပေါ်လွင်ထင်ရှားစေသော ကျွန်တော်တို့၏ ဆရာချမ်းမြေ့ဆရာတော် ဦးဇနက ကို လွန်လွန်ကဲကဲ ချီးကျူးပြောဆိုခြင်း မပြုလိုသော်လည်း ဆရာတော်နှင့် တွေ့ခွင့်ကြုံရန် ဖန်တီးပေးသည့် ကံအကြောင်း တရားကို အတိတ်ဘဝမှာ ပြုခဲ့မိသည့်အတွက် အလွန်ကြည်နူးဝမ်းသာ ဖြစ်ရပါသည် ဆိုတာကိုတော့ ကျွန်တော်ပြောလိုပါသည်။

ဆရာတော် သက်ရှည်ကျန်းမာ လိုရာဆန္ဒ ပြည့်ဝပါစေ။

ဒေါ်နယ် ကရိဒန်

၂၅ ၊ ၇ ၊ ၈၁

မှတ်ချက် ။ ။ ဒေါ်နယ် ကရိဒန်မှာ ကျွန်တော်တို့ စကော့တလန် သွားစဉ်က ကျွန်တော်တို့နှင့် အတူ ပါလာခဲ့ပြီး လမ်းတွင် ဆင်းနေခဲ့သော ယောဂီဖြစ်ပါသည်။ ရိုးရိုးအေးအေး နေတတ်ပုံ ရပါသည်။

http://www.dhammadownload.com



## ပီတာနော့ (ဒတ်ချ်လူမျိုး)

## (Peter Neunt)

ကျွန်တော့်အမည် ပီတာနော့ ဖြစ်၍ ဒတ်ချ်လူမျိုး ဖြစ် ပါသည်။

၁၉၅၆ ခုနှစ်တွင် ကျွန်တော့်ကို ဟော်လန်နိုင်ငံ၌ မွေးဖွား ပါသည်။ ၁၉၇၅ မှ ၁၉၈၀ အထိ ဟော်လန်နိုင်ငံ၌ လေဒင်း (Leidin) တက္ကသိုလ်တွင် သင်္ချာဘာသာ အထူးပြုကျောင်းသား အဖြစ် တက်ရောက်ပြီး လောလောဆယ်တွင် သင်္ချာပါရဂူဘွဲ့ ရရှိရေးအတွက် သုတေသန လုပ်ငန်းများ လုပ်ဆောင်နေဆဲ ဖြစ်သည်။ သင်္ချာ ပညာရှင် အဖြစ် အသက်မွေးဝမ်းကျောင်းရန် ဆုံးဖြတ်ထားပါသည်။

တက္ကသိုလ်၌ တက်ရောက်နေစဉ်အတွင်း မိရိုးဖလာ ကိုးကွယ် လက်စ ခရစ်ယာန်ဘာသာ အပြင် အခြား ဟိန္ဒူ ၊ အစ္စလမ် ၊ ဗုဒ္ဓဘာသာ ကျမ်းများ ဖတ်ရှုခဲ့ရပါသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာ ဆိုင်ရာ ကျမ်းစာ တော်တော်များများ ဖတ်ဖြစ်ခဲ့ပါသည်။ ၁၉၇၈ ခုနှစ် တွင် တက္ကသိုလ်၌ အင်ဒိုနီးရှားလူမျိုး ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး တစ်ပါးနှင့် မိတ်ဆွေဖြစ်ရပြီး သာမန်နေ့စဉ် လောကီနယ်ဝန်းကျင်၌ ဗုဒ္ဓအလိုကျ နေနည်း ၊ ထိုင်နည်း အသေးစိတ်ကိုပါ ကျွန်တော်ကို သင်ကြားပေးပါသည်။

http://www.dhammadownload.com



၁၉၇၉ ခုနှစ် စက်တင်ဘာလအတွင်းမှာပင် ဟော်လန် နိုင်ငံ ဟိဂ်မြို့ရှိ ဗုဒ္ဓယာန တရားရိပ်သာ၌ တရားအားထုတ်ခွင့် ကြုံခဲ့ရပါသည်။ ထိုသို့ အားထုတ်ပြီးသည့် အချိန်မှစ၍ ဗုဒ္ဓဘာသာအပေါ် တိုး၍ တိုး၍သာ စိတ်ဝင်စားလာပြီး အထက်ပါ တရားရိပ်သာသို့လည်း မကြာခဏ သွားရောက်ကာ တရားရိပ်သာကို တတ်နိုင်သမျှ ထောက်ပံ့ခဲ့ပါသည်။ မွေ့မိတ်ဆွေများစွာ တိုးပွားခဲ့ပါသည်။ ချမ်းမြေ့ဆရာတော် အင်္ဂလန်၌ တရားစခန်း ဖွင့်မည်ဖြစ်ကြောင်းကို ထိုတရားရိပ်သာ၌ ကြားသိရသဖြင့် သဒ္ဓါတရား ထက်သန်စွာဖြင့် လာရောက်ခဲ့ခြင်း ဖြစ်ပါသည်။

ဝိတာနော့

မှတ်ချက်။ ။ဝိတာနော့သည် ရှုမှတ်မှုမြဲသော ကြိုးစားသည့် ယောဂီတစ်ဦး ဖြစ်ပါသည်။ ၁၉၈၂ ခုနှစ်၌ ချမ်းမြေ့ဆရာတော်၏ ဆွစ်ဇာလန် တရားစခန်းသို့လည်း သွားရောက် အားထုတ်ကြောင်း သိရပါသည်။

## ပါဗယ် စမာချကာ (ချက်လူမျိုး)
## (Pavel Smrcka)

ကျွန်တော့်ကို ၁၉၄၇ ခုနှစ်တွင် ချက်ကိုစလိုဗက်ကီးယား နိုင်ငံ၌

http://www.dhammadownload.com



ချက်ကိုစလိုဗက်မိသားစုမှ မွေးဖွားခဲ့ပါသည်။ ကျွန်တော့်ကို မွေးဖွားစဉ်က ကျွန်တော်၏ ဖခင်က အထည်အလိပ် စက်ရုံပိုင်ရှင်တစ်ယောက်ဖြစ်ပါသည်။ ကွန်မြူနစ်အစိုးရ တက်ရောက်လာမှ ပြည်သူပိုင် အသိမ်းခံရပါသည်။ သို့ဖြစ်၍ ကျွန်တော် ကလေးဘဝတွင် မိဘများ စီးပွားရေး ကြပ်တည်း ခဲ့ပါသည်။ ကျောင်းတွင်မူ နှစ်စဉ် ပညာသင်ဆုရ ကျောင်းသား အုပ်စုတွင် ပါဝင်ခဲ့ပါသည်။

ကွန်မြူနစ်နိုင်ငံတွင် ကြီးပြင်းလာရာ ကျွန်တော့်တွင် ကိုးကွယ်သည့်ဘာသာ မရှိပါ။ အသက် ၂၂ နှစ်ခန့်တွင်မူ ချက်ကိုစလိုဗက်ဘာသာဖြင့် ရေးသားသော ဗုဒ္ဓဘာသာအကြောင်း စာအုပ်ကို ဖတ်မိရာ ထိုစာအုပ်တွင် ပါရှိသည့် ဗုဒ္ဓ၏ သစ္စာလေးပါး တရားကို အထူးနှစ်ခြိုက်မိပါသည်။ ကျွန်တော် ဘယ်လိုမှ မတွေးမိသော ကိစ္စများကို ဖော်ထုတ် လမ်းညွှန်ပြထားသဖြင့် အထူးနှစ်ခြိုက်မိပါသည်။ သို့ဖြင့် ၁၉၆၉ ခုနှစ်တွင် ဆွစ်ဇာလန် နိုင်ငံသို့ ရောက်ရှိပြီး ဗုဒ္ဓဘာသာနှင့် ပိုမို ကျွမ်းဝင်မှု ရှိလာပါသည်။ ဘယ်ဘုရားကိုမှ လက်မခံသောဘာသာမဲ့ ဝါဒသမားတစ်ယောက် ဘဝမှ လွတ်မြောက် ခဲ့ရပါသည်။ ရှေးဦးစွာ ဆရာ မရှိသေးဘဲ ကျွန်တော့်ဘာသာ ကျွန်တော် တောင်ပေါ်သို့ တစ်ယောက်တည်း သွားရောက် နေထိုင်ကာ တရားအားထုတ်နေခဲ့ပါသည်။

အစဦး၌ ထွက်သက်ဝင်သက်ကို ရှုမှတ်သည့်နည်း ဖြင့်သာ

http://www.dhammadownload.com



အားထုတ်ခဲ့ပါသည်။ ထွက်သက် ဝင်သက်ကို ရှုမှတ်ရင်း ဝေဒနာပေါ်တိုင်း လိုက်မှတ်ရသည်ကို အထူးနှစ်ခြိုက်မိပါသည်။ ယခုမူ ကံကောင်းထောက်မ၍ ချမ်းမြေ့ရိပ်သာ ဆရာတော်၏ အနီးကပ် လမ်းညွှန်မှုကို ခံယူလျက် စံနစ်တကျ အားထုတ်တတ်လာပါသည်။ တစ်ချိန်ချိန်တွင် ရန်ကုန်မြို့အထိ သွားရောက် အားထုတ်နိုင်ရန် မျှော်လင့်စောင့်စားလျက် ရှိပါသည်။ ရန်ကုန်သို့ မသွားနိုင်သေးစဉ်မှာမူ ဝတ္တရားမပျက် နေ့စဉ် ရှုမှတ်အားထုတ်ရင်း ဘဝကို အဓိပ္ပာယ်ရှိရှိ လျှောက်လှမ်းလျက် ရှိပါပြီ။

ပါဗယ် စမာချကာ

မှတ်ချက်။ ။ပါဗယ်စမာချကာသည် ၁၉၈၁ ခုနှစ်၌ မဇ္ဈိုသီရိ တရားစခန်း၌ တရားအားထုတ်ပြီးနောက် ၁၉၈၂ ခုနှစ် ဖွန်လတွင် ဆွစ်ဇာလန်သို့ ချမ်းမြေ့ဆရာတော်ကို ပင့်၍ ဒစ်ကင်တရားစခန်းကို သူကိုယ်တိုင် ဦးစီးဖွင့်လှစ်ခဲ့ပါသည်။

## အီးဒီပန့်မင် (ဒတ်ချ်)

## ED Puntman

ကျွန်တော့်ကို ဟော်လန်နိုင်ငံ ဟိဂ်မြို့တွင် ၁၉၆၂ ခု၌ ဖွားမြင်

http://www.dhammadownload.com



ပါသည်။ ကျွန်တော်၏ အထက်တွင် အစ်ကို သုံးယောက် ရှိပါသည်။ မိရိုးဖလာအရှူ ရိုမင်ကက်သလစ် ဘာသာဝင် ဖြစ်ပါသည်။ သို့သော်လည်း မည်သည့် ဘာသာကို ယုံကြည်ကိုးကွယ်ရမည်ဟု မိဘများက မတိုက်တွန်းကြပါ။

တက္ကသိုလ်မှ ဘွဲ့ရပြီးနောက် နို့ချက်စက်ရုံ ၊ မြို့တော်စည်ပင်သာယာရေးရုံး စသည်ဖြင့် လုပ်ငန်းခွင်အမျိုးမျိုး၌ ဝင်ရောက် လုပ်ကိုင်ခဲ့ပါသည်။ မိသားစုအတွင်း၌မူ မိဘနှစ်ပါး နှင့် ကျွန်တော်တို့ ညီအစ်ကို လေးဦးသည် ခပ်မှန်မှန်သာ ဆက်ဆံမှု ရှိကြပါသည်။ ရံဖန်ရံခါလည်း စကားအခြေအတင် ပြောရင်း ခိုက်ရန်ဖြစ်ပွားခဲ့ရသည်လည်း ရှိပါသည်။ တစ်ဦး နှင့် တစ်ဦး သိပ်ကြင်ကြင်နာနာ မရှိကြပါ။ အစ်ကို သုံးယောက် အနက် တစ်ယောက်သာ အလုပ် ကောင်းကောင်း ရပြီး ကျန်နှစ်ယောက် မှာ အလုပ်လက်မဲ့ ဖြစ်နေသည်မှာ ၆ နှစ်ခန့် ရှိပါပြီ။

လွန်ခဲ့သော ၂ နှစ်ခန့်ကမူ ''လက်ရှိဘဝကို ဘယ်လို ဆက်စခန်းသွားမလဲ ၊ သေပြီးရင်ကော ဘာတွေဖြစ်လာမလဲ'' ဟု ထူးထူးခြားခြား တွေးမိပါသည်။ ထိုမေးခွန်းကို လူများစွာအား ကျွန်တော်မေးကြည့်ရာ မေးခွန်းကို စိတ်ဝင်စားသူ အလွန်နည်းပြီး စိတ်ဝင်စားသူတို့ကလည်း တိကျသော အဖြေမပေးနိုင်ကြပါ။ ထိုအချိန်တွင် ''တစ်ဘဝပြီး တစ်ဘဝ'' ဟူသောစာအုပ်ကို ဖတ်မိပြီး ထိုစာအုပ်ထဲ၌

http://www.dhammadownload.com



မေ့မြောသွားသူများ၏ မေ့မြောနေစဉ် အတွေ့အကြုံများကို ဖတ်ရပါသည်။ ထိုအကြောင်းရပ်များက ကျွန်တော် သိလိုသော "သေပြီးဘာဖြစ်သလဲ" ဆိုသည့် မေးခွန်း၏ အဖြေကို တိုက်ရိုက်မဟုတ်သည့်တိုင် အရိပ်အမြွက်လောက်တော့ လမ်းညွှန်ပေးသည် ဟုထင်ပါသည်။ ကျွန်တော်ကမူ အနောက်တိုင်း ထုံးစံအတိုင်းအချိန်တန်လျှင် အလုပ်သွား ၊ ညပိုင်းကို အရက်သောက် ကပွဲသွားဖြင့်သာ အချိန်ဖြုန်းနေမိပါသည်။ နောက်တစ်နေ့ အိပ်ရာထတိုင်းလည်း ပြီးခဲ့သော ညပိုင်း ကာလများကို ငါ အဓိပ္ပါယ်မရှိ ဖြုန်းမိပါပေါ့လားဟု အမြဲသတိတရား ဝင်ခဲ့ပါသည်။

လူ့အသိုင်းအဝန်းအတွင်း၌ အလုပ်ကောင်းကောင်းရခြင်း ၊ ဝင်ငွေကောင်းခြင်းများသည် ကျွန်တော်၏ စိတ်ကို ဆွဲဆောင်နိုင်ခြင်း မရှိပါ။ တစ်နေ့တွင်မူ နက္ခတ္တဗေဒပညာ လိုက်စားနေသူ ပုဂ္ဂိုလ်တစ်ဦးနှင့် မိတ်ဆွေဖြစ်ခွင့် ရပါသည်။ သူက ကျွန်တော့်အား "ဗုဒ္ဓစကား" စသော ဗုဒ္ဓဘာသာ ဆိုင်ရာ ကျမ်းစာများကို ဖတ်ရှုရန် တိုက်တွန်းပါသည်။ တရားစခန်းများကို မသွားဘဲ စာအုပ်များကို ဖတ်ပြီး ကိုယ်ဘာသာကိုယ် စမ်းသပ် တရားထိုင်ကြည့်ပါသည်။ ထိုသို့ အတန်ကြာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တရားထိုင်ပြီးမှ စနစ်တကျ တရားထိုင်တတ်ရန် ဟိဂ်မြို့ရှိ ဗုဒ္ဓယာနာရာမကျောင်း တရားစခန်း၌ တရားဝင်ကြည့်ရာ တရားထိုင်နည်းကို ပိုပြီး စနစ်တကျ တတ်လာ

http://www.dhammadownload.com



ပါသည်။ ဗုဒ္ဓယာနာရာမ ရိပ်သာ၌ ရှိစဉ်အတွင်းလည်း နေ့စဉ် ဗုဒ္ဓဘာသာဆိုင်ရာ တရားပွဲများစွာ နာယူခွင့် ရခဲ့ပါသည်။ ထိုရိပ်သာမှတစ်ဆင့် ချမ်းမြေ့ဆရာတော်၏ ဤတရားစခန်း ဖွင့်ခြင်းသတင်းကို ကြားပြီး လာရောက် အားထုတ်ခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် တရားနာရ တရားအားထုတ်ရတာကို အလွန်ပျော်ပါသည်။

အီးဒီပန့်ထ်မင်း

## ရောဘတ် မေယာ (ဒတ်ချ်)
## (Robert Meyer)

ကျွန်တော့်ကို ၁၉၄၆ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့၌ ဒတ်(ချ်) လူမျိုး မိဘ ၂ ပါးမှ မွေးဖွားပါသည်။ စီးပွားရေးဘာသာ ဖြင့် ဘွဲ့ရရှိပါသည်။ တောင်အာဖရိက အစိုးရ၏ နိုင်ငံခြားကုန်သွယ်ရေးဌာနတွင် ဝင်ရောက်အမှုထမ်းရင်း လန်ဒန်မြို့ရှိ တောင်အာဖရိက သံရုံးသို့ အမှုထမ်းတစ်ဦးအဖြစ် ရောက်ရှိပြီး ၂ နှစ်ခန့် အမှုထမ်းခဲ့ပါသည်။ လုပ်ငန်းနှင့် ပတ်သက်၍ မကျေနပ်မှုများ ဖြစ်လာပါသည်။ တောင်အာဖရိက အစိုးရ၏ အသားရောင်ခွဲခြားမှု ကို အခြေခံသော ကျေနယ်ဖွယ်မရှိသည့် နိုင်ငံရေးပေါ်လစီကိုလည်း တဖြည်းဖြည်း စိတ်ကုန်လာပါသည်။ သို့ဖြင့် ၁၉၇၉ ခုနှစ် ဇူလိုင်လတွင် အလုပ်မှ နှုတ်ထွက်လိုက်ပါသည်။ ထိုသို့ အလုပ်ထွက်

http://www.dhammadownload.com



ပြီးသည်မှစ၍ ယခု တရားစခန်းသို့ ရောက်လာသည်အထိ ၁၉ လ အတွင်း အတွေ့အကြုံသစ် အမျိုးမျိုး ရခဲ့ပါသည်။

အလုပ်မှ ထွက်ပြီးပြီးခြင်း သင်္ဘော ကပ္ပတိန်အဖြစ် အင်္ဂလန်မှ မြေထဲပင်လယ်သို့ လည်းကောင်း ၊ ယိုးဒယားသို့လည်းကောင်း ပင်လယ်တကြော ခေါက်တုံ့ခေါက်ပြန် ကူးသန်း လုပ်ကိုင်ခဲ့ပါသည်။ သင်္ဘော၌ အမှုထမ်းရင်း ဒဿနိကဗေဒ ဘာသာရပ်ဆိုင်ရာ ကျမ်းစာများနှင့် ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းစာများကို လေ့လာခဲ့ပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာအပေါ် စိတ်ဝင်စားလာပြီး အိန္ဒိယနိုင်ငံမှာ ၁ နှစ်ခန့် သွားရောက်လေ့လာခဲ့ပါသည်။ ထိုင်းနိုင်ငံ၌ ဗုဒ္ဓဘာသာ ရဟန်းအဖြစ် တစ်နှစ် ဝတ်ခဲ့ဘူးပါသည်။ ယခုအခါတွင်မူ ကျမ်းစာများ လေ့လာခြင်းထက် လက်တွေ့ ဝိပဿနာ ဘာဝနာ တရားပွားများခြင်းကို ပိုမိုအားသန် လျက်ရှိပါသည်။

ရောဘတ်မေယာ

မှတ်ချက်။ ။ရောဘတ်မေယာ သည်လည်း ၁၉၈၁ ခုနှစ် အောက်တိုဘာလ နှင့် ဒီဇင်ဘာလ များတွင် ချမ်းမြေ့ရိပ်သာသို့လာ၍ နှစ်လခန့် တရားအားထုတ်သွားပါသည်။ တရားမဝင်မီ ဓမ္မာရုံ သိမ်တော်ကြီးကို ဆေးသုတ်၍ ဝေယျာဝစ္စ ကုသိုလ်ယူသူ ဖြစ်ပါသည်။

http://www.dhammadownload.com



## ပေါလ်ပီတာ (ဒတ်ချ်)
## (Paul F.C peter)

ကျွန်တော့်ကို ၁၉၅၁ ခုနှစ်တွင် နယ်သာလင်နိုင်ငံ ဟိဂ်မြို့၌ ဖွားမြင်ခဲ့ပါသည်။ ကျွန်တော်၏ ဖခင်သည် ကျောင်းဆရာတစ်ဦး ဖြစ်ခဲ့ပြီး ဒုတိယကမ္ဘာစစ်အပြီး၌ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ပညာရေး ဌာန၏ ဌာနမှူး ဖြစ်လာပါသည်။ ကျွန်တော်၏ မိဘများမှာ လူချမ်းသာများဖြစ်ကြပြီး ကျွန်တော်၏ အထက်တွင် အစ်မ ၅ ယောက် ရှိပါသည်။ ကျွန်တော်မှာ အမများနှင့်အသက်များစွာ ကွာသော အထွေးဆုံးသား ဖြစ်ပါသည်။

၁၉၇၇ ခုတွင် ကျွန်တော် တက္ကသိုလ်သို့ စရောက်ခဲ့ပါသည်။ ပညာဆုံးခန်းတိုင်အောင် မသင်ဘဲ တက္ကသိုလ်၌ လအနည်းငယ်သာ တက်ပြီး ကျောင်းထွက်ခဲ့ပါသည်။

၁၉၇၉ ခု ၊ ရှုလိုင်လမှ စ၍ အိန္ဒိယ ၊ နီပေါလ်နိုင်ငံများသို့ ခရီးထွက်ခဲ့ပါသည်။ ထိုအချိန်တွင် ကျွန်တော်သည် အရှေ့တိုင်း ယဉ်ကျေးမှု နှင့် ဒဿနပညာတို့ကို စိတ်ဝင်စားလျက် ရှိပါပြီ။ အိန္ဒိယ နိုင်ငံ၌ ယောဂကမ္မဋ္ဌာန်း နည်းများကို လက်တွေ့လေ့လာခဲ့ပါသည်။ နီပေါလ်နိုင်ငံ၌မူ ခတ္တမန္ဒူမြို့ မြောက်ဘက်ရှိ သယမ္ဘူနတ် ဘုရား ကျောင်း၌ ၆ လကြာနေထိုင်ရင်း ဗုဒ္ဓဝါဒနှင့် ပိုမိုနီးစပ်ခဲ့၍ ဗုဒ္ဓဘာသာ

http://www.dhammadownload.com



ဝင်အဖြစ် ခံယူခဲ့ပါသည်။ ၁၉၈၀ ခုနှစ်၊ အောက်တိုဘာလ တွင်မှု ငွေရေးကြေးရေး ပြဿနာကြောင့် ဌာနေ နယ်သာလင်သို့ ပြန်ခဲ့ရ ပါသည်။ နယ်သာလင်သို့ ပြန်ရောက်ပြီးနောက် ဟိဂ်မြို့ရှိ ဗုဒ္ဓယာန တရားကျောင်းသို့ ဝင်ထွက်သွားလာရင်း ဗုဒ္ဓတရားတော်များ နှင့် ပိုမိုနီးစပ်ခဲ့ရပြန်ပါသည်။

ဤမဥ္ဇူသီရိ တရားစခန်းသည် ကျွန်တော့်အတွက် အကျိုး ကျေးဇူးများလှပါသည်။ လက်တွေ့တရားအားထုတ် တတ်ရန် ညွှန်ကြားပေးသော ချမ်းမြေ့ဆရာတော်ကို အထူးပင် ကျေးဇူးတင် ပါသည်။

ပေါလ်ပီတာ

## ဒေးဗစ် အက်ရှ်ကရော့ (အင်္ဂလိပ်)
## (David Asheroft)

ကျွန်တော်သည် အင်္ဂလန်မြောက်ပိုင်း ကမ္ဗရီးယားခရိုင်၊ အာလ်ဗာစတန်မြို့တွင် ပြည့်စုံကြွယ်ဝသော လူလတ်တန်းစား မိသားစုတစ်ခုမှ မွေးဖွားခဲ့သူ တစ်ဦး ဖြစ်ပါသည်။ အသက် ၈ နှစ်မှ ၁၈ နှစ်အတွင်း အလွတ်ပညာသင် ကျောင်းများတွင် ပညာသင်ကြား တတ်မြောက်ခဲ့ပါသည်။ ကျွန်တော်သည် ပညာရေးတွင် ဉာဏ်ထက် မြက်သူတစ်ဦး ဖြစ်ရာ ၁၉၇၀ မှ ၁၉၇၃ ခုနှစ်အထိ ကောပတ်

http://www.dhammadownload.com



ခရစ်စတီကောလိပ် အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့သည်နှင့်အညီ ၁၉၆၉ ခုနှစ်တွင် ကင်းဘရစ် တက္ကသိုလ်၌ သမိုင်း ဘာသာရပ်ကို သင်ကြားရန် ပညာသင်ဆု ရရှိခဲ့ပါသည်။

ကျွန်တော်သည် စာကြိုးစားသူ တစ်ဦး ဖြစ်ခဲ့သဖြင့် ကောလိပ်တွင် ထိပ်တန်း ကျောင်းသား တစ်ဦးဖြစ်ကာ ပထမဆင့် ဂုဏ်ထူးတန်း ဒီဂရီကို ရရှိခဲ့ပါသည်။ ဆက်လက်၍ ပီအိပ်ချ်ဒီ ဒီဂရီ ( ပါရဂူဘွဲ့ ) ကို ရအောင်ယူကာ တက္ကသိုလ်တွင် ပါမောက္ခတစ်ဦး ဖြစ်လာရမည်ဟု ကိုယ့်ကိုကိုယ် ယူဆထားပါသည်။ သို့ရာတွင် မိမိ၏ ကိုယ်ရေးကိုယ်တာ အခက်အခဲများကြောင့် တက္ကသိုလ်လုပ်ငန်းများကို ဆောင်ရွက်ရာ၌ နှေးကွေးပြီး ရံဖန်ရံခါ စွန့်ပစ်ထားခဲ့ရသည်အထိ ဖြစ်ခဲ့ရပါသည်။ ပြန်လည်ဝေဖန် စိစစ်ကြည့်ရာ ဤအခက်အခဲများကို ဖြစ်ပေါ်စေရန် အကြောင်းအချက် နှစ်ရပ်ကို တွေ့ရပါသည်။ တစ်ခုမှာ ဘဝဟူသည် တက္ကသိုလ်ပညာရေးနယ်ပယ် ကျဉ်းကျဉ်းကလေးမျှသာ မဟုတ်ဘဲ ထို့ထက်ပို၍ ကျယ်ပြန့်သော အဓိပ္ပါယ်ရှိသည် ဟူသော ခံစားချက်ဖြစ်ပါသည်။ အခြားတစ်ခုမှာ မိမိကိုယ်ကို ပျော်ရွှင်အောင် ပြုလုပ်ပေးရန် ဖြစ်စေ၊ မိမိ၏ မကျေနပ်စိတ်ကို မိမိကိုယ်တိုင်နှင့်ရော လောကကြီးနှင့်ပါ အဆင်ပြေပြေ ဆက်စပ်ပေးရန် ဖြစ်စေ စဉ်းစားဆင်ခြင်နိုင်စွမ်း မရှိခြင်းကို သိရှိလာခြင်းပင် ဖြစ်သည်။

၁၉၇၃ ခုနှစ် နွေရာသီ၌ အာဖဂန်နစ္စတန်နိုင်ငံနှင့် ပါကစ္စတန်

http://www.dhammadownload.com



နိုင်ငံများသို့ ခရီးလှည့်လည်ရင်း အသက်သေလုနီးပါး ခံစားခဲ့ရသော အသဲရောင်ရောဂါကြောင့် ဒုက္ခရောက်ခဲ့ရသောကို ပို၍ ပြတ်သား ကြည်လင်စွာ သိမြင်လာပါသည်။

၁၉၇၄ ခုနှစ် တွင် လန်ဒန်၌ သီဟိုဠ်ဆရာတော် ဦးဝဇိရဉာဏ မဟာထေရ်၏ ဗုဒ္ဓအဘိဓမ္မာတရားတော်ကို နာကြားခဲ့ရခြင်းသည် ဗုဒ္ဓတရားတော်နှင့် ပထမဆုံးအကြိမ် ထိတွေ့ခဲ့ရခြင်း ဖြစ်ပါသည်။ ထိုတရားတော်ထဲတွင် ပါရှိသော ကြောင်းကျိုး ခိုင်လုံပြည့်စုံသော သဘောတရားများသည် ကျွန်ုပ်၏ ပင်ကိုယ်အတွေ့အကြုံများနှင့် ဆက်စပ်မှု ရှိနေသောကြောင့် များစွာ အံ့အားသင့်ခဲ့ရပါသည်။ များစွာသော အနောက်နိုင်ငံသားများ၌ အရှေ့တိုင်း ဘာသာတရားများကို လျှို့ဝှက်ခက်ခဲသော သဘောတရားများ အဖြစ် အမြစ်ရှာသည့် စိတ်ထား ရှိခဲ့ကြပါသည်။ အနောက်တိုင်းသား တစ်ယောက် ဖြစ်သော ကျွန်တော်မှာလည်း ထိုစိတ်ထား ရှိခဲ့ဘူးပါသည်။ စင်စစ်မူ ဗုဒ္ဓဓမ္မသည် လျှို့ဝှက်ခက်ခဲသော ဘာသာ အယူဝါဒ တစ်ခုမဟုတ်သည့် အပြင် Religion ဟုခေါ်သော အများယူဆသည့် ဘာသာအယူဝါဒ မျိုးလည်း မဟုတ်ပါ။ တရားတော်များကို ပို၍ နာကြားရလေ ကျွန်တော့်မှာ ပို၍ စိတ်ဝင်စားရလေ ဖြစ်ပါသည်။

၁၉၇၄ ခုနှစ် အောက်တိုဘာလ တွင် ကျွန်တော်၏ ပြတ်တောင်းပြတ်တောင်း ဖြစ်ခဲ့ရသော တက္ကသိုလ် ပညာရေး ဘဝကို အရှေ့တိုင်း

http://www.dhammadownload.com



နှင့် အာဖရိကပညာ လေ့လာရေးဌာန၌ ပြန်လည်စတင်ခဲ့ ပါသည်။ ကျွန်တော်သည် အိန္ဒိယနိုင်ငံ၏ ဗြိတိသျှ နယ်ချဲ့သမိုင်းကို မည်သို့မျှ စိတ်ဝင်စားမှု မရှိတော့သောကြောင့် ဗုဒ္ဓအယူဝါဒဘာသာရပ် အပါအဝင် ရှေးအိန္ဒိယဘာသာ အယူဝါဒများနှင့် သဘောတရားများကို လေ့လာနိုင်သော တစ်နှစ်သင်တန်းသို့ အစားထိုးတက်ရောက် ခဲ့ပါသည်။

ဤမဟာဝိဇ္ဇာသင်တန်းသို့ တက်ရောက်နေသည့် အချိန်အတွင်း မှာပင် ဗြိတိသျှဗုဒ္ဓဘာသာ အသင်း၏ ဘာသာအယူဝါဒ ညွှန်ကြား ရေးမှူး ဆရာတော် ဦးဝဇီရဉာဏအထံတွင် အင်္ဂလိပ် ဘာသာပြန် ပါဠိကျမ်းစာများကို ဆက်လက်လေ့လာခဲ့ပါသည်။ ၁၉၇၅ ခုနှစ်တွင် သင်တန်းပြီးဆုံးသောအခါ ဗုဒ္ဓအဘိဓမ္မာ ဘာသာရပ်ဖြင့် ပီအိပ်ချ်ဒီ ဒီဂရီ ရယူရန်ဆက်လက် လေ့လာခဲ့ပါသည်။ ထို့ကြောင့် တက္ကသိုလ် ပညာရေးလောက၌ တစ်ဖန်ပြန်လည်၍ ကျင်လည်ရ ပြန်ပါသည်။ ဤ အခြေအနေသည် ကသိကအောက်ဖြစ်သည်ဟု ထင်စရာ ရှိပါသည်။ ရေးကူးပညာနှင့် ရေ၏လှုပ်ရှားမှု သဘာဝပညာ များအားလုံးကို သိနားလည်သော်လည်း လက်တွေ့အားဖြင့် ရေမကူးတတ်၍ မိမိကိုယ်ကို ရေနစ်နေခြင်းမှ ကယ်တင်နိုင်စွမ်းမရှိသူ နှင့် တူနေပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် တက္ကသိုလ်ပညာရေး လောကကို စွန့်ပစ်ခဲ့ပြန်ပါသည်။ ထို့နောက် သီဟိုဠ်နှင့် အိန္ဒိယတွင် ဘုရားဖူးတစ်ဦးအဖြစ် တစ်နှစ်ခန့် လှည့်လည်ပြီး ကျွန်တော်

http://www.dhammadownload.com



သိရှိခဲ့ရသော သဘောတရားအချို့ကို လက်တွေ့ ကျင့်ကြံရန် ကြိုးစားခဲ့ပါသည်။

ကျွန်တော်သည် သတိပဋ္ဌာန် ဝိပဿနာကို ဗုဒ္ဓဂါယာတွင် အနာဂါရိက မုနိန္ဒရထံ၌လည်းကောင်း ၊ သီဟိုဠ်ကျွန်း ကန္တျုဗောဓ ဝိပဿနာ ဘာဝနာရိပ်သာတွင် ကေသီဝလိထံ၌လည်းကောင်း ပြင်းပြင်းထန်ထန် ကျင့်ကြံအားထုတ်ခဲ့ပါသည်။ ၁၉၇၆ ခုနှစ် ၊ အောက်တိုဘာလတွင် အာရှနိုင်ငံများမှ အင်္ဂလန်သို့ ပြန်ရောက်ချိန်မှ စပြီး အနောက်နိုင်ငံ တရားစခန်း ၁၆ ခုတွင် ဆက်လက်အားထုတ်ခဲ့ပါသည်။ ၃လကြာ တရားစခန်းတစ်ခုကို အမေရိကန်နိုင်ငံတွင် တရားပြဆရာ ဂျိုးဇက်ဂိုးစတိန်းထံ၌ အားထုတ်ခဲ့ပါသည်။ တရားစခန်းများတွင် အဆက်မပြတ် ပြင်းပြင်းထန်ထန် ကြိုးစား အားထုတ်နိုင်ရန် ငွေရှိဖို့လိုအပ်သည်ဖြစ်၍ အဆင်သင့်ရာ အလုပ်များ ကို လုပ်ကိုင်ခဲ့ရပါသည်။ ပြီးခဲ့သော ၄ နှစ်အတွင်း လုပ်ခဲ့ရသော အလုပ်တို့မှာ ဇာတ်ညွှန်းရေးဆရာ ၊ လယ်ယာလုပ်သား ၊ သိုးကျောင်းသား၊ ဆေးသုတ်သူနှင့် အိမ်အလှအပ ပြင်ဆင်သူစသည် တို့ ဖြစ်ပါသည်။

ကျွန်တော့မှာ လုပ်ရိုးလုပ်စဉ် လောကီရေးရာ အလုပ်များကို လုပ်ကိုင်ရန် စိတ်ဝင်စားမှုမရှိတော့ဘဲ သာသနာ့ဘောင်သို့ ဝင်ရောက်ရန်သာ စိတ်အားထက်သန်လျက် ရှိနေပါသည်။ ဝိပဿနာ တရားကို ပြင်းပြင်းထန်ထန် အားထုတ်ရန် အချိန်ကျရောက်လာသည် ဟု

http://www.dhammadownload.com



ထင်မိပါသည်။ သို့အတွက် မြန်မာနိုင်ငံရှိ ဆရာတော် ဦးဇနက၏ တရားရိပ်သာသို့ ယခုနှစ် အောက်တိုဘာ သို့မဟုတ် နိုဝင်ဘာလတွင် လာရောက်အားထုတ်နိုင်ဖို့ရာ မျှော်လင့်ပါသည်။

ဒေးဗစ်အက်ရှ်ကရော့

မှတ်ချက် ။ ။ ဒေးဗစ် အက်ရှ်ကရော့သည် သူမျှော်လင့်သည့် အတိုင်းပင် ၁၉၈၁ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ချမ်းမြေ့ရိပ်သာသို့ လာ၍ ကြိုးကြိုးစားစား တရားအားထုတ်ခွင့် ရခဲ့ပါသည်။ တရားမဝင်မီ ဓမ္မာရုံ သိမ်တော်ကြီးကို ဆေးသုတ်ကာ ဝေယျာဝစ္စကုသိုလ် ယူလိုက်ပါသေးသည်။

## ဟယ်လီနာ ပလတ် (ခေတ်ချ်)
## [ Helena Plug ]

ကျွန်မကို ၁၉၅၉ ခုနှစ်၊ ဖွန်လတွင် ဟော်လန်ပြည်၌ မွေးဖွားခဲ့ပါသည်။ ကျွန်မသည် ကလေးဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းလာခဲ့ပြီးနောက် ၁၄ နှစ်အရွယ် ရောက်သောအခါ ဘဝ၏ အဓိပ္ပါယ်၊ ဘဝ၏ လိုအပ်ချက်များနှင့် ဘဝတစ်လျှောက်တွင် ချမ်းမြေ့ပျော်ရွှင်သော

http://www.dhammadownload.com



လူတော်လူကောင်း တစ်ယောက် ဖြစ်မြောက်ရေးအတွက် နည်းလမ်းများကို ရှာဖွေစူးစမ်းခဲ့ပါသည်။ အသက် ၁၄ နှစ်မှ အသက် ၂၀ အထိ အဆိုပါ အရာများကို ခရစ်ယာန်ဘာသာ ၊ ဟတ္ထယောဂ၊ နက္ခပညာ ၊ စိတ်ပညာနှင့် ဒဿနပညာတို့၌ ရှာဖွေ့ခဲ့ပါသည်။ အခြားအရာတို့၌လည်း ရှာဖွေခဲ့ပါသည်။ သို့သော်လည်း ကျွန်မ ရှာဖွေသော အရာကို မတွေ့ရပါ။

ကျွန်မသည် သတ္တဝါများကို ချစ်ခင်ကြင်နာတတ်သူ မှန်သော်လည်း သမားရိုးကျ ချစ်ခင်စွာနေထိုင်မှု၌ အဆိုပါအရာများကို ရှာမရသဖြင့် ကျေနပ်မှုမရှိခဲ့ပါ။ ကျွန်မသည် မိမိကိုယ်ကို အမြင်ကျယ်၍ သတ္တဝါတိုင်းအပေါ် မေတ္တာထားနိုင်သော ပုဂ္ဂိုလ်အဖြစ်သို့ တိုးတက်ရောက်ရှိအောင် စွမ်းဆောင်နိုင်သည်ဟု ယုံကြည်ပါသည်။ ကျွန်မ ၁၆ နှစ်အရွယ်တွင် မိဘတွေက တားမြစ်သည့် ကြားမှပင် သက်သတ်လွတ်စားခဲ့၍ ကျွန်မအိမ်မှာ ပြဿနာဖြစ်ရပါသည်။ သို့ရာတွင် ကျွန်မသည် ဆုံးဖြတ်ချက် ခိုင်မာသူဖြစ်ရကား ထိုအချိန်မှစ၍ သက်သတ်လွတ် အစာသာစားနေခဲ့ပါသည်။ ကြာသော် အသားကို အစားထိုးရန် ပရိုတိန်းလုံလောက်သော အစားအစာကိုမရ သဖြင့် ကျန်းမာရေး ချို့တဲ့လာပါသည်။ အသက် ၁၇ နှစ်ရှိသောအခါ စိတ်ရောဂါကု ဆေးရုံတစ်ရုံတွင် အလုပ်ဝင်လုပ်ခဲ့ပါသည်။

http://www.dhammadownload.com



ကျွန်မသည် စာဖတ်ဝါသနာကြီးသူ ဖြစ်ပါသည်။ ကျွန်မအသက် ၁၅ နှစ်တွင် ဗုဒ္ဓဘာသာကျမ်းစာ တစ်အုပ်ကို ပထမဆုံးဖတ်မိပါသည်။ ထိုစာအုပ်ကို ကောင်းစွာ နားမလည်သော်လည်း ကျွန်မအမြင်တွင် အလွန်ကောင်းသော ဘဝနေနည်းကို ဖေါ်ပြထားသော စာအုပ်ဟု မြင်ပါသည်။

ကျွန်မသည်ဘဝ၏ လောကီရေးရာကိစ္စများ၌ အနှစ်အရသာကို ရှာရင်း အရက်သောက်လိုက်၊ မူးယစ်ဆေးတွေ မှိုဝဲလိုက်၊ ယောက်ျား လေးတွေနှင့် တွဲလိုက်ဖြင့် မျောနေခဲ့သည့် အချိန်များလည်း ရှိခဲ့ပါ သည်။

ယောက်ျားလေး မိတ်ဆွေတစ်ယောက်နှင့် နှစ်နှစ်ကြာအောင် အတူနေခဲ့ပြီးနောက် အသက် ၂၁နှစ်တွင် ထိုယောက်ျားလေးကို ထားခဲ့ပြီး တစ်ယောက်တည်း နေသည့်ဘဝကို စတင်ခဲ့ပါသည်။ တစ်ယောက်တည်း နေသည့်ဘဝကို စတင်ခဲ့ပါသည်။ တစ်ယောက် တည်း နေရသည့်ဘဝကို အလွန်ကျေနပ်ပါသည်။ ပို၍လည်းစီးပွား ရေး ချောင်လည်လာပါသည်။ "ငါဟာ အလုပ်တွေကြိုးစားလုပ်ခဲ့ပေ တဲ့ ငါလုပ်ခဲ့တဲ့ အရာတွေက ငါ့ကိုဘာကြောင့် ပျော်ရွှင်မှုကို မပေးနိုင် ပါလိမ့်မလဲ" လို့ စဉ်းစားမိပါသည်။ တရားအားထုတ်ကြည့်ရလျှင် ကောင်းမည်လားဟုလည်း စဉ်းစားမိပါသည်။

ဗုဒ္ဓတရားတော်နှင့် ဝိပဿနာကမ္မဋ္ဌာန်း စိတ်ဝင်စားစပြုနေသော

http://www.dhammadownload.com



မိတ်ဆွေတစ်ယောက်က ကျွန်မကို တရားအားထုတ်ဖို့ စိတ်ပါလာအောင် တိုက်တွန်းအားပေးပါသည်။ ၁၉၈၀ ခုနှစ် မေလထဲမှာ ကျွန်မ အိပ်ရာထဲ လဲလျောင်းနေရင်း ဘဝအကြောင်း စဉ်းစားနေမိပါသည်။ ကျွန်မသည် ဘဝထဲမှာ အနှစ်သာရ ရှာမရတဲ့အတွက် ဘာလုပ်ရမှန်းမသိတဲ့ ဘဝကို ငြီးငွေ့နေပါသည်။ ထိုသို့စဉ်းစားရင်း ရုတ်တရက်ဆုံးဖြတ်ချက် ချလိုက်ပြီး ညအိပ်ရာထဲမှာ ထထိုင်လိုက်ကာ ထွက်လေဝင်လေ ကမ္မဋ္ဌာန်းကို စမ်းပြီး အားထုတ်ကြည့်မိပါသည်။၁၅ မိနစ်လောက် အားထုတ်မိသောအခါ စိတ်တွေမငြိမ်မသက်ဘဲ ဟိုပြေးသည်သွား ရှုပ်ရှားခတ်နေတာကို တွေ့ရပါသည်။ ထိုနေ့ကစပြီး ကျွန်မ ကမ္မဋ္ဌာန်းတရားကို ပိုမိုစိတ်ဝင်စားလာပြီး နေ့စဉ်မပျက် အားထုတ်ပါတော့သည်။

ဤသို့ဖြင့် လအတော်ကြာ အားထုတ်ခဲ့ရာ ဤတရားကို ပို၍ပို၍နှစ်ခြိုက်လာပါသည်။ တရားအသိလည်း တိုးလာသည်ဟု ထင်ပါသည်။ ငါးပါးသီလကိုလည်း အစင်ကြယ်ဆုံးဖြစ်အောင် ကျွန်မကြိုးစားစောင့်ထိန်းခဲ့ပါသည်။ အစွန်းမရောက်စေဘဲ မဇ္ဈိမပဋိပဒါကျအောင် ကြိုးစားခဲ့သဖြင့် တိုးတက်မှုကို ပို၍ ရခဲ့ပါသည်။

မဟ္တသီရိတရားစခန်း ဖွင့်မည့်သတင်းကို ကြားသောအခါ မိတ်ဆွေများကို မေးမြန်းတိုင်ပင်ပြီးလျှင် တရားစခန်းတွင် ဆရာနှင့် စနစ်တကျရမည် ဖြစ်ကြောင်း သိရ၍ လာရောက်အားထုတ်ခြင်း

http://www.dhammadownload.com



ဖြစ်ပါသည်။ သည်တရားစခန်းမှာ ကျွန်မ တရားတွေ့အသိ အများကြီး ရပါသည်။ ကျွန်မမျှော်လင့်ခဲ့တာထက် ပိုရပါသည်။ ကျွန်မနားလည် ထားသည့် သဘောတရားထက် များစွာသာလွန်သော ကိုယ်တွေ့ တရား အသိကို ရရှိပါသည်။

ကျွန်မယခုဗုဒ္ဓဘာသာဝင် ယောဂီတစ်ယောက် ပီပီပြင်ပြင် ဖြစ်ပါသည်။ တရားတော်၏ အရသာကို ကျွန်မသိရှိခံစားရပါပြီ။ တရားတော်သည် ကျွန်မ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါပြီ။ တရားတော် နှင့် နေခြင်းသည် အသိဉာဏ်တိုးတက်ကျယ်ပြန့်ရေးအတွက် တစ်ခုတည်းသော လမ်းမှန်ဖြစ်ပါသည်။ သည်တရားစခန်းမှာ ကျွန်မ ရဲ့ ကြိုးစားမှု ၊ ယုံကြည်မှုကြောင့် "သည်သတိပဋ္ဌာန် နည်းလမ်းဟာ လမ်းမှန်ပဲ ၊ ငါ့အတွက် သဘာဝကျတဲ့ အကျင့်လမ်းပဲ" လို့ ကျွန်မ သိလာရပါသည်။

ဟယ်လီနာပလက်

## ဆာနတ်ဒီတီဆ္စေရ (သီဟိုဠ်)
**Sanath De Tissera**

ကျွန်တော်ကို ၁၉၄၃ ခုနှစ်တွင် သီရိလင်္ကာ၌ ဖွားမြင်ပါသည်။ သီရိလင်္ကာနိုင်ငံ၌ အင်ဂျင်နီယာဘွဲ့ကို ၁၉၆၈ ခုနှစ်တွင် ရရှိခဲ့ပြီး

http://www.dhammadownload.com



အင်္ဂလန်နိုင်ငံတွင် အယ်မ် အာစီပီဘွဲ့ ကို ၁၉၇၀ ခုနှစ်တွင် ရရှိခဲ့ ပါသည်။

၁၉၆၇ ခုနှစ်မှ ၁၉၇၃ ခုထိ သီရိလင်္ကာနိုင်ငံတွင် ဆရာဝန်အဖြစ် အမှုထမ်းခဲ့ပြီး အင်္ဂလန်နိုင်ငံသို့ ၁၉၇၃ ခုနှစ်က စတင်ရောက်ရှိ ပါသည်။

၁၉၈၀ ခုနှစ်တွင် ကျွန်တော် အစ်ကို၏မိတ်ဆွေ ဒေါက်တာ ကြည်ကြည်စိန် (ပင်လုံ) ၏ တိုက်တွန်းချက်အရ လက်တွေ့ ဝိပဿနာ တရား စတင်အားထုတ်ဖူးပါသည်။ အောက်စ်ဖို့ဒ်မြို့ ခုတ်ကင်းဟော့ တရားစခန်းတွင် ဆရာတော်ဦးဇနက၏ အထံ၌ ၁၁ ရက် စတင်အား ထုတ်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုအချိန်မှစ၍ ညတိုင်းတရားထိုင်ပါသည်။

ယခုတရားစခန်း၌ ဆရာတော်၏ ရှင်းလင်း လွယ်ကူသော ညွှန်ကြားပြသချက်များကြောင့် တရားအားထုတ်လို့ ပိုကောင်း ပါသည်။

ဤတရားစခန်းသည် ကျွန်တော့်အတွက် အလွန်အကျိုးများလှ ပါသည်။ ဆရာတော်ဟောကြားသော တရားများကို စာအုပ်အဖြစ် ရောက်အောင် ဆောင်ရွက်နိုင်လျှင် ဝိပဿနာတရား စိတ်ဝင်စားသူ များအတွက် လွန်စွာ ကျေးဇူးများမည်ဖြစ်ပါသည်။

http://www.dhammadownload.com



တရားစခန်း ကြီးကြပ်သူရောဘတ်ဂျွန်ဆင်၏ ကျွမ်းကျင်စေ့စပ်မှု ကြောင့်လည်း ယောဂီများ စိတ်ချမ်းသာစွာ တရားအားထုတ်ရပါသဖြင့် ရောဘတ်ကိုလည်း များစွာကျေးဇူးတင်ပါသည်။ ယောဂီများအား ဂရုတစိုက် ကူညီပေးခဲ့သော ဦးကြည်ဝင်းကိုလည်း အလားတူ ကျေးဇူးတင်ရှိပါသည်။

ဆာနတ်ဒီတိစ္ဆေရ

မှတ်ချက် ။ ။ ဒေါက်တာ တိစ္ဆေရမှာ ဆရာတော်ကို ကားဖြင့် စကော့တလန်သို့ လိုက်ပို့သူဖြစ်ပါသည်။ ရတနာ သုံးပါး ကိုင်းရှိုင်း၍ စိတ်သဘောကောင်းသူ သဒ္ဓါ တရား ပြည့်ဝသူဖြစ်ပါသည်။ ၁၉၈၁ ခုနှစ် ဒီဇင်ဘာလ လောက်တွင် ဩစတြေးလျ သို့ ရွှေ့ပြောင်း နေထိုင်မည်ဖြစ်ကြောင်း သိရပါသည်။

http://www.dhammadownload.com

ချမ်းမြေ့ဆရာတော်

## ရာပြည့်ဦးကြည်ဝင်း
## ၏
## ကိုယ်ရေးမှတ်တမ်း

သန်းခေါင်စာရင်းဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်တင့်၊ ဒေါ်ညွန့်ရီတို့မှ ၁၉၄၅တွင် မွေးဖွားသည်။ မိခင်၏ အစ်မဖြစ်သူ ဒေါ်လှရင်က သားအဖြစ် မွေးစားသည်။ ၁၉၆၄ တွင် တက္ကသိုလ်ဝင် တန်းကို ဆရာမကြီး ဒေါ်ခင်ခင်အေး၏ PBRS ကျောင်းမှ အောင်မြင် ပြီး ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ၁၉၆၈တွင် သိပ္ပံဘွဲ့ကို လည်းကောင်း၊ ၁၉၇၈ တွင် မဟာသိပ္ပံဘွဲ့ကို CREDIT ဖြင့် လည်းကောင်း သချာ်အဓိကဖြင့် အောင်မြင်သည်။ ၁၉၆၈ မှ ၁၉၇၆ ထိ ပုသိမ်ကောလိပ်၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်နှင့် မဂ်လာဒုံ ဆေးတက္ကသိုလ် (၂) တို့တွင် သချာ်နည်းပြအဖြစ် ဆောင်ရွက်ခဲ့သည်။ ပုသိမ်ကောလိပ်၌ တာဝန်ထမ်းဆောင်ရင်း ဗုဒ္ဓဘာသာအသင်းနှင့် အနုပညာအသင်းတို့၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၆ မှစ၍ ရာပြည့်သချာနည်းပြကျောင်း တည်ထောင်ဖွင့်လှစ်သည်။

စမ်းချောင်းမြို့နယ် ၊ ဟံသာဝတီရိပ်သာ ပထမနာယက ဆရာတော် ဦးဂန္ဓမာထံတွင် ၁၉၅၇ မှ ဆရာတော်ဘုရားကြီး ပြန်လွန်တော်မူသည့် ၁၉၅၉ ထိ ပဋ္ဌိပတ္တိတရား စတင်အားထုတ်ခွင့်ရခဲ့ သည်။ ၁၉၆၇ တွင် YMBA အသင်းကြီးက စတင်ဖွင့်လှစ်သော

http://www.dhammadownload.com

## ဒုတိယအကြိမ်မွေ့ခရီး

အခြေခံအဘိဓမ္မာ ပထမအကြိမ်သင်တန်း တက်ရောက်အောင်မြင် ထူးချွန်ဆု ရရှိခဲ့သည်။ ၁၉၈၀ ခုနှစ်၌ ချမ်းမြေ့ရိပ်သာဆရာတော် အရှင်ဇနကာဘိဝံသထံ၌ တရားအားထုတ်ခွင့် ရရှိခဲ့သည်။

ချမ်းမြေ့ဆရာတော်၏ ကပ္ပိယအဖြစ် ပြည်ပ (၁၁) နိုင်ငံသို့ နှစ်ကြိမ်လိုက်ပါ ကုသိုလ်ပြုခွင့်ရခဲ့သည်။ ချမ်းမြေ့ဆရာတော်၏ ဩဝါဒအရ ရန်ကုန်ချမ်းမြေ့ရိပ်သာတွင် အခါအားလျော်စွာ ဒုလ္လဘ ရဟန်းများနှင့် သာမဏေများ၏ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း ဆရာအဖြစ် ဆောင်ရွက်လျက်ရှိသည်။ ၁၀၅ကြိမ် သွေးလှူဒါန်းခြင်း ကို အကြောင်းပြု၍ နိုင်ငံတော်အစိုးရ၏ လူမှုထူးချွန်ဆု (ပထမဆင့်) ဘွဲ့ အပ်နှင်းခြင်းခံရသည်။

http://www.dhammadownload.com